ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်

# တရားစီရင်ထုံးများ

၂၀၀၉ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

ပထမအကြိမ်

၂၀၁၀ ခုနှစ်၊ ဇွန်လ

အုပ်ရေ - ၁၀၀၀၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# တရားရုံးချုပ်၊ တရားသူကြီးချုပ်၊
# ဒုတိယတရားသူကြီးချုပ်များနှင့် တရားသူကြီးများ

## တရားရုံးချုပ် (နေပြည်တော်)

| | | |
|---|---|---|
| ၁။ ဦးအောင်တိုး | **B.A.; B.L.** | တရားသူကြီးချုပ် |
| ၂။ ဦးထွန်းထွန်းဦး | **B.A.(Law);LL.B.** | ဒုတိယတရားသူကြီးချုပ် |

## တရားရုံးချုပ် (ရန်ကုန်)

| | | |
|---|---|---|
| ၁။ ဦးသိန်းစိုး | **B.Sc.;R.L.;(Advocate)** | ဒုတိယတရားသူကြီးချုပ် (၁၂-၃-၂၀၁၀ ထိ) |
| ၂။ ဦးခင်မြင့် | **Master Mariner(F.G); H.G.P.;R.L.;LL.B.;(Advocate)** | တရားသူကြီး |
| ၃။ ဒေါက်တာတင်အောင်အေး | **B.Sc.;B.L.;LL.M.;LL.D.** | တရားသူကြီး (၁၂-၃-၂၀၁၀ ထိ) |
| ၄။ ဦးမြင့်သိန်း | **B.Sc.;B.L.; (Advocate)** | တရားသူကြီး |
| ၅။ ဦးချစ်လွင် | **B.Sc.;B.L.; (Advocate)** | တရားသူကြီး |
| ၆။ ဦးတင်အေး | **B.A.;H.G.P.;R.L.** | တရားသူကြီး |
| ၇။ ဦးဟန်ရှိန် | **B.A.(Law);LL.B.;(Advocate)** | တရားသူကြီး |

## တရားရုံးချုပ် (မန္တလေး)

| | | |
|---|---|---|
| ၁။ ဦးခင်မောင်လတ် | **B.A.;B.L.;(Advocate)** | ဒုတိယတရားသူကြီးချုပ် |
| ၂။ ဦးစန်းတင့်ရီ | **B.A.(Law);LL.B.;(Advocate)** | တရားသူကြီး |
| ၃။ ဦးမြင့်အောင် | **B.A.(Law);LL.B.;(Advocate)** | တရားသူကြီး |
| ၄။ ဦးစိန်လှိုင် | **B.A.(Law);LL.B.;LL.M.;(Advocate)** | တရားသူကြီး |
| ၅။ ဦးသက်ထွန်း | **B.A.; B.L.;(Advocate)** | တရားသူကြီး |
| ၆။ ဦးကျော်ဝင်း | **B.A.(Hons.);H.G.P.;R.L.** | တရားသူကြီး |

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံတရားစီရင်ထုံးပြုစုရေးအဖွဲ့

၁။ ဦးသိန်းစိုး **B.Sc.;R.L.; (Advocate)** ဥက္ကဋ္ဌ
ဒုတိယတရားသူကြီးချုပ် (၁၂-၃-၂၀၁၀ ထိ)
ဦးထွန်းထွန်းဦး **B.A.;(Law);LL.B.** ဥက္ကဋ္ဌ
ဒုတိယတရားသူကြီးချုပ်

၂။ ဒေါက်တာတင်အောင်အေး **B.Sc.;B.L.;LL.M.;LL.D.** အဖွဲ့ဝင်
တရားသူကြီး (၁၂-၃-၂၀၁၀ ထိ)
ဦးခင်မြင့် **Master Mariner(F.G); H.G.P.; R.L.; LL.B.; (Advocate)** အဖွဲ့ဝင်
တရားသူကြီး

၃။ ဦးစိန်လှိုင် **B.A.(Law);LL.B.;LL.M.;(Advocate)** အဖွဲ့ဝင်
တရားသူကြီး

၄။ ဒေါက်တာထွန်းရှင် **B.A.(Law);LL.B.; M.A. Business Law (Lond); LL.D.Intl.Law(Ghent, Belgium); F.R.G.S (Lond); A.M.R.Ae.S (Lond); Dip Intl. Law (Lond)** အဖွဲ့ဝင်
ဒုတိယရှေ့နေချုပ်

၅။ ဦးမြင့်နိုင် **B.A.(Law); LL.B.;(Advocate)** အဖွဲ့ဝင်
ဒုတိယရှေ့နေချုပ် (၁၂-၃-၂၀၁၀ ထိ)

၆။ ဦးစိုးညွန့် **B.A.; R.L.** အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (တရားရေးရာ) (၂-၁၀-၂၀၀၉ ထိ)
တရားရုံးချုပ်

၇။ ဦးမြသိန်း **B.A.(Law); LL.B.; LL.M.** အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
တရားရုံးချုပ် (နေပြည်တော်)

၈။ ဦးတင်မြင့် **B.A.(Law); LL.B.** အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (၂၂-၆-၂၀၀၉ ထိ)
ရှေ့နေချုပ်ရုံး

ဦးမြင့်ဝင်း **B.A.(Law); LL.B.** အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရှေ့နေချုပ်ရုံး

၉။ ဒေါ်ခင်လှမြင့် **B.A.(Law); LL.B.** အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (၂၆-၁-၂၀၁၀ ထိ)
ပြစ်မှုတရားစီရင်ရေးဌာန
တရားရုံးချုပ် (ရန်ကုန်)

ဦးဝင်းဆွေ **LL.B.** အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြစ်မှုတရားစီရင်ရေးဌာန
တရားရုံးချုပ် (ရန်ကုန်)

၁၀။ဦးအောင်ဝင်း **B.A.(Law); LL.B.; LL.M.** အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
တရားရုံးချုပ် (ရန်ကုန်)

၁၁။ဦးလှအေး **LL.B.** အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံနှင့်ဝန်ထမ်းရေးရာဌာန
တရားရုံးချုပ် (နေပြည်တော်)

၁၂။ဦးမျိုးညွန့် **B.A.;H.G.P.;R.L.; D.B.L.** အဖွဲ့ဝင်
တရားရုံးချုပ်ရှေ့နေ **(Advocate)**

၁၃။ဒေါ်သင်းခိုင် **B.A.(Law);LL.B.;LL.M.** အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ဥပဒေလုပ်ထုံးလုပ်နည်းဌာန
တရားရုံးချုပ် (နေပြည်တော်)

“ တရားစီရင်ရာတွင် အမှန်ကို
ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို
စီရင်ကြောင်း အများမြင်စေရာသည် ”

( ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ရွှေ (ခ) မောင်ရှေ ပါ ၂ )[၁]

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ - ၆၁၆။

# မာတိကာ

## စီရင်ထုံးပြုသောပြစ်မှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | က - ဈ |
| ဒေါ်ကျင်လှ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁ |
| ဒေါ်ချောက်ယူပါ၂ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၂ |
| ညာဏ်ဝေဖြိုး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၂၅ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | မျိုးဝင်းပါ ၂ | ၄၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | အေးနော့ | ၄၉ |
| ရန်နိုင်ထွန်းပါ၂ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၅၉ |
| သီတာအေး (ခ)မနွယ် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ၂ | ၆၆ |

## မာတိကာ

## စီရင်ထုံးပြုသောတရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | ကက - ကည |
| ကမ္ဘောဇဘဏ်လီမိတက် (၎င်း၏ ကိုယ်စား တာဝန်လွှဲအပ်ခြင်းခံရသူ မန်နေဂျာ ဦးသော်ဇေယျ) | နှင့် | ဦးဘိုလေးပါ၂ | ၁ |
| ကိုကျော်ဇေယျဒီဖိုးမင်း | နှင့် | ကိုစိုးမိုးထွန်းပါ၃ (အမှတ် ၁ အယူခံတရားပြိုင်၏အထွေထွေကိုယ်စားလှယ်စာရသူ၊ အရွယ်မရောက်သေးသူ အယူခံတရားပြိုင် ၂ ၏အုပ်ထိန်းခွင့်လက်မှတ်ရသူ ဒေါ်လွင်လွင်) | ၁၄ |
| ဦးကြင်စိန်ပါ၂ | နှင့် | ဒေါ်အေးစံပယ်ဝင်း | ၂၆ |
| ဦးတင်မောင်မြင့် | နှင့် | ဒေါ်စံဝင်းပါ၁၆ | ၃၅ |
| ဒေါ်ထန်ဇာရီပါ၂ | နှင့် | ဒေါ်နော်ရှူဖောပါ၇ | ၄၁ |
| ဒေါ်မြင့်သက်မူ | နှင့် | ဒေါ်လွင်လွင်နွယ်ပါ၂ | ၅၇ |
| ဒေါ်ဝင်းဝင်းမြ | နှင့် | ဒေါ်မီမီဟန် | ၆၇ |
| ဒုဗိုလ်မှူးကြီးအောင်ကျော်စိုးပါ၁၂ | နှင့် | ဒေါ်ဇာလီမော်ပါ၆ | ၇၉ |

# ၂၀၀၉ ခုနှစ်

# ပြစ်မှုဆိုင်ရာအမှုများ

စာမျက်နှာ

# ပြစ်မှုဆိုင်ရာအမှုများ

ဥပဒေများ -

- ကလေးသူငယ်ဥပဒေ
- ပြစ်မှုဆိုင်ရာဥပဒေ
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
- ၁၉၉၀ ပြည့်နှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ
- ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ

**ကလေးသူငယ်၏ အသက်နှင့် ပတ်သက်သည့် အထောက်အထားများကို စိစစ်ရာတွင် ကလေးသူငယ် နည်းဥပဒေ ၆၈ ပါ ဖော်ပြထားသော အထောက်အထားများ အစီအစဉ်အတိုင်း ဦးစားပေး စိစစ်ဆုံးဖြတ်ရမည်ဟု ကလေးသူငယ် နည်းဥပဒေ ၇၂ (က) တွင် ပြဋ္ဌာန်းထားခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ မအဲစိန် (ခ) မဟဲစိန်၏ အသက်နှင့် ပတ်သက်၍ ကျောင်းဝင်မှတ်ပုံတင်စာရင်းပါ မွေးသက္ကရာဇ်၊ အိမ်ထောင်စုလူဦးရေစာရင်းပါ မွေးသက္ကရာဇ်နှင့် ဆရာဝန်၏ ဆေးစာတို့ ဆန့်ကျင်

ကွဲလွဲနေကြောင်း တွေ့ရသည်။ ထိုသို့ ကွဲလွဲနေပါက ကလေးသူငယ်အသက်နှင့် ပတ်သက်သည့် အထောက်အထား များကို စိစစ်ရာတွင် ကလေးသူငယ်နည်းဥပဒေ ၆၈ ပါ ဖော်ပြ ထားသော အထောက်အထားများ အစီအစဉ်အတိုင်း ဦးစားပေး စိစစ်ဆုံးဖြတ်ရမည်ဟု ကလေးသူငယ်နည်းဥပဒေ ၇၂ (က) တွင် ပြဋ္ဌာန်းထားသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ မအဲစိန် (ခ) မဟဲစိန်၏ အသက်နှင့် ပတ်သက်၍အမှုတွဲတွင် တင်ပြထားသော အထောက်အထားများ အနက် ကလေးသူငယ်နည်းဥပဒေ ၆၈ ပါ ဦးစားပေး အစီအစဉ်အရ ကျောင်းဝင်မှတ်ပုံစာရင်းပါ မွေးသက္ကရာဇ်ဖြစ်သော ၁၀-၁၂-၁၉၉၅ ကိုသာ လက်ခံစိစစ်ဆုံးဖြတ်ရမည် ဖြစ်ပေသည်။ ထိုသို့ဆိုလျှင် အချင်းဖြစ်ချိန်က မအဲစိန် (ခ) မဟဲစိန်၏ အသက်သည် (၁၄) နှစ်အောက် ဖြစ်သည်မှာ ထင်ရှားပေါ်လွင်ပေသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၅ ပဥ္စမအချက်အရ မိန်းမကခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက် (၁၄) နှစ်အောက် အရွယ်ရှိသူ ဖြစ်ပါက ယောကျ်ားသည် မိန်းမနှင့် ကာမစပ်ယှက်လျှင် မုဒိမ်းမှုကျူးလွန်ကြောင်း ပြဋ္ဌာန်းထားသည်။

**အခွင့်ရအာဏာပိုင်တို့က ထုတ်ပြန်သော အမိန့်များသည် မည်သည့်အခါ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ နှင့် ငြိစွန်းမှုရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ နှင့် ငြိစွန်းရန် ဥပဒေနှင့်အညီ ထုတ်ပြန်ကြေညာရန် အာဏာရှိသော ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်သော အမိန့်များသည် ဥပဒေနှင့် ညီညွတ်ပြီး အများပြည်သူအကျိုးနှင့် သက်ဆိုင်ရမည်။ ယင်းအမိန့်မျိုးကို မလိုက်နာဘဲ ဖီဆန်ခြင်းကြောင့် ဥပဒေနှင့်အညီ ခိုင်းခြင်းခံရသူကို ဟန့်တားခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ ရုန်းရင်းဆန်ခတ်မှုသော်လည်းကောင်း၊ သတ်ပုတ်နှောင့်ယှက်မှုသော်လည်းကောင်း ဖြစ်စေခြင်းသို့မဟုတ် ဖြစ်စေတတ်ခြင်း ဖြစ်ရမည်။ သို့ဖြစ်ရာ ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌမှ ဆိုင်ခန်းများမှ ဖယ်ရှားပေးရန် ညွှန်ကြားသော်လည်း ဖယ်ရှားပေးခြင်း မပြုသည့် ဒေါ်ချောက်ယုနှင့် ဒေါ်ချောက်ဆန်တို့၏ ပြုမူဆောင်ရွက်ချက်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ နှင့် ငြိစွန်းခြင်း မရှိကြောင်း တွေ့ရသည်။

ဒေါ်ချောက်ယုပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၁

(ဃ) ညွှန်းချက် စာမျက်နှာ

**ကောက်ရသောပစ္စည်း၏ ပိုင်ရှင်ဖြစ်ကြောင်း သိလျက်နှင့် ပြန်ပေးရန် ငြင်းဆန်လျှင် မရိုးမဖြောင့်သော သဘောဖြင့် မိမိ၏ ပစ္စည်းအဖြစ် ပြောင်းလွှဲခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၃ ကို ကျူးလွန်ရာ ရောက်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ အချင်းဖြစ်ရွှေဆွဲကြိုးကို မျိုးဝင်းက ကန်ဆယ်စဉ် ကောက်တွေ့ခဲ့သည် ဆိုစေဦး၊ ၎င်းအနေဖြင့် အဆိုပါ ဆွဲကြိုးပိုင်ရှင်ကို စုံစမ်းနိုင်ရန်အတွက် ရယကအဖွဲ့ထံအပ်နှံ၍ စုံစမ်းရှာဖွေခဲ့ကြောင်း မတွေ့ရပေ။ ကိုယ်တိုင်လည်း ရွှေဆွဲကြိုးပိုင်ရှင်ကို ရှာဖွေရန် အားထုတ်ခြင်းမပြုဘဲ ကောက်တွေ့သည့်နေ့၌ပင် ၎င်းကလည်ပင်းတွင် ဝတ်ဆင်၍ သုံးစွဲခဲ့ကြောင်း တွေ့ရသည်။ မကြာမီကာလတွင် ရွှေဆွဲကြိုးပိုင်ရှင်ဟု အဆိုရှိသူတို့က ရယကလူကြီး ဦးအေးလွင်မှ တစ်ဆင့် ခေါ်ယူညှိနှိုင်းကြရာတွင်လည်း ကောက်တွေ့သောပစ္စည်းဖြစ်၍ မပေးနိုင်ကြောင်း မျိုးဝင်းနှင့် မိခင်ဒေါ်မြဝင်းတို့က ငြင်းဆန်ခဲ့သည်မှာ ထင်ရှားပေါ်လွင်နေသည်။ သို့ဖြစ်၍ ရွှေဆွဲကြိုးကို မရိုးမဖြောင့်သော သဘောဖြင့် မိမိ၏ပစ္စည်းအဖြစ် ပြောင်းလွှဲခြင်းပြုလုပ်ကြောင်း ပေါ်ပေါက်နေ၍ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**တရားခံများအား မသင်္ကာမှုဖြင့် ဖမ်းဆီးစစ်ဆေးပြီးနောက် စစ်ဆေးတွေ့ရှိချက်များကို အမှုစစ်ဆေးသူ အရာရှိက ပထမသတင်းပေးတိုင်ချက်အဖြစ် ရေးဖွင့် တိုင်တန်းခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း ရှိ၊ မရှိ ။**

**ဆုံးဖြတ်ချက်**။ ။ယခုအမှုတွင် ဒုရဲအုပ်ဗျက်ဆန်းသည် တရားခံများအား ဖမ်းဆီးစစ်ဆေး ခြင်း၊ ရှာဖွေပုံစံဖြင့် ပစ္စည်းများ သိမ်းဆည်းခြင်းသည် အမှုအတွက် သက်သေခံချက်များ စုဆောင်းခြင်းပင်ဖြစ်သည်။ ထိုအချိန်တွင် ဒုရဲအုပ်ဗျက်ဆန်း အနေဖြင့်သော်လည်းကောင်း၊ အခြားသူတစ်ဦး တစ်ယောက်ကသော်လည်းကောင်း အမှုနှင့် ပတ်သက်၍ တိုင်ကြားထားခြင်း မရှိသေးပေ။ ရဲအရေးပိုင်သည့်အမှုနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ အရ ပထမသတင်းပေးတိုင်ချက် ရေးဖွင့်ပြီးသည်နှင့် ယင်းဥပဒေ ပုဒ်မ ၁၅၆ အရ ယင်းအမှုကို စုံထောက်စစ်ဆေးပိုင်ခွင့်ရသည်။

တိုင်ချက်ရေးဖွင့်ခြင်းဟူသည် မှုခင်းကို ပြည်သူ့ရဲတပ်ဖွဲ့က အရေးယူစုံစမ်းရန်အတွက် မှုခင်းဆိုင်ရာ ဥပဒေယန္တရားကို စတင်သက်ဝင် လှုပ်ရှားလိုက်သည့်သဘော ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ပထမသတင်းပေးတိုင်ချက်ကို အရေးယူပိုင်သည့် ပြစ်မှု၏ ပထမသတင်းအနေဖြင့် ပုဒ်မ ၁၅၄ အရ ချက်ချင်းရေးရမည်။ တိုင်ချက်ကို ရဲအရာရှိက စုံစမ်းထောက်လှမ်းခြင်း စပြီးမှ ရေးလျှင် ၎င်းသည် စုံစမ်းထောက်လှမ်းစဉ်က သက်သေ ထွက်ဆိုသော ထွက်ချက်ဖြစ်၍ ပုဒ်မ ၁၅၄ အရ တိုင်ချက် မဟုတ်ရကား ထိုအချက်သည် ယေဘုယျအားဖြင့် သက်သေခံမဝင်။

**ရဲအရေးမပိုင်မှု စွဲဆိုချက်ဖြင့် တိုင်တန်းမှုသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄ (၁) (ဇ) တွင် ဖော်ပြထားသော တိုင်တန်းချက် မဟုတ်၍ ယင်းဥပဒေပုဒ်မ ၁၉၅ (၁) (က) တွင် အကျုံးဝင်မှုမရှိခြင်း။** စာမျက်နှာ

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (က) တွင် ပြဋ္ဌာန်းထားချက်ကို ဆန့်ကျင် ဆောင်ရွက်ခဲ့ခြင်းအား ဖြည့်စွက် ကုစားနိုင်သည်ဟု ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၅၃၇ ၌ ပြဋ္ဌာန်းထားမှု မရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၇၂ မှ ၁၈၈ ထိ ပြစ်ဒဏ်စီရင်ထိုက်သော ပြစ်မှုတစ်စုံတစ်ရာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း၏ သို့မဟုတ် ၎င်းအထက် ပြည်သူ့ဝန်ထမ်း၏ စာဖြင့် ရေးသား တိုင်တန်းချက်အရ မဟုတ်လျှင် အဆိုပါ ပြစ်မှုများကို မည်သည့် တရားရုံးကမျှ လက်ခံအရေးယူ ပိုင်ခွင့်မရှိကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (က) တွင် ပြဋ္ဌာန်းထားသည်။

ဒုရဲအုပ်ခင်မောင်လွင်က သက်ဆိုင်ရာ ညောင်ရွှေ မြို့နယ်တရားရုံးသို့ စာဖြင့် ရေးသား တိုင်လျှောက်ချက် ပြုခဲ့ခြင်း မဟုတ်ဘဲ ရဲစခန်းသို့တိုင်ကြားပြီး ရဲစခန်းက ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၀ (၁) (ခ) အရ ရဲအစီရင်ခံစာအပေါ် လက်ခံ ဆောင်ရွက်ထားခြင်း ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄ (၁) (ဇ) တွင် " တိုင်တန်းချက် " ဆိုသည်မှာ ပြစ်မှုကျူးလွန်သူကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ရာဇဝတ် တရားသူကြီးထံ ဤဥပဒေအရ အရေးယူဆောင်ရွက်စေရန် နှုတ်ဖြင့်သော် လည်းကောင်း၊ စာဖြင့်သော် လည်းကောင်း ပြစ်မှုကျူးလွန်ကြောင်း

တိုင်တန်းချက်ကိုဆိုသည်။ သို့သော် ၎င်းစကားရပ်တွင် စာမျက်နှာ ရဲအရာရှိတစ်ဦး၏ အစီရင်ခံစာ မပါဝင်ဟု အဓိပ္ပါယ် ဖွင့်ဆိုထားသည်။ ယင်းအဓိပ္ပါယ်ဖွင့်ဆိုချက်အရ ရဲစွဲချက်ပုံစံဟု ခေါ်သော ရဲအစီရင်ခံစာသည် တိုင်တန်းချက် မဟုတ်သည်မှာ ယုံမှားဖွယ် မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၇ (က) သည် တိုင်တန်းချက်၊ သမ္မာန်စာ၊ ဝရမ်း၊ စွဲချက်၊ ထုတ်ပြန် ကြေညာချက်၊ အမိန့်၊ စီရင်ချက်တွင်သော်လည်းကောင်း၊ အခြား မှုခင်းကိစ္စများ ဆောင်ရွက်ချက်တွင်သော်လည်းကောင်း စစ်ဆေး စီရင်ခြင်း မပြုမီ သို့မဟုတ် စစ်ဆေးစီရင်ဆဲအတွင်း ဤကျင့်ထုံးဥပဒေ အရ စုံစမ်းစစ်ဆေးမှု တစ်ရပ်ရပ်တွင်သော်လည်းကောင်း၊ အခြား မှုခင်းကိစ္စများ ဆောင်ရွက်မှုတွင်သော်လည်းကောင်း တစ်စုံတစ်ရာ မှားယွင်းမှု၊ ပျက်ကွက်မှု သို့မဟုတ် နည်းလမ်း မကျမှုကြောင့် အဆိုပါ မှားယွင်းမှု၊ ပျက်ကွက်မှု၊ နည်းလမ်းမကျမှု သို့မဟုတ် မှားယွင်း ညွှန်ကြားချက်သည် တရားမျှတမှု အမှန်တကယ် ကင်းမဲ့သွားစရာ အကြောင်းမဖြစ်ပေါ်စေပါက စီရင်ပိုင်ခွင့်အာဏာရရှိသည့် တရားရုံး တစ်ရုံးက ချမှတ်ထားသည့် မည်သည့်ဆုံးဖြတ်ချက်၊ ပြစ်ဒဏ် သို့မဟုတ် အမိန့်ကို မည်သည့်အခါ ပယ်ဖျက် ပြောင်းလဲနိုင်ကြောင်းကို ဆိုလိုခြင်း ဖြစ်သည်။ ဥပဒေ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းကို အကာအကွယ် ပေးရန် မဟုတ်ချေ။ ဥပဒေနှင့် အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၇ ၏ အကာအကွယ်ကို ပေးမည်ဆိုပါက ဥပဒေ၏ ရည်ရွယ်ချက် အနှစ်သာရမှာ အဟောသိကံ ဖြစ်ပေလိမ့်မည်။

စာမျက်နှာ

**၁၉၉၀ ပြည့်နှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၈ အရ တရားစွဲဆိုမှုတွင် ၁၉၂၂ ခုနှစ်၊ ရန်ကုန်မြို့တော် မြူနီစီပါယ်အက်ဥပဒေ ပုဒ်မ ၂၁၄ ပါ ပြဋ္ဌာန်းချက်များ အကျုံးဝင်ခြင်း ရှိ၊ မရှိ။**

**ဆုံးဖြတ်ချက်** ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၇ ပြဋ္ဌာန်းချက်အရ ဆိုလျှင် ၁၉၂၂ ခုနှစ်၊ ရန်ကုန်မြို့တော် မြူနီစီပါယ်အက်ဥပဒေ ပုဒ်မ ၂၁၄ တွင် ဖော်ပြထားသော ကာလစည်းကမ်းသတ်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်သည် စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၈ နှင့် ဆန့်ကျင်သည်ဟု ဆိုနိုင်မည် မဟုတ်သဖြင့် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက တရားစွဲဆိုရန်အတွက် ကာလစည်းကမ်းသတ်ကို ထည့်သွင်း စဉ်းစားရန် မလိုဟူသော တင်ပြချက်ကို လက်ခံနိုင်မည် မဟုတ်ပေ။

ဒေါ်ကျင်လှ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၁၆ (ဂ) အရ ယခင်က ပြစ်ဒဏ် ကျခံခဲ့ဘူးသူ တရားခံအပေါ် ယင်းဥပဒေပုဒ်မ ၂၃ အရ ယခုအမှုတွင် ပုဒ်မ ၁၉ (က) နှင့် တွဲပြီး ပြစ်ဒဏ် ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ ။ အဆိုပါ ဥပဒေပုဒ်မ၂၃ အရ ပြစ်ချက်ဟောင်းဖြင့် မည်သည့်အခါ အပြစ်ပေးနိုင်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေ၅၇ တွင် ပြစ်ချက်ဟောင်းအတွက် တရားစွဲဆိုခြင်း၊ စစ်ဆေးစီရင်ခြင်းများနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသည်။

နည်းဥပဒေ ၅၇ ၏ ဥပမာတွင် မောင်ဖြူသည် ယခင်က ဥပဒေပုဒ်မ ၁၆(ဂ) အရ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိမှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည်။ ၎င်းအား နောက်တစ်ကြိမ် ထပ်မံ၍ ဘိန်းပင် စိုက်ပျိုးမှုဖြင့် ဥပဒေပုဒ်မ ၁၆ (ဂ) အရ တရားစွဲဆိုသည့်အခါ ဥပဒေ ပုဒ်မ ၂၃ တို့ပါ ပူးတွဲ စွဲဆိုခြင်း မပြုနိုင်ကြောင်း ရှင်းလင်းထားသည်။ အဆိုပါ နည်းဥပဒေ ၅၇ (က) ၏ ဒုတိယဥပမာအရ ဆိုလျှင် ပုဒ်မ ၁၆ (ဂ) အရ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိမှုဖြင့် ပြစ်ဒဏ် ချမှတ်ခြင်းခံခဲ့ပြီးနောက် မူးယစ်ဆေးဝါး ရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိလျှင်၊ သယ်ယူဆောင်လျှင်၊ တစ်ဆင့်ပေးပို့လျှင် သို့မဟုတ် လွှဲပြောင်းပေးလျှင် ၎င်းအား ပုဒ်မ ၁၉ (က) အရ အရေးယူ ရာ၌ ပုဒ်မ ၂၃ ကို ပူးတွဲခြင်း မပြုနိုင်ကြောင်း ရှင်းလင်းထားသည်။ ဆိုလိုရင်းမှာ ယခင်ပြစ်ချက်ဟောင်းနှင့် ထပ်မံကျူးလွန်သော အမှု သည် ပုဒ်မလည်း တူရမည့်အပြင် ပုဒ်မခွဲလည်း တူရမည်။

အဆိုပါ နည်းဥပဒေ ပြဋ္ဌာန်းချက်၊ ရှင်းလင်းချက်တို့အရ မူလခရိုင်တရားရုံးက တရားခံ ရန်နိုင်ထွန်းအား ပုဒ်မ ၁၉(က)/၂၃အရ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည် မှန်ကန်ခြင်း မရှိကြောင်း တွေ့ရှိရသည်။

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

+ ၂၀၀၉ ခုနှစ်
မေ လ
၄ ရက်

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားသူကြီးများဖြစ်ကြသော ဦးသက်ထွန်းနှင့် ဦးကျော်ဝင်းတို့၏ရှေ့တွင်**

**ဒေါ်ကျင်လှ**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်** *

**၁၉၉၀ ပြည့်နှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၈ အရ တရားစွဲဆိုမှုတွင် ၁၉၂၂ ခုနှစ်၊ ရန်ကုန်မြို့တော် မြူနီစီပါယ်အက်ဥပဒေ ပုဒ်မ ၂၁၄ ပါ ပြဋ္ဌာန်းချက်များ အကျုံးဝင်ခြင်း ရှိ၊ မရှိ။**

**ဆုံးဖြတ်ချက်** ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၇ ပြဋ္ဌာန်းချက်အရ ဆိုလျှင် ၁၉၂၂ ခုနှစ်၊ ရန်ကုန်မြို့တော် မြူနီစီပါယ်အက်ဥပဒေ ပုဒ်မ ၂၁၄ တွင် ဖော်ပြထားသော ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်သည် စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၈ နှင့် ဆန့်ကျင်သည်ဟု ဆိုနိုင်မည် မဟုတ်သဖြင့် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက တရားစွဲဆိုရန်အတွက် ကာလစည်းကမ်းသတ်ကို ထည့်သွင်း စဉ်းစားရန်မလိုဟူသော တင်ပြချက်ကို လက်ခံနိုင်မည် မဟုတ်ပေ။

---

* **၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှု အမှတ် ၃၇။**

\+ **၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၆၂ (ခ) တွင် ချမှတ်သော ၂၈-၇-၂၀၀၈ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်) ၏ အမိန့်ကို အထူးအယူခံမှု။**

အယူခံတရားလိုအတွက် - ဦးထွန်းဝင်း
တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် - ဦးအောင်မြင့်
ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံးခွဲ၊ မန္တလေးမြို့

ပုဇွန်တောင်မြို့နယ်၊ အမှတ် (၃) စည်ပင်သာယာတရားရုံး၏ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၄၂၃/၂၀၀၆ တွင် တရားခံဒေါ်ကျင်လှ အပေါ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးအက်ဥပဒေ ပုဒ်မ ၂၈ အရ ငွေဒဏ် ၃၀၀၀၀ိ/ ပေးဆောင်စေရန်နှင့် ငွေဒဏ်မဆောင် ပျက်ကွက်က ထောင်ဒဏ် (၃) လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဒေါ်ကျင်လှက မကျေနပ်သဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးသို့ အယူခံမှု တင်သွင်းသော်လည်း ပလပ်ခြင်းခံရသည်။ ဒေါ်ကျင်လှက ထပ်မံ၍ ရန်ကုန်တိုင်းတရားရုံးနှင့် တရားရုံးချုပ်သို့ ပြင်ဆင်မှုများ တင်သွင်းသော်လည်း အောင်မြင်မှု မရသောကြောင့် အထူးအယူခံဝင်ခွင့်ရရှိရန်အတွက် ပြစ်မှုဆိုင်ရာအထွေထွေ လျှောက်လွှာ (အထူး) အမှတ် ၂၃၇/၂၀၀၈ ဖြင့် လျှောက်ထားရာ အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့် ပြုခဲ့သည် -

> " အခင်းဖြစ်အဆောက်အအုံကို ၂၀၀၆ ခုနှစ် (၃) လပိုင်းက စတင်ပြင်ဆင် ဆောက်လုပ်ကြောင်း ပေါ်ပေါက်ပြီး ထိုစဉ်ကတည်းက သိရှိခဲ့ကြောင်း မှတ်ယူနိုင်သည့် သက်သေခံချက်များ ပေါ်ပေါက်နေသည့် အခြေအနေတွင် ၁-၁၂-၂၀၀၆ နေ့တွင်မှ တရားစွဲဆိုခဲ့ခြင်းသည် စည်းကမ်းသတ်ကာလ (၃) လ ကျော်လွန်နေသဖြင့် အယူခံ တရားလိုအား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ"

အမှုမှာ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် (၄၁) နေ ဒေါ်ကျင်လှက ၎င်းပိုင်ဆိုင်သော တစ်ထပ် (ပျဉ်/အုတ်) အဆောက်အအုံအား နောက်ဘက်ရှိ (မီးဖိုဆောင်၊ ရေချိုးခန်း၊ အိမ်သာပါ) အုတ်တိုက်အား ချန်လှပ်ပြီး ရှေ့ဘက်ပိုင်းရှိ တစ်ထပ်ပျဉ်ထောင်အားဖျက်၍ ၁၄ ပေ၊ ၆ လက်မ × ၄၀ ပေရှိ တစ်ထပ်တိုက် အဆောက်အအုံကို ခွင့်ပြုချက်မဲ့ တိုးချဲ့ဆောက်လုပ်နေမှုအား ၂၄-၁၁-၂၀၀၆ နေ့က စစ်ဆေးတွေ့ရှိသဖြင့် ရန်ကုန်မြို့တော်၊ စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၈ အရ အရေးယူပေးပါရန် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ ဒေါ်စန်းစန်းတင့်က ဦးတိုက်လျှောက်ထားစွဲဆိုခဲ့မှုဖြစ်သည်။

အယူခံတရားလို၏ တရားရုံးချုပ်ရှေ့နေက ဒေါ်ကျင်လှ အချင်းဖြစ်နေအိမ်အား အသေးစား စတင်ဆောက်လုပ်သောရက်မှာ ၂၀၀၆ ခုနှစ်၊ (၃) လပိုင်းဖြစ်ပြီး (၉) လပိုင်းတွင် အချောကိုင်ပြီးစီးကြောင်း၊ အချင်းဖြစ်အိမ်အား စတင်ပြုပြင် ဆောက်လုပ်သော ၂၀၀၆ ခုနှစ်၊ (၃) လပိုင်းကပင် စည်ပင်မှ ယာ/အုံ တာဝန်ခံဦးရဲဝင်းမှ လာရောက်ပြီး ၎င်း၏လမ်းညွှန်အကြံပြုမှုများအရ သက်ဆိုင်ရာ ရယက၏ ၂၉-၃-၀၆ ရက်စွဲပါ ထောက်ခံစာ၊ အိမ်နီးချင်း၏ ၃၀-၃-၀၆ ရက်စွဲပါ ထောက်ခံစာတို့ကို ဒေါ်ကျင်လှမှ (၃) လပိုင်းတွင်ပင် ဦးရဲဝင်းထံသို့ အပ်နှံခဲ့ပြီး အချင်းဖြစ်အိမ်အား ပြုပြင်ဆောက်လုပ်ခဲ့ကြောင်း၊ ဦးရဲဝင်းမှ ၎င်းစာရွက်စာတမ်းများကို လက်ခံရယူခဲ့သော်လည်း ဆောက်လုပ်ခွင့်ပါမစ် လျှောက်ထားရန် ညွှန်ကြားမှုလုံးဝ မပြုလုပ်ခဲ့ကြောင်း၊ ဒေါ်ကျင်လှမှ ၎င်း၏အိမ်ပြုပြင်ဆောက်လုပ်သည့် လုပ်ငန်းအား သက်ဆိုင်ရာ စာရွက်စာတမ်း ထောက်ခံချက်များနှင့်တကွ စည်ပင်သာယာမှ တာဝန်ရှိသူ အရာရှိ ဦးရဲဝင်အား ၂၀၀၆ ခုနှစ်၊ (၃) လပိုင်းကပင် တင်ပြထားခဲ့ပြီးဖြစ်၍ ဒေါ်ကျင်လှအား စည်ပင်သာယာ၏ ခွင့်ပြုချက် မရဘဲ ၎င်း၏နေအိမ်ကို ပြုပြင်ဆောက်လုပ်နေကြောင်း၊ ၂၄-၁၁-၂၀၀၆ နေ့တွင် စစ်ဆေးတွေ့ရှိ သည်ဆိုသော ဦးရဲဝင်း၏ (နှုတ်ဖြင့်) တင်ပြချက်အပေါ် အခြေပြု၍ ဒေါ်စန်းစန်းတင့်က ပုဇွန်တောင်မြို့နယ်၊ စည်ပင်သာယာတရားရုံး၌ ၁-၁၂-၂၀၀၆ နေ့တွင် ဦးတိုက်

လျှောက်ထား တရားစွဲဆိုခဲ့ခြင်းမှာ (၃) လကျော်လွန်ပြီးမှ စွဲဆိုခြင်းဖြစ်နေပါကြောင်း၊ ၁၉၂၂ ခုနှစ်၊ ရန်ကုန်မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၂၁၄ (၁) (က) နှင့် (ခ) တွင် ယင်းအက်ဥပဒေအရ ပြစ်ဒဏ်ထိုက်သော အမှုများကို ပြစ်မှု ကျူးလွန်သောနေ့မှ (၃) လအတွင်း သို့မဟုတ် ပြစ်မှုကျူးလွန်သည်ကို သိသောနေ့မှ (၃) လအတွင်း စွဲဆိုခြင်း မပြုပါက မည်သည့် တရားသူကြီးကမှ အရေးမယူရဟု ပြဋ္ဌာန်းထားကြောင်း၊ အိမ်ပြင်ဆင် ဆောက်လုပ်ခြင်းသည် ကာလစည်းကမ်းသတ်အတွင်း ကျရောက် ပါလျက်နှင့် အပြစ်ပေးခဲ့ခြင်းသည် မူလမြို့နယ်တရားရုံး၏ အမိန့်သည် မှားယွင်းပါကြောင်း အယူခံတရားလိုပေါ်တွင် ဥပဒေနှင့် ညီညွတ်ခြင်း မရှိဘဲ ပြစ်ဒဏ်ပေးထားခြင်းဖြစ်ကြောင်း သို့ဖြစ်၍ ဒေါ်ကျင်လှအား အမှုမှ အပြီးအပြတ်လွှတ်သင့်ကြောင်း လျှောက်ထားသည်။

နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးခွဲ၊ ညွှန်ကြားရေးမှူးက ၁၉၂၂ ခုနှစ်၊ ရန်ကုန်မြူနီစီပါယ်အက်ဥပဒေပုဒ်မ ၂၁၄ (က) တွင် "ပြစ်မှုကျူးလွန်သည့်နေ့မှ (၃) လအတွင်း" ဟု ပြဋ္ဌာန်းထားပြီး ဤဥပဒေအရ ပြစ်မှုတစ်ခုခုဟု ဖော်ပြထား၍ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံ ဆောက်လုပ်ခြင်းကို ယင်းဥပဒေ ပုဒ်မ ၁၅၃ ကို ဖောက်ဖျက်ရာ ရောက်သဖြင့် ယင်းဥပဒေ ပုဒ်မ ၂၁၅ အရ ပုဒ်မ ၂၁၄ တွင် သတ်မှတ်ထားသော ကာလစည်းကမ်းသတ်ရက်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဆိုင်ရာ နည်းဥပဒေ အပိုဒ် ၂ (ဂ) တွင် အဆောက်အအုံ ဆောက်လုပ်ခြင်း လုပ်ငန်းဆိုသည်မှာ အဆောက်အအုံတစ်ခုခုကို အသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ အကြီးစား သို့မဟုတ် အသေးစား ပြင်ဆင်ခြင်း သို့မဟုတ် ခြံစည်းရိုးကို မည်သည့်ပစ္စည်းဖြင့်ဖြစ်စေ၊ ကာရံခြင်း၊ ဖြိုဖျက်ခြင်းတို့ကိုဆိုလိုကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အမိန့်ကြော်ငြာစာအမှတ် ၉/၉၉ ဖြင့် ထုတ်ပြန်ထားသော အဆောက်အအုံဆိုင်ရာ နည်းဥပဒေ ၇၆ တွင် မည်သူမှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရဟု

ပြဋ္ဌာန်းထားပြီး မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရလျှင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေ ပုဒ်မ ၂၈ အရ ပြစ်မှုမြောက်ကြောင်း၊ ထို့ပြင် ယင်းဥပဒေ ပုဒ်မ ၂၇ ၌ ရန်ကုန်မြို့တော်မြူနီစီပါယ်အက်ဥပဒေ၊ နည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်များကို ဤဥပဒေ၏ ရည်ရွယ်ချက်၊ သဘောထားများနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးရမည်ဖြစ်ကြောင်း၊ ယခုအမှုမှာ ၁၉၉၀ ပြည့်နှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေ ပုဒ်မ ၂၈ အရ တရားစွဲဆိုခြင်းဖြစ်၍ ၁၉၂၂ ခုနှစ်၊ ရန်ကုန်မြို့တော် မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၂၁၄ ပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သည်ဆိုသောအချက်ကို ထည့်သွင်း စဉ်းစားရန် မလိုကြောင်း လျှောက်ထားသည်။

တာမွေမြို့နယ်၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးက တရားစွဲ တာဝန်ခံအရာရှိ ဒေါ်စန်းစန်းတင့် (လိုပြ-၁) က ဦးရဲဝင်း၊ အင်ဂျင်နီယာ၏ ၂၄-၁၁-၀၆ နေ့ စစ်ဆေးတွေ့ရှိချက်အရ တရားခံ ဒေါ်ကျင်လှပိုင်ဆိုင်သော တစ်ထပ်(ပျဉ်/အုတ်) အဆောက်အအုံအား အနောက်ဘက်ရှိ (မီးဖိုဆောင်၊ ရေချိုးခန်း၊ အိမ်သာပါ) အုတ်တိုက်အား ချန်လှပ်ပြီး ရှေ့ဘက်ပိုင်းရှိ တစ်ထပ်ပျဉ်ထောင်အား ဖျက်၍ ၁၄ ပေ၊ ၆ လက်မ × ၄၀ ပေရှိ တစ်ထပ်တိုက် အဆောက်အအုံကို ခွင့်ပြုချက်မဲ့ ဆောက်လုပ်သည်ကို တွေ့ရ ကြောင်းဖြင့် ထွက်ဆိုထားသည်။

တာမွေမြို့နယ်၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း (လိုပြ ၂) က ၂၄-၁၁-၀၆ နေ့၌ စစ်ဆေးခဲ့ရာ တရားခံဒေါ်ကျင်လှ၏ တစ်ထပ်ပျဉ်ထောင်နေအိမ် အရှေ့ဘက်ပိုင်းအား စည်ပင်သာယာ၏ ခွင့်ပြုချက် မရရှိဘဲ ပြင်ဆင် ဆောက်လုပ်ခဲ့ကြောင်းကို စစ်ဆေးတွေ့ရှိကြောင်း၊ သက်သေခံ (ခ) အကြောင်းကြားစာအား ဒေါ်ကျင်လှထံ ၂၇-၁၁-၀၆ နေ့က ပေးပို့ ခဲ့ကြောင်း ထွက်ဆိုသည်။

တာမွေမြို့နယ်၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ (ယာ/အုံ) တာဝန်ခံ ဦးရဲဝင်း (လိုပြ ၃) က ၎င်းသည် ၂၄-၁၁-၀၆

နေ့တွင် ကွင်းဆင်းစစ်ဆေးရာတွင် တာမွေမြို့နယ်၊ နတ်ချောင်း ရပ်ကွက် သမိန်ဗရမ်းလမ်း၊ အမှတ် (၄၀)နေ ဒေါ်ကျင်လှသည် ၎င်းနေအိမ်၏ အနောက်ဘက် တစ်ထပ်ပျဉ်ထောင်၊ အရှေ့ဘက်ပိုင်း အားဖျက်၍ အကျယ် ၁၄ ပေ၊ ၆ လက်မ × ၄၀ ပေ တစ်ထပ်တိုက် အဆောက်အအုံကို ခွင့်ပြုချက်မဲ့ ဆောက်လုပ်နေသည်ကို တွေ့ရကြောင်း၊ နို့တစ်စာကို ဒေါ်ကျင်လှအား ပေးခဲ့ကြောင်း၊ လိုက်နာခြင်း မရှိ၍ ဒေါ်စန်းစန်းတင့်ထံ တင်ပြရာ ဒေါ်စန်းစန်းတင့် (လိုပြ ၁) က ဒေါ်ကျင်လှအား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေ ပုဒ်မ ၂၈ ဖြင့် တရားလိုပြုလုပ်၍ တရားစွဲဆိုခဲ့ကြောင်း ထွက်ဆိုသည်။

တရားခံ ဒေါ်ကျင်လှက တစ်ထပ်ပျဉ်ထောင်နေအိမ် အရှေ့ဘက်ပိုင်းအား စည်ပင်သာယာ၏ ခွင့်ပြုချက်မရရှိဘဲ ပြင်ဆင် ဆောက်လုပ်ခဲ့ကြောင်းကို ၂၄-၁၁-၀၆ နေ့တွင် စစ်ဆေးတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း၊ တာမွေမြို့နယ်၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း (လိုပြ ၂) နှင့် (ယာ/အုံ) တာဝန်ခံ ဦးရဲဝင်း (လိုပြ ၃) တို့က ထွက်ဆိုခဲ့သည်။ ထိုနေ့တွင်ပင် မြို့နယ် အုပ်ချုပ်ရေးမှူးက အိမ်ရှင် ဒေါ်ကျင်လှထံ အကြောင်းကြားစာ (သက်သေခံ - ခ) ကို ပေးပို့ကြောင်း တင်ပြထွက်ဆိုခဲ့သည်ကို တွေ့ရသည်။

တရားခံဒေါ်ကျင်လှက အခင်းဖြစ်အိမ်အား ၂၀၀၆ ခုနှစ်၊ (၃) လပိုင်းကပင် ဆောက်လုပ်ခဲ့ကြောင်း၊ ထိုသို့ ဆောက်လုပ်နေစဉ် စည်ပင်သာယာရုံးမှာ တာဝန်ခံအရာရှိ ဦးရဲဝင်းရောက်လာ၍ သိရှိသွားပြီးနောက် အိမ်ပြင်ဆင်ဆောက်လုပ်ခြင်းအပေါ် ကန့်ကွက် ရန် မရှိကြောင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ ထောက်ခံချက် (သက်သေခံ ၃) နှင့် အိမ်နီးချင်း ထောက်ခံချက် (သက်သေခံ ၄) တို့ကို ရယူကာ ဦးရဲဝင်း လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း တင်ပြထွက်ဆိုသည်။ ဦးမောင်မောင်သန်း (ခံပြ ၃)၊ ဦးခင်ရွှေ (ခံပြ ၄) တို့ကလည်း ဒေါ်ကျင်လှကို ထောက်ခံ ထွက်ဆိုခဲ့ကြပြီး အိမ်ပြုပြင်ဆောက်လုပ်သည့်ကိစ္စကို ဦးရဲဝင်းသည်

၂၀၀၆ ခုနှစ်၊ (၃) လပိုင်း ကတည်းက သိရှိကြောင်း ထွက်ဆိုခဲ့သည်ကို တွေ့ရသည်။

နတ်ချောင်းရပ်ကွက်၊ ရယကဥက္ကဋ္ဌ ဦးဘမြင့် (ခံပြ ၂) က ၂၉-၃-၂၀၀၆ ရက်စွဲပါ ထောက်ခံစာ သက်သေခံ (၃) ပေါ်ရှိ လက်မှတ်မှာ ၎င်း၏လက်မှတ် မှန်ကန်ကြောင်းနှင့် ဦးသိန်းနိုင် (ခံပြ ၆) ကလည်း ၃၀-၃-၀၆ ရက်စွဲပါ ထောက်ခံစာ သက်သေခံ (၄) ပေါ်ရှိ လက်မှတ်မှာ ၎င်း၏လက်မှတ် မှန်ကန်ကြောင်း ထွက်ဆိုခဲ့ကြသည်။ ဦးအောင်မြင့် (ခံပြ ၅) ကလည်း အခင်းဖြစ် နေအိမ်ပြုပြင်ဆောက်လုပ်သည့် လုပ်ငန်းကို လုပ်ကိုင်ပေးခဲ့ရာ (၃) လပိုင်းတွင် စတင်ပြီး (၉)လပိုင်းကုန်တွင် ပြီးစီးခဲ့ကြောင်း၊ ဦးရဲဝင်း လမ်းညွှန်သည့် အတိုင်းပင် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် ဦးရဲဝင်း၊ ဦးမောင်မောင်သန်းနှင့် ၎င်းတို့ ညှိနှိုင်းပြီး ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်ကို တွေ့ရသည်။

မူလရုံးအမှုတွင် ပေါ်ပေါက်သည့် သက်သေခံချက်များအရ တရားခံ ဒေါ်ကျင်လှပိုင်ဆိုင်သော တစ်ထပ်အဆောက်အအုံ (ပျဉ်/အုတ်) အဆောက်အအုံအား အနောက်ဘက်ရှိ (မီးဖိုဆောင်၊ ရေချိုးခန်း၊ အိမ်သာပါ) အုတ်တိုက်အား ချန်လှပ်ပြီး အရှေ့ဘက်ပိုင်းရှိ တစ်ထပ်ပျဉ်ထောင်အားဖျက်၍ ၁၄ ပေ၊ ၆ လက်မ × ၄၀ ပေ ရှိ တစ်ထပ်အဆောက်အအုံကို ခွင့်ပြုချက် မရဘဲ ပြင်ဆင်ဆောက်လုပ်ခဲ့ကြောင်း အငြင်းမပွား ထင်ရှားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် ၉/၉၉ ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဆိုင်ရာ နည်းဥပဒေများကို ထုတ်ပြန်ခဲ့သည်။ ယင်းနည်းဥပဒေ ၂ (ဂ) တွင် " အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း ဆိုသည်မှာ အဆောက်အအုံတစ်ခုခုကို အသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း သို့မဟုတ် အကြီးစား သို့မဟုတ် အသေးစား ပြင်ဆင်ခြင်း သို့မဟုတ် ခြံစည်းရိုးကို မည်သည့်ပစ္စည်းဖြင့်ဖြစ်စေ ကာရံခြင်း၊ ဖြိုဖျက်ခြင်းများကိုဆိုသည်။ ယင်းစကားရပ်တွင် အဆောက်အအုံ လုပ်ငန်းများ အကောင်အထည်

ဖော်ရန်အတွက် မြေပြုပြင်ခြင်း၊ အုတ်မြစ်အတွက် တူးဖော်ခြင်းနှင့် အဆောက်အအုံ လုပ်ငန်းအတွက် လိုအပ်သည့် အခြားသော ပြင်ဆင်ခြင်း၊ ဆောင်ရွက်ခြင်းများလည်း ပါဝင်သည်" ဟု ဖော်ပြထားသည်။ ယင်းနည်းဥပဒေ ၇၆ တွင် "မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ မြို့တော် နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း လုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ" ဟု ဖော်ပြထားသည်။

တရားခံဒေါ်ကျင်လှသည် ခွင့်ပြုချက်မဲ့ အဆောက်အအုံကို တိုးချဲ့ဆောက်လုပ်ခဲ့ခြင်းမှာ အထက်ဖော်ပြပါ နည်းဥပဒေ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်း ဖြစ်သဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၂၈ ကို ကျူးလွန်ကြောင်း ထင်ရှားသည်။

ယခုအမှုတွင် တရားခံ ဒေါ်ကျင်လှသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံကို ပြင်ဆင်ဆောက်လုပ်ခဲ့ခြင်းမှာ အငြင်းမထွက်သော်လည်း မူလရုံး တရားလိုဘက်မှ တရားစွဲဆိုမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း ရှိ မရှိကို အဓိကစိစစ်ရမည်ဖြစ်သည်။

မူလရုံး တရားခံ ဒေါ်ကျင်လှက ၂၀၀၆ ခုနှစ် (၃) လပိုင်းက အိမ်ပြင်ဆင်ဆောက်လုပ်ခဲ့ကြောင်း၊ စည်ပင်သာယာရုံးမှ ၁၀-၃-၀၆ နေ့တွင် ဦးရဲဝင်းရောက်ရှိလာ၍ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက် (သက်သေခံ -၃)၊ အိမ်နီးချင်း ထောက်ခံချက် (သက်သေခံ - ၄) တို့ကို ဦးရဲဝင်းထံ ပေးခဲ့ရကြောင်း ထွက်ဆိုသည်။

သို့သော် တာမွေမြို့နယ်၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး မြေယာနှင့် အဆောက်အအုံတာဝန်ခံ ဦးရဲဝင်း (လိုပြ ၃) အား ပြန်လှန်စစ်မေးရာ၌ အောက်ပါအတိုင်း ထွက်ဆိုထားသည် -

"ပတ်ဝန်းကျင်ထောက်ခံစာ၊ ရယကရုံး၏ အဆောက်အအုံ ဆောက်လုပ်သည့် ထောက်ခံစာတို့ကို ဒေါ်ကျင်လှ အနေဖြင့် ကျွန်တော့်အား ပေးခဲ့ဖူးသည်ဟု မှတ်မိပါသေးသလား ဆိုလျှင် ကျွန်တော်အနေနှင့် မမှတ်မိတော့ပါ။

အဆောက်အအုံ တိုးချဲ့ဆောက်လုပ်သည် ဆိုရာတွင် ပါမစ်ရရှိရန်အတွက် လျှောက်ထားသည့်ကိစ္စတွင် ပတ်ဝန်းကျင်နှင့် ရယကရုံး ထောက်ခံစာများ လိုအပ်ကြောင်း ကျွန်တော် ရှင်းပြခဲ့ဖူးသည်ဆိုလျှင် ရှင်းပြခဲ့ဖူးပါသည်။ ရယကရုံး၏ ၂၉-၃-၀၆ ရက်စွဲပါထောက်ခံစာနှင့် ၃၀-၃-၀၆ ရက်စွဲပါ ထောက်ခံစာတို့နှင့်တကွ ရယူပြီး ကျွန်တော်၏ လက်ထဲသို့ အပ်နှံခဲ့ဖူးသည်ဆိုလျှင် ကျွန်တော် မမှတ်မိတော့ပါ။ ရယက ထောက်ခံစာ (သက်သေခံ -၃) နှင့် ပတ်ဝန်းကျင် ထောက်ခံစာတို့အား ပါမစ်လိုအပ်သဖြင့် ဆောက်လုပ်ခဲ့သည့် (၃) လပိုင်း ကတည်းကပင် ရယက သက်သေနှင့် အိမ်နီးနားချင်းဖြစ်သူ ဦးသိန်းနိုင်အပါအဝင် မိသားစု ရှေ့တွင်ပင် ကျွန်တော့်လက်ထဲသို့ ထည့်လိုက်ခြင်း ဖြစ်တာကို သိရှိပါသလားဆိုလျှင် ကျွန်တော်မသိပါ။”

ဦးသိန်းနိုင်(ခံပြ ၆)က ဒေါ်ကျင်လှတို့နှင့် အိမ်နီးနားချင်းဖြစ်၍ ဒေါ်ကျင်လှ အိမ်ပြင်ဆင်ဆောက်ရာတွင် ကန့်ကွက်ရန် မရှိကြောင်း စာအား ဦးမောင်မောင်သန်းထံ ပေးခဲ့ခြင်းသာဖြစ်ကြောင်း ထွက်ဆိုချက်ရှိသဖြင့် တရားခံရှေ့နေ၏ ပြန်လှန်မေးတွင် ဦးသိန်းနိုင် အပါအဝင် မိသားစုရှေ့တွင် ဦးရဲဝင်းသို့ ပေးခဲ့သည်ကို သိသလား ဆိုသော မေးခွန်းနှင့် ကွဲလွဲနေသည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍ တရားခံဒေါ်ကျင်လှ၏ တင်ပြချက်ကို လက်ခံစဉ်းစားရန် မဖြစ်နိုင်ပေ။

ထို့ကြောင့် တာမွေမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့က တရားခံဒေါ်ကျင်လှအပေါ် တရားစွဲဆိုမှုသည် ကာလစည်းကမ်းသတ် အတွင်း ကျမကျသာ စိစစ်ရပေမည်။

တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် (၄၀) နေ ဒေါ်ကျင်လှက ၎င်းပိုင်ဆိုင်သော တစ်ထပ်၊ (ပျဉ်/အုတ်) အဆောက်အအုံအား အနောက်ဘက်ရှိ (မီးဖိုဆောင်၊ ရေချိုးခန်း၊ အိမ်သာပါ) အုတ်တိုက်အား ချန်လှပ်ပြီး ရှေ့ဘက်ပိုင်းရှိ တစ်ထပ်ပျဉ်ထောင်အားဖျက်၍ ၁၄ ပေ၊ ၆ လက်မ × ၄၀ ပေရှိ တစ်ထပ်တိုက် အဆောက်အအုံကို ခွင့်ပြုချက်မဲ့ တိုးချဲ့ဆောက်လုပ်

နေမှုအား တာမွေမြို့နယ်၊ စည်ပင်သာယာရေးမှ ၂၄-၁၁-၀၆ နေ့ကပင် စစ်ဆေးတွေ့ရှိပြီး တရားစွဲဆိုသည့်နေ့မှာ ၁-၁၂-၀၆ နေ့ဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၇ တွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

"၂၇။ ကော်မတီသည် အောက်ဖော်ပြပါ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်များကို ဤဥပဒေ၏ ရည်ရွယ်ချက်၊ သဘောထားများနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးရမည် -

(က) စည်ပင်သာယာရေးဥပဒေနှင့် ယင်းဥပဒေအရ ထုတ်ပြန် ထားသော အမိန့်များ၊

(ခ) ရန်ကုန်မြို့တော် မြူနီစီပါယ်အက်ဥပဒေ၊ နည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်များ။"

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်အရဆိုလျှင် ၁၉၂၂ ခုနှစ်၊ ရန်ကုန်မြို့တော်မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၂၁၄ တွင် ဖော်ပြထားသော ကာလစည်းကမ်းသတ်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်သည် စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၈ နှင့် ဆန့်ကျင်သည်ဟု ဆိုနိုင်မည် မဟုတ်သဖြင့် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက တရားစွဲဆိုရန်အတွက် ကာလစည်းကမ်းသတ်ကို ထည့်သွင်းစဉ်းစားရန် မလိုဟု တင်ပြချက်ကို လက်ခံနိုင်မည် မဟုတ်ပေ။

သို့ဖြစ်၍ တရားခံဒေါ်ကျင်လှအပေါ် ချမှတ်ခဲ့သော မြို့နယ်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော တရားရုံးအဆင့်ဆင့်၏ အမိန့်တို့မှာ မှားယွင်းခြင်း မရှိပေ။

ထို့ကြောင့် အခင်းဖြစ် အဆောက်အအုံကို ၂၀၀၆ ခုနှစ်၊ (၃) လပိုင်းက စတင်ပြင်ဆင် ဆောက်လုပ်ကြောင်း၊ ထိုစဉ်က သိရှိနိုင်သည့် သက်သေခံချက်များ မပေါ်ပေါက်သဖြင့် ၁-၁၂-၂၀၀၆ နေ့တွင်မှ တရားစွဲဆိုခြင်းသည် ကာလစည်းကမ်းသတ် (၃) လ ကျော်လွန်နေသည်ဟု မယူဆနိုင်သဖြင့် အယူခံတရားလိုအား စီရင်ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းရှိကြောင်း ဖြေဆိုပြီး ဤအထူးအယူခံမှုကို ပလပ်လိုက်သည်။

+ ၂၀၀၉
ဇွန်လ
၅ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသောဒေါက်တာတင်အောင်အေးနှင့် ဦးဟန်ရှိန်တို့၏ရှေ့တွင်**

**ဒေါ်ချောက်ယူပါ ၂**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော် ***

**အခွင့်ရအာဏာပိုင်တို့က ထုတ်ပြန်သော အမိန့်များသည် မည်သည့်အခါ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ နှင့် ငြိစွန်းမှုရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ နှင့် ငြိစွန်းရန် ဥပဒေနှင့်အညီ ထုတ်ပြန်ကြေငြာရန် အာဏာရှိသော ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်သော အမိန့်များသည် ဥပဒေနှင့် ညီညွတ်ပြီး အများပြည်သူအကျိုးနှင့် သက်ဆိုင်ရမည်။ ယင်းအမိန့်မျိုးကို မလိုက်နာဘဲ ဖီဆန်ခြင်းကြောင့် ဥပဒေနှင့်အညီ ခိုင်းခြင်းခံရသူကို ဟန့်တားခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ ရုန်းရင်းဆန်ခတ်မှုသော်လည်းကောင်း၊ သတ်ပုတ်နှောင့်ယှက်မှုသော်လည်းကောင်း ဖြစ်စေခြင်း၊ သို့မဟုတ် ဖြစ်စေတတ်ခြင်း ဖြစ်ရမည်။ သို့ဖြစ်ရာ ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌမှ ဆိုင်ခန်းများ ဖယ်ရှားပေးရန် ညွှန်ကြားသော်လည်း ဖယ်ရှားပေးခြင်းမပြုသည့် ဒေါ်ချောက်ယူနှင့် ဒေါ်ချောက်ဆန်တို့၏ ပြုမူဆောင်ရွက်ချက်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ နှင့် ငြိစွန်းခြင်းမရှိကြောင်း တွေ့ရှိရသည်။

---

* **၂၀၀၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှု အမှတ် ၁။**

+ **၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ အမှတ် ၄၂ တွင် ချမှတ်သော ၁၄-၈-၂၀၀၈ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု။**

အယူခံတရားလိုများအတွက် - ဦးရဲထွန်း
တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် - ဒေါ်သင်းသင်းမြ
ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

ချမ်းအေးသာစံမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၄၃/၂၀၀၈ တွင် မန္တလေးမြို့၊ အမှတ် (၈) ရဲတပ်ဖွဲ့စခန်းမှ ဒုရဲမှူးကြည်လွင်က ဒေါ်ချောက်ယူနှင့် ဒေါ်ချောက်ဆန်တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ တရားစွဲဆိုခဲ့သည်။ ဒေါ်ချောက်ယူနှင့် ဒေါ်ချောက်ဆန်တို့က ၎င်းတို့အပေါ် စွဲဆိုထားသောအမှုအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁ - က အရ ချေဖျက်ပေးပါရန် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ အမှတ် ၄၂/၂၀၀၈ ဖြင့်လျှောက်ထားခဲ့ရာ ပယ်သည့်အမိန့် ချမှတ်ခဲ့သည်။ သို့ဖြစ်၍ ဒေါ်ချောက်ယူနှင့် ဒေါ်ချောက်ဆန်တို့က ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေ ပုဒ်မ ၇ အရ အထူးအယူခံဝင်ခွင့် ရရှိရန် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၂၅၃/၂၀၀၈ ဖြင့် လျှောက်ထားခဲ့ရာ အောက်ဖော်ပြပါ ပြဿနာများအား ကြားနာဆုံးဖြတ်နိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည် -

"၁။ မူလရုံးအမှုတွင် တရားလိုဘက်မှ တင်ပြသည့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဒေါ်ချောက်ယူထံသို့ ထုတ်ဆင့်သည့် အကြောင်းကြားစာမှာ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၈၈ နှင့်အညီ ထုတ်ဆင့်သည့် အကြောင်းကြားစာ ဟုတ် မဟုတ် စိစစ်ခြင်း မပြုဘဲ လျှောက်ထားသူ များက ထုချေတင်ပြနိုင်သည့် အခွင့်အရေးရှိနေသေးသည်ဟုဆိုကာ အမှုတွဲအား ချေဖျက်ပေးခြင်း

မပြုဘဲ လျှောက်ထားမှုအား အလပ်ခဲ့သည့် တရားရုံးချုပ်၏ အမိန့်သည် ဥပဒေအရ မှန်ကန်ခြင်း ရှိ၊ မရှိ။

၂။ ချမ်းအေးသာစံမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၄၃/၂၀၀၈ အမှုအား ချေဖျက်ပေးရန် လျှောက်ထား ရာတွင် ယင်းအမှုကို တရားစွဲဆိုခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (က) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ လျှောက်ထားတရားစွဲဆိုခြင်း ဟုတ်မဟုတ် စိစစ်ခြင်း မပြုဘဲ အမှုတွဲ ချေဖျက် ပေးရန် လျှောက်ထားမှုအား ပလပ်ခဲ့သည့် တရားရုံးချုပ်၏ အမိန့်သည် ဥပဒေအရ မှန်ကန်မှု ရှိ၊ မရှိ။

အမှုမှာ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီး မျက်ရှင်ရပ်၊ လမ်း (၃၀) ၆၅ × ၆၆ လမ်းကြားရှိ မင်းကွန်းဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာပိုင်မြေပေါ်ရှိ ဆိုင်ခန်း (၃၄) ခန်းရှိသည့်အနက် ၂၀ ဦးမှာ ဖယ်ရှားပေးခဲ့ပြီး ဆိုင်ခန်းအမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅) တွင် နေထိုင်သူ ဒေါ်ချောက်ယူမှ ဖယ်ရှားပေးခြင်းမရှိသဖြင့် ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ၂၈-၁-၂၀၀၈ ရက်စွဲပါ စာအမှတ်၊ ၅/၄၈ - ၊ ၁၃ / ဦး ၆ (၁၀၄) ဖြင့် ဒေါ်ချောက်ယူနှင့် ၎င်းဥပစာတွင် နေထိုင်သူများအား ဖယ်ရှားပေးရန် ညွှန်ကြားချက် အမိန့်ကို ဆန့်ကျင်ကာ ဆက်လက်၍ ဆိုင်ခန်းများတွင် ကျူးကျော် ဝင်ရောက်နေထိုင်သူ ဒေါ်ချောက်ယူနှင့် ဒေါ်ချောက်ဆန်တို့အား အရေးယူပေးပါရန် ဒုရဲမှူးကြည်လွင်က မန္တလေးမြို့အမှတ် (၃) ရဲစခန်း သို့ အမှုဖွင့် တိုင်ကြားရာမှ ပေါ်ပေါက်လာသည့်အမှုဖြစ်သည်။

အမှတ် (၁) (၂) အယူခံတရားလိုတို့၏ ရှေ့နေက အမှုတွင် ပုဂ္ဂလိက ပရဟိတလူမှုရေး အဖွဲ့အစည်းဖြစ်သည့် မင်းကွန်း ဗုဒ္ဓဘာသာရိပ်သာပိုင် လူနေဆိုင်ခန်းများတွင် အပျောက်ဖြင့်

ဝယ်ယူငှားရမ်းနေထိုင်ကြသော ဒေါ်ချောက်ယူနှင့် ဒေါ်ချောက်ဆန်တို့အား ၎င်းတို့ နေထိုင်လျက်ရှိသည့်အခန်းမှ ဥပဒေနှင့်အညီ ဖယ်ရှားပိုင်ခွင့်အာဏာမရှိဘဲ ဖယ်ရှားစေရန် ချမ်းအေးသာစံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ကြည်၏ အကြောင်းကြားစာသည် တရားဝင်မဟုတ်သော၊ ဥပဒေနှင့်အညီ မဟုတ်သော၊ အများပြည်သူနှင့် မသက်ဆိုင်သော အကြောင်းကြားစာ ဖြစ်ကြောင်း၊ ယင်းအကြောင်းကြားချက်ကို မလိုက်နာခြင်းသည် အမိန့် ဖီဆန်မှုလည်း မဟုတ်သောကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ ပြစ်မှုကျူးလွန်ရာမရောက်ကြောင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း မဟုတ်သဖြင့် ကျော်နင်းမှုလည်း မမြောက်ကြောင်း၊ ဒေါ်ချောက်ယူတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ တရားစွဲဆိုမည်ဆိုပါက လည်း ချမ်းအေးသာစံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ကြည်က ဖြစ်စေ၊ အဖွဲ့ဝင် ဒုရဲမှူးကြည်လွင်ကဖြစ်စေ၊ ချမ်းအေးသာစံမြို့နယ်တရားရုံးသို့ စာဖြင့်ရေးသား တိုက်ရိုက်လျှောက်ထား စွဲဆိုရမည်ဖြစ်ကြောင်း၊ ဒုရဲမှူးကြည်လွင်က အမှတ် (၃) ရဲစခန်းသို့ တိုင်ကြားအမှုဖွင့်လှစ်ခြင်း အပေါ် ချမ်းအေးသာစံမြို့နယ်တရားရုံးက အရေးယူဆောင်ရွက်ခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) ပါ ပြဋ္ဌာန်းချက်နှင့် မညီညွတ်၍ မူလကပင် ပျက်ပြယ်ကြောင်း အထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ ပြစ်မှုဆိုင်ရာအထွေထွေ လျှောက်လွှာအမှတ် ၄၂/၂၀၀၈ တွင် ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်၍ ချမ်းအေးသာစံမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၄၄၃/၂၀၀၈ အား ချေဖျက်သည့် အမိန့်ချမှတ်ပေးပါရန် လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက အမှုတွင် ချမ်းအေးသာစံမြို့နယ်

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ကြည်က ထုတ်ပြန်သော ညွှန်ကြားစာသည် အချင်းဖြစ်တိုက်ခန်းမှ ဖယ်ရှားပေးခြင်း မရှိသော ဒေါ်ချောက်ယူနှင့် ဒေါ်ချောက်ဆန်တို့အပေါ် ညွှန်ကြားထားသောစာဖြစ်၍ အများနှင့်သက်ဆိုင်သော ထုတ်ပြန်ကြေညာထားသည့် အမိန့်ဖြစ်သည်ဟု မဆိုနိုင်ကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ အရ ပြည်သူ့ဝန်ထမ်းက ဥပဒေနှင့်အညီ ထုတ်ပြန်ထားသော အမိန့်သည် အများနှင့် သက်ဆိုင်သော အမိန့်ဖြစ်ရန် အများသိရှိလိုက်နာစေရန် ထုတ်ပြန်ကြေညာထားသည့် အမိန့်ဖြစ်ရန် လိုအပ်ကြောင်း၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံ လိုက်နာစေရန် အကြောင်းကြားသည့် အကြောင်းကြားစာသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ တွင် အကျုံးမဝင်ကြောင်း၊ ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ကြည်က ၎င်းကိုယ်စား အဖွဲ့ဝင်ဖြစ်သူ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြည်လွင်အား တရားစွဲဆိုစေရန် အကြောင်းကြားချက်အရ ဒုရဲမှူးကြည်လွင်သည် တရားခံများအားအရေးယူပေးရန် ချမ်းအေးသာစံရဲစခန်းသို့ တိုင်ကြားသဖြင့် ရဲစခန်းမှ ရဲအရေးမပိုင် စွဲချက် အမှတ် ၁/၂၀၀၈ ဖြင့် မြို့နယ်တရားရုံးသို့ စွဲချက်တင်ပို့ခဲ့ခြင်းဖြစ်၍ တရားရုံးသို့ စာဖြင့်ရေးသား၍ တိုက်ရိုက်တိုင်တန်းခဲ့ခြင်း မဟုတ်သောကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (က) နှင့် ညီညွတ်မှုမရှိသဖြင့် ကနဦးကပင် ပျက်ပြယ်နေကြောင်းနှင့် အထူးအယူခံမှုအား ပြန်လည်စိစစ် သုံးသပ်သင့်ကြောင်း လျှောက်လဲသည်။

အမှုတွင် အယူခံတရားလို ဒေါ်ချောက်ယူနှင့် ဒေါ်ချောက်ဆန်တို့ အပါအဝင် (၂၁) ဦးသည် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ လမ်း ၃၀၊ ၆၅ × ၆၆ လမ်းကြား၊ မင်းကွန်းဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာမြေပေါ်ရှိ နံကပ်ဈေးဆိုင်ခန်း (၃၄) ခန်းအား ဘိုးဘွားရိပ်သာကြီးကြပ်ရေးကော်မတီထံမှ စာချုပ်ဖြင့် ငှားရမ်းနေထိုင်ခဲ့ကြသည်။ ထိုသို့ ငှားရမ်း

နေထိုင်စဉ်က ယင်းဆိုင်ခန်း (၃၄) ခန်းအား ဖျက်သိမ်း၍ မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်သော ခေတ်မီအာရ်စီ ၃ ထပ်ခွဲ တိုက်ခန်း (၂၇) ခန်း ပြန်လည်ဆောက်လုပ်ရန်အတွက် ဆိုင်ခန်းတွင် နေထိုင်သူများအား တစ်ခန်းလျှင် ပြောင်းရွှေ့စရိတ် ငွေကျပ် သိန်း (၁၁) စီပေး၍ ပြောင်းရွှေ့ရန် ဘိုးဘွားရိပ်သာကြီးကြပ်ရေး ကော်မတီက ညှိနှိုင်းခဲ့သည်။ ဆိုင်ခန်း (၃၄) ခန်းအနက် (၂၉) ခန်းတွင် လက်ရှိငှားရမ်းနေထိုင်သူ (၂၀) ဦးက ဖယ်ရှားပေးခဲ့သော်လည်း၊ ဆိုင်ခန်းအမှတ် (၁) မှ (၅) တွင် နေထိုင်သူ ဒေါ်ချောက်ယူတို့က ဖယ်ရှားပေးခြင်း မရှိသောကြောင့် မင်းကွန်းဘိုးဘွားရိပ်သာကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်သိန်း (လိုပြ ၃) က ယင်းကော်မတီ နာယကဖြစ်သူ ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ကြည် (လိုပြ ၂) ထံ စာဖြင့် တင်ပြခဲ့သည်။ ဦးမြင့်ကြည် (လိုပြ ၂) က ဒေါ်ချောက်ယူတို့ထံသို့ ၂၈-၁-၂၀၀၈ ရက်စွဲပါ စာအမှတ် ၅/၄၈-၁၃/ ဦး ၆ (၁၀၄) ဖြင့် ဆိုင်ခန်းများမှ ၃၁-၁-၂၀၀၈ ရက်နေ့ နောက်ဆုံးထားပြီး အပြီးသတ်ပြောင်းရွှေ့ ဖယ်ရှားပေးရန်နှင့် မလိုက်နာပါက အာဏာပိုင်အဖွဲ့အစည်းများ၏ အမိန့်၊ ညွှန်ကြားချက် များအား လိုက်နာရန် ပျက်ကွက်သောဥပဒေအရဖြစ်စေ၊ တာဝန်ရှိ အဖွဲ့အစည်းအား စိတ်ညစ်ညူးမှုဖြစ်စေသော ဥပဒေအရဖြစ်စေ အရေးယူသွားမည်ဖြစ်ကြောင်း အကြောင်းကြားစာ (သက်သေခံ ဂ) ပေးပို့ခဲ့သည်။ ဒေါ်ချောက်ယူတို့က ဆိုင်ခန်းမှ ဖယ်ရှားပေးခြင်း မရှိသဖြင့် ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ကြည် (လိုပြ ၂) က ၎င်းကိုယ်စား ဆိုင်ခန်းများမှ ဖယ်ရှားပေးခြင်းမရှိသည့်ဒေါ်ချောက်ယူတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ ဖြင့် တရားစွဲဆိုရန် အဖွဲ့ဝင်ဖြစ်သူ ဒုရဲမှူးကြည်လွင် (လိုပြ ၁) အား အကြောင်းကြားစာ (သက်သေခံ ဃ) ပေးပို့ခဲ့သည်။

ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

" ပြုလုပ်မှုတစ်ခုခုကို ပြုခြင်းမှ ရှောင်ကြဉ်ရမည်ဟုသော်လည်းကောင်း၊ မိမိလက်ရှိပစ္စည်းနှင့် သို့တည်းမဟုတ် မိမိစီမံခန့်ခွဲရသော ပစ္စည်းနှင့် စပ်လျဉ်း၍ အမိန့်အတိုင်း တစ်ခုခုပြုလုပ်ထားရမည်ဟုသော်လည်းကောင်း၊ ဥပဒေနှင့်အညီ ထုတ်ပြန်ကြေညာရန် အာဏာရရှိသော ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်ကြေညာသော အမိန့်ကို သိလျက်နှင့် မည်သူမဆို ထိုအမိန့်ကို ဖီဆန်လျှင် ထိုသူအား အကယ်၍ ထိုသို့ ဖီဆန်ခြင်းသည် ဥပဒေနှင့်အညီ စေခိုင်းခြင်း ခံရသောသူကို (က) ဟန့်တားခြင်းသော်လည်းကောင်း၊ စိတ်ပြိုငြင်စေခြင်း သော်လည်းကောင်း၊ နစ်နာစေခြင်းသော်လည်းကောင်း ဖြစ်စေသော် သို့တည်းမဟုတ် ဖြစ်စေတတ်သော် သို့တည်းမဟုတ် (ခ) ဟန့်တားခြင်းသော်လည်းကောင်း၊ စိတ်ပြိုငြင် စေခြင်း သော်လည်းကောင်း၊ နစ်နာစေခြင်းသော်လည်း ကောင်း ဖြစ်မည့် အန္တရာယ်ကို ဖြစ်စေသော် သို့တည်းမဟုတ် ဖြစ်စေတတ်သော် တစ်လထိအလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ၂၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ထို့ပြင် အကယ်၍ ထိုသို့ ဖီဆန်ခြင်းသည် လူ့အသက်ကိုသော်လည်းကောင်း၊ ကျန်းမာရေးကိုသော်လည်းကောင်း၊ လုံခြုံရေးကိုသော်လည်းကောင်း ဘေးဖြစ်စေသော် သို့တည်းမဟုတ် ဘေးဖြစ်စေတတ်သော် သို့တည်းမဟုတ် ရုန်းရင်းဆန်ခတ်မှုကိုသော်လည်းကောင်း၊ သတ်ပုတ်နှောင့်ယှက်မှုကိုသော်လည်းကောင်း ဖြစ်စေသော် သို့တည်းမဟုတ် ဖြစ်စေတတ်သော် ၆ လထိ ထောင်ဒဏ်တစ်မျိုးမျိုး

ဖြစ်စေ၊ ၁၀၀၀ဝ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။”

ဤအမှုတွင် အယူခံတရားလို ဒေါ်ချောက်ယုတို့အပေါ် အကြောင်းကြားသည့် ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ကြည် ရေးသားထုတ်ပြန်ထားသော အကြောင်းကြားစာ (သက်သေခံ ဂ) သည် ဒေါ်ချောက်ယုတို့ ငှားရမ်းနေထိုင်လျက်ရှိသော ဆိုင်ခန်းများမှ ပြောင်းရွှေ့ဖယ်ရှားပေးရန် အကြောင်းကြားသည့်စာဖြစ်သည်။ အချင်းဖြစ် ဆိုင်ခန်းများသည် မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာ မြေပေါ်တွင် ဆောက်လုပ်ထားသော ဆိုင်ခန်းများဖြစ်ပြီး ဒေါ်ချောက်ယုတို့က ငှားရမ်းနေထိုင်ခဲ့သော ဆိုင်ခန်းများဖြစ်သည်။ ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ကြည်က ထုတ်ပြန်သော စာသည် အချင်းဖြစ် တိုက်ခန်းများမှ ဖယ်ရှားပေးခြင်းမရှိသော ဒေါ်ချောက်ယုတို့အပေါ် ထုတ်ပြန်ထားသော စာဖြစ်သဖြင့် ယင်းစာသည် အများနှင့် သက်ဆိုင်သော အမိန့် ကြေညာချက်မဟုတ်ကြောင်း တွေ့ရှိရသည်။

“ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ တွင် အကျုံးဝင်ရန် ပြည်သူ့ဝန်ထမ်းက ဥပဒေနှင့်အညီ အများနှင့် သက်ဆိုင်သော ထုတ်ပြန်ကြေညာထားသည့် အမိန့်တစ်ရပ်ရှိရန် လိုအပ်ပေသည်။ ဤအမှုတွင် ရပ်ကွက် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ လူမှုရေးအရ ဒေါ်အန်းစူထံသို့ ထုတ်ပေးခဲ့သည့် တားမြစ်စာသည် အများနှင့် သက်ဆိုင်သော အမိန့်မဟုတ်ဘဲ အိမ်ရှင်၊ အိမ်ငှားတို့ အကြား ဖြစ်ပွားသည့် ပုဂ္ဂလိက အရေးအခင်းမျှသာဖြစ်ပေသည်။ ထို့ကြောင့် ရပ်ကွက်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ အတွင်းရေးမှူး၏ စွဲဆိုမှုသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ နှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေဟု **ဒေါ်အန်စူးနှင့် ပြည်ထောင်စု**

**ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်အမှု** (၁) တွင် လမ်းညွှန်ထုံးဖွဲ့ထားသည်”

တစ်ဖန် “ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ သည် ပြည်သူ့ဝန်ထမ်းများက အများနှင့် သက်ဆိုင်သည့် ကိစ္စများအတွက် ပြုလုပ်သော အမိန့်နှင့်သက်ဆိုင်သည်။ ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်သောအမိန့်ကို ဖီဆန်ရုံမျှဖြင့် ဤပုဒ်မအရ အပြစ်မပေးနိုင်၊ ဖီဆန်ခြင်းသည် ဥပဒေနှင့်အညီ ခိုင်းခြင်းခံရသူကို ဟန့်တားခြင်း၊ စိတ်ပြိုငြင်စေခြင်း သို့မဟုတ် ရုန်းရင်းဆန်ခတ်မှုကိုသော်လည်းကောင်း၊ သတ်ပုတ်နှောင့်ယှက်မှုကိုသော်လည်းကောင်း ဖြစ်စေခြင်း သို့မဟုတ် ဖြစ်စေတတ်ခြင်းရှိကြောင်း သက်သေပြရမည်ဟု **ဦးအောင်ကြည်ပါ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ၂အမှု**(၂) တွင် ထပ်မံလမ်းညွှန်ထားသည်။”

အမှုတွင် ဒေါ်ချောက်ယူတို့သည် ဆိုင်ခန်းများမှ ဖယ်ရှားပေးခြင်း မပြုသဖြင့် ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌမှ ထုတ်ပြန်သည့် အမိန့်အား ဖီဆန်သည်ဟု ဆိုနိုင်သော်လည်း ယင်းသို့ဖီဆန်ခြင်းသည် ဥပဒေနှင့်အညီ ခိုင်းခြင်းခံရသူကို ဟန့်တားခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ ရုန်းရင်းဆန်ခတ်မှုသော်လည်းးကောင်း၊ သတ်ပုတ်နှောင့်ယှက်မှုသော်လည်းကောင်း ဖြစ်စေခြင်း သို့မဟုတ် ဖြစ်စေတတ်ခြင်းရှိကြောင်း ပေါ်ပေါက်ခြင်းမရှိပေ။

ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ နှင့် ငြိစွန်းရန် ဥပဒေနှင့်အညီ ထုတ်ပြန်ကြေညာရန် အာဏာရှိသော ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်သော အမိန့်များသည် ဥပဒေနှင့်ညီညွတ်ပြီး အများပြည်သူအကျိုးနှင့် သက်ဆိုင်ရမည်။ ယင်းအမိန့်မျိုးကို မလိုက်နာဘဲ ဖီဆန်

---

**၁။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၈၇။**

**၂။ ၂၀၀၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၄၉။**

ခြင်းကြောင့် ဥပဒေနှင့်အညီ ခိုင်းခြင်းခံရသူကို ဟန့်တားခြင်၊ စိတ်ငြိုငြင်စေခြင်း၊ ရှုန်းရင်းဆန်ခတ်မှုသော် လည်းကောင်း၊ သတ်ပုတ်နှောင့်ယှက်မှုသော်လည်းကောင်း ဖြစ်စေခြင်း သို့မဟုတ် ဖြစ်စေတတ်ခြင်း ဖြစ်ရမည်။ သို့ဖြစ်ရာ ချမ်းအေးသာစံမြို့နယ်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌမှ ဆိုင်ခန်းများမှ ဖယ်ရှားပေးရန် ညွှန်ကြားသော်လည်း ဖယ်ရှားပေးခြင်း မပြုသည့် ဒေါ်ချောက်ယူနှင့် ဒေါ်ချောက်ဆန်တို့၏ ပြုမူဆောင်ရွက်ချက်သည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ နှင့် ငြိစွန်းခြင်းမရှိကြောင်း တွေ့ရှိရသည်။

ဤအမှုတွင် ချမ်းအေးသာစံမြို့နယ်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်ကြည်က ၎င်းထုတ်ပြန်သည့် အမိန့်ကို မလိုက်နာသဖြင့် ဒေါ်ချောက်ယူတို့အပေါ် ၎င်းကိုယ်စား အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြည်လွင် (လိုပြ ၁) အား တရားစွဲဆိုရန် အကြောင်းကြား၍ ချမ်းအေးသာစံမြို့နယ်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်ဖြစ်သူ ဒုရဲမှူးကြည်လွင်က ချမ်းအေးသာစံ မြို့နယ် အမှတ် (၃) ရဲစခန်းတွင် တိုင်ချက်ရေးဖွင့်ခဲ့ရာ အမှတ် (၃) ရဲစခန်းက ရဲအရေးမပိုင်မှုစွဲချက် (သက်သေခံ က) ဖြင့် ဒေါ်ချောက်ယူ နှင့် ဒေါ်ချောက်ဆန်တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ အရ ချမ်းအေးသာစံမြို့နယ်တရားရုံးသို့ တရားစွဲဆို တင်ပို့ခဲ့သဖြင့် တရားရုံးက ဒေါ်ချောက်ယူနှင့် ဒေါ်ချောက်ဆန်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၈၈ အရ အရေးယူဆောင်ရွက်ခဲ့သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ တွင် အောက်ပါ အတိုင်း ပြဋ္ဌာန်းထားသည် -

" ပုဒ်မ ၁၉၅(၁) မည်သည့်တရားရုံးကမျှ

(က) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၂ မှ ၁၈၈ ထိ ပြစ်ဒဏ် စီရင်ထိုက် သော ပြစ်တစ်စုံ တစ်ရာကို

သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း၏
သို့မဟုတ် ၎င်း၏အထက် ပြည်သူ့
ဝန်ထမ်း၏ စာဖြင့်ရေးသား
တိုင်တန်းချက် အရ မဟုတ်လျှင်
အရေးယူဆောင်ရွက်ခြင်း မပြုရ၊
(သို့မဟုတ်)

(ခ) × × × (သို့မဟုတ်)

(ဂ) × × ×

(၂) × × ×

(၃) × × ×

(၄) × × ×

(၅) × × ×

“ × × × × ရန်ကုန်တိုင်းပြည်သူ့ကောင်စီက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ အရ တရားရုံးက အရေးယူစေလိုလျှင် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ကဖြစ်စေ၊ အလုပ်အမှုဆောင်အဖွဲ့က တာဝန်ပေးသော တိုင်းပြည်သူ့ကောင်စီ အတွင်းရေးမှူးကဖြစ်စေ တိုင်တန်းလျှောက်ထားရမည်ဖြစ်သည်။ ဤအမှုတွင် မြို့နယ်ပြည်သူ့ကောင်စီ အတွင်းရေးမှူးက တိုင်လျှောက်ထားကြောင်း တွေ့ရသည်။ ထို့ပြင် တိုင်းပြည်သူ့ကောင်စီက သက်ဆိုင်ရာတရားရုံးသို့ ရေးသားထားသော တိုင်လျှောက်ချက်ဖြင့် တိုက်ရိုက်တင်သွင်း လျှောက်ထားရမည်ဖြစ်သော်လည်း မြို့နယ်ပြည်သူ့ကောင်စီ အတွင်းရေးမှူးက ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ တိုင်တန်းခဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိပေဟု **ဦးသန်းဝေနှင့် မြန်မာနိုင်ငံတော်အမှု**[၃] တွင် လမ်းညွှန်ထုံးဖွဲ့ထားသည်။

၃။ ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၂၆။

ဤအမှုတွင် ချမ်းအေးသာစံမြို့နယ်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ၎င်းထုတ်ပြန်ထားသည့် အမိန့်ကို ဖီဆန်သူ ဒေါ်ချောက်ယူတို့အပေါ် တရားစွဲဆိုရန် ချမ်းအေးသာစံမြို့နယ်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင် အဖွဲ့ဝင် ဒုရဲမှူး ကြည်လွင်အား တာဝန်ပေးအပ်ခဲ့ရာ ဒုရဲမှူးကြည်လွင်က ချမ်းအေးသာစံမြို့နယ်တရားရုံးသို့ ရေးသားထားသော တိုင်လျှောက်ချက်ဖြင့် တိုက်ရိုက်တင်သွင်း လျှောက်ထားရမည်ဖြစ်သော်လည်း ချမ်းအေးသာစံမြို့နယ်၊ အမှတ် (၃) ရဲစခန်းသို့ တိုင်တန်းခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (က) ပါ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

" မူလရုံး၌ အဆိုပါအမှုကို ဆက်လက်စစ်ဆေးပါက တရားဥပဒေလမ်းကြောင်းကို ဆန့်ကျင်ရန်အကြောင်းများ ပေါ်ပေါက်လျှင်ဖြစ်စေ၊ တရားလိုဘက်မှ စွပ်စွဲပြောဆိုချက်များသည် မှန်ကန်သည့်တိုင်အောင် ပြစ်မှုအင်္ဂါရပ်နှင့် အကျုံးဝင်ခြင်း မရှိကြောင်း သိသာထင်ရှားနေလျှင်ဖြစ်စေ၊ တရားရုံးချုပ်သည် မူလရုံးအမှုတွဲကို ချေဖျက်ပေးရန်ဖြစ်သည်ဟု **ဦးအေး (ခ) ဦးမင်းဇော် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၄**[၄] အမှုတွင် လမ်းညွှန်ထုံးဖွဲ့ထားသည်။

ဤအခြေအနေတွင် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၄၂/၂၀၀၈ တွင်

---

၄။ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၁၃၉။

ချမ်းအေးသာစံမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၄၃/၂၀၀၈ အား ချေဖျက်ခြင်း မပြုဘဲ လျှောက်လွှာအား ပယ်ခဲ့သည့် အမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအထူးအယူခံအား ခွင့်ပြုသည်။ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၄၂/၂၀၀၈ တွင် ချမှတ်သော အမိန့်ကို ပယ်ဖျက်ပြီး ချမ်းအေးသာစံမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၄၃/၂၀၀၈ အမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က အရ ချေဖျက်ကြောင်း အမိန့်ချမှတ်လိုက်သည်။

+ ၂၀၀၉
ဇူလိုင်လ
၂၇ ရက်

**ပြစ်မှုဆိုင်ရာအထူးအယူခံမှု**

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားသူကြီးများဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးကျော်ဝင်းတို့၏ရှေ့တွင်**

**ညာဏ်ဝေဖြိုး**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော် ***

**တရားခံများအား မသက်ာမှုဖြင့် ဖမ်းဆီးစစ်ဆေးပြီးနောက် စစ်ဆေးတွေ့ရှိချက်များကို အမှုစစ်ဆေးသူ အရာရှိက ပထမသတင်းပေး တိုင်ချက်အဖြစ် ရေးဖွင့် တိုင်တန်းခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း ရှိ၊ မရှိ။**

**ဆုံးဖြတ်ချက်**။ ။ယခုအမှုတွင် ဒုရဲအုပ်ဗျက်ဆန်းးသည် တရားခံများအား ဖမ်းဆီးစစ်ဆေးခြင်း၊ ရှာဖွေပုံစံဖြင့် ပစ္စည်းများ သိမ်းဆည်းခြင်းသည် အမှုအတွက် သက်သေခံချက်များ စုဆောင်းခြင်းပင်ဖြစ်သည်။ ထိုအချိန်တွင် ဒုရဲအုပ်ဗျက်ဆန်း အနေဖြင့်သော်လည်းကောင်း၊ အခြားသူတစ်ဦး တစ်ယောက်ကသော်လည်းကောင်း အမှုနှင့် ပတ်သက်၍ တိုင်ကြားထားခြင်း မရှိသေးပေ။ ရဲအရေးပိုင်သည့်အမှုနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄

---

* ၂၀၀၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှု အမှတ် ၇။

\+ ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်အမှတ် ၆၇ (ခ) တွင် ချမှတ်သော ၂၃-၅-၀၈ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်)၏ အမိန့်ကို အထူးအယူခံမှု။

အရ ပထမသတင်းပေးတိုင်ချက် ရေးဖွင့်ပြီးသည်နှင့် ယင်းဥပဒေ ပုဒ်မ ၁၅၆ အရ ယင်းအမှုကို စုံထောက်စစ်ဆေးပိုင်ခွင့်ရသည်။

တိုင်ချက်ရေးဖွင့်ခြင်းဟူသည် မှုခင်းကို ပြည်သူ့ရဲတပ်ဖွဲ့က အရေးယူစုံစမ်းရန်အတွက် မှုခင်းဆိုင်ရာ ဥပဒေယန္တရားကို စတင်သက်ဝင် လှုပ်ရှားလိုက်သည့်သဘော ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ပထမသတင်းပေးတိုင်ချက်ကို အရေးယူပိုင်သည့်ပြစ်မှု၏ ပထမသတင်းအနေဖြင့် ပုဒ်မ ၁၅၄ အရ ချက်ချင်းရေးရမည်။ တိုင်ချက်ကို ရဲအရာရှိက စုံစမ်းထောက်ခြင်း စပြီးမှ ရေးလျှင် ၎င်းသည် စုံစမ်းထောက်လှမ်းစဉ် သက်သေ ထွက်ဆိုသော ထွက်ချက်ဖြစ်၍ ပုဒ်မ ၁၅၄ အရ တိုင်ချက် မဟုတ်ရကား ထိုအချက်သည် ယေဘုယျအားဖြင့် သက်သေခံမဝင်။

| | |
|---|---|
| အယူခံတရားလိုအတွက် | - ဦးကိုနီ<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | - ဦးအောင်မြင့်<br>ညွှန်ကြားရေးမှူး<br>ရှေ့နေချုပ်ရုံးခွဲ (မန္တလေးမြို့) |

လသာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၂၁/၀၆ တွင် တရားခံ ညက်ဝေဖြိုးအား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၈၀ အရ ထောင်ဒဏ် (၂) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးသို့ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၂၇/၀၇ ဖြင့် အယူခံဝင်ရာ ပလပ်ခြင်း ခံရသဖြင့် ရန်ကုန်တိုင်းတရားရုံးသို့ အမှုအမှတ် ၉၈၇/၀၇ ဖြင့်

လည်းကောင်း၊ တရားရုံးချုပ် (ရန်ကုန်) တွင် အမှုအမှတ် ၆၇(ခ)/ဝ၈ ဖြင့် လည်းကောင်း ပြင်ဆင်မှုဆက်လက်တင်သွင်းသော်လည်း အောင်မြင်မှုမရှိပေ။ ဆက်လက်၍ ညဏ်ဝေဖြိုးက တရားရုံးချုပ် (ရန်ကုန်) ၌ အထွေထွေလျှောက်လွှာ (အထူး) အမှတ် ၂၈၅/ဝ၈ ဖြင့် လျှောက်ထားရာ အောက်ပါပြဿနာကို အထူးခုံရုံးဖြင့် ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့် ပြုခဲ့သည် -

> " ဤအမှုတွင် တရားခံများအား မသက်သေမှုဖြင့် ဖမ်းဆီးစစ်ဆေးပြီး နောက် စစ်ဆေးတွေ့ရှိချက်များကို အမှုစစ်ဆေးသူ အရာရှိက ပထမသတင်းပေးတိုင်ချက်အဖြစ် ရေးဖွင့်တိုင်တန်းခြင်းဖြစ်သည့် အပြင် တရားလိုဖက်မှ တရားခံ ညဏ်ဝေဖြိုးသည် ပစ္စည်းခိုးယူကြောင်း ခိုင်လုံသော သက်သေခံချက်များ မတင်ပြနိုင်ဘဲ မူလမြို့နယ် တရားရုံးက တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၈၀ အရ အပြစ်ပေးခဲ့ခြင်းနှင့် ယင်းအမိန့်ကို တရားရုံးချုပ် အပါအဝင် အထက်တရားရုံးအဆင့်ဆင့်က ဆက်လက် အတည်ပြုခဲ့ခြင်း သည် တရားဥပဒေနှင့် ညီညွတ်မှန်ကန် မျှတမှု ရှိ၊ မရှိ။"

အမှုမှာ ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၏ ညွှန်ကြားချက်အရ ဒုရဲအုပ်ဗျက်ဆန်းက အမှုစစ်ဆေး ပေါ်ပေါက်ချက်အရ တိုင်ချက်ရေးဖွင့်သည်မှာ ရက်မမှတ်မိ (၆) လပိုင်း ၂၀၀၆ ခုနှစ်တွင် ညဏ်ဝေဖြိုး၊ ကျော်ကျော်အုံ၊ အောင်သူနှင့် ပြည့်ဖြိုးအောင် တို့သည် လသာမြို့နယ် (၂၂) လမ်း၊ ကွန်ပျူတာဂိမ်းဆိုင်သို့ ညနေ (၄) နာရီခန့်တွင် ဝင်ရောက်ကစားဟန်ပြုပြီးညဏ်ဝေဖြိုးက ကွန်ပျူတာအတွင်းရှိ Memory Card (၁) ခုနှင့် Cpu (၁) ချောင်းတို့

ဖြုတ်ခိုးခဲ့ပြီး ၎င်းပစ္စည်းကို ကျော်ကျော်အံ့နှင့် ပြည့်ဖြိုးအောင်တို့က ကျောက်တံတားမြို့နယ်၊ (၃၉) လမ်း မိုက်ခရိုနက် ဝယ်ရောင်းဆိုင်တွင် ကျပ် ၆၀၀၀ဝ/- ဖြင့် ရောင်းချ၍ ရရှိငွေကို မျှဝေသုံးစွဲခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်း ဝယ်ယူသူ ဦးလမင်းမှ ၈-၁၀-၂၀၀၆ ရက်နေ့က သက်သေများရှေ့ ပြန်လည် ပေးအပ်၍ ကွန်ပျူတာဂိမ်းဆိုင်မှ ကွန်ပျူတာဆက်စပ်ပစ္စည်း ခိုးယူရောင်းချသူ ဉာဏ်ဝေဖြိုး၊ ကျော်ကျော်အံ့၊ အောင်သူ နှင့် ပြည့်ဖြိုးအောင်တို့အား အရေးယူပေးရန် ဒုရဲအုပ်ဗျက်ဆန်းမှ တရားလို ပြုလုပ် တိုင်းတန်းရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

အယူခံတရားလို၏ တရားရုံးချုပ်ရှေ့နေကမသက်ာသူများအား ဖမ်းဆီးစစ်ဆေးပြီးနောက် ရဲထံအစစ်ခံချက်များကို အခြေပြု၍ ဖမ်းဆီးသူ ရဲအရာရှိက တရားလိုပြုလုပ်ကာ ပထမသတင်းပေးတိုင်ချက် ရေးဖွင့်၍ စွဲဆိုတင်ပို့လာသော အမှုဖြစ်၍ အမှု၏မူလအစဖြစ်သော ပထမသတင်းပေးတိုင်ချက်သည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၁၅၄ တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်နှင့် ညီညွတ်သော ပထမသတင်းပေးတိုင်ချက် မဟုတ်ဘဲ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ သက်သေခံမဝင်သည့်ရဲထံအစစ်ခံချက်သာဖြစ်ကြောင်း **အလီမြားနှင့် နိုင်ငံတော်အမှု** [၁] တွင် ထုံးဖွဲ့ခဲ့ကြောင်း၊ ယခုအမှုမှ တရားလိုပြသက်သေများကို လေ့လာပါက ရဲတပ်ဖွဲ့ဝင် သက်သေများနှင့် လွတ်လပ်သောအခြားသက်သေများ

**၁။ ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်ချုပ်) စာ - ၆၅။**

ဟူ၍ အစု (၂) စု တွေ့ရကြောင်း၊ လွတ်လပ်သောသက်သေများတွင် ပစ္စည်းအခိုးခံရသည့်သူများ၊ ခိုးရာပါပစ္စည်း ဝယ်ယူခဲ့သည်ဆိုသော သူများနှင့် ရှာဖွေသက်သေများအဖြစ် ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးခဲ့ကြသူများ ပါဝင်ကြသည်ကို တွေ့ရကြောင်း၊ ပထမအုပ်စုဝင် ရဲတပ်ဖွဲ့ဝင် သက်သေများသည် ၎င်းတို့ထံ တရားခံ၏ အစစ်ခံချက်များကို သက်သေခံချက်များအဖြစ် ပြန်လည် ထွက်ဆိုထားသည်ကို တွေ့ရကြောင်း၊ ဒုတိယအုပ်စုဝင်ဖြစ်သော လွတ်လပ်သည့် သက်သေများက အယူခံတရားလိုသည် ပစ္စည်းခိုးယူသူဖြစ်သည်ဟုလည်းကောင်း၊ ခိုးရာပါပစ္စည်းကို လာရောက် ရောင်းချသူ ဖြစ်ပါသည်ဟုလည်းကောင်း ထွက်ဆိုခဲ့ကြခြင်း မရှိကြောင်း၊ အလားတူ ရှာဖွေသက်သေများမှာ လည်း အမှန်တကယ် ရှာဖွေသိမ်းဆည်းရာတွင် ပါဝင်သူများ မဟုတ်ဘဲ ကြိုတင်စီစဉ် ဆောင်ရွက်ထားချက်များအပေါ် လက်မှတ် ရေးထိုး ပေးခဲ့ရသူများဖြစ်ကြောင်း၊ သက်သေများကိုယ်တိုင် ထွက်ဆို ချက်များအရ ထင်ရှားပေါ်ပေါက်ကြောင်း၊ ထို့ကြောင့် အယူခံ တရားလို ညဏ်ဝေဖြိုးအပေါ် ပြစ်ဒဏ်စီရင်ခဲ့ခြင်းသည် ဥပဒေ နှင့်ညီညွတ်မှုမရှိ၍ အမှုမှ အပြီးအပြတ် လွှတ်သင့်ပါကြောင်း လျှောက်ထားသည်။

နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးခွဲ ညွှန်ကြားရေးမှူးက အမှုများနှင့်စပ်လျဉ်း၍ မူလမြို့နယ်တရားရုံးက သုံးသပ်ရာတွင် လျှောက်ထားသူ ညဏ်ဝေဖြိုးသည် ကွန်ပျူတာ အင်တာနက်ဆိုင်များမှ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများကို ခိုးယူကြောင်း မျက်မြင်သက်သေ မရှိသော်လည်း ပစ္စည်းများ မပျောက်မီက ညဏ်ဝေဖြိုးပါသည့် လူငယ်အချို့က ဆိုင်အတွင်းသို့

ဝင်ရောက်၍ ကွန်ပျူတာအသုံးပြုခဲ့သည်မှာ ထင်ရှားကြောင်း၊ ၎င်းတို့ အသုံးပြုပြီး ဆိုင်မှ ထွက်သွားပြီးနောက်မှ ကွန်ပျူတာအချို့ အလုပ်မလုပ်၍ စစ်ဆေးရာတွင် အတွင်းရှိ စက်ပစ္စည်း အစိတ်အပိုင်းအချို့ ပျောက်နေသည်ဆိုသည့်အချက်လည်း ပေါ်ပေါက်ကြောင်း၊ ဉာဏ်ဝေဖြိုးက ညွှန်ပြ၍ ကွန်ပျူတာပစ္စည်း အရောင်းဆိုင်များမှ သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းရမိသည်မှာ ထင်ရှားကြောင်း၊ သက်သေခံပစ္စည်းများ သိမ်းဆည်းသည့် ရှာဖွေပုံစံပေါ်တွင် ဉာဏ်ဝေဖြိုးက ပစ္စည်းရောင်းချခဲ့သည်မှာ မှန်ကန်ကြောင်း၊ လက်မှတ်ရေးထိုးပေးအပ်ထားကြောင်း၊ ဉာဏ်ဝေဖြိုးက ညွှန်ပြ၍ သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းရမိခဲ့ခြင်းသည် ဉာဏ်ဝေဖြိုးက ရဲအချုပ်တွင် ရှိစဉ် အချိန်ဖြစ်သော်လည်း ၎င်း၏ညွှန်ပြမှုကြောင့် သက်သေခံပစ္စည်းများ ပြန်လည်ရရှိခြင်းဖြစ်၍သက်သေခံဥပဒေ ပုဒ်မ ၂၇ အရ သက်သေခံဝင်ကြောင်း၊ ဉာဏ်ဝေဖြိုးက ပစ္စည်းများကို ခိုးယူသည်ကို မျက်မြင်သက်သေ မရှိသော်လည်း သက်သေထွက်ဆိုချက်များ၊ သက်သေခံပစ္စည်း ပြန်လည်သိမ်းဆည်းရမိမှုများကို ဆက်စပ်သုံးသပ်လျှင် ဉာဏ်ဝေဖြိုးသည် ကွန်ပျူတာ အင်တာနက်ဆိုင်များအတွင်းရှိ ကွန်ပျူတာများမှ ဆက်စပ်ပစ္စည်း အချို့ကို ခိုးယူသည်မှာ ထင်ရှားကြောင်း၊ ထို့ကြောင့် ဉာဏ်ဝေဖြိုးအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၈၀ အရ ပြစ်မှုထင်ရှားစီရင်ထိုက်ကြောင်း၊ ဖော်ပြ၍ပြစ်ဒဏ်များချမှတ်ခဲ့ခြင်းသည်မှန်ကန်မှုရှိကြောင်း ထို့ကြောင့် ဤအထူးအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်ထားသည်။

တရားလို ဒုရဲအုပ်ဗျက်ဆန်းက တရားခံ ဉာဏ်ဝေဖြိုး (ခ) အဒူမာလစ်၊ ကျော်ကျော်အုံ၊ အောင်သူ၊ ပြည့်ဖြိုးအောင်(ခ)ပိစိ၊ ထွန်းထွန်းဦး(ခ)ကိုဖြိုး(ခ)ကြွက်၊ ထင်လင်းဇော် (ခ) ကွမ်းဇော်နှင့် မထက်ထက်ကျော်တို့ကို ၄-၁၀-၂၀၀၆ နေ့က ဖမ်းဆီးစစ်ဆေးခဲ့ရာ ၎င်းတို့၏ စစ်ကြောဖော်ထုတ်ချက်အရ ရက်မမှတ်မိ၊ (၆)လပိုင်း၊ ၂၀၀၆ ခုနှစ်တွင် ဉာဏ်ဝေဖြိုး၊ ကျော်ကျော်အုံ၊ အောင်သူနှင့် ပြည့်ဖြိုးအောင်

တို့သည် လသာမြို့နယ် (၂၂) လမ်း (အထက်ဘလောက်) ရှိ ကွန်ပျူတာဂိမ်းဆိုင်သို့ ညနေ (၄) နာရီခန့်တွင် ဝင်ရောက်ကစားဟန်ပြုပြီး ဉာဏ်ဝေဖြိုးက ကွန်ပျူတာအတွင်းရှိ Memory Card ၂၅၆ MB DDR (၁) ချောင်းနှင့် Cpu ၂. ၁၃ GH2D (၁) ခုကို ဖြုတ်ခိုးခဲ့ကြောင်း၊ ၎င်းပစ္စည်းကို ကျော်ကျော်အံ့နှင့် ပြည့်ဖြိုးအောင်တို့မှ ကျောက်တံတားမြို့နယ်၊ အထက်ဘလောက်ရှိ မိုက်ခရိုနက် ဝယ်ရောင်းဆိုင်တွင် ငွေ ၆၀၀၀၀/-ကျပ်ဖြင့် ရောင်းချပြီး ရရှိငွေကို မျှဝေသုံးစွဲခဲ့ကြောင်း၊ အမှုနှင့်သက်ဆိုင်သောပစ္စည်းကို ဝယ်ယူသူဦးလမင်းမှ ၈-၁၀-၂၀၀၆ ရက်နေ့တွင် သက်သေများရှေ့၌ ရဲထံပြန်လည် ပေးအပ်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ဉာဏ်ဝေဖြိုး၊ ကျော်ကျော်အံ့၊ အောင်သူ နှင့် ပြည့်ဖြိုးအောင်တို့အား အရေးယူပေးပါရန် တိုင်ကြားခဲ့ကြောင်း ထွက်ဆိုသည်။

ဦးဆန်းထွန်း (လိုပြ ၃) နှင့် ဦးရဲဇော်မင်း (လိုပြ ၈) တို့က ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလကုန် တနင်္ဂနွေနေ့ည (၉) နာရီလောက်တွင် ၎င်းဆိုင်၌ ရှယ်ယာဝင်ထားသူ ငယ်ငယ်မျိုးလွင်၊ သက်သက်မျိုးလွင်တို့ရှိနေစဉ် လူငယ် (၃) ယောက်နှင့် ကောင်မလေး (၁) ယောက် ၎င်းဆိုင်သို့ ရောက်လာပြီး ဆိုင်ရှိစက်များကို ထိုင်အသုံးပြုခဲ့ကြောင်း၊ ထိုသူများက ၎င်းတို့စက်အသုံးပြုပုံကို ဆိုင်ရှင်များ မရိပ်မိစေရန် ကာထိုင်ကြပြီး ထိုအုပ်စုမှ ကောင်လေးတစ်ဦးက အိမ်သာ ခဏခဏ (၃) ကြိမ်ထက်မနည်း ဝင်သဖြင့် ပုံမှန်ဟု မပြောနိုင်ကြောင်း၊ ထိုအုပ်စုက ဆိုင်၏ထောင့်ဘက်တွင် ထိုင်ကြခြင်းဖြစ်ပြီး ထောင့်စွန်းမှ စက် (၁) လုံးကို အသုံးမပြုတော့ဘဲ ပိတ်လိုက်ကာ ထိုဘေးရှိစက်အား အသုံးပြုနေသူနှင့် အတူသွားထိုင် အသုံးပြုကြောင်း၊ ထိုညက ထိုလူငယ်များ အသုံးပြုခဲ့သည့်စက် Check Lock File ၌ ၎င်းတို့ချင်း စကားပြောခဲ့သည်များကို တွေ့ရှိရကြောင်း၊ ၎င်းတို့အုပ်စု (၅) ယောက်က စက် (၁) လုံးစီဖြင့်ပြောပြီး နောက်တစ်ဦးက ၎င်းတို့ဆိုင်နှင့် (၇) အိမ်ခန့်ဝေးသည့် Club

အင်တာနက်ဆိုင်မှနေ၍ ၎င်းတို့ဆိုင်သို့ ၎င်းတို့အချင်းချင်း လှမ်းပြောသည့် စကားများတွေ့ရကြောင်း၊ ထိုညက ထိုအုပ်စု ၎င်းတို့ဆိုင်မှ စက်များကို နောက်ဆုံးအသုံးပြုခဲ့ပြီးနောက် နောက်နေ့ နံနက်ဆိုင်ဖွင့်ချိန်တွင် စက်မတက်၍ စစ်ဆေးကြည့်ရာ Cpu (၁) ချောင်းနှင့် Memory 256 (၁) ချောင်း ပျောက်ဆုံးနေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ထိုပစ္စည်းများကို ၎င်းတို့အုပ်စုမှ ဖြုတ်ယူခဲ့သည်ကို သိရှိရခြင်းဖြစ်ကြောင်း၊ ထိုသို့ပျောက်ဆုံးပြီးနောက် (၁) ရက်အကြာတွင် လသာရဲစခန်းသို့ သွားရောက်အကြောင်းကြား ခဲ့ကြောင်း၊ နောက် (၁) လနီးပါးအကြာတွင် ရဲစခန်းမှ ပစ္စည်းများ မိထားကြောင်း လာရောက်အကြောင်းကြားပြီး ပစ္စည်းများ ထုတ်ပြရာ ၎င်းတို့ဆိုင်မှ ပျောက်ဆုံးသည့်ပစ္စည်းများမဟုတ်သည်ကို အမျိုးအစား နှင့် တံဆိပ်မတူ၍ သိရှိရကြောင်း၊ ထိုစဉ်က ၎င်းတို့ဆိုင်သို့ရောက်ခဲ့သူ များကို မည်သူဖြုတ်ခိုးသည်ကို မမြင်ကြောင်း၊ ထိုစဉ်ကလာသည့် အုပ်စုမှာ ယခင်ကဆိုင်သို့ မလာဖူး၍ မမှတ်မိကြောင်း ထွက်ဆိုထားသည်။

ဦးလမင်း (လိုပြ ၇) က Micro Net ကွန်ပျူတာပြုပြင်ရေး ရောင်းဝယ်ရေးဆိုင် ဖွင့်လှစ်ပြီး လွန်ခဲ့သော (၆) လခန့်က ၎င်းဆိုင်သို့ ကုလားဆင်ကောင်လေးတစ်ယောက် ရောက်လာပြီး ၎င်း၌ ကွန်ပျူတာဂိမ်းဆိုင်ရှိကြောင်းပြောကာ Memory လဲလိုကြောင်း ပြော၍ ဈေးမေးခဲ့ပြီး အသစ်မဝယ်ဘဲ အဟောင်းကို ရောင်းခဲ့ရာ ၎င်းက ၁၅၀၀၀ိ/- ဖြင့် ဝယ်ယူကြောင်း၊ ထိုမတိုင်မီ (၁) ပတ် လောက်က ထိုကောင်လေးမှာ တပည့်တစ်ယောက်နှင့် ရင်းနှီး၍ ပစ္စည်းဈေး လာမေးဘူးသဖြင့် (၁) ကြိမ်မြင်ဘူးကြောင်း၊ ပစ္စည်းလာရောင်းသူမှာ ဉာဏ်ဝေဖြိုးဖြစ်ကြောင်း၊ ဉာဏ်ဝေဖြိုး လာရောင်းသည့် Memory 256 MD မှာ ခိုးရာပါပစ္စည်းဖြစ်ကြောင်း သိရ၍ တရားလိုထံ ရှာဖွေ ပုံစံဖြင့် အပ်ပေးခဲ့ကြောင်း၊ ဉာဏ်ဝေဖြိုးမှအပ ကျန်တရားခံ (၃) ဦးကို ယခင်က မမြင်ဘူးကြောင်း၊ သိလည်းမသိကြောင်း ထွက်ဆိုထားသည်။

တရားခံ ညဏ်ဝေဖြိုးက မန္တလေးတွင် နေထိုင်ပြီး ရန်ကုန်သို့ အလည်အပတ်လာခြင်းဖြစ်၍ ၂၀၀၆ ခုနှစ်၊ (၅) လပိုင်းလောက်က ရောက်ရှိကြောင်း၊ လသာမြို့နယ်ရှိ ကွန်ပျူတာဂိမ်းဆိုင်မှ ဆက်စပ်ပစ္စည်းများ ဖြုတ်ခိုးခြင်း၊ သွားရောက်ခဲ့ခြင်း မရှိကြောင်း၊ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးက ရှာဖွေပုံစံ လက်မှတ်ရေးထိုးပေးရန်နေရာညွှန်ပြ၍ ၎င်းက မည်သည့်အတွက် လက်မှတ်ထိုးပေးရမည်လဲဟု မေးမိရာ အရိုက်ခံရကြောင်း၊ ရှာဖွေပုံစံအား ဖတ်ပြခြင်းမရှိကြောင်း၊ ကျန်တရားခံ (၃) ဦးကိုလည်း မသိကြောင်း၊ ခရိုင်ရဲအချုပ်တွင် တွေ့ဘူးခြင်းဖြစ်ကြောင်း၊ ကွန်ပျူတာဂိမ်းကို မကစားတတ်ဘဲ စီဒီဂိမ်းကိုသာ ကစားတတ်ကြောင်း၊ အပြစ်မရှိကြောင်း ထွက်ဆိုသည်။

အမှုတွင် တရားလိုပြသက်သေ ဦးဆန်းထွန်းနှင့် ဦးရဲဇော်မင်းတို့က ကွန်ပျူတာဆက်စပ်ပစ္စည်း ၂၅၆ MB DDR Memory Card (၁) ချောင်းနှင့် ၂. ၁၃ G H 2 D တို့ ပျောက်ဆုံးသွားကြောင်းသာ ထွက်ဆိုခဲ့ပြီး တရားခံညဏ်ဝေဖြိုးတို့ ဖြုတ်၍ ခိုးယူကြောင်း မြင်တွေ့ခြင်း ရှိကြောင်း မထွက်ဆိုခဲ့ချေ။ ထို့ပြင် ဦးလမင်းက ညဏ်ဝေဖြိုးထံမှ ငွေ ၁၅၀၀၀ိ/- ဖြင့် ဝယ်ယူထားသည်ဆိုသော Memory Card ၂၅၆ MB DDR (၁) ချောင်းနှင့် ၂. ၁၃ G H 2 D (၁) ခုတို့ကို ရှာဖွေပုံစံ သက်သေခံ (ခ) ဖြင့် သိမ်းဆည်းခဲ့သော်လည်း ထိုပစ္စည်းများကို လသာရဲစခန်းတွင် ထုတ်ပြစဉ် မိမိဆိုင်မှ ပစ္စည်းများ မဟုတ်သည်ကို အမျိုးအစားနှင့် တံဆိပ်မတူ၍ သိရှိရပါသည်ဟု ဦးဇော်မင်း (လိုပြ ၈) က ထွက်ဆိုခဲ့သည်။ ထို့ပြင် မူလမြို့နယ်တရားရုံး၏ စီရင်ချက်တွင် ထိုသက်သေခံပစ္စည်း (၂) မျိုးအား ဝယ်ယူပေးအပ်ခဲ့သူ ဦးလမင်း (လိုပြ ၇) အား အယူခံပြင်ဆင်ရက်ကျော်က ပြန်ပေးစေဟု အမိန့်ချမှတ်ခဲ့ပြီးဖြစ်၍ အဆိုပါ သက်သေခံပစ္စည်း (၂) မျိုးမှာ လသာမြို့နယ် (၂၂) လမ်းရှိ ဦးဆန်းထွန်းနှင့် ဦးရဲဇော်မင်းတို့၏ Neti ZEN အမည်ရှိ ကွန်ပျူတာအင်တာနက်ဆိုင်မှာ ပျောက်ဆုံးသွားသောပစ္စည်းများ မဟုတ်ကြောင်း ပေါ်လွင်လျက်ရှိသည်။

ပြစ်မှုများတွင် တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း သက်သေထင်ရှား ပြသရန်တာဝန်မှာ အစဉ်တစိုက် တရားလို အပေါ်တွင် ကျရောက်သည်။ ထိုတာဝန်ကို မည်သည့်အခါမျှ တရားခံ အပေါ်သို့ ပြောင်းရွှေ့ကျရောက်ခြင်း မရှိဟု **အစိုးရနှင့် ဦးဓမ္မပါလ အမှု**[၂] တွင် လမ်းညွှန်ဆုံးဖြတ်ခဲ့သည်။ ထိုမူသဘောကို **ဦးစိန်လှနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှု**[၃] နှင့် **ဒေါ်စီစီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု**[၄] တွင် လိုက်နာခဲ့သည်။

မျက်မြင်သက်သေ မရှိသော်လည်း ကွင်းဆက်မပြတ်သော အထောက်အထားများရှိပါက တရားခံအား အပြစ်ပေးရန်ဖြစ်နိုင် သော်လည်း ခိုင်လုံသည့်ကွင်းဆက် အထောက်အထား မပေါ်ပေါက်ဘဲ ကွင်းဆက်ပြတ်နေသည်ကို ထင်မြင်ချက်ဖြင့် ဆက်မရဟု **မောင်ငြိမ်းမောင်ပါ၃နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု**[၅] တွင် လမ်းညွှန်ထုံးဖွဲ့ထားသည်။

ယခုအမှုတွင် တရားခံဥာဏ်ဝေဖြိုးက သက်သေခံပစ္စည်း များကို ခိုးယူကြောင်း တရားလိုဘက်မှ သက်သေထင်ရှား တင်ပြနိုင်ခြင်း မရှိပေ။

ထို့ပြင် တရားလို ဒုရဲအုပ် ဗျက်ဆန်းသည် ၄-၁၀-၂၀၀၆ နေ့တွင် တရားခံ ဥာဏ်ဝေဖြိုးပါ ၃ ဦးအား ဖမ်းဆီးပြီး သက်သေခံ ပစ္စည်းများကို ဦးလမင်းထံမှ ၈-၁၀-၂၀၀၆ နေ့တွင် သိမ်းဆည်းခဲ့ပြီး နောက် ၉-၁၀-၂၀၀၆ နေ့တွင် ပထမသတင်းပေးတိုင်ချက်ကို ရေးဖွင့်ခဲ့ကြောင်း ၎င်း၏တိုင်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

---

**၂။ ၁၄ ရန်ကုန်စီရင်ထုံး (၁၉၃၆ - ၃၇) စာ - ၆၆၆။**
**၃။ ၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်) စာ - ၂၈၉။**
**၄။ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၈၇၆။**
**၅။ ၁၉၇၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၁။**

ပထမသတင်းပေးတိုင်ချက် ရေးဖွင့်နိုင်သည့် ပြစ်မှုများမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄ (၁) (စ) အရ ရဲအရေးပိုင်သော ပြစ်မှုများသာ ဖြစ်သည်။ ရဲအရေးပိုင်သည့်ပြစ်မှု စုံထောက်စစ်ဆေးခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၆ အရ ဆောင်ရွက်ခြင်း ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄ (၁) (ဌ) တွင် "စုံစမ်းထောက်လှမ်းခြင်းဆိုသည့် စကားရပ်တွင် ရဲအရာရှိတစ်ဦးက သို့မဟုတ် ရာဇဝတ်တရားသူကြီးက အာဏာအပ်နှင်းခြင်းခံရသည့် ရာဇဝတ်တရားသူကြီး မဟုတ်သူ တစ်ဦးဦးက ဤဥပဒေနှင့်အညီ သက်သေခံချက်များ စုဆောင်းရန်အတွက် ပြုလုပ်သည့် ဆောင်ရွက်ချက်များ အားလုံးပါဝင်သည်" ဟု ဖော်ပြထားသည်။ သက်သေခံချက် စုဆောင်းခြင်းဆိုသည့် စကားရပ်မှာ သက်သေခံချက် အဖြစ် အသုံးပြုရန် ရုပ်ဝတ္ထုများ၊ အချက်အလက်များ ရှာဖွေ စုဆောင်းခြင်းဆိုသည့် စကားရပ်ကို အတိုချုပ်၍ သုံးစွဲထားခြင်း ဖြစ်သည်။

ယခုအမှုတွင် ဒုရဲအုပ်ဗျက်ဆန်းသည် တရားခံများအား ဖမ်းဆီးစစ်ဆေးခြင်း၊ ရှာဖွေပုံစံဖြင့် ပစ္စည်းများ သိမ်းဆည်းခြင်းသည် အမှုအတွက် သက်သေခံချက်များ စုဆောင်းခြင်းပင်ဖြစ်သည်။ ထိုအချိန်တွင် ဒုရဲအုပ်ဗျက်ဆန်း အနေဖြင့်သော်လည်းကောင်း၊ အခြားသူ တစ်ဦးတစ်ယောက်ကသော်လည်းကောင်း အမှုနှင့် ပတ်သက်၍ တိုင်ကြားထားခြင်း မရှိသေးပေ။ ရဲအရေးပိုင်သည့် အမှုနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ အရ ပထမသတင်းပေးတိုင်ချက် ရေးဖွင့်ပြီးသည်နှင့် ယင်းဥပဒေပုဒ်မ ၁၅၆ အရ ယင်းအမှုကို စုံထောက်စစ်ဆေးပိုင်ခွင့်ရသည်။

တိုင်ချက်ရေးဖွင့်ခြင်းဟူသည် မှုခင်းကို ပြည်သူ့ရဲတပ်ဖွဲ့က အရေးယူစုံစမ်းရန်အတွက် မှုခင်းဆိုင်ရာ ဥပဒေယန္တရားကို စတင်သက်ဝင်လှုပ်ရှားလိုက်သည့် သဘောဖြစ်သည်ဟု

**ဒေါ်အုံးရီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၄ အမှု** [၆]တွင် ထုံးဖွဲ့ထားသည်။

ပထမသတင်းပေးတိုင်ချက်ကို အရေးယူပိုင်သည့် ပြစ်မှု၏ ပထမသတင်းအနေဖြင့် ပုဒ်မ ၁၅၄ အရ ချက်ချင်း ရေးရမည်။ တိုင်ချက်ကို ရဲအရာရှိက စုံစမ်းထောက်လှမ်းခြင်းစပြီးမှရေးလျှင် ၎င်းသည် စုံစမ်းထောက်လှမ်းစဉ်က သက်သေထွက်ဆိုသော ထွက်ချက်ဖြစ်၍ ပုဒ်မ ၁၅၄ အရ တိုင်ချက် မဟုတ်ရကား ထိုအချက်သည် ယေဘုယျအားဖြင့် သက်သေခံမဝင်ဟု **အလီမြားနှင့် နိုင်ငံတော်အမှု**[၇] တွင် လမ်းညွှန်ထုံးဖွဲ့ထားသည်။

ရဲလက်စွဲ ဒုတိယတွဲ စာပိုဒ် ၁၄၁၄ တွင် "ရဲအရေးယူပိုင်သော ပြစ်မှုဖြစ်ပွားကြောင်း သတင်းရရှိသည့်အခါ နှောင့်နှေးခြင်းမရှိဘဲ တိုင်ချက်ရေးဖွင့်ရန် အရေးကြီးသည်။ ရရှိသော သတင်းပေးချက်သည် အမှုအကြောင်း ကိုယ်တိုင်တစ်စုံတစ်ရာ မသိသူက ပေးသော တစ်ဆင့်ကြား သတင်းဖြစ်စေ၊ အမှုအကြောင်း အနည်းငယ်မျှသာ သိသောသူ၏ သတင်းဖြစ်စေ၊ အမှု၏အကြောင်း အပြည့်အစုံသိသူ၏ သတင်းဖြစ်စေ မည်သည့် သတင်းမျိုးကိုမဆို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ တွင် ပြဋ္ဌာန်းချက်များအရ ချက်ချင်းတိုင်ချက် ရေးဖွင့်ရမည်။ သတင်းပေးချက်ကို တစ်ဆင့်ကြားသတင်းဖြစ်၍သော်လည်းကောင်း၊ တစ်နည်းအားဖြင့် ကျေနပ်ဖွယ်ရာလက္ခဏာမရှိ၍သော်လည်းကောင်း၊ ပထမသတင်း ပေးတိုင်ချက် မှတ်ပုံတင်စာအုပ်တွင် ရေးမှတ် မယူသေးဘဲ အချင်းဖြစ်ပွားသည့်အရပ်သို့ သွားရောက်၍ မျက်မြင် သက်သေ တစ်ယောက်ယောက်ကို စစ်ဆေးပြီးမှ ရေးမှတ်ယူသော အလေ့အကျင့်သည် တရားဥပဒေနှင့် ဆန့်ကျင်သည်။ ပထမသတင်း ပေးချက်သည် ၎င်းတွင် ဖော်ပြပါရှိသော ရာဇဝတ်ပြစ်မှု

---

၆။ ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၁၀၄ (၁၀၉)။

ကျူးလွန်ကြောင်းနှင့် ပတ်သက်၍ ခိုင်လုံသော သက်သေခံချက်မဟုတ်ပေ။ ဤသတင်းပေးချက်မှာ ရဲအဖွဲ့သို့ ပထမတိုင်ကြားရာတွင် မည်သည့်အချက်များကို ဖော်ပြကြောင်းများနှင့် မည်သည့်နေ့ရက်၊ မည်သည့်အချိန်တွင် တိုင်ကြားထားကြောင်း သက်သေခံချက်ဖြစ်သည်။ ထို့ကြောင့် အရေးအကြီးဆုံးသော မှတ်တမ်းတစ်ခုဖြစ်ကြောင်း အကြိမ်ကြိမ်တွေ့ရပေသည်။ သို့ရာတွင် အမှုအကြောင်းအရာများနှင့် ပတ်သက်၍ သက်သေခံချက် လုံးဝမဟုတ်ပေ။ ၎င်းကို သက်သေခံအက်ဥပဒေ ပုဒ်မ ၁၄၅၊ ၁၅၅ နှင့် ၁၅၇ တို့အရ သတင်းပေးသူ၏ ကျမ်းကျိန်ထွက်ဆိုချက်ကို ထောက်ခံရန် သို့မဟုတ် ငြင်းဆိုရန်သာလျှင် အသုံးပြုနိုင်သည်။

ပထမသတင်းပေးချက်ကို ချက်ချင်းရေးမှတ်ယူရန် ပျက်ကွက်ခြင်း၊ တစ်စုံတစ်ရာသည် အမှုစုံစမ်းစစ်ဆေးပြီးမှ တရားခံအပေါ်တွင် ညဏ်ဆင်၍ သတင်းပေးချက်ရေးဖွင့်ပါသည်ဟု ယုတ္တိရှိသော အငြင်းပွားချက် ဖြစ်ပေါ်စေနိုင်သည်။ ထိုမှတစ်ပါး ကျင့်ထုံးပုဒ်မ ၁၆၂ အရ အမှုစုံစမ်းစစ်ဆေးနေစဉ် ရဲအရာရှိထံ ထွက်ဆိုသော အစစ်ခံချက်သည် သက်သေခံချက်အဖြစ် အသုံးမပြုနိုင်ရကား အမှုစတင်စုံစမ်းစစ်ဆေးပြီးမှ ပထမသတင်းပေးချက်ဟူ၍ ရေးသားယူသည့် ထွက်ဆိုချက်ကို သက်သေခံအဖြစ်ဖြင့် ယူဆနိုင်ဘွယ်ရာအကြောင်း မရှိပေ” ဟု ဖော်ပြထားသည်။

ယခုအမှုသည် ကွန်ပျူတာဂိမ်းဆိုင်များမှ ကွန်ပျူတာဆက်စပ်ပစ္စည်းများ ခိုးယူခံရခြင်းနှင့် စပ်လျဉ်း၍ ရန်ကုန်အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့၊ မှုခင်းနှိမ်နင်းရေးဌာနက စုံစမ်းစစ်ဆေးဖော်ထုတ်ရာမှ (မူလရုံးတရားခံ) ညဏ်ဝေဖြိုးနှင့် အပေါင်းအပါများ၏ ပြစ်မှုကျူးလွန်မှုများကို စုံစမ်းစစ်ဆေး ဖော်ထုတ်ခိုင်းခဲ့ပြီး ပထမသတင်းပေးတိုင်ကြားချက် ဖွင့်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဒုရဲအုပ်ဗျက်ဆန်းဖွင့်ခဲ့သော ပထမသတင်းပေးတိုင်ကြားချက်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ အရ ရဲထံ အစစ်ခံသည့်သဘော သက်ရောက်၍ သက်သေခံမဝင်ဟု ယူဆရမည်။

ဤသို့သော အခြေအနေတွင် တရားခံဉာဏ်ဝေဖြိုးအား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၈၀ အရ ပြစ်မှုထင်ရှား စီရင်ခဲ့သော လသာမြို့နယ်တရားရုံး၏ ပြစ်မှုကြီးအမှတ် ၃၂၀/၀၆ ပါ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၏ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၂၇/၀၇၊ ရန်ကုန်တိုင်း တရားရုံး၏ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၉၈၇/၀၇ နှင့် တရားရုံးချုပ်၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၇(ခ)/၀၈ ပါ အမိန့်များသည် ဥပဒေအရ မှန်ကန်သည်ဟု ဆိုနိုင်မည် မဟုတ်ချေ။

သို့ဖြစ်၍ ဤအမှုတွင် တရားခံများအား မသက်သာမှုဖြင့် ဖမ်းဆီးစစ်ဆေးတွေ့ရှိချက်များကို အမှုစစ်ဆေးသူ ရဲအရာရှိက ပထမသတင်းပေးတိုင်ချက်အဖြစ် ရေးဖွင့်တိုင်တန်းခြင်းဖြစ်သည့်အပြင် တရားလိုဘက်မှ တရားခံဉာဏ်ဝေဖြိုးသည် ပစ္စည်းခိုးယူကြောင်း ခိုင်လုံသော သက်သေခံချက်များ မတင်ပြနိုင်ဘဲ မူလမြို့နယ် တရားရုံးက တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၈၀ အရ အပြစ်ပေးခဲ့ခြင်းနှင့် ယင်းအမိန့်ကို တရားရုံးချုပ်အပါအဝင် အထက်တရားရုံး အဆင့်ဆင့်က ဆက်လက်အတည်ပြုခဲ့ခြင်းသည် တရားဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ဖြေဆိုလိုက်သည်။

ဤအထူးအယူခံမှုတွင် အောင်သူနှင့် ကျော်ကျော်အံ့တို့သည် အယူခံဝင်ရောက်ခဲ့ခြင်း မရှိပေ။ သို့သော် ဉာဏ်ဝေဖြိုးနှင့် အောင်သူ၊ ကျော်ကျော်အံ့တို့သည် ပြစ်မှုဆိုင်ရာတစ်မှုတည်းတွင် အတူပူးတွဲ စွဲဆိုခြင်း ခံရသူများဖြစ်သည်။ ထို့ပြင် အောင်သူနှင့် ကျော်ကျော်အံ့ တို့အား အပြစ်ပေးထားခြင်းမှာ ဉာဏ်ဝေဖြိုး ကျူးလွန်သူဆိုသော ပြစ်မှုကို အခြေခံ၍ အပြစ်ပေးထားခြင်းဖြစ်သည်။ ယခုတရားခံ ဉာဏ်ဝေဖြိုးအား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၈၀ အရ ပြစ်မှု မထင်ရှားဟု သုံးသပ်ခဲ့သဖြင့် အောင်သူနှင့် ကျော်ကျော်အံ့တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၁၄ အရ ပြစ်မှုကျူးလွန်သည်ဟု ဆုံးဖြတ် ခဲ့ခြင်းမှာ ဥပဒေနှင့် ညီညွတ်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ပူးတွဲတရားခံသည် အယူခံမဝင်ရောက်သော်လည်း ပြင်ဆင်မှုတရားရုံး၏ လုပ်ပိုင်ခွင့်အရ ယင်းတရားခံအပေါ် ချမှတ်ထားသောအမိန့်ကို ဝင်ရောက်စွက်ဖက်နိုင်ကြောင်း **ဒေါ်မြနုနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ပါ၂အမှု (၁၉၈၃ ခုနှစ်၊ မတစ၊ စာ ၆၉ - ၇၁ )** တွင် လမ်းညွှန်ထုံးဖွဲ့ခဲ့သည်။ ထိုမူသဘောကို **မနာခူးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (၂၀၀၈ ခုနှစ်၊ မတစ၊ စာ ၄၉)** အမှုတွင် လိုက်နာခဲ့ကြောင်း တွေ့ရသည်။

သို့ဖြစ်၍ ပူးတွဲတရားခံ အောင်သူနှင့် ကျော်ကျော်အံ့တို့သည် အထူးအယူခံမဝင်ရောက်သော်လည်း အထူးအယူခံရုံးသည် အယူခံအာဏာသာမက ပြင်ဆင်မှုအာဏာကိုပါ ကျင့်သုံးနိုင်သဖြင့် အောင်သူနှင့် ကျော်ကျော်အံ့တို့အပေါ် ပြစ်မှုထင်ရှား စီရင်သည့်အမိန့်အား ဝင်ရောက်စွက်ဖက်ပြီး ၎င်းတို့နှင့် စပ်လျဉ်း၍ ဤအမှု၌ အမိန့်ချမှတ်သင့်ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဤပြစ်မှုဆိုင်ရာအထူးအယူခံမှုကို ခွင့်ပြုသည်။ တရားရုံးအဆင့်ဆင့်က ဉာဏ်ဝေဖြိုးအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၈၀ အရ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်နှင့် တရားရုံးအဆင့်ဆင့်က အောင်သူနှင့် ကျော်ကျော်အံ့တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၁၄ အရ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်အား ပယ်ဖျက်ပြီး ၎င်းတို့အား အမှုမှ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

+ ၂၀၀၉

စက်တင်ဘာလ

၁၀ ရက်

**ပြစ်မှုဆိုင်ရာအယူခံမှု**

**တရားရုံးချုပ်တရားသူကြီး ဦးစိန်လှိုင်၏ရှေ့တွင်**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**နှင့်**
**မျိုးဝင်းပါ ၂ ***

**ကောက်ရသောပစ္စည်း၏ ပိုင်ရှင်ဖြစ်ကြောင်း သိလျက်နှင့် ပြန်ပေးရန် ငြင်းဆန်လျှင် မရိုးမဖြောင့်သောသဘောဖြင့် မိမိ၏ ပစ္စည်းအဖြစ် ပြောင်းလွဲခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၃ ကို ကျူးလွန်ရာရောက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ အချင်းဖြစ်ရွှေဆွဲကြိုးကို မျိုးဝင်းက ကန်ဆယ်စဉ် ကောက်တွေ့ခဲ့သည် ဆိုစေဦး၊ ၎င်းအနေဖြင့် အဆိုပါ ဆွဲကြိုးပိုင်ရှင်ကို စုံစမ်းနိုင်ရန်အတွက် ရယကအဖွဲ့ထံအပ်နှံ၍ စုံစမ်းရှာဖွေခဲ့ကြောင်း မတွေ့ရပေ။ ကိုယ်တိုင်လည်း ရွှေဆွဲကြိုးပိုင်ရှင်ကို ရှာဖွေရန် အားထုတ်ခြင်းမပြုဘဲ ကောက်တွေ့သည့်နေ့၌ပင် ၎င်းကလည်ပင်းတွင် ဝတ်ဆင်၍ သုံးစွဲခဲ့ကြောင်း တွေ့ရသည်။ မကြာမီကာလတွင် ရွှေဆွဲကြိုးပိုင်ရှင်ဟု အဆိုရှိသူတို့က ရယကလူကြီး ဦးအေးလွင်မှတစ်ဆင့် ခေါ်ယူညှိနှိုင်းကြရာတွင်လည်း ကောက်တွေ့သောပစ္စည်းဖြစ်၍ မပေးနိုင်ကြောင်း မျိုးဝင်းနှင့် မိခင်ဒေါ်မြဝင်းတို့က ငြင်းဆန်ခဲ့သည်မှာ ထင်ရှားပေါ်လွင်နေသည်။ သို့ဖြစ်၍ ရွှေဆွဲကြိုးကို မရိုး

---

* **၂၀၀၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှု အမှတ် ၁၂၆။**

\+ **၂၀၀၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၆၄ တွင် ချမှတ်သော ၆-၃-၀၉ ရက်စွဲပါ မြင်းခြံခရိုင်တရားရုံး၏ အမိန့်ကို အယူခံမှု။**

မဖြောင့်သော သဘောဖြင့် မိမိ၏ပစ္စည်းအဖြစ် ပြောင်းလဲခြင်း ပြုလုပ်ကြောင်း ပေါ်ပေါက်နေ၍ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သုံးသပ်တွေ့ရှိရသည်။

အယူခံတရားလိုအတွက် - ဦးညွန့်ရွှေ
လက်ထောက်ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံးခွဲ၊ မန္တလေးမြို့
အယူခံတရားခံများအတွက် - ကိုယ်တိုင် (မလာ)

တောင်သာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၈၇/၂၀၀၈ တွင် တရားခံမျိုးဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၃ အရလည်းကောင်း၊ တရားခံ ဒေါ်မြဝင်းအပေါ် ယင်းဥပဒေပုဒ်မ ၄၀၃/၁၁၄ အရလည်းကောင်း၊ ငွေဒဏ် (၁၀၀၀ိ/-)စီ ပေးဆောင်စေရန်နှင့် ငွေဒဏ်ဆောင်ရန်ပျက်ကွက်ပါက အလုပ်နှင့် ထောင်ဒဏ် (၁)လစီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ယင်းအမိန့်ကို မျိုးဝင်းပါ၂ ဦးတို့က မကျေနပ်၍ မြင်းခြံခရိုင်တရားရုံးသို့ ပြစ်မှုဆိုင်ရာအယူခံမှု အမှတ် ၆၄/၂၀၀၈ လျှောက်ထားရာ မြင်းခြံခရိုင် တရားရုံးက အယူခံမှုကို ခွင့်ပြုပြီး မျိုးဝင်းပါ ၂ ဦးတို့အပေါ် ပြစ်မှုထင်ရှားစီရင်သည့် မူလတရားရုံး အမိန့်ကို ပယ်ဖျက်ပြီး အမှုမှ အပြီးအပြတ်လွှတ်သည့်အမိန့် ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်သောကြောင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ တောင်သာမြို့နယ် ပုလ္လင်ကျေးရွာနေ ဒေါ်ကြည်ဌေးက ၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၇) ရက်နေ့က သားဖြစ်သူ မောင်ငြိမ်းချမ်းအောင်မှာ မျိုးဝင်းနှင့် ညအတူအိပ်ခဲ့ပြီးနောက် နံနက်လင်းသည့်အချိန်တွင် မောင်ငြိမ်းချမ်းအောင် ဝတ်ဆင်ထားသော Mc ရွှေဆွဲကြိုး ပျောက်ဆုံးနေကြောင်း၊ ၁၃၇၀ ပြည့်နှစ်၊ ကဆုန်လထဲတွင် မျိုးဝင်းမှာ အဆိုပါဆွဲကြိုးကို ကောက်ရကြောင်း

ပြောဆိုကာ ဆွဲထား၍ ရယကဦးအေးလွင်ထံ တိုင်တန်းခဲ့ရာ မျိုးဝင်း၏ မိခင် ဒေါ်မြဝင်းက မပေးနိုင်ကြောင်း ပြောသဖြင့် ဆွဲကြိုးအား ဖြုတ်၍ ခိုးယူပြီး ကောက်တွေ့သည်ဟု ပြောဆိုကာ ယူထားသူမျိုးဝင်းနှင့် ဒေါ်မြဝင်းတို့အပေါ် ဥပဒေအရ အရေးယူပေးရန် ဦးတိုက်လျှောက်ထားသောအမှု ဖြစ်သည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးခွဲ လက်ထောက်ညွှန်ကြားရေးမှူးက ၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၇) ရက်နေ့ ညက ဘဂျမ်း (ခ) ငြိမ်းချမ်းအောင်နှင့် မျိုးဝင်းတို့အတူ အိပ်စဉ် ဘဂျမ်း (ခ) ငြိမ်းချမ်းအောင်၏ လည်ပင်း၌ဆွဲထားသော ဆွဲကြိုးပျောက်ဆုံးသွားကြောင်း၊ အဆိုပါဆွဲကြိုးကို တောင်သာမြို့နယ် ပဲလောင်ရွာ "အောင်သီဟ"ရွှေပန်းတိမ်ဆိုင်မှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ သက်သေခံရွှေဝယ်ဘောက်ချာ တင်ပြထားကြောင်း၊ ၁၃၇၀ ပြည့်နှစ်၊ နယုန်လတွင် မျိုးဝင်း၏လည်ပင်း၌ ဘဂျမ်း (ခ) ငြိမ်းချမ်းအောင် ပျောက်သွားသော ဆွဲကြိုးဆွဲထားကြောင်း၊ မျိုးဝင်းက ၎င်းဝတ်ဆင်ထားသော ဆွဲကြိုးမှာ ၎င်းပိုင်ဖြစ်ကြောင်း အထောက်အထားမပြနိုင်ဘဲ ကောက်ရကြောင်းသာ တင်ပြနိုင်သဖြင့် ၎င်းပိုင်ဆွဲကြိုး မဟုတ်ကြောင်း တင်ပြထားကြောင်း၊ အချင်းဖြစ်ဆွဲကြိုးကို အခြားမည်သူကမျှ ၎င်းတို့ပိုင်ဆွဲကြိုးဖြစ်ကြောင်း မတင်ပြနိုင်သဖြင့် ဘဂျမ်း (ခ) ငြိမ်းချမ်းအောင် ပျောက်သောဆွဲကြိုးဖြစ်ကြောင်း ပေါ်လွင်နေကြောင်း၊ မျိုးဝင်းနှင့် မိခင်ဒေါ်မြဝင်းတို့မှာ ၎င်းတို့ကောက်ရသည့် ရွှေဆွဲကြိုး ပိုင်ရှင်မှာ ဘဂျမ်း (ခ) ငြိမ်းချမ်းအောင်ဖြစ်ကြောင်း သိလျက် ၎င်းတို့ပိုင် ပစ္စည်းအဖြစ် ပြောင်းလွဲအသုံးပြုပြီး ပစ္စည်းပိုင်ရှင်အား ပြန်မပေးခဲ့ကြောင်း ပေါ်ပေါက်နေကြောင်း၊ သို့ဖြစ်၍ မျိုးဝင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀၃ နှင့် ဒေါ်မြဝင်းအပေါ် ပုဒ်မ ၄၀၃/၁၁၄ တို့အရ ပြစ်မှုထင်ရှားစီရင်သည့် မူလတရားရုံးအမိန့်သည် ဥပဒေနှင့်ညီညွတ် မှန်ကန်နေကြောင်း၊ မူလတရားရုံးအမိန့်ကို ပယ်ဖျက်၍ အမှုမှ အပြီးအပြတ်လွှတ်ခဲ့သည့် မြင်းခြံခရိုင်တရားရုံးအမိန့်သည် ဥပဒေနှင့်

ညီညွတ်မှန်ကန်ခြင်း မရှိကြောင်း၊ ထို့ကြောင့် မြင်းခြံခရိုင်တရားရုံး အမိန့်ကို ပယ်ဖျက်ပြီး မျိုးဝင်းနှင့် ဒေါ်မြဝင်းတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၃ နှင့် ပုဒ်မ ၄၀၃/၁၁၄ တို့အရ ထိုက်သင့်သည့် ပြစ်ဒဏ်ချမှတ်ပေးရန် လျှောက်လဲသည်။

အယူခံတရားခံများအပေါ် အကြောင်းကြားစာကို တောင်သာမြို့နယ်တရားရုံးမှတစ်ဆင့် ပေးပို့ခဲ့ရာ အကြောင်းကြားစာ အတည်ဖြစ်သော်လည်း ရုံးရှေ့သို့ ကိုယ်တိုင်သော်လည်းကောင်း၊ ရှေ့နေနှင့်သော်လည်းကောင်း လာရောက်လျှောက်လဲခြင်း မရှိပေ။

မူလတရားရုံးက မျိုးဝင်းကောက်တွေ့သည်ဆိုသော ဆွဲကြိုးမှာ သက်သေခံ (က) ဘောက်ချာပါ တရားလို ပိုင်ဆိုင်ခဲ့သော အမ်စီဆွဲကြိုးပုံစံဖြစ်ပြီး ရွှေပန်းတိမ်ဆရာ ဦးဇော်မျိုး၏ အစစ်ခံချက် အရ ၎င်းတို့ဆိုင်မှ ပန်းတိမ်လက်ရာဖြစ်ကြောင်း ဆွဲကြိုးတွင် ကွင်း (၂၅) ကွင်းခန့် ပြုတ်ထွက်နေပြီး ဘောက်ချာပါအလေးချိန်နှင့် (၃) ရွေး (၁) ခြမ်း လျော့နည်းကွာခြားချက်ဖြင့် ကိုက်ညီနေသောကြောင့် တရားလိုဘက်မှ ပျောက်ဆုံးခဲ့သည့် ဆွဲကြိုးဖြစ်သည်ဟု သုံးသပ်၍ မျိုးဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၃ အရလည်းကောင်း၊ ဒေါ်မြဝင်းအပေါ် အထက်ပါဥပဒေ ပုဒ်မ ၄၀၃/၁၁၄ အရ ပြစ်မှု ထင်ရှားစီရင်ထားသည်။

မြင်းခြံခရိုင် တရားရုံးက မျိုးဝင်းမှာ ရွှေဆွဲကြိုး ကောက်ရခဲ့ သည့်အချက်မှာ အငြင်းမပွားကြောင်း၊ ၎င်းအနေဖြင့် ငြိမ်းချမ်းအောင်၏ ဆွဲကြိုးအား အမှန်တကယ် ခိုးယူခဲ့သည်ဆိုပါက ယခုကဲ့သို့ ကာလ ကြာအောင် သိမ်းထားမည် မဟုတ်ကြောင်း၊ မျိုးဝင်းအနေဖြင့် ကန်ဆယ်ရာမှ မမျှော်လင့်ဘဲ ကောက်တွေ့ခြင်းဖြစ်ပေရာ တရားလို စွပ်စွဲသကဲ့သို့ ငြိမ်းချမ်းအောင်၏ဆွဲကြိုးအား မတရားဆုံးရှုံး နစ်နာ စေရန်အကြံဖြင့် မတရားရယူခဲ့ခြင်း မဟုတ်ပေ။ သဘောရိုးဖြင့် ကောက်ရသော ဆွဲကြိုးအား ၎င်းအနေဖြင့် လက်ဝယ်ထားခဲ့ခြင်း ဖြစ်ကြောင်း၊ ဒေါ်မြဝင်းမှာလည်း အားပေးကူညီသည့်အချက်

မထင်ရှားကြောင်း သုံးသပ်၍ အမှုမှ အပြီးအပြတ်လွှတ်ထားခြင်းဖြစ်သည်။

မူလတရားရုံးအမှုတွဲအား စိစစ်ကြည့်ရှုရာ ဘဂျမ်း (ခ) ငြိမ်းချမ်းအောင် (လိုပြ ၃)၊ ကိုမောင်ဇော် (လိုပြ ၂) နှင့် မျိုးဝင်းတို့မှာ ခင်မင်ရင်းနှီးသော သူငယ်ချင်းများဖြစ်ပြီး အတူစား၊ အတူအိပ်နေထိုင်သူများလည်းဖြစ်ကြောင်း တွေ့ရသည်။ အချင်းမဖြစ်မီ ၁၃၆၈ ခုနှစ်၊ ကဆုန်လဆုတ် (၇) ရက်နေ့ည (၉) နာရီခန့်က ဘဂျမ်း (ခ) ငြိမ်းချမ်းအောင်မှာ မျိုးဝင်းနှင့်အတူ နေအိမ်သို့ပြန်လာခဲ့ပြီး နွားတဲထဲ၌ အိပ်ကြရန်အတွက် နေအိမ်အတွင်းသို့ အိပ်ယာလိပ် သွားရောက်ယူခဲ့ရာ ထိုအချိန်ထိ ဘဂျမ်း (ခ) ငြိမ်းချမ်းအောင်၏ လည်ပင်းတွင် ဝတ်ဆင်ထားသော အိမ်စီရွှေဆွဲကြိုးရှိနေကြောင်း၊ နောက်နေ့ နံနက်အိပ်ယာထချိန်တွင် မျိုးဝင်းမရှိတော့ကြောင်းနှင့် ၎င်းမှာ မျက်နှာသစ်နေသည့်အချိန်၌ ရွှေဆွဲကြိုးမရှိတော့သည်ကို တွေ့ရကြောင်း ဘဂျမ်း (ခ) ငြိမ်းချမ်းအောင်က ထွက်ဆိုထားသည်။ ၎င်း၏ထွက်ဆိုချက်ကို မိခင်ဖြစ်သူ ဒေါ်ကြည်ငွေး (လိုပြ ၁) က ထောက်ခံထွက်ဆိုသည့်အပြင် ၎င်းတို့၏ဆွဲကြိုးမှာ တောင်သာမြို့နယ် ပဲလောင်ကျေးရွာရှိ “အောင်သီဟ” ရွှေပန်းတိမ်ဆိုင်မှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သက်သေခံ (က) ရွှေဝယ်ယူသည့် ဘောက်ချာတင်ပြထားသည်။ ထို့ပြင် ၎င်းတို့၏ ဆွဲကြိုးတွင် ကွင်း (၂) ကွင်းမှာ ဟနေကြောင်း၊ သို့ဖြစ်၍ ဆွဲကြိုးကို ထုံးထားကြောင်းဖြင့် ထွက်ဆိုထားသည်။

ထိုသို့ ရွှေဆွဲကြိုး ပျောက်နေသည့်အချိန်မှစပြီး မျိုးဝင်းမှာ ဘဂျမ်း (ခ) ငြိမ်းချမ်းအောင်တို့ နေအိမ်သို့ ဝင်ထွက်သွားလာ ညအိပ်နေထိုင်ခြင်း မပြုတော့သဖြင့် တိတ်တဆိတ် စုံစမ်းခဲ့သော်လည်း အကြောင်းမထူးခဲ့ပေ။ ၎င်းနောက် (၂) နှစ်ခန့်အကြာ ၁၃၇၀ ပြည့်နှစ်၊ နယုန်လထဲတွင် ရေကန်တူးရာမှ မျိုးဝင်းမှာ ဆွဲကြိုးကောက်တွေ့ကြောင်း ပြောဆိုပြီး လည်ပင်းတွင် ရွှေဆွဲကြိုး ဆွဲထားသည်ကို တွေ့မြင်၍ ရယက ဦးအေးလွင် (လိုပြ ၄) ထံ တိုင်တန်းခဲ့သည်။

နှစ်ဖက်ခေါ်ယူ ညှိနှိုင်းရာ၌လည်း ဒေါ်ကြည်ဌေးက ရွှေဆွဲကြိုးမှာ ၎င်း၏သား ပျောက်ဆုံးသွားသောပစ္စည်းမှန်ကန်ကြောင်း ပြောပြခဲ့သော်လည်း မျိုးဝင်းနှင့် မိခင်ဒေါ်မြဝင်းတို့က ကောက်တွေ့သောပစ္စည်းဖြစ်၍ မပေးနိုင်ကြောင်း ငြင်းဆိုရာမှ ယခုအမှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

ရွှေပန်းတိမ်ဆရာ ဦးဇော်မျိုး (လိုပြ ၆) က သက်သေခံ (က) ဘောက်ချာမှာ ၎င်းတို့၏ “ အောင်သီဟ ” ရွှေပန်းတိမ်ဆိုင်မှ ရွှေဝယ်ယူသူများကို ရေးသားပေးလေ့ရှိသည့် စာရွက်စာတမ်းဖြစ်ကြောင်း ထွက်ဆိုသည့်အပြင် ရုံးရှေ့တွင် တင်ပြထားသော အမ်စီရွှေဆွဲကြိုးမှာလည်း ၎င်းတို့ဆိုင်၏ လက်ရာဖြစ်ကြောင်း၊ ဆွဲကြိုးတွင် ပေါက်ပြားနှင့် ထိခိုက်မိထားသည့် ဒဏ်ရာအနေအထားမျိုး မတွေ့ရကြောင်း၊ ပေါက်ပြားနှင့် ပေါက်မိလျှင်လည်း ဆွဲကြိုး ပြတ်သွားမည်ဖြစ်ကြောင်း၊ အလေးချိန် (၃) ရွေး၊ (၁) ခြမ်း ကွာခြားခြင်းမှာ ဆွဲကြိုးမှာ နှစ်ကြာပြီဖြစ်၍လည်းကောင်း၊ ကွင်း (၂၅) ကွင်းခန့် လျော့နည်းနေသည့် ပုံသဏ္ဍာန်တွေ့ရသဖြင့်လည်းကောင်း ဖြစ်နိုင်ကြောင်း ထွက်ဆိုထားသည်။ ထို့ပြင် အဆိုပါ ဆွဲကြိုးမှာ သူငယ်ချင်း ဘဂျမ်း (ခ) ငြိမ်းချမ်းအောင်၏ ဆွဲကြိုးဖြစ်ကြောင်းကို မောင်ဇော်က ထောက်ခံထွက်ဆိုထားသည်။

မျိုးဝင်း (ခံပြ ၁) က အဓိက ထုချေထားသည်မှာ ၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း (၁၂) ရက်နေ့က ပုလ္လင်ကျေးရွာ၏ မြောက်ဘက်ရှိ အများသုံးရေကန်ကို ရွာသူရွာသားများ ပြန်လည်ဆယ်ခြင်းပြုလုပ်ခဲ့ကြောင်း။ ညနေ (၄) နာရီခန့်တွင် ၎င်းနှင့်အတူ မြေတူးနေသော ဦးထွန်းအေးမှာ ဝါးတစ်ရိုက်ခန့်အကွာသို့ သွားရောက် နားနေသော်လည်း ၎င်းမှာ ဆက်၍တူးနေခဲ့ရာ ၎င်း၏ ပေါက်ပြားမှာ ပထမတစ်ချက်တွင် ခဲကိုပေါက်မိပြီး ဒုတိယအချက်တွင်

ဆွဲကြိုးကို ပေါက်မိသွား၍ ဆွဲကြိုးကိုယူ၍ မြေသယ်လာသူ ဒေါ်ခင်စန်းကို ပြသခဲ့ကြောင်း၊ ထို့နောက် ဦးထွန်းအေးနှင့် ဒေါ်ရီတို့ကို လည်း ပြခဲ့ကြောင်း၊ နေအိမ်သို့ ပြန်သည့်လမ်းတလျှောက်တွင် တွေ့သူများနှင့် နေအိမ်သို့ လာရောက်ကြည့်သူများကိုလည်း ပြသ ခဲ့ကြောင်း၊ ဘဂျမ်း (ခ) ငြိမ်းချမ်းအောင်၏ဆွဲကြိုး မဟုတ်ကြောင်း ထုချေထားသည်။

ဒေါ်မြဝင်း (ခံပြ ၂ ) ကလည်း သားဖြစ်သူ မျိုးဝင်း ရေကန် တူးရာမှ ဆွဲကြိုး (၁) ကုံး ကောက်ရသည်ကို သိရကြောင်း၊ မျိုးဝင်းမှာ ဆွဲကြိုးကို လူအများအားပြသပြီး ထိုနေ့၌ပင် လည်ပင်း၌ ဆွဲခဲ့ကြောင်း၊ ၎င်းကလည်း သိမ်းဆည်းခဲ့ခြင်း မရှိကြောင်း၊ ဦးအေးလွင်ထံ ညှိနှိုင်းစဉ်က ဆွဲကြိုးကို ကြည့်ပြီးမှ အဆစ်ကျဲနေသည်ကို တွေ့သဖြင့် ဘဂျမ်း (ခ) ငြိမ်းချမ်းအောင်၏ ဆွဲကြိုးဟု စွပ်စွဲခြင်းဖြစ်ကြောင်း ထုချေထားသည်။

အမှုတွင်ပေါ်ပေါက်လျက်ရှိသော သက်သေခံချက်များအရ ဘဂျမ်း (ခ) ငြိမ်းချမ်းအောင် ဝတ်ဆင်နေသည့် အမ်စီရွှေဆွဲကြိုး (၁) ကုံး ပျောက်ဆုံးသွားကြောင်း ထင်ရှားသကဲ့သို့ (၂) နှစ်ခန့်အကြာတွင် မျိုးဝင်းမှာ အမ်စီရွှေဆွဲကြိုး (၁) ကုံး ကောက်ရကြောင်းလည်း ထင်ရှားသည်။ ရွှေဆွဲကြိုး မပျောက်မီကာလနှင့် ပျောက်ဆုံးပြီး နောက်ပိုင်း ကာလတို့တွင် ပုလ္လင်ကျေးရွာတွင် အခြားသူတစ်ဦး တစ်ယောက် ရွှေဆွဲကြိုးပျောက်ခဲ့ကြောင်း ပေါ်ပေါက်ခြင်း မရှိပေ။ ဘဂျမ်း (ခ) ငြိမ်းချမ်းအောင်၏ ရွှေဆွဲကြိုး ပျောက်ကြောင်းသာ

ပေါ်ပေါက်လျက်ရှိပေသည်။ မျိုးဝင်း ကောက်တွေ့သည်ဆိုသော ရွှေဆွဲကြိုးမှာ “ အောင်သီဟ ” ရွှေပန်းတိမ်ဆိုင်မှ လက်ရာဖြစ်ကြောင်း ပေါ်ပေါက်နေသည့်အပြင် မျိုးဝင်း၊ ဘဂျမ်း (ခ) ငြိမ်းချမ်းအောင်တို့၏ သူငယ်ချင်း ကိုမောင်ဇော်ကလည်း မျိုးဝင်းဝတ်ဆင်ထားသည့် ရွှေဆွဲကြိုးသည် ဘဂျမ်း (ခ) ငြိမ်းချမ်းအောင်၏ ရွှေဆွဲကြိုးဖြစ်ကြောင်း ထောက်ခံထွက်ဆိုထားသည်။ ထို့ပြင် ကန်တူးချိန်က မျိုးဝင်းနှင့်အတူ ကိုမောင်ဇော်လည်း ကန်တူးနေကြောင်း ပေါ်ပေါက်သည်။ မျိုးဝင်းက ရွှေဆွဲကြိုး ကောက်ရသည့်အချိန်က ၎င်း၏သူငယ်ချင်း ကိုမောင်ဇော်အား ပြသခဲ့ကြောင်း၊ မတွေ့ရပေ။ ၎င်းပြသခဲ့သည့် ဒေါ်ခင်စန်း (ခံပြ ၃)၊ ဦးထွန်းအေး (ခံပြ ၅)၊ ဒေါ်ရီ (ခံပြ ၄) တို့မှာ မျိုးဝင်း၏အနီးတွင် ရှိနေကြသူများ မဟုတ်ပေ။ ဆွဲကြိုး ကောက်ရကြောင်း မျိုးဝင်းလာရောက် ပြသမှသာ တွေ့မြင်ရသူများဖြစ်သည်။ ပေါက်ပြား နှင့် ထိုမြေကို ပေါက်နေစဉ် ဆွဲကြိုးကို ပေါက်မိကြောင်း မျိုးဝင်းထွက်ဆိုချက်မှလွဲ၍ အခြား သက်သေခံချက်များ ပေါ်ပေါက်ခြင်း မရှိပေ။ ရွှေပန်းတိမ်ဆရာ ဦးဇော်မျိုး၏ ထွက်ချက်တွင် ရွှေဆွဲကြိုးပေါက်ပြားနှင့် ပေါက်မိသော ဒဏ်ရာဒဏ်ချက် မရှိကြောင်း ပေါ်ပေါက်နေသဖြင့် ကောက်တွေ့သည်ဆိုသော မျိုးဝင်း၏ ထုချေချက်ကို ယုံကြည်လက်ခံရန် အားနည်းနေကြောင်း တွေ့ရသည်။

အချင်းဖြစ် ရွှေဆွဲကြိုးကို မျိုးဝင်း ကန်ဆယ်စဉ် ကောက်တွေ့ခဲ့သည်ဆိုစေဦး ၎င်းအနေဖြင့် အဆိုပါ ဆွဲကြိုးပိုင်ရှင်ကို

စုံစမ်းနိုင်ရန်အတွက် ရယကအဖွဲ့ထံ အပ်နှံ၍ စုံစမ်းရှာဖွေခဲ့ကြောင်း မတွေ့ရပေ။ ကိုယ်တိုင်လည်း ရွှေဆွဲကြိုးပိုင်ရှင်ကို ရှာဖွေရန် အားထုတ်ခြင်းမပြုဘဲ ကောက်တွေ့သည့်နေ့၌ပင် ၎င်းကလည်ပင်းတွင် ဝတ်ဆင်၍ သုံးစွဲခဲ့ကြောင်း တွေ့ရသည်။ မကြာမီကာလတွင် ဆွဲကြိုးပိုင်ရှင်ဟု အဆိုရှိသူတို့က ရယကလူကြီး ဦးအေးလွင်မှတစ်ဆင့် ခေါ်ယူညှိနှိုင်းကြရာတွင်လည်း ကောက်တွေ့သောပစ္စည်းဖြစ်၍ မပေးနိုင်ကြောင်း မျိုးဝင်းနှင့်မိခင်ဒေါ်မြဝင်းတို့ ငြင်းဆန်ခဲ့သည်မှာ ထင်ရှားပေါ်လွင်နေသည်။ သို့ဖြစ် ရွှေဆွဲကြိုးကို မရိုးမဖြောင့်သော သဘောဖြင့် မိမိ၏ပစ္စည်းအဖြစ် ပြောင်းလွဲခြင်း ပြုလုပ်ကြောင်း ပေါ်ပေါက်နေ၍ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သုံးသပ်တွေ့ရှိရသည်။

အထက်ဖော်ပြပါ သက်သေခံ အထောက်အထားများ ပေါ်ပေါက်နေပါလျက် မျိုးဝင်းနှင့် ဒေါ်မြဝင်းတို့ကို အမှုမှ အပြီးအပြတ်လွှတ်သည့် မြင်းခြံခရိုင်တရားအမိန့်သည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုသည်။ မျိုးဝင်းနှင့် ဒေါ်မြဝင်းတို့ကို အမှုမှ အပြီးအပြတ်လွှတ်သော မြင်းခြံခရိုင်တရားရုံး၏ အမိန့်ကို ပယ်ဖျက်သည်။ မျိုးဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၃ အရလည်းကောင်း၊ ဒေါ်မြဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၀၃/၁၁၄ အရလည်းကောင်း ပြစ်မှုထင်ရှားစီရင်သည့် မူလမြို့နယ်တရားရုံးအမိန့်ကို ပြန်လည်အတည်ပြုလိုက်သည်။

+ ၂၀၀၉
စက်တင်ဘာလ
၂၉ ရက်

## ပြစ်မှုဆိုင်ရာအယူခံမှု

## တရားရုံးချုပ်တရားသူကြီး ဦးစိန်လှိုင်၏ရှေ့တွင်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နှင့်
## အေးနော် *

**ကလေးသူငယ်၏ အသက်နှင့် ပတ်သက်သည့် အထောက်အထားများကို စိစစ်ရာတွင် ကလေးသူငယ် နည်းဥပဒေ ၆၈ ပါ ဖော်ပြထားသော အထောက်အထားများ အစီအစဉ်အတိုင်း ဦးစားပေး စိစစ်ဆုံးဖြတ်ရမည်ဟု ကလေးသူငယ် နည်းဥပဒေ ၇၂ (က) တွင် ပြဋ္ဌာန်းထားခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ မအဲစိန် (ခ) မပဲစိန်၏ အသက်နှင့် ပတ်သက်၍ ကျောင်းဝင်မှတ်ပုံတင်စာရင်းပါ မွေးသက္ကရာဇ်၊ အိမ်ထောင်စုလူဦးရေစာရင်းပါ မွေးသက္ကရာဇ်နှင့် ဆရာဝန်၏ ဆေးစာတို့ ဆန့်ကျင်ကွဲလွဲနေကြောင်း တွေ့ရသည်။ ထိုသို့ ကွဲလွဲနေပါက ကလေးသူငယ်၏အသက်နှင့် ပတ်သက်သည့် အထောက်အထားများကို စိစစ်ရာတွင် ကလေးသူငယ်နည်းဥပဒေ ၆၈ ပါ ဖော်ပြထားသော အထောက်အထားများ အစီအစဉ်အတိုင်း ဦးစားပေး စိစစ်ဆုံးဖြတ်ရမည်ဟု ကလေးသူငယ်နည်းဥပဒေ ၇၂ (က) တွင် ပြဋ္ဌာန်းထားသည်။

---

* **၂၀၀၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှု အမှတ် ၁၀၅။**

\+ **၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၈ တွင် ချမှတ်သော ၂၄-၁၂-၀၈ ရက်စွဲပါ မိုင်းဆတ်ခရိုင်တရားရုံးအမိန့်ကို မကျေနပ်၍ ရှေ့နေချုပ်ရုံးက အယူခံလျှောက်ထားမှု။**

**ထပ်မံဆုံးဖြတ်ချက်** ။ ။ မအဲစိန် (ခ) မဟဲစိန် ၏ အသက်နှင့် ပတ်သက်၍အမှုတွဲတွင် တင်ပြထားသော အထောက်အထားများ အနက် ကလေးသူငယ်နည်းဥပဒေ ၆၈ ပါ ဦးစားပေး အစီအစဉ်အရ ကျောင်းဝင်မှတ်ပုံတင်စာရင်းပါ မွေးသက္ကရာဇ်ဖြစ်သော ၁၀-၁၂-၉၅ ကိုသာ လက်ခံစိစစ်ဆုံးဖြတ်ရမည် ဖြစ်ပေသည်။ ထိုသို့ဆိုလျှင် အခင်းဖြစ်ချိန်က မအဲစိန် (ခ) မဟဲစိန်၏ အသက်သည် (၁၄) နှစ် အောက် ဖြစ်သည်မှာ ထင်ရှားပေါ်လွင်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၇၅ ပဉ္စမအချက်အရ မိန်းမကခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက် (၁၄) နှစ်အောက် အရွယ်ရှိသူ ဖြစ်ပါက ယောက်ျားသည် မိန်းမနှင့် ကာမစပ်ယှက်လျှင် မုဒိန်းမှုကျူးလွန်ကြောင်း ပြဋ္ဌာန်းထားသည်။

အယူခံတရားလိုအတွက် - ဦးမောင်မောင်
- လက်ထောက်ညွှန်ကြားရေးမှူး
- ရှေ့နေချုပ်ရုံးခွဲ၊ မန္တလေးမြို့
အယူခံတရားခံအတွက် - ကိုယ်တိုင် (မလာ)

မိုင်းဆတ်ခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၈/၂၀၀၈ တွင် တရားခံ အေးနော့အပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၆၃ အရ အလုပ်နှင့် ထောင်ဒဏ် (၁) နှစ် ကျခံစေရန် အမိန့်ချမှတ်ပြီး ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၆ အရ စွဲချက်နှင့် ပတ်သက်၍ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်သောကြောင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ဤအယူခံမှုတင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ၂၃-၉-၂၀၀၈ ရက်နေ့ည (၉) နာရီခန့်တွင် မိုင်းဆတ်မြို့နယ်၊ ကာနရွာ ရွှေကြက်ဖြူ ဘုရားရှေ့တွင် သူငယ်ချင်းများနှင့် ဆော့ကစားနေသူ မအဲစိန် (ခ) မဟဲစိန်အား တစ်ရွာတည်းနေ အေးနော့က ချိန်းတွေ့ရန်အတွက် ဘုရားအနောက်ဘက် လယ်ကွင်း

သို့ ခေါ်ဆောင်သွားပြီး ချိန်းတွေ့နေစဉ် အဲရှား (ခ) အိုက်စိုင်းနှင့် ကျဖူးတို့ရောက်လာပြီး အဲရှား (ခ) အိုက်စိုင်းက မအဲစိန် (ခ) မဟဲစိန်၏ လက်နှစ်ဖက်ကိုဆွဲကာ ကျဖူးက ထမီနှင့် အတွင်းခံဘောင်းဘီကို ဆွဲချွတ်ကြောင်း၊ အေးနော့က အလိုမတူ အတင်းအဓမ္မ ပြုကျင့်ကြောင်း၊ နောက်နေ့ ၂၄-၉-၂၀၀၈ ရက်နေ့ညတွင် ကာနဂိတ် အနီး ဈေးဆိုင်၌ ဗီဒီယိုကြည့်နေစဉ် အေးနော့ရောက်လာပြီး မအဲစိန် (ခ) မဟဲစိန်အား လက်ထပ်ပေါင်းသင်း အတူနေမည်ဟု ပြောဆိုကာ တောင်ယာတဲသို့ခေါ်သွားခဲ့ပြီး တောင်ယာတဲ၌ ကျဖူးနှင့် အဲရှား(ခ) အိုက်စိုင်းတို့ကို တွေ့ရကြောင်း၊ အေးနော့က မအဲစိန် (ခ) မဟဲစိန်အား အဲရှား (ခ) အိုက်စိုင်းနှင့် လက်ထပ်ပေါင်းသင်းရန် ပြောဆိုပြီး ပြန်မလွှတ်တော့ဘဲ ၂၆-၉-၂၀၀၈ ရက်နေ့မှ ပြန်လွှတ်ပေးသဖြင့် လားဟူ ယဉ်ကျေးမှုဓလေ့ထုံးစံအရ ညှိနှိုင်းဖြေရှင်းရာ ပြေလည်မှု မရှိသဖြင့် မအဲစိန် (ခ) မဟဲစိန်၏ ဖခင် ဦးကျခူက တရားလိုပြုလုပ်၍ အေးနော့ပါ ၃ ဦး တို့ကို အရေးယူပေးရန် မိုင်းဆတ်ရဲစခန်း၌ တိုင်ချက် ရေးဖွင့်သောအမှု ဖြစ်သည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးခွဲ လက်ထောက်ညွှန်ကြားရေးမှူးက မအဲစိန် (ခ) မဟဲစိန်က ၎င်းကို အေးနော့က ရွှေကြက်ဖြူဘုရား အနောက်ဘက်လယ်ကွက်ထဲသို့ ခေါ်သွားပြီး သမီးရည်းစား စကားပြောနေစဉ် သားမယားအဖြစ် (၁၅) မိနစ်ကြာအောင် ပြုကျင့်ခဲ့ကြောင်း ထွက်ဆိုထားကြောင်း၊ ထိုစဉ်က ၎င်းမှာ အေးနော့ကို ချစ်သောကြောင့် ပတ်ဝန်းကျင်သို့ အော်ဟစ် အကူအညီတောင်းခံခြင်း မပြုခဲ့ကြောင်း ၂၇-၉-၂၀၀၈ ရက်စွဲပါ ကျေးရွာ လူကြီးများထံ တိုင်ကြားစာတွင် ဖော်ပြထားကြောင်း၊ အချင်းဖြစ်ပြီး (၁၀) ရက်ကျော်ကြာမှ ဆေးစစ်ရသဖြင့် မအဲစိန် (ခ) မဟဲစိန်၏ မိန်းမ ကိုယ်တွင်းမှ အရည်ကိုယူ၍ ဓါတုဗေဒဝန်ရုံးသို့ ပေးပို့ပြီး ထင်မြင်ချက် တောင်းခံခဲ့ခြင်း မရှိကြောင်းနှင့် အပျိုမြှေး စုတ်ပြသည့် လက္ခဏာ၊ မိန်းမ ကိုယ်တွင်းသို့ ထိုးသွင်းသော

လက္ခဏာများ မတွေ့ရကြောင်း ဆရာဝန်က ထင်မြင်ချက်ပေးထားကြောင်း၊ အချင်းဖြစ်စဉ်က မအဲစိန် (ခ) မဟဲစိန် ဝတ်ခဲ့သည့် ထဘီနှင့် အေးနော့ဝတ်ဆင်ခဲ့သည့် ဘောင်းဘီရှည်တို့တွင် သုတ်ရည်စမ်းသပ်တွေ့ရှိကြောင်းပေါ်ပေါက်နေကြောင်း၊ မအဲစိန် (ခ) မဟဲစိန်၏ ကျောင်းဝင်မှတ်ပုံတင်စာရင်း၊ မွေးသက္ကရာဇ်အရ ၎င်း၏အသက်သည် (၁၄) နှစ်အောက်ဖြစ်ကြောင်း ပေါ်ပေါက်နေကြောင်း၊ သို့ဖြစ်၍ မအဲစိန် (ခ) မဟဲစိန်နှင့် အေးနော့တို့ သမီးရည်းစား သဘာဝသဘောတူ ကာမစပ်ယှက်မှုပြုခြင်းဖြစ်သည်ဟု သုံးသပ်နိုင်မည်ဖြစ်သော်လည်း အေးနော့၏ ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၅ ပဉ္စမအချက်အရ မုဒိန်းမှု ကျူးလွန်သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ သို့ရာတွင် မူလခရိုင်တရားရုံးက မအဲစိန် (ခ) မဟဲစိန်၏ အသက်ကို (၁၆) နှစ်အောက်ဖြစ်ကြောင်း ကောက်ယူ သုံးသပ်၍ အေးနော့အပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၆၃ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၆ အရ ပြစ်မှုထင်ရှား မစီရင်ခြင်းသည် ဥပဒေအရ လွဲမှားနေကြောင်း မူလ ခရိုင်တရားရုံးသည် မအဲစိန် (ခ) မဟဲစိန်၏ ကျောင်းဝင်မှတ်ပုံတင်စာရင်းပါ မွေးသက္ကရာဇ်အရ အသက်ကို အလေးထားသုံးသပ်ခြင်း မရှိ၍ ဥပဒေအရ လွဲမှားနေသဖြင့် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၆ စွဲချက်နှင့် စပ်လျဉ်း၍ အပြီးအပြတ်လွှတ်သော မူလခရိုင်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ယင်းဥပဒေ ပုဒ်မ ၃၇၆ အရ ထိုက်သင့်သည့်ပြစ်ဒဏ်တစ်ရပ် ချမှတ်ပေးရန် လျှောက်လဲသည်။

အယူခံတရားခံ အေးနော့အပေါ် အကြောင်းကြားစာကို မိုင်းဆတ်အကျဉ်းထောင်မှတစ်ဆင့် ပေးပို့ရာ အကြောင်းကြားစာ အတည်ဖြစ်သော်လည်း လာရောက်ခြင်း မရှိပေ။

မူလခရိုင်တရားရုံး အမှုတွဲအား စိစစ်ကြည့်ရှုရာ မိုင်းဆတ်မြို့နယ် ကာနကျေးရွာနေ မအဲစိန် (ခ) မဟဲစိန် (လိုပြ ၁) မှာ ၂၃-၉-၂၀၀၈ ရက်နေ့ည (၈) နာရီခန့်တွင် ရွှေကြက်ဖြူဘုရားအနီး၌ သူငယ်ချင်း သူဇာလင်း (လိုပြ ၄)၊ မအဲနာ (လိုပြ ၅)၊

မသင်းသင်းဝေ (လိုပြ ၆)တို့နှင့် အတူကစားနေကြစဉ် အေးနော့ ရောက်လာပြီး မအဲစိန် (ခ) မဟဲစိန်အား စကားပြောရအောင်ဟု ပြောကာ ရွှေကြက်ဖြူဘုရား အနောက်ဘက်ရှိ လယ်ကွင်းထဲသို့ ခေါ်သွားခဲ့သည်။ ၎င်းတို့နှစ်ဦး လယ်ကွင်းထဲတွင် သမီးရည်းစား စကားပြောဆိုနေစဉ် အေးနော့က လှမ်းခေါ်၍ အဲရှား (ခ) အိုက်စိုင်းနှင့် ကျဖူးတို့ရောက်ရှိလာပြီး မအဲစိန် (ခ) မဟဲစိန်၏ လက်ကို အဲရှား (ခ) အိုက်စိုင်းက နောက်ဘက်မှ ချုပ်ထားသည့်အပြင် ကျဖူးက မအဲစိန် (ခ) မဟဲစိန်၏ ထမီနှင့် ဘောင်းဘီတို့ကို ဆွဲချွတ်သဖြင့် မအဲစိန် (ခ) မဟဲစိန်က ရုန်းကန်အော်ဟစ်၍ လဲကျသွားစဉ် အဲရှား (ခ) အိုက်စိုင်း နှင့် ကျဖူးတို့မှာ ထွက်ပြေးသွားကြသည်။ အေးနော့က မအဲစိန် (ခ) မဟဲစိန် ကိုယ်ပေါ်သို့တက်ခွကာ သားမယားအဖြစ် ပြုကျင့်ခဲ့ပြီး (၁၅) မိနစ်ခန့် အကြာတွင် ထ၍ပြန်သွားသဖြင့် မအဲစိန် (ခ) မဟဲစိန်က လည်း ဘောင်းဘီနှင့် ထဘီတို့ကို ဝတ်ဆင်ကာ နေအိမ်သို့ ပြန်လာခဲ့သည်။

၎င်းနောက် ၂၄-၉-၂၀၀၈ ရက်နေ့ည (၈) နာရီခန့်တွင် ရွှေကြက်ဖြူ ဓမ္မာရုံအနီး၌ မအဲစိန် (ခ) မဟဲစိန်နှင့် သူငယ်ချင်းများ ကစားနေကြစဉ် အေးနော့နှင့် အဲရှား (ခ) အိုက်စိုင်း၊ ကျဖူးတို့ ရောက်လာပြီး မအဲစိန် (ခ) မဟဲစိန်အား အေးနော့က စကားပြောစရာ ရှိသည်ဟုပြောကာ ရွာအပြင်သို့ ခေါ်ယူသွားခဲ့သည်။ မအဲစိန် (ခ) မဟဲစိန်က တစ်ယောက်တည်း မလိုက်ရဲကြောင်း ပြောသဖြင့် အေးနော့နှင့် ကျဖူးတို့က မအဲစိန် (ခ) မဟဲစိန်ကို အေးနော့နှင့် အတူထားခဲ့ကာ ရွာထဲသို့ ပြန်သွားပြီး မလုဒီကို ခေါ်ယူလာခဲ့သည်။ ၎င်းနောက် ဦးဒါယေလှ၏ တောင်ယာတွင် မအဲစိန် (ခ) မဟဲစိန် နှင့် မလုဒီတို့ကတစ်တဲ၊ အေးနော့နှင့် အဲရှား (ခ) အိုက်စိုင်း၊ ကျဖူးတို့က တစ်တဲ (၂) ညတိုင်တိုင်အိပ်ကြပြီး အေးနော့က မအဲစိန် (ခ) မဟဲစိန်ကို အဲရှား (ခ) အိုက်စိုင်းနှင့်ယူရန် ၎င်းမှာ မလုဒီကို မယူ၍ မရတော့ ကြောင်း ပြောသဖြင့် မအဲစိန် (ခ) မဟဲစိန်က အဲရှား (ခ) အိုက်စိုင်းကို မယူနိုင်ကြောင်း ပြောဆိုခဲ့သည်။ တောင်ယာတဲတွင် နေကြစဉ်

ကျဖူးက လူကြီးတွေ ခေါ်ခိုင်းကြောင်းပြောပြသဖြင့် ပြန်လာကြစဉ် ကျောက်တောင်ကားလမ်းအနီး အရောက်တွင် မိခင်၊ အစ်မတို့နှင့် တွေ့၍ မအဲစိန် (ခ) မဟဲစိန်က နေအိမ်သို့ ပြန်လိုက်သွားကာ ၂၃-၉-၂၀၀၈ ရက်နေ့တွင် ဖြစ်ပွားသည့်ကိစ္စနှင့် နောက်နေ့တွင် လယ်တဲသို့ ခေါ်သွား သည့် ကိစ္စတို့ကို ပြောပြကာ ကျေးရွာလူကြီးများထံ တိုင်တန်းခြင်း၊ ရဲစခန်းတွင် အမှုဖွင့် တိုင်တန်းခြင်းတို့ ပြုလုပ်ခဲ့သည်။

ထို့နောက် မအဲစိန် (ခ) မဟဲစိန်က ဆေးစစ်ဆေးမှုခံယူခြင်း၊ အချင်းဖြစ်စဉ်က ၎င်းဝတ်ဆင်ခဲ့သော ဘောင်းဘီနှင့် ထမီတို့ကို ရဲကသိမ်းဆည်း၍ ရှာဖွေပုံစံ သက်သေခံ (ဂ) ဖြင့် ပေးအပ်ခြင်းတို့ ပြုလုပ်ခဲ့သည်။ ၎င်း၏ အသက်နှင့် ပတ်သက်၍ မူလတန်း ကျောင်းထွက် လက်မှတ် သက်သေခံ (ခ-၂) နှင့် အိမ်ထောင်စု လူဦးရေစာရင်း သက်သေခံ (ခ-၁) တို့ကို တင်ပြထားသည်။ ကာန ကျေးရွာ မူလတန်းလွန် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းဝင်း (လိုပြ ၁၁) က မအဲစိန် (ခ) မဟဲစိန်၏ အသက်နှင့် ပတ်သက်၍ ကျောင်းထွက်လက်မှတ်ပါ မွေးသက္ကရာဇ်မှာ ၁၀-၁၂-၉၅ ဖြစ်သဖြင့် (၁၃) နှစ်ပြည့်ရန် (၁) လ လိုနေကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။ မအဲစိန် (ခ) မဟဲစိန်၏ ဆေးစာ သက်သေခံ (စ) နှင့် ဒေါက်တာမင်းသိမ်း (လိုပြ ၁၀) ၏ ထွက်ဆိုချက်တို့အရ မအဲစိန် (ခ) မဟဲစိန်၏ အပျိုမြှေး လုံးဝထိခိုက်ပွန်းရှခြင်း မရှိသေးသည့် အခြေအနေတွေ့ရ၍ မိန်းမကိုယ်အတွင်း ထိုးသွင်းလက္ခဏာများ အဟောင်းအသစ် ပြန်မတွေ့ရကြောင်း ထင်မြင်ချက်ပေးထားသည်ကို တွေ့ရသည်။

သို့ရာတွင် သက်သေခံ (ဍ-၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဓါတုဗေဒ စစ်ဆေးရေးဌာနခွဲ၊ မန္တလေးမြို့၏ ပြန်ကြားစာ၌ ထမီနှင့် ကျားဝတ်ဘောင်းဘီရှည်တို့တွင် သုတ်ရည်စမ်းသပ် တွေ့ရှိကြောင်း ပြန်ကြားထားသည်ကို တွေ့ရသည်။

+ ၂၀၀၉
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
အေးနော့

အေးနော့ (ခံပြ ၁)က အဓိက ထုချေထားသည်မှာ ၂၃-၉-၀၈ ရက်နေ့ည (၇) နာရီခန့်က အဲရှား (ခ) အိုက်စိုင်း၊ ကျဖူးတို့နှင့်အတူ ရွှေကြက်ဖြူ ဘုရားသို့ ရောက်ရှိသွားစဉ် မအဲစိန် (ခ) မဟဲစိန်နှင့် ကလေးများ ကစားနေ၍ ၎င်းက မအဲစိန် (ခ) မဟဲစိန်ကို ရည်းစားစကား ပြောရန်အတွက် ရွှေကြက်ဖြူဘုရား အနောက်ဘက်လယ်ကွက်ထဲသို့ ခေါ်သွားခြင်းဖြစ်ကြောင်း၊ ၎င်းတို့ နှစ်ဦး စကားပြောနေချိန်တွင် အဲရှား (ခ) အိုက်စိုင်းနှင့် ကျဖူးတို့ ရောက်လာပြီး အဲရှား (ခ) အိုက်စိုင်းက "မင်းဒီလိုမဖက်ရဲဘူးလား" ဟု ပြောကာ မအဲစိန် (ခ) မဟဲစိန်ကို ဖက်ပြ ကြောင်း၊ မအဲစိန် (ခ) မဟဲစိန်က ရုန်းလိုက်ရာ ထမီကျွတ်သွားသဖြင့် အဲရှား (ခ) အိုက်စိုင်းနှင့် ကျဖူးတို့ ရယ်မောကာ ထွက်ပြေးသွားကြကြောင်း၊ ၎င်းတို့နှစ်ဦးတည်း ကျန်ရစ်စဉ် ရည်းစားသဘာဝ စကားပြောပြီး နမ်းရှုပ်ခြင်း ပြုလုပ်ကြကြောင်း ထုချေထွက်ဆို ထားသည့်အပြင် ၂၄-၉-၀၈ ရက်နေ့တွင် ဖြစ်ပျက်ခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ မအဲစိန် (ခ) မဟဲစိန်၏ ထွက်ဆိုချက်အတိုင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။

အမှုတွဲတွင် ပေါ်ပေါက်နေသော သက်သေခံချက်များအရ မူလခရိုင်တရားရုံးက အေးနော့အပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၆၃ အရ ပြစ်မှုထင်ရှား စီရင်ခဲ့သော်လည်း ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၆ အရ စွဲချက်နှင့် ပတ်သက်၍ အပြီးအပြတ်လွှတ်ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ ဆက်လက်စိစစ်ရမည်ဖြစ်သည်။

အချင်းဖြစ်စဉ်က မအဲစိန် (ခ) မဟဲစိန် ဝတ်ဆင်ခဲ့သည့် ထမီတွင် သုတ်ရည် စမ်းသပ်တွေ့ရှိရသကဲ့သို့ အေးနော့ ဝတ်ဆင်ခဲ့သည့် ကျား၀တ် ဘောင်းဘီရှည်တွင် သုတ်ရည် စမ်းသပ် တွေ့ရှိကြောင်း ထင်ရှားသည်။ အေးနော့က ၎င်း၏ ဘောင်းဘီရှည် တွင် သုတ်ရည်စမ်းသပ် တွေ့ရှိခြင်းနှင့် ပတ်သက်၍ ထုချေနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ ၎င်းက ၂၃-၉-၀၈ ရက်နေ့ညက လယ်ကွင်းထဲတွင် မအဲစိန် (ခ) မဟဲစိန်ကို နမ်းရှုတ်ခြင်းသာ ပြုလုပ်

ခဲ့ကြောင်း ထုချေထားသော်လည်း မအဲစိန် (ခ) မဟဲစိန်ကို စစ်မေးစဉ်က ပြန်လှန်မေးရာ၌ “ × × × ×(၂၃) ၇က်နေ့ညတွင် ကာမဆက်ဆံ ဖြစ်ပြီးသည့်နောက်ပိုင်း ကျမတစ်စုံတစ်ရာ မကျေမနပ်မဖြစ်ဟု ဆိုလျှင် မကျေနပ်ပါ × × × × ဟုလည်းကောင်း၊ ကျေးရွာလူကြီးထံ တိုင်ကြားစဉ်က (၂၃) ရက်နေ့ညက ပြုကျင့်သည့် ကိစ္စအား ရည်းစား ဖြစ်ပြီး ချစ်၍ မအော်ဘဲ အကူအညီ မတောင်းခဲ့ခြင်းဖြစ်သည်ဆိုလျှင် မှန်ပါသည်။ “× × × ×” ဟုလည်းကောင်း မေးမြန်းထားသည်ကို တွေ့ရသည်။ သို့ဖြစ်၍ အထက်ပါ ပြန်လှန်စစ်မေးချက်များနှင့် ဓါတုဗေဒဝန်တို့၏ ပြန်ကြားစာတို့က ၂၃-၉-၀၈ ရက်နေ့ညတွင် အေးနော့က မအဲစိန် (ခ) မဟဲစိန်အား ကာမစပ်ယှက်ခဲ့သည်ဆိုသော မအဲစိန် (ခ) မဟဲစိန်၏ ထွက်ချက်ကို ထောက်ခံနေကြောင်း တွေ့ရသည်။ အဆိုပါ ညက မအဲစိန် (ခ) မဟဲစိန်က အလိုတူသည်ဟု ဆိုစေဦး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းဝင်း၏ ထွက်ချက်နှင့် မအဲစိန် (ခ) မဟဲစိန်၏ မူလတန်းကျောင်းထွက်လက်မှတ်ပါ ကျောင်းဝင်မှတ်ပုံစာရင်းအရ မွေးသက္ကရာဇ်မှာ ၁၀-၁၂-၉၅ ဖြစ်၍ အချင်းဖြစ်သည့် ၂၃-၉-၀၈ ရက်နေ့တွင် မအဲစိန် (ခ) မဟဲစိန်၏ အသက်သည် (၁၄) နှစ်အောက်ဖြစ်ကြောင်း ပေါ်ပေါက်နေသည်။ မအဲစိန် (ခ) မဟဲစိန်၏ အသက်နှင့် ပတ်သက်၍ ကျောင်းဝင်မှတ်ပုံ တင်စာရင်းပါ မွေးသက္ကရာဇ်၊ အိမ်ထောင်စုလူဦးရေစာရင်းပါ မွေးသက္ကရာဇ်နှင့် ဆရာဝန်၏ ဆေးစာတို့ ဆန့်ကျင်ကွဲလွဲနေကြောင်း တွေ့ရသည်။ ထိုသို့ကွဲလွဲနေပါက ကလေးသူငယ်၏ အသက်နှင့် ပတ်သက်သည့် အထောက်အထားများကို စိစစ်ရာတွင် ကလေးသူငယ် နည်းဥပဒေ ၆၈ ပါ ဖော်ပြထားသော အထောက် အထားများ အစီအစဉ်အတိုင်း ဦးစားပေး စိစစ်ဆုံးဖြတ်ရမည်ဟု ကလေးသူငယ် နည်းဥပဒေ ၇၂ (က) တွင် ပြဋ္ဌာန်းထားသည်။

+ ၂၀၀၉
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
အေးနော့

ကလေးသူငယ် နည်းဥပဒေ ၆၈ အရ ဦးစားပေး အစီအစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မွေးစာရင်း၊

(ခ) ကျောင်းဝင်မှတ်ပုံတင်စာရင်းကောက်နုတ်ချက်မိတ္တူမှန်။

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်၊

(ဃ) ကျန်းမာရေးဦးစီးဌာနဆရာဝန်၏ဆေးစာ၊

(င) သန်းခေါင်စာရင်းမိတ္တူမှန်၊

(စ) နည်းဥပဒေခွဲ (က) မှ (င) အထိ သတ်မှတ်ထားသော အထောက်အထားများ မရလျှင် အခြားခိုင်လုံသော အထောက်အထားများ။

သို့ဖြစ်၍ မအဲစိန် (ခ) မဟဲစိန်၏ အသက်နှင့် ပတ်သက်၍ အမှုတွဲတွင် တင်ပြထားသော အထောက်အထားများအနက် ကလေးသူငယ် နည်းဥပဒေ ၆၈ ပါ ဦးစားပေး အစီအစဉ်အရ ကျောင်းဝင်မှတ်ပုံတင်စာရင်းပါ မွေးသက္ကရာဇ်ဖြစ်သော ၁၀-၁၂-၉၅ ကိုသာ လက်ခံစိစစ် ဆုံးဖြတ်ရမည် ဖြစ်ပေသည်။ ထိုသို့ဆိုလျှင် အချင်းဖြစ်ချိန်က မအဲစိန် (ခ) မဟဲစိန်၏ အသက်သည် (၁၄) နှစ်အောက်ဖြစ်သည်မှာ ထင်ရှားပေါ်လွင်သည်။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၅ ပဉ္စမအချက်အရ မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက် (၁၄) နှစ်အောက် အရွယ်ရှိသူ ဖြစ်ပါက ယောကျ်ားသည် မိန်းမနှင့် ကာမစပ်ယှက်လျှင် မုဒိန်းမှုကျူးလွန်ကြောင်း ပြဋ္ဌာန်းထားသည်။

အထက်ဖော်ပြပါ သက်သေခံ အထောက်အထားများအား ပေါင်းစပ်သုံးသပ်လျှင် ၂၃-၉-၀၈ ရက်နေ့ညက မအဲစိန် (ခ) မဟဲစိန်နှင့်

အေးနော့တို့ နှစ်ဦးသဘောတူ ကာမစပ်ယှက်မှုပြုသည်ဟု ကောက်ယူရမည် ဖြစ်ပေသည်။ သို့ရာတွင် မအဲစိန် (ခ) မဟဲစိန်၏ မိန်းမကိုယ်အတွင်း ထိုးသွင်းလက္ခဏာ အဟောင်းအသစ်များ မတွေ့ရခြင်း၊ အပျိုမြှေးစုတ်ပြဲသည့် လက္ခဏာအသစ်အဟောင်းများ မတွေ့ရှိရခြင်းတို့ကြောင့်လည်းကောင်း၊ ထမီနှင့် ကျားဝတ်ဘောင်းဘီ ရှည်တို့တွင် သုတ်ရည်စမ်းသပ်တွေ့ရှိရခြင်းကြောင့်လည်းကောင်း အေးနော့သည် မအဲစိန် (ခ) မဟဲစိန်အား မုဒိန်းမှု ကျူးလွန်သည်ဟု ကောက်ယူသုံးသပ်ခြင်းထက် မုဒိန်းမှုကျူးလွန်ရန် အားထုတ်ခဲ့သည်ဟု ကောက်ယူသုံးသပ်ခြင်းက မျှတမှန်ကန်မှုရှိမည်ဟု ဆိုရပေမည်။ ထိုသို့ ပေါ်ပေါက်နေသော သက်သေခံချက်များရှိနေပါလျက် မူလခရိုင် တရားရုံးက မအဲစိန် (ခ) မဟဲစိန်၏ အသက်နှင့် ပတ်သက်၍ ကလေးသူငယ် နည်းဥပဒေနှင့်အညီ စိစစ်သုံးသပ် ဆုံးဖြတ်ခြင်း မပြုဘဲ (၁၆) နှစ်အောက်ဟုသာ ယေဘုယျသုံးသပ်ပြီး လူငယ်များသဘာဝ မဆင်မခြင် ဆောင်ရွက်မှုကြောင့် ဖြစ်ခဲ့ရသောမှုခင်းတစ်ရပ် ဖြစ်ကြောင်း ကောက်ယူသုံးသပ်ချက်သည် ဥပဒေနှင့်ညီညွတ်သည်ဟု မဆိုနိုင်ချေ။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုသည်။ အေးနော့အပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၆ နှင့် ပတ်သက်၍ အပြီးအပြတ် လွှတ်သော မူလခရိုင်တရားရုံးအမိန့်အား ပယ်ဖျက်လိုက်သည်။

အေးနော့အပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၆/၅၁၁ အရ အလုပ်နှင့် ထောင်ဒဏ် (၄) နှစ် (လေးနှစ်) ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

၎င်းမှာ အပြစ်ကျအကျဉ်းသားဖြစ်၍ ချုပ်ရက်ခံစားခွင့်မပြု။

+ ၂၀၀၉
မတ်လ

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

## တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်၏ရှေ့တွင်

## ရန်နိုင်ထွန်းပါ ၂
## နှင့်
## ပြည်ထောင်စုမြန်မာနိုင်ငံတော် *

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆ (ဂ) အရ ယခင်က ပြစ်ဒဏ်ကျခံခဲ့ဘူးသူ တရားခံအပေါ် ယင်းဥပဒေပုဒ်မ ၂၃ အရ ယခုအမှုတွင် ပုဒ်မ ၁၉ (က) နှင့် တွဲပြီး ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ။ အဆိုပါ ဥပဒေပုဒ်မ ၂၃ အရ ပြစ်ချက်ဟောင်းဖြင့် မည်သည့်အခါ အပြစ်ပေးနိုင်ခြင်း -**

**ဆုံးဖြတ်ချက်** ။ ။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေ၅၇ တွင် ပြစ်ချက်ဟောင်းအတွက် တရားစွဲဆိုခြင်း၊ စစ်ဆေးစီရင်ခြင်းများနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသည်။

နည်းဥပဒေ ၅၇ ၏ ဥပမာတွင် မောင်ဖြူသည် ယခင်က ဥပဒေပုဒ်မ ၁၆ (ဂ) အရ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိမှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည်။ ၎င်းအား နောက်တစ်ကြိမ် ထပ်မံ၍ ဘိန်းပင် စိုက်ပျိုးမှုဖြင့် ဥပဒေပုဒ်မ ၁၆ (ဂ) အရ တရားစွဲဆိုသည့်အခါ

---

* ၂၀၀၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၀၁ (ခ)။

\+ ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၆ တွင် ချမှတ်သော ၂၀-၈-၀၈ ရက်စွဲပါ တနင်္သာရီတိုင်းတရားရုံး ၏ အမိန့်ကို ပြင်ဆင်မှု။

ဥပဒေ ပုဒ်မ ၂၃ တို့ပါ ပူးတွဲ စွဲဆိုခြင်း မပြုနိုင်ကြောင်း ရှင်းလင်းထားသည်။ အဆိုပါ နည်းဥပဒေ ၅၇ (က) ၏ ဒုတိယဥပမာအရ ဆိုလျှင် ပုဒ်မ ၁၆ (ဂ) အရ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ပြီးနောက် မူးယစ်ဆေးဝါး ရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိလျှင်၊ သယ်ယူပို့ဆောင်လျှင်၊ တစ်ဆင့်ပေးပို့လျှင် သို့မဟုတ် လွှဲပြောင်းပေးလျှင် ၎င်းအား ပုဒ်မ ၁၉ (က) အရ အရေးယူ ရာ၌ ပုဒ်မ ၂၃ ကို ပူးတွဲခြင်း မပြုနိုင်ကြောင်း ရှင်းလင်းထားသည်။ ဆိုလိုရင်းမှာ ယခင်ပြစ်ချက်ဟောင်းနှင့် ထပ်မံကျူးလွန်သော အမှု သည် ပုဒ်မလည်း တူရမည့် အပြင် ပုဒ်မခွဲလည်း တူရမည်။

အဆိုပါ နည်းဥပဒေ ပြဋ္ဌာန်းချက်၊ ရှင်းလင်းချက်တို့အရ မူလ ခရိုင်တရားရုံးက တရားခံ ရန်နိုင်ထွန်းအား၊ ပုဒ်မ ၁၉(က)/၂၃ အရ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည် မှန်ကန်ခြင်း မရှိကြောင်း တွေ့ရှိရသည်။

လျှောက်ထားသူအတွက် - ဦးထွန်းသာမောင်
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် - ဦးမောင်မောင်ဖြူတင့်
ဒုတိယညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး

မြိတ်ခရိုင်တရားရုံး၏ ပြစ်မှုကြီးအမှတ် ၁/၂၀၀၈ အမှုတွင် တရားခံ ရန်နိုင်ထွန်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၅ အရ အလုပ်နှင့် ထောင်ဒဏ် (၃) နှစ်၊ ပုဒ်မ ၁၉/၂၃ အရ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်းကျခံစေရန်နှင့် တရားခံမြင့်ကိုအား ပုဒ်မ ၁၉ (က)

အရအလုပ်နှင့် ထောင်ဒဏ် (၁၈) နှစ် ကျခံစေရန် ချမှတ်သည့်အမိန့်တို့ကို တရားခံများက မကျေနပ်ကြ၍ တနင်္သာရီတိုင်းတရားရုံးသို့ အယူခံမှု တင်သွင်းရာ အောင်မြင်ခြင်း မရှိသဖြင့် တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ၁-၁၂-၀၇ ရက်နေ့ နံနက် (၉း ၄၀) အချိန်တွင် ခမရ ၅၅၆ တပ်ရင်းဂိတ် (၁) ၌ တာဝန်ကျနေသော တပ်ကြပ်သန်းထိုက်၊ ဒုတပ်ကြပ်သန်းစိုး၊ တပ်ကြပ်ကြီးသန်းလှတို့သည် ဆိုင်ကယ်စီးလာသူ မြင့်ကိုနှင့် ရန်နိုင်ထွန်းတို့အား ရှာဖွေရာ ဆိုင်ကယ်ဖင်ထိုင်ခုံအောက်မှ ဘိန်းစာမှုန့် (၂၉) ထုပ်၊ ဆိုင်ကယ်မောင်းသူမြင့်ကို၏ ခန္ဓာကိုယ်ပေါ်မှ ဘိန်းစာမှုန့် (၃၅) ထုပ်၊ ရန်နိုင်ထွန်း၏ ခန္ဓာကိုယ်ပေါ်မှ ဘိန်းစာမှုန့် (၅၁) ထုပ်၊ စုစုပေါင်း (၁၁၅) ထုပ်၊ အလေးချိန် (၁၁. ၉၂၀) ကီလိုဂရမ်တွေ့ရှိရသဖြင့် အဆိုပါ တပ်ရင်းမှ ဗိုလ်ကျော်သန့်ဇင်က တနင်္သာရီရဲစခန်းသို့ လွှဲပြောင်းပေးအပ်၍ စခန်းမှ နယ်ထိန်းတာဝန်ခံ ဒုရဲအုပ်အောင်မိုးလွင်က မြင့်ကိုနှင့် ရန်နိုင်ထွန်းတို့အား ဥပဒေအရ အရေးယူပေးရန် တိုင်ကြားသော အမှုဖြစ်သည်။

လျှောက်ထားသူများ၏ရှေ့နေက တရားခံများသည် လူကြုံများက ပေးအပ်၍ မိမိကိုယ်တိုင် ဘိန်းစာမှုန့်များဟု မသိဘဲ သယ်ဆောင်လာခြင်း ဖြစ်ပါကြောင်း တရားခံတို့၏ အစီအမံဖြင့် သယ်ဆောင်လာခြင်းမဟုတ်၍ ၎င်းတို့အား ပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှားယွင်းပါကြောင်း၊ တရားခံ ရန်နိုင်ထွန်းသည် ယခင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၆ (ဂ) အရ ထောင်ဒဏ် (၅) နှစ် ပြစ်ဒဏ်ချမှတ်ခြင်း ခံရဘူးပါကြောင်း၊ အဆိုပါဥပဒေပုဒ်မ ၁၉ (က) အရ ယခုအမှုကို ကျူးလွန်သည်ဆိုလျှင်လည်း ပုဒ်မ ၂၃ ဖြင့် တွဲ၍ တရားခံရန်နိုင်ထွန်းအပေါ် နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်းမရှိပါကြောင်း၊ မူလ

ခရိုင်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော တနင်္သာရီ တိုင်းတရားရုံး၏ အမိန့်တို့ကို ပယ်ဖျက်ပြီး ပြစ်ဒဏ်များကို ပြင်ဆင် ချမှတ်ပေးရန် လျှောက်လဲတင်ပြသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက တရားခံမြင့်ကိုနှင့် ရန်နိုင်ထွန်းတို့သည် မူးယစ်ဆေးဝါးဖြစ်သည့် ဘိန်းစာမှုန့်များကို လက်ဝယ်ထားသည်မှာ အငြင်းမပွား ပေါ်ပေါက်ကြောင်း ၎င်းတို့ထံမှ ရှာဖွေသိမ်းဆည်းခဲ့သည့် ဘိန်းစာမှုန့်ထုပ် (၁၁၅) ထုပ် အလေးချိန် (၁၁. ၉၂၀) ကီလိုဂရမ် ဖြစ်၍ ၎င်းတို့မသိနိုင်ရန်အကြောင်း မရှိပါကြောင်း၊ တရားခံများ အပေါ် ပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်သည်မှာ မှန်ကန်ပါ ကြောင်း တရားခံ ရန်နိုင်ထွန်းသည် ယခင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၆ (ဂ) အရ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် ပြစ်ဒဏ်ကျခံပြီးဖြစ်၍ ပုဒ်မ ၂၃ အရ ယခုအမှုတွင် ပုဒ်မ ၁၉ (က) နှင့်တွဲပြီး ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်ပါ၍ လျှောက်ထားသူများ၏ ပြင်ဆင်မှုကို ပလပ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲရှိ သက်သေခံချက်များ၊ အထောက်အထားများ အရ တရားခံမြင့်ကို မောင်းနှင်လာပြီး တရားခံ ရန်နိုင်ထွန်းက နောက်မှ စီးနင်းလာရာ ဆိုင်ကယ် ဖင်ထိုင်ခုံအတွင်းနှင့် ၎င်းတို့၏ ကိုယ်ပေါ်မှ ဘိန်းစာမှုန့်ထုပ် စုစုပေါင်း (၁၁၅) ထုပ် အလေးချိန် (၁၁. ၉၂၀) ကီလိုဂရမ် တွေ့ရှိသိမ်းဆည်းရမိသည်မှာ ထင်ရှား ပေါ်ပေါက်သည်။ တရားခံတို့က အဆိုပါပစ္စည်းများကို လူကြုံပေးလိုက်ကြောင်း တင်ပြထုချေကြသော်လည်း လက်ခံရန် အကြောင်း မရှိပေ။ တရားခံတို့သည် ဘိန်းစာမှုန့်များကို ရောင်းချရန် အလို့ငှာ သယ်ဆောင်လက်ဝယ်ထားကြောင်း ထင်ရှားပေါ်ပေါက် သည်။ ၎င်းတို့အပေါ် မူလခရိုင်တရားရုံးက မူးယစ်ဆေးဝါးနှင့်

စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှား တွေ့ရှိခြင်းမှာ မှားယွင်းမှုမရှိပေ။

အမှုတွင် ဒေါက်တာ အောင်ရဲသူ (လိုပြ ၆) ၏ ထွက်ချက်အရ တရားခံရန်နိုင်ထွန်း၏ ဆီးတွင် ဘိန်းစာစမ်းသပ်တွေ့ရှိကြောင်း တွေ့ရှိရ၍ မူးယစ်ဆေးဝါးသုံးစွဲသည်ဟု ပေါ်ပေါက်သဖြင့် ရန်နိုင်ထွန်းသည် သက်ဆိုင်ရာဌာနတွင် မှတ်ပုံတင်ခြင်း မရှိ၍ အဆိုပါဥပဒေ ပုဒ်မ ၁၅ အရ ပြစ်မှုကို ကျူးလွန်ကြောင်း ထင်ရှားသည်။ မူလခရိုင်တရားရုံးကလည်း ၎င်းအား အဆိုပါဥပဒေ ပုဒ်မ ၁၅ အရ ပြစ်မှုထင်ရှားတွေ့ရှိ၍ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ် မှန်ကန်ပေသည်။

တရားခံရန်နိုင်ထွန်းအား မူလခရိုင်တရားရုံးက ပြစ်ချက်ဟောင်းရှိသည်ဟုဆိုကာ အဆိုပါဥပဒေပုဒ်မ ၂၃ ဖြင့်တွဲပြီး အပြစ်ပေးခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်း ရှိ မရှိ စိစစ်ရန် ဖြစ်သည်။

အမှုတွင် သက်သေခံ (ဆ) ဖြစ်သည့် ရဲပုံစံ ၃၁ အရ တရားခံရန်နိုင်ထွန်းသည် မြိတ်ခရိုင်တရားရုံး၏ ပြစ်မှုကြီးအမှတ် ၂၇/၀၅ အမှုတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၆ (ဂ) အရ ၆-၁-၂၀၀၆ ရက်နေ့ တွင် အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း တွေ့ရှိရသည်။ မူလခရိုင်တရားရုံးက ယင်းပုဒ်မ ၁၆ (ဂ) အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသဖြင့် ၎င်းအပေါ် အဆိုပါဥပဒေ ပုဒ်မ ၂၃ အရ စွဲချက်တင်ရာ စွဲချက်အပေါ် တစ်စုံတစ်ရာ ထုချေခြင်းမရှိဟု

သုံးသပ်ကာ တရားခံရန်နိုင်ထွန်းအပေါ် ပုဒ်မ ၁၉ (က)/၂၃ အရ နှစ်အကန့်အသတ်မရှိထောင်ဒဏ် ကျခံစေရန် ချမှတ်ခဲ့ကြောင်း တွေ့ရှိရသည်။

၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၅၇ တွင် ပြစ်ချက်ဟောင်းအတွက် တရားစွဲဆိုခြင်း၊ စစ်ဆေးစီရင်ခြင်းများနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသည်။

နည်းဥပဒေ ၅၇ ၏ ဥပမာတွင် မောင်ဖြူသည် ယခင်က ဥပဒေ ပုဒ်မ ၁၆ (ဂ) အရ ဆေးဝါးလက်ဝယ်ထားရှိမှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည်။ ၎င်းအား နောက်တစ်ကြိမ် ထပ်မံ၍ ဘိန်းပင် စိုက်ပျိုးမှုဖြင့် ဥပဒေပုဒ်မ ၁၆ (ဂ) အရ တရားစွဲဆိုသည့်အခါ ဥပဒေ ပုဒ်မ ၂၃ ကိုပါ ပူးတွဲစွဲဆိုခြင်းမပြုနိုင်ကြောင်း ရှင်းလင်းထားသည်။ အဆိုပါ နည်းဥပဒေ ၅၇ (က) ၏ ဒုတိယဥပမာအရ ဆိုလျှင် ပုဒ်မ ၁၆ (ဂ) အရ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်း ခံခဲ့ရပြီးနောက် မူးယစ်ဆေးဝါးကို ရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိလျှင်၊ သယ်ယူပို့ဆောင်လျှင်၊ တစ်ဆင့်ပေးပို့လျှင် သို့မဟုတ် လွှဲပြောင်း ပေးလျှင် ၎င်းအား ပုဒ်မ ၁၉ (က) အရ အရေးယူရာ၌ ပုဒ်မ ၂၃ ကို ပူးတွဲခြင်း မပြုနိုင်ကြောင်း ရှင်းလင်းထားသည်။ ဆိုလိုရင်းမှာ ယခင် ပြစ်ချက်ဟောင်းနှင့် ထပ်မံကျူးလွန်သော အမှုသည် ပုဒ်မလည်း တူရမည့်အပြင် ပုဒ်မခွဲလည်းတူရမည်။

၂၀၀၉
ရန်နိုင်ထွန်းပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

အဆိုပါနည်းဥပဒေ ပြဋ္ဌာန်းချက်၊ ရှင်းလင်းချက်တို့အရ မူလခရိုင်တရားရုံးက တရားခံ ရန်နိုင်ထွန်းအား ပုဒ်မ ၁၉ (က)/၂၃ အရ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည် မှန်ကန်ခြင်း မရှိကြောင်းတွေ့ရှိရသည်။ တရားခံမြင့်ကိုအပေါ် အဆိုပါ ဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေနှင့် ညီညွတ်မှန်ကန်သည်။ သို့ဖြစ်၍ မူလခရိုင်တရားရုံး၏ တရားခံရန်နိုင်ထွန်းအပေါ် ချမှတ်သည့် အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော တနင်္သာရီတိုင်းတရားရုံး၏ အမိန့်တို့သည် မှန်ကန်ခြင်းမရှိ၍ အဆိုပါအမိန့်တို့အပေါ် ဝင်ရောက်စွက်ဖက်ရပေမည်။

ထို့ကြောင့် ဤပြစ်မှုဆိုင်ရာပြင်ဆင်မှုကို တစ်စိတ်တစ်ဒေသခွင့်ပြုသည်။ မူလမြိတ်ခရိုင်တရားရုံးက တရားခံမြင့်ကိုအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ (က) အရ အလုပ်နှင့်ထောင်ဒဏ် (၁၈) နှစ်ကျခံစေရန် ချမှတ်သည့်အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော တနင်္သာရီတိုင်းတရားရုံး၏ အမိန့်တို့ကို ဆက်လက်အတည်ပြုသည်။ တရားခံရန်နိုင်ထွန်းအား အဆိုပါဥပဒေ ပုဒ်မ ၁၅ အရ အလုပ်နှင့် ထောင်ဒဏ် (၃) နှစ် ကျခံစေ၇န် ချမှတ်သည့် အမိန့်ကို ဆက်လက် အတည်ပြုပြီး ၎င်းအား ပုဒ်မ ၁၉(က)/၂၃ အရ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ကျခံစေရန် ချမှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး ၎င်းအား ပုဒ်မ ၁၉ (က) အရ အလုပ်နှင့် ထောင်ဒဏ် (၁၈) နှစ် (တစ်ဆယ့်ရှစ်နှစ်တိတိ) ကျခံစေရန်နှင့် ပြစ်ဒဏ်နှစ်ရပ်ကို သီးခြားစီကျခံစေရန် ပြင်ဆင်ချမှတ်လိုက်သည်။

+ ၂၀၀၉
ဒီဇင်ဘာလ
၁၁ ရက်

**ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ**

**တရားရုံးချုပ်တရားသူကြီး ဦးကျော်ဝင်း၏ရှေ့တွင်**

**မသီတာအေး (ခ) မနွယ်**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ -၂ ***

**ရဲအရေးမပိုင်မှု စွဲဆိုချက်ဖြင့် တိုင်တန်းမှုသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄ (၁) (ဇ) တွင် ဖော်ပြ ထားသော တိုင်တန်းချက် မဟုတ်၍ ယင်းဥပဒေပုဒ်မ ၁၉၅ (၁) (က) တွင် အကျုံးဝင်မှုမရှိခြင်း။**

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (က) တွင် ပြဋ္ဌာန်းထားချက်ကို ဆန့်ကျင် ဆောင်ရွက်ခဲ့ခြင်းအား ဖြည့်စွက်ကုစားနိုင်သည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၃၇ ၌ ပြဋ္ဌာန်း ထားခြင်း မရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၇၂ မှ ၁၈၈ ထိ ပြစ်ဒဏ်စီရင်ထိုက်သော ပြစ်မှုတစ်စုံတစ်ရာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း၏ သို့မဟုတ် ၎င်းအထက် ပြည်သူ့ဝန်ထမ်း၏စာဖြင့် ရေးသား တိုင်တန်းချက်အရ မဟုတ်လျှင် အဆိုပါ ပြစ်မှုများကို မည်သည့် တရားရုံးကမျှ လက်ခံအရေးယူ ပိုင်ခွင့်မရှိကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၁၉၅ (၁) (က) တွင် ပြဋ္ဌာန်း ထားသည်။

---

* ၂၀၀၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ အမှတ် ၇၅။

\+ ညောင်ရွှေမြို့နယ်တရားရုံး၏ ၂၀၀၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၉၅ အမှုတွဲအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁ - က အရ ချေဖျက်ပေးရန် လျှောက်ထားမှု ။

ဒုရဲအုပ်ခင်မောင်လွင်က သက်ဆိုင်ရာ ညောင်ရွှေမြို့နယ်တရားရုံးသို့ စာဖြင့် ရေးသား တိုင်လျှောက်ချက် ပြုခဲ့ခြင်းမဟုတ်ဘဲ ရဲစခန်းသို့တိုင်ကြားပြီး ရဲစခန်းက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၀ (၁) (ခ) အရ ရဲအစီရင်ခံ စာအပေါ် လက်ခံဆောင်ရွက်ထားခြင်း ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄ (၁) (ဇ) တွင် "တိုင်တန်းချက်" ဆိုသည်မှာ ပြစ်မှုကျူးလွန်သူကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ရာဇဝတ် တရားသူကြီးထံ ဤဥပဒေအရ အရေးယူဆောင်ရွက်စေရန် နှုတ်ဖြင့်သော် လည်းကောင်း၊ စာဖြင့်သော် လည်းကောင်း ပြစ်မှု ကျူးလွန်ကြောင်း တိုင်တန်းချက်ကိုဆိုသည်။ သို့သော် ၎င်းစကားရပ်တွင် ရဲအရာရှိတစ်ဦး၏ အစီရင်ခံစာ မပါဝင်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ ယင်းအဓိပ္ပါယ်ဖွင့်ဆိုချက်အရ ရဲစွဲချက်ပုံစံဟု ခေါ်သော ရဲအစီရင်ခံစာသည် တိုင်တန်းချက် မဟုတ်သည်မှာ ယုံမှားဖွယ် မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၇ (က) သည် တိုင်တန်းချက်၊ သမ္မာန်စာ၊ ဝရမ်း၊ စွဲချက်၊ ထုတ်ပြန်ကြေညာချက်၊ အမိန့်၊ စီရင်ချက်တွင်သော်လည်းကောင်း၊ အခြားမှုခင်းကိစ္စများ ဆောင်ရွက်ချက်တွင်သော်လည်းကောင်း စစ်ဆေးစီရင်ခြင်း မပြုမီ သို့မဟုတ် စစ်ဆေးစီရင်ဆဲအတွင်း ဤကျင့်ထုံးဥပဒေအရ စုံစမ်းစစ်ဆေးမှု တစ်ရပ်ရပ်တွင်သော်လည်းကောင်း၊ အခြားမှုခင်းကိစ္စများ ဆောင်ရွက်မှုတွင်သော်လည်းကောင်း တစ်စုံတစ်ရာမှားယွင်းမှု၊ ပျက်ကွက်မှု သို့မဟုတ် နည်းလမ်းမကျမှုကြောင့် အဆိုပါ မှားယွင်းမှု၊ ပျက်ကွက်မှု၊ နည်းလမ်းမကျမှု သို့မဟုတ် မှားယွင်းညွှန်ကြားချက်သည် တရားမျှတမှု အမှန်တကယ် ကင်းမဲ့သွားစရာ အကြောင်းမဖြစ်ပေါ်စေပါက စီရင်ပိုင်ခွင့်အာဏာရရှိသည့် တရားရုံးတစ်ရုံးက ချမှတ်ထားသည့် မည်သည့်ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်

သို့မဟုတ် အမိန့်ကို မည်သည့်အခါ ပယ်ဖျက်ပြောင်းလဲနိုင်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ ဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းကို အကာအကွယ်ပေးရန် မဟုတ်ချေ။ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၇ ၏ အကာအကွယ်ကို ပေးမည်ဆိုပါက ဥပဒေ၏ ရည်ရွယ်ချက် အနှစ်သာရမှာ အဟောသိကံ ဖြစ်ပေလိမ့်မည်။

လျှောက်ထားသူအတွက် - ဦးခင်မောင်ဇော်
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူ(၁)အတွက် - ဦးမြင့်သိန်းထွန်း
လက်ထောက်ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံးခွဲ၊ မန္တလေးမြို့

အလျှောက်ထားခံရသူ(၂)အတွက် - ကိုယ်တိုင် (မလာ)

ညောင်ရွှေမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၉၅/၂၀၀၉ တွင် လျှောက်ထားခံရသူ (၂) ဒုရဲအုပ်ခင်မောင်လွင်က လျှောက်ထားသူ မသီတာအေး (ခ) မနွယ်အား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၀၊ ပုဒ်မ ၁၈၆ တို့အရ အရေးယူပေးပါရန် ညောင်ရွှေ ရဲစခန်းတွင် ပထမသတင်းပေးတိုင်ချက် ရေးဖွင့်တိုင်ကြားခဲ့မှု ဖြစ်သည်။

အမှုမှာ ၃၁-၅-၀၉ ညနေ (၁၄ း ၃၀) နာရီ အချိန်က ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်ခင်မောင်လွင်နှင့်အဖွဲ့သည် ညောင်ရွှေမြို့၊ မြို့မဈေးအတွင်းရှိ အထည်ဆိုင်ကို လောင်းကစား ဝရမ်းဖြင့် ရှာဖွေဖမ်းဆီးရာ ချဲထီလောင်းကစားရာတွင် အသုံးပြုသော

၂၀၀၉
မသီတာအေး
(ခ) မနွယ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

လောင်းကစား ပစ္စည်းများနှင့် ငွေများရှာဖွေ သိမ်းဆည်းရမိခဲ့ပြီး ရှာဖွေပုံစံပေါ်တွင် လျှောက်ထားသူ မသီတာအေး (ခ) မနွယ်အား လက်မှတ်ထိုးခိုင်းရာ လက်မှတ်မထိုးသည့်အပြင် သက်သေခံပစ္စည်းများကို ပြန်လည်လုယူခြင်း၊ ရှာဖွေသူများကို တိုင်ကြားမည်ဟု ခြိမ်းခြောက်ခြင်းစသည့် တာဝန်ဝတ္တရားများကို နှောက်ယှက်သည့် အပြုအမူများကို ပြောဆိုခဲ့သဖြင့် ဥပဒေနှင့်အညီ တာဝန်ဝတ္တရား ဆောင်ရွက်ခြင်းကို နှောက်ယှက် ဖျက်ဆီး ပြောဆိုပြုမူသူ မသီတာအေး (ခ) မနွယ်အား ဥပဒေအရ အရေးယူပေးရန် ဒုရဲအုပ်ခင်မောင်လွင်က ညောင်ရွှေရဲစခန်းတွင် ပထမသတင်းပေး တိုင်ချက် ရေးဖွင့်တိုင်တန်းမှုဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက ဒုရဲအုပ်ခင်မောင်လွင်သည် အချင်းဖြစ် အမှုကို ညောင်ရွှေရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခြင်း ဖြစ်ကြောင်း၊ ညောင်ရွှေရဲစခန်းက အမှုကို လက်ခံရေးဖွင့်၍ လျှောက်ထားသူအား တရားရုံးသို့ ခေါ်ယူပြီး တရားစွဲဆိုခဲ့ခြင်း ဖြစ်ကြောင်း၊ တရားလိုကိုယ်တိုင်က မြို့နယ်တရားရုံးတွင် စာဖြင့် ရေးသားတိုင်ကြားခဲ့ခြင်း မဟုတ်ကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (က) တွင် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၇၂ မှ ၁၈၈ ထိ ပြစ်ဒဏ်စီရင်ထိုက်သော အမှုကို သက်ဆိုင်ရာ ပြည်သူ့ ဝန်ထမ်း သို့မဟုတ် ၎င်း၏အထက် ပြည်သူ့ဝန်ထမ်း၏ စာဖြင့်ရေးသား တိုင်ကြားချက်အရ မဟုတ်လျှင် အရေးယူ ဆောင်ရွက်ခြင်း မပြုရဟု ပြဋ္ဌာန်းထားကြောင်း၊ ညောင်ရွှေမြို့နယ်

တရားရုံးသည် ဒုရဲအုပ်ခင်မောင်လွင်၏ တရားရုံးသို့ စာဖြင့်ရေးသား တိုင်လျှောက်ချက်ကို အရေးယူခြင်း မဟုတ်ဘဲ ရဲစခန်းက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၀ (၁) (ခ) ရဲအစီရင်ခံစာအရ လက်ခံဆောင်ရွက်ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (က) နှင့် ညီညွတ်မှု မရှိဘဲ မှားယွင်းကြောင်း၊ အမှုအား ဆက်လက်စစ်ဆေး ဆုံးဖြတ်မည် ဆိုပါက တရားမျှတမှု ဖြစ်ပေါ် စေရန်အကြောင်းများ ပေါ်ပေါက်မှု မရှိနိုင်၍ ယခုအမှုအား ချေဖျက် ပေးပါရန် လျှောက်ထား တင်ပြသည်။

ရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက ညောင်ရွှေ မြို့နယ်တရားရုံးတွင် ညောင်ရွှေရဲစခန်းမှတစ်ဆင့် ရဲအရေးမပိုင်မှု ပုံစံဖြင့် ဒုရဲအုပ်ခင်မောင်လွင်က စာဖြင့်ရေးသားတိုင်တန်းချက်ကို ပေးပို့ တိုင်တန်းခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (က) နှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ကြောင်း၊ မူလမြို့နယ် တရားရုံးမှလည်း တရားလိုပြသက်သေများနှင့် တရားခံပြ သက်သေများကို အခွင့်အရေးအပြည့်အဝ ပေးပြီး စစ်ဆေးထားသည် ဖြစ်၍ တရားမျှတမှု ကင်းမဲ့နိုင်သည့် အခြေအနေမရှိကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁ - က အရ အမှုတွဲ ချေဖျက်ပေးပါရန် မသီတာအေး (ခ) မန္တယ်၏ လျှောက်ထားချက်အား ပလပ်သင့်ပါကြောင်း တင်ပြလျှောက်ထားသည်။

လျှောက်ထားခံရသူ (၂) ဒုရဲအုပ်ခင်မောင်လွင်သည် အကြောင်းကြားစာ အတည်ဖြစ်သော်လည်း ရုံးရှေ့သို့လာရောက် လျှောက်လဲတင်ပြခြင်း မရှိပေ။

မူလရုံးအမှုတွဲအား လေ့လာစိစစ်ရာတွင် အမှုမှာ ၃၁-၅-၂၀၀၉ ညနေ (၁၄ း ၃၀) နာရီအချိန်က ရှမ်းပြည်နယ်

ရဲတပ်ဖွဲ့မှူး ရုံးမှ ဒုရဲအုပ်ခင်မောင်လွင်နှင့် အဖွဲ့တို့က ညောင်ရွှေမြို့၊ မြို့မဈေး အတွင်းရှိ အထည်ဆိုင်ကို လောင်းကစားဝရမ်းဖြင့် ရှာဖွေဖမ်းဆီးရာ ချဲထီလောင်းကစားရာတွင် အသုံးပြုသော လောင်းကစားပစ္စည်းများနှင့် ငွေများရှာဖွေ သိမ်းဆည်းရမိခဲ့ပြီး ရှာဖွေပုံစံပေါ်တွင် လျှောက်ထားသူ မသီတာအေး (ခ) မနွယ်အား လက်မှတ်ထိုးခိုင်းရာ လက်မှတ် မထိုးသည့်အပြင် သက်သေခံ ပစ္စည်းများကို ပြန်လည်လုယူခြင်း၊ ရှာဖွေသူများကို တိုင်ကြားမည်ဟု ခြိမ်းခြောက်ခြင်းစသည့် တာဝန်ဝတ္တရားများကို နှောက်ယှက်သည့် အပြုအမူများကို ပြောဆိုခဲ့သဖြင့် ဥပဒေနှင့်အညီ တာဝန်ဝတ္တရား ဆောင်ရွက်ခြင်းကို နှောက်ယှက်ဖျက်ဆီး ပြောဆို ပြုမူသူ မသီတာအေး (ခ) မနွယ်အား ဥပဒေအရ အရေးယူရန် ဒုရဲအုပ် ခင်မောင်လွင်က ညောင်ရွှေရဲစခန်းတွင် ပထမသတင်းပေးတိုင်ချက် ရေးဖွင့် အရေးယူခဲ့သော အမှုဖြစ်သည်။

အဆိုပါအမှုအား ဒုရဲအုပ်ခင်မောင်လွင်မှ ညောင်ရွှေ ရဲစခန်းတွင် ပထမသတင်းပေးတိုင်ချက် ရေးဖွင့်၍ ညောင်ရွှေရဲစခန်းမှ ရဲအရေးမပိုင်မှု စွဲဆိုချက်ဖြင့် မြို့နယ်ဥပဒေရုံးမှတစ်ဆင့် တရားခံ မသီတာအေး (ခ) မနွယ် အား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၀၊ ပုဒ်မ ၁၈၆ အရ အရေးယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၂ မှ ၁၈၈ ထိ ပြစ်ဒဏ်စီရင် ထိုက်သော ပြစ်မှုတစ်စုံတစ်ရာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း၏ သို့မဟုတ် ၎င်းအထက် ပြည်သူ့ဝန်ထမ်း၏ စာဖြင့်ရေးသား တိုင်တန်းချက်အရ မဟုတ်လျှင် အဆိုပါပြစ်မှုများကို မည်သည့် တရားရုံးကမျှ လက်ခံအရေးယူပိုင်ခွင့်မရှိကြောင်း ပြစ်မှုဆိုင်ရာ

ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (က) တွင် ပြဋ္ဌာန်းထားသည်။

ဒုရဲအုပ်ခင်မောင်လွင်က သက်ဆိုင်ရာ ညောင်ရွှေမြို့နယ် တရားရုံးသို့ စာဖြင့်ရေးသား တိုင်လျှောက်ချက်ပြုခဲ့ခြင်း မဟုတ်ဘဲ ရဲစခန်းသို့ တိုင်ကြားပြီး ရဲစခန်းက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၀ (၁) (ခ) အရ ရဲအစီရင်ခံစာအပေါ်တွင် လက်ခံဆောင်ရွက်ထားခြင်း ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄ (၁) (ဇ) တွင် "တိုင်တန်းချက်" ဆိုသည်မှာ ပြစ်မှုကျူးလွန်သူကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ရာဇဝတ် တရားသူကြီးထံ ဤဥပဒေအရ အရေးယူဆောင်ရွက်စေရန် နှုတ်ဖြင့်သော် လည်းကောင်း၊ စာဖြင့်သော် လည်းကောင်း ပြစ်မှုကျူးလွန်ကြောင်း တိုင်တန်းချက်ကိုဆိုသည်။ သို့သော် ၎င်းစကားရပ်တွင် ရဲအရာရှိတစ်ဦး၏ အစီရင်ခံစာ မပါဝင်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ ယင်းအဓိပ္ပါယ်ဖွင့်ဆိုချက်အရ ရဲစွဲချက်ပုံစံဟုခေါ်သော ရဲအစီရင်ခံစာသည် တိုင်တန်းချက် မဟုတ်သည်မှာ ယုံမှားဘွယ်မရှိပေ။ ရဲအစီရင်ခံစာသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄ (၁) (ဇ) အတွင်း ကျရောက်သော တိုင်တန်းချက် (Complaint) မဟုတ်ကြောင်းကို **ဂျက်ဒီယိုပန်ဒေး နှင့် အင်၊ ဆီ၊ ဟီးလ်** [၁] စီရင်ထုံးတွင်လည်း ပြဆိုထားသည်။

**ဦးညဏ်ပါ၂ နှင့် ဦးမောင်မောင်ကြီး** [၂] အမှုတွင်

---

**၁။ ၁၉၃၈ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ - ၁၅၀။**

**၂။ ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၄၀။**

၂၀၀၉

မသီတာအေး

(ခ) မနွယ်

နှင့်

ပြည်ထောင်စု

မြန်မာနိုင်ငံတော်

ပါ ၂

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (က)၊ ပုဒ်မ ၁၉၅ (၁)(ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၈၂ နှင့် ပုဒ်မ ၂၁၁ အရ စွဲဆိုသောအမှုကို ချေဖျက်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၇၂ မှ ၁၈၈ ထိ ပြစ်ဒဏ် စီရင်ထိုက်သော ပြစ်မှုများကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း သို့မဟုတ် ၎င်း၏အထက် ပြည်သူ့ဝန်ထမ်းက စာဖြင့် ရေးသား တိုင်ကြားချက်အရ မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်း မပြုရဟု ပြဋ္ဌာန်းထားသော်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၇ အရ ကုစားနိုင်ကြောင်း တင်ပြသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၇ (က) သည် တိုင်တန်းချက်၊ သမ္မာန်စာ၊ ဝရမ်း၊ စွဲချက်၊ ထုတ်ပြန် ကြေညာချက်၊ အမိန့်၊ စီရင်ချက်တွင်သော်လည်းကောင်း၊ အခြားမှုခင်းကိစ္စများ ဆောင်ရွက်ချက်တွင်သော်လည်းကောင်း၊ စစ်ဆေးစီရင်ခြင်း မပြုမီ သို့မဟုတ် စီရင်ဆဲအတွင်း ဤကျင့်ထုံးဥပဒေအရ စုံစမ်းစစ်ဆေးမှု တစ်ရပ်ရပ်တွင်သော်လည်းကောင်း၊ အခြားမှုခင်းကိစ္စများ ဆောင်ရွက်မှုတွင်သော်လည်းကောင်း၊ တစ်စုံတစ်ရာ မှားယွင်းမှု၊ ပျက်ကွက်မှု သို့မဟုတ် နည်းလမ်းမကျမှုကြောင့် အဆိုပါ မှားယွင်းမှု၊ ပျက်ကွက်မှု၊ နည်းလမ်းမကျမှု သို့မဟုတ် မှားယွင်း ညွှန်ကြားချက်သည် တရားမျှတမှု အမှန်တကယ် ကင်းမဲ့သွားစရာအကြောင်း မဖြစ်ပေါ်စေပါက စီရင်ပိုင်ခွင့်

အာဏာရရှိသည့် တရားရုံးတစ်ရုံးက ချမှတ်ထားသည့် မည်သည့် ဆုံးဖြတ်ချက်၊ ပြစ်ဒဏ် သို့မဟုတ် အမိန့်ကို မည်သည့်အခါ ပယ်ဖျက်ပြောင်းလဲနိုင်ကြောင်းကို ဆိုလိုခြင်း ဖြစ်သည်။ ဥပဒေ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းကို အကာအကွယ် ပေးရန် မဟုတ်ချေ။ ဥပဒေနှင့်အညီ လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၇ ၏ အကာအကွယ်ကို ပေးမည်ဆိုပါက ဥပဒေ၏ ရည်ရွယ်ချက် အနှစ်သာရမှာ အဟောသိကံ ဖြစ်ပေလိမ့်မည်။

အထက်ပါအကြောင်းများကြောင့် မသီတာအေး (ခ) မန္တယ်၏ လျှောက်ထားလွှာကို ခွင့်ပြု၍ ၎င်းအပေါ် စွဲဆိုထားသော ညောင်ရွှေ မြို့နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၉၅/၂၀၀၉ ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁ - က အရ ချေဖျက်လိုက်သည်။

# ၂၀၀၉ ခုနှစ်

# တရားမဆိုင်ရာအမှုများ

# တရားမဆိုင်ရာအမှုများ

ဥပဒေများ -

- ကာလစည်းကမ်းသတ်ဥပဒေ

- တရားမကျင့်ထုံးဥပဒေ

- မြန်မာဝလေ့ထုံးတမ်းဥပဒေ

- အမွေဆက်ခံခြင်းအက်ဥပဒေ

## နောက်ထပ် တင်သွင်းသော ဇာရီမှု၏ စည်းကမ်းသတ်ကာလကို မည်သည့် အခါကစ၍ ရေတွက်ရခြင်း။

**ဆုံးဖြတ်ချက်** ။ ။ ဇာရီမှုကို တရားနိုင်က ရုပ်သိမ်းလိုက်ခြင်းကြောင့်ဖြစ်စေ၊ တရားရုံးက အကြောင်းတစ်ခုခုကြောင့် ပလပ်လိုက်ခြင်းကြောင့်ဖြစ်စေ၊ ဇာရီမှု ဆုံးခန်းတိုင်သွားခြင်းများ မဖြစ်သေးမီအထိ တို့ အပါအဝင် ဒီကရီကို အတည်ပြုသော လျှောက်ထားမှု တရားရုံးတွင် တည်ရှိနေသမျှကာလပတ်လုံး သို့မဟုတ် ဇာရီမှု၏ အဆင့်တစ်ဆင့်ကို ဥပဒေနှင့်အညီ ဆောင်ရွက်ဆဲရှိနေသမျှ ကာလပတ်လုံး နောက်ဇာရီမှုအတွက် ကာလစည်းကမ်းသတ် စတင် ရေတွက်မှု မဖြစ်ပေါ်သေးချေ။

တစ်နည်းအားဖြင့် တရားနိုင်က ယခင်ဇာရီမှု ရုပ်သိမ်းလိုက်သည်နှင့် တစ်ပြိုင်နက်သော်လည်းကောင်း၊

(ကခ) ညွှန်းချက်

တစ်နည်းနည်းကြောင့် တရားရုံးက ယခင်ဇာရီမှု ပလပ်သည်နှင့် စာမျက်နှာ တစ်ပြိုင်နက်သော်လည်းကောင်း၊ နောက်ထပ်တင်သွင်းသော ဇာရီမှုအတွက် ကာလစည်းကမ်းသတ် စတင်ရေတွက်ရကြောင်း ပြဆိုထားခြင်းဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ အထက်ပါအချက်များအရ နောက်ထပ် တင်သွင်းသည့် ဇာရီမှု၏ စည်းကမ်းသတ်ကာလသည် ၎င်းရှေ့ ကျသော ဇာရီမှုကို တရားနိုင် မလာမရောက် ပျက်ကွက်ခြင်းကြောင့် ပလပ်လိုက်သည့်နေ့ရက်က စတင်ရေတွက်ရန်ဖြစ်ပြီး ကော်မရှင်နာ ခန့်အပ်သော အမိန့်ချမှတ်သည့်နေ့ရက်မှ စတင်ရေတွက်ရန် မဟုတ်ချေ။



**အပေါင်ပစ္စည်း မပါသည့် ယာယီစာရင်းပို ထုတ်ချေးငွေဖြင့် ချေးယူထားသော ချေးငွေနှင့် အတိုးအပါအဝင် ဝန်ဆောင်စရိတ်များ ရရန်စွဲဆိုမှုတွင် တရားရုံးက ငွေဒီကရီ ချမှတ်ခြင်း မရှိဘဲ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်းဥပဒေ ၃ အရ အပေါင်ဆိုင်ရာ ပဏာမ ဒီကရီ ချမှတ်ခဲ့ခြင်းသည် မှန်ကန်ခြင်း ရှိ၊ မရှိ၊ ခွင့်ပြုနိုင်သော အတိုးနှုန်း။**

**ဆုံးဖြတ်ချက်**။ ။ မူလမှုတရားပြိုင်တို့က ငွေချေးယူခဲ့ခြင်းမှာ ယာယီ စာရင်းပို ထုတ်ချေး ငွေမှ လူပုဂ္ဂိုလ်အာမခံအမှတ် (အယ်လ် - ၁၃) ဖြင့် ဒေါ်ဥမ္မာဦးက အာမခံအဖြစ် သက်သေခံ (စ) တွင် လက်မှတ်ရေးထိုး ချုပ်ဆိုချေးယူခဲ့ခြင်း ဖြစ်သည်။ အပေါင်ဆိုင်ရာ

ဥပဒေ ပြဋ္ဌာန်းချက်ဖြစ်သည့် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄ ၏ ခေါင်းစဉ်မှာ (Suits relating to Mortgages of Immoveable Property) မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် ပြဋ္ဌာန်းထားခြင်းသာ ဖြစ်သည်။ စာမျက်နှာ

မရွှေ့မပြောင်းနိုင်သောပစ္စည်း ပေါင်နှံခြင်းနှင့် ပတ်သက်ပြီး ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေ ပုဒ်မ ၅၈ တွင် ဖော်ပြထားသည်။ ထိုပြဋ္ဌာန်းချက်များအရ မရွှေ့မပြောင်းနိုင်သောပစ္စည်း ပေါင်နှံခြင်း မြောက်ပါက အပေါင်ပစ္စည်းအပေါ် အရေးယူနိုင်၍ တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၄ အရ ရွေးနှုတ်ခွင့် ပိတ်ပင်ရန်သော်လည်းကောင်း၊ ရောင်းချရန်သော်လည်းကောင်း၊ ရွေးနှုတ်ခွင့်ပြုရန်သော်လည်း ကောင်း တရားစွဲဆို၍ ဒီကရီ ချပေးရန် တောင်းဆိုနိုင်သည်။ အပေါင်ပစ္စည်း ရောင်းချပေးစေလိုမှုတွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄ နည်း ၃ အရ ဒီကရီ ချမှတ်၍ အပေါင်ပစ္စည်းအပေါ် အရေးယူ ဆောင်ရွက်နိုင်သည်။

မော်တော်ယာဉ်အမှတ် ၃က/၈၈၀၂ ၏ ယာဉ်မှတ်ပုံတင် စာအုပ် အာမခံ ပရီမီယံစာအုပ်တို့ကို အာမခံအဖြစ် ပေးအပ်၍ ငွေချေးယူခဲ့သည့်တိုင်အောင် အာမခံပစ္စည်းမှာ မရွှေ့မပြောင်းနိုင် သောပစ္စည်း မဟုတ်သဖြင့် တရားလို တောင်းဆိုသော သက်သာခွင့် အား တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄ နည်း ၃ အရ အပေါင် ဒီကရီ ချမှတ်ပေးခြင်း မပြုနိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၃၄ တရားရုံးများလက်စွဲ အပိုဒ် ၁၇၂ တွင် ပြဋ္ဌာန်းချက်များ၊ **ပြည်သူ့ဘဏ်အမှတ် (၉) နှင့် မက်ဆားစ်နေရှင်နယ် စီးကရက်ကုမ္ပဏီအမှု**[၁] **မကျင်တင်ပါ ၅ နှင့် ပြည်သူ့ဘဏ်အမှတ်(၁၁) အမှု**[၂] တွင်

(ကဃ) ညွှန်းချက်

စီရင်ထုံးဖွဲ့မှုများအရ စီရင်ဆုံးဖြတ်သည့် ငွေရင်းအပေါ်တွင် စာမျက်နှာ တရားစွဲဆိုသည့် နေ့ရက်မှ ဒီကရီ ချမှတ်သည့်နေ့အထိ ရုံးအတိုးနှုန်း ဖြင့်ဖြစ်စေ၊ ၎င်းနှုန်းအောက်လျော့သည့် ပဋိညာဉ်တွင် အတိအလင်း သော်လည်းကောင်း၊ သဘောသက်ရောက်ခြင်း ဖြင့်သော်လည်း ကောင်း ပါရှိသော အတိုးနှုန်းဖြင့်ဖြစ်စေ၊ ခွင့်ပြုနိုင်သည်။ ထို့အပြင် စီရင်ဆုံးဖြတ်သော စုစုပေါင်းငွေအပေါ်တွင် ဒီကရီချမှတ်သည့်နေ့မှ ငွေအပြေအကျေ ပေးဆပ်သည့်နေ့အထိ သင့်တော်သည့် အတိုးနှုန်း ကို ပေးစေရန် အမိန့်ချနိုင်သည်။

ကမ္ဘောဇဘဏ်လီမိတက် နှင့် ဦးဘိုလေးပါ ၂ ၁
(၎င်း၏ကိုယ်စား တာဝန်
လွှဲအပ်ခြင်းခံရသူ မန်နေဂျာ
ဦးသော်ဇေယျ)

**တရားမကျင့်ထုံးဥပဒေအမိန့် ၃ နည်း ၁၊ ၂ ပါ ပြဋ္ဌာန်းချက်အရ အခွင့်ရ ကိုယ်စားလှယ် ဖြစ်သူ၏ ဆောင်ရွက်နိုင်ခွင့်။ အခွင့်ရ ကိုယ်စားလှယ်သည် တရားရုံးသို့ လာရောက်ခြင်း (appearances) ၊လျှောက်ထားခြင်း (applications) နှင့် ဆောင်ရွက်ခြင်း (acts) တို့ ပြုလုပ်နိုင်ခြင်း၊ ထိုစကားရပ်များတွင် လျှောက်လဲခြင်း (pleadings) ပါဝင်ခြင်းရှိ၊ မရှိ။**

**ဆုံးဖြတ်ချက်** ။ ။ အခွင့်ရ ကိုယ်စားလှယ်တစ်ဦးသည် ရှေ့နေ လိုင်စင် မရှိပါက အမှုသည်များကို စစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်း သို့မဟုတ် လျှောက်လဲချက်ပေးခြင်း ဆောင်ရွက်ခွင့်မရှိ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ဤအမှုတွင် အခွင့်ရကိုယ်စားလှယ်သည် အမိန့် ၃၊ နည်း ၁၊ ၂ ပါ ပြဋ္ဌာန်းချက်များအရ အမှုသည် ကိုယ်စား တရားရုံးသို့ လာရောက်ခြင်း၊ လျှောက်ထားခြင်း၊ ဆောင်ရွက်ခြင်း ပြုနိုင်သည် ဆိုရာတွင် ရှေ့နေရှေ့ရပ်များနည်းတူ တရားရုံးတွင် လျှောက်လဲချက်ပေးခြင်း (pleading or addressing) ကို လိုင်စင်မရှိဘဲ ပြုပိုင်ခွင့်မရှိ။

ဦးကြင်စိန်ပါ၂ နှင့် ဒေါ်အေးစပယ်ဝင်း ၂၅

**တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁၊ နည်း ၂၁ အရ အဆိုလွှာ ပလပ်ခြင်း မပြုမီ ဆောင်ရွက်ရန် လိုအပ်ချက်များ။**

**ဆုံးဖြတ်ချက်**။ ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁၊ နည်း ၁၁ တွင် အမှုသည်တစ်ဦး၏ မေးမြန်းချက်ကို ဖြေဆိုရမည့် အမှုသည်က မဖြေဆိုလျှင် သို့မဟုတ် မလုံမလောက်ဖြေဆိုလျှင် တရားရုံးက ဖြေဆိုရမည့်သူအား ဖြေဆိုစေရန် သို့မဟုတ် ထပ်မံဖြေဆိုစေရန် ဆင့်ဆို အမိန့်ချရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ အမိန့် ၁၁၊ နည်း ၂၁ တွင်မူ မေးမြန်းချက်များကို ဖြေဆိုစေရန် ချမှတ်သော အမိန့်ကို တရားလိုက ဖြေဆိုရန် ပျက်ကွက်ပါက ၎င်း၏ အမှုကို ပလပ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အမိန့် ၁၁၊ နည်း ၁ အရ မေးခွန်းဖြေဆိုစေရန် ညွှန်ကြားခြင်း ခံရသည့် အမှုသည်က မဖြေမဆို ပျက်ကွက်လျှင် နည်း ၁၁ အရ ဖြေဆိုစေရန် ညွှန်ကြားသည့်အမိန့်ကို ချမှတ်ရဦးမည်ဖြစ်သည်။ ထိုသို့ နည်း ၁၁ အရ ညွှန်ကြားလျက်နှင့် ထပ်မံပျက်ကွက်မှသာ နည်း ၂၁ အရ ဖြေဆိုရမည့်သူမှာ တရားလိုဖြစ်လျှင် ၎င်း၏ အမှုကို ပလပ်နိုင်ခြင်း ဖြစ်သည်။

ဦးတင်မောင်မြင့် နှင့် ဒေါ်စံဝင်းပါ၁၆ ၃၅

**ငွေချေးချက်ထုတ်ရန် သမ္မာန်စာ အတည်ဖြစ်လျက်နှင့် တရားပြိုင်ရုံးသို့ လာရောက်ခြင်း မရှိ၍ တစ်ဖက်သတ် စစ်ဆေးခဲ့သော အမှုတွင် တရားလိုသည် မိမိ တောင်းဆိုသော သက်သာခွင့် ရထိုက်ကြောင်း အခိုင် အမာ သက်သေထင်ရှားပြသရန် လိုအပ်ခြင်း ။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးဥပဒေ အမိန့် ၉၊ နည်းဥပဒေ ၆ (၁) အရ သမ္မာန်စာကို နည်းလမ်းတကျ ချအပ်ပြီး ဖြစ်လျက်နှင့် တရားပြိုင် သို့မဟုတ် တရားပြိုင်များ မလာမရောက် ပျက်ကွက်ခြင်းကြောင့် တစ်ဖက်သက် ကြားနာစစ်ဆေးခဲ့သော မှုခင်းများတွင်ဖြစ်စေ၊ အမိန့် ၁၂၊ နည်းဥပဒေ ၆ အရ ဝန်ခံချေလွှာ တင်သွင်းသော်လည်း တရားရုံးက သက်သေခံချက်များ ရယူစစ်ဆေး ကြားနာခဲ့သော မှုခင်းများတွင်ဖြစ်စေ တရားလို သို့မဟုတ် တရားလိုများသည် မိမိတို့ တောင်းဆိုသော သက်သာခွင့် ရထိုက်ကြောင်း အခိုင်အမာ ပြဆိုရန် အတွက် လိုအပ်သော လူပုဂ္ဂိုလ်နှင့် စာရွက်စာတမ်း သက်သေခံချက် များဖြင့် သက်သေထင်ရှား ပြသနိုင်ရန်လိုအပ်သည်။ ထိုကဲ့သို့ သက်သေထင်ရှား ပြသနိုင်ခဲ့ခြင်း မရှိလျှင် တောင်းဆိုသော သက်သာခွင့် သို့မဟုတ် သက်သာခွင့်များကို တရားရုံးများက ခွင့်ပြုနိုင်မည် မဟုတ်ချေ။

ဒေါ်ဝင်းဝင်းမြ နှင့် ဒေါ်မိမိဟန် ၆၆

**မြန်မာခလေ့ထုံးတမ်းဥပဒေအရ အမွေပုံပစ္စည်း စီမံခန့်ခွဲ ပေးစေလိုမှုများတွင် အမွေရှင်တစ်ဦး၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေဆိုင်များသည် တစ်ကြိမ်တည်းတွင် အမွေပုံပစ္စည်းအားလုံးကို ထည့်သွင်း စွဲဆိုရခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။အမွေပုံစီမံခန့်ခွဲပေးစေလိုမှုများတွင် ကွယ်လွန်သူ အမွေရှင်၏ ကျန်ရစ်သော ပစ္စည်းများအား ကော်မရှင်နာ ခန့်ထားကာစာရင်း ကောက်ယူစေပြီး မည်သည့်ပစ္စည်းများသည် အမွေဆိုင်ပစ္စည်းများဖြစ်ကြောင်း အပြီးအပြတ် အဆုံးအဖြတ် ပေးရသည်။ အကယ်၍ အမွေပုံစီမံခန့်ခွဲပေးစေလိုမှုများတွင် အမွေပုံပစ္စည်း အချို့ကို ချန်လှပ်ထားပြီး၊ ယင်းကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုများ ထပ်မံစွဲဆိုခွင့်ရပါက အမွေမှုများ အတောမသတ် တရားစွဲဆိုလာ နိုင်သည်။ အမွေရှင်တစ်ဦး၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေဆိုင်များသည် တစ်ကြိမ်တည်းတွင် အမွေပုံပစ္စည်းအားလုံးကို ထည့်သွင်းစွဲဆိုမှသာလျှင် ကွယ်လွန်သူအမွေရှင်များ ကျန်ရစ်သည့် အမွေပစ္စည်းအားလုံးအပေါ် စီမံခန့်ခွဲပေးစေလိုသည့် အမှုများကို တစ်ကြိမ်တည်းဖြင့် အပြီးအပြတ် စာရင်းရှင်းလင်းထားပေးရာ ရောက်ပေမည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၊ နည်းဥပဒေ ၁ တွင် အငြင်းပွားသော အကြောင်းအရာများကို အပြီးအပြတ် ဆုံးဖြတ်နိုင်ရန်နှင့် ယင်းအကြောင်းအရာများနှင့် စပ်လျဉ်း၍ နောက်ထပ်တရားတစ်ထုံး ဖြစ်ပွားခြင်း မရှိစေရန် ဦးတည်လျက် တရားမမှုတိုင်းကို ဖြစ်နိုင်သမျှ ဖွဲ့စည်းတည်ဆောက် ရမည်ဟု ပြဋ္ဌာန်းထားသည်။

ဒုဗိုလ်မှူးကြီးအောင်ကျော်စိုးပါ၁၆ နှင့် ဒေါ်ဇာလီမော်ပါ၆ ၇၈

စာမျက်နှာ

**ခွင့်ပြုချက်နှင့်ထားသော မြေနှင့်အိမ် တစ်ခုလုံးကို ပိုင်ဆိုင်ခွင့် မရှိဦးတောင်မှ ခွင့်ပြုချက်နှင့် ထားရှိခဲ့သူ၏ အမွေတစ်ခုလုံးကို ဆက်ခံခွင့်ရှိသူသည် ခွင့်ပြုချက်နှင့် ထားရှိခွင့်ကိုပါ ဆက်ခံခွင့်ရှိပြီး ခွင့်ပြုချက်ကို ရုပ်သိမ်း၍ ခွင့်ပြုချက်နှင့် နေထိုင်သူတို့အား ယင်းမြေနှင့်အိမ်မှ နှင်ထုတ်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်**။ ။အချင်းဖြစ်ဥပစာတွင် တရားပြိုင်များမှာ ဒေါ်မမ၏ ခွင့်ပြုချက်နှင့် နေထိုင်ခြင်းဖြစ်ကြောင်း အထက်ပါ အချက်များအရ ထင်ရှားလျက်ရှိပေရာ ထို့အပြင် ထိုအချက်ကိုလည်း အောက်ရုံး ၃ ရုံးက သက်သေခံချက် ရှိနေခြင်းအပေါ် တစ်သဘောတည်း ကောက်ယူဆုံးဖြတ်ခဲ့ပြီး ဖြစ်ပေရာ ဒေါ်မမ၏ အမွေတစ်ခုလုံးကို ဆက်ခံခွင့်ရှိသူ တရားလို မောင်နှမ ၂ ဦးက အချင်းဖြစ်မြေနှင့် အဆောက်အအုံတစ်ခုလုံးကို ပိုင်ဆိုင်ခြင်း မရှိဦးတောင်မှ ဒေါ်မမ၏ အခမဲ့ ခွင့်ပြုချက်နှင့် ထားရှိခြင်းကို ဆက်ခံ ခွင့်ရရှိပြီး တရားပြိုင်တို့အား သဘောတူ ခွင့်ပြုချက်ကို ရုပ်သိမ်း၍ နှင်ထုတ်ခွင့်ရှိမည် ဖြစ်သည်။

ကိုကျော်ဇေယျဒီဖိုးမင်း နှင့် ကိုစိုးမိုးထွန်းပါ၃ ၁၃
(အမှတ် ၁ အယူခံတရားပြိုင်၏ အထွေထွေကိုယ်စားလှယ်စာရသူ၊ အရွယ်မရောက်သေးသူ အယူခံ တရားပြိုင် ၂ ၏အုပ်ထိန်းခွင့် လက်မှတ်ရသူ ဒေါ်လွင်လွင်)

**အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၁၆ အရ အမွေထိန်းစာ လက်မှတ်ကို ပယ်ဖျက်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း မရှိဘဲ အမွေထိန်းအပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲ ပေးစေလိုမှုကို စွဲဆို နိုင်ခြင်း ရှိ၊ မရှိ။**

**ဗုဒ္ဓဘာသာဝင် မြေးများသည် ခရစ်ယာန် ဘာသာဝင် သေတမ်းစာ မရေးသားဘဲ ကွယ်လွန် သွားသည့် အဘိုး၊ အဘွား များ၏ အမွေကို ဆက်ခံခွင့် ရှိ၊ မရှိ။**

**ဆုံးဖြတ်ချက်** ။ ။အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၁၆ ပြဋ္ဌာန်းရခြင်း အဓိက ရည်ရွယ်ချက်မှာ ကွယ်လွန်သူ အမွေရှင် ကျန်ရစ်သော ပစ္စည်းတစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ တရားစွဲဆို မည်ဆိုလျှင် အမွေထိန်းစာရရှိသူမှတစ်ပါး အခြားသူက တရားစွဲဆိုခြင်း၊ စွဲဆိုသည့်အမှုတွင် ခုခံခြင်း၊ တရားရုံးတွင် ဆောင်ရွက်ခြင်း ပြုခွင့်မရှိကြောင်းနှင့် ထိုသို့ ဆောင်ရွက်လိုပါက အမွေထိန်းစာ လက်မှတ် ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်ပြီးမှသာ ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ အမွေပုံပစ္စည်းနှင့် စပ်လျဉ်း၍ အမွေခွဲဝေပေးရန် ငြင်းဆန်သော အမွေပုံပစ္စည်းအပေါ် မရိုးမသား ဆောင်ရွက်သော အမွေထိန်းစာ လက်မှတ်ရသူ အမွေထိန်း ကို တရားစွဲခွင့်မရှိဟု ပြဋ္ဌာန်းထားခြင်း မရှိပေ။

**ထပ်မံဆုံးဖြတ်ချက် ။** အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၄၁ အရ စာမျက်နှာ ခိုင်လုံသည့် သေတမ်းစာ မရှိဘဲ ကွယ်လွန်သူ၏ သား၊ သမီးများနှင့် အမွေမီမြေးများ၊ အမွေမမီမြေးများ ကျန်ရစ်လျှင် အမွေမီမြေးများ၊ အမွေမမီမြေးများသည် ၎င်းတို့မိဘ သက်ရှိထင်ရှား ရှိခဲ့လျှင် ရမည့်ဝေစုအတိုင်းရ၍ အချင်းချင်း ညီတူမျှတူ ခွဲဝေယူရမည် ဖြစ်သည်။

× × × × × × × × × × × × × × × × × × × × × × × ×
× × × × × × × × × × × × × × × × × × × × × × × × × × × ×
× × × × × × × × × × × × × × ×

သို့ဖြစ်ရာ ကွယ်လွန်သူ အမွေရှင် ဦးထွန်းရင်၊ ဒေါ်နော်မွှေးရင်တို့ ကျန်ရစ်သော အမွေကို ခွဲဝေမည်ဆိုလျှင် တရားလိုများသည် ဗုဒ္ဓဘာသာများဖြစ်သော်လည်း ကွယ်လွန်သူ ခရစ်ယာန်ဘာသာဝင် အဘိုးအဘွားများ၏ အမွေကို ဆက်ခံခွင့်ရှိပြီး အမွေဆက်ခံရာတွင် အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၄၁ အရ ၎င်းတို့မိခင် ရရှိမည့် ဝေစုဖြစ်သော ၅ ပုံ ၁ ပုံကို ခွဲဝေရထိုက်ပေသည်

+ ၂၀၀၉
နိုဝင်ဘာလ
၉ ရက်

## တရားမအထူးအယူခံမှု

## တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားသူကြီးများ ဖြစ်ကြသော ဦးစိန်လှိုင်နှင့် ဦးသက်ထွန်းတို့၏ရှေ့တွင်

## ကမ္ဘောဇဘဏ်လီမိတက်
## ( ၎င်းကိုယ်စား တာဝန်လွှဲအပ်ခြင်းခံရသူ မန်နေဂျာ ဦးသော်ဇေယျ )
## နှင့်
## ဦးဘိုလေးပါ၂ *

**အပေါင်ပစ္စည်း မပါသည့် ယာယီစာရင်းပို ထုတ်ချေးငွေဖြင့် ချေးယူထားသော ချေးငွေနှင့် အတိုးအပါဝင် ဝန်ဆောင်စရိတ်များ ရရန်စွဲဆိုမှုတွင် တရားရုံးက ငွေဒီကရီ ချမှတ်ခြင်း မရှိဘဲ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်းဥပဒေ ၃ အရ အပေါင်ဆိုင်ရာ ပဏာမ ဒီကရီ ချမှတ်ခဲ့ခြင်းသည် မှန်ကန်ခြင်း ရှိ၊ မရှိ နှင့် ခွင့်ပြုနိုင်သော အတိုးနှုန်း။**

**ဆုံးဖြတ်ချက်** ။ ။ မူလမှုတရားပြိုင်တို့ ငွေချေးယူခဲ့ခြင်းမှာ ယာယီစာရင်းပို ထုတ်ချေး ငွေမှ လူပုဂ္ဂိုလ်အာမခံအမှတ် (အယ်လ် - ၁၃) ဖြင့် ဒေါ်ဥမ္မာဦးက အာမခံအဖြစ် သက်သေခံ (စ) တွင် လက်မှတ်ရေးထိုးချုပ်ဆို ချေးယူခဲ့ခြင်းဖြစ်သည်။ အပေါင်ဆိုင်ရာ ဥပဒေ

---

* ၂၀၀၉ ခုနှစ်၊ တရားမအထူးအယူခံမှု အမှတ် ၁၅။

\+ ၂၀၀၈ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၁၅၉ တွင် ချမှတ်သော ၂၀-၁၀-၂၀၀၈ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်)၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု။

ပြဋ္ဌာန်းချက်ဖြစ်သည့် တရားမ ကျင့်ထုံးဥပဒေ အမိန့် ၃၄ ၏ ခေါင်းစဉ်မှာ ( Suits relating to Mortgages of Immoveable Property ) မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် ပြဋ္ဌာန်းထားခြင်းသာ ဖြစ်သည်။

မရွှေ့မပြောင်းနိုင်သောပစ္စည်း ပေါင်နှံခြင်းနှင့် ပတ်သက်ပြီး ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေ ပုဒ်မ ၅၈ တွင် ဖော်ပြထားသည်။ ထိုပြဋ္ဌာန်းချက်များအရ မရွှေ့မပြောင်းနိုင်သောပစ္စည်း ပေါင်နှံခြင်းမြောက်ပါက အပေါင်ပစ္စည်းအပေါ် အရေးယူနိုင်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄ အရ ရွေးနှုတ်ခွင့် ပိတ်ပင်ရန်သော်လည်းကောင်း၊ ရောင်းချရန်သော်လည်းကောင်း၊ ရွေးနှုတ်ခွင့်ပြုရန်သော်လည်းကောင်း တရားစွဲဆို၍ ဒီကရီ ချပေးရန် တောင်းဆိုနိုင်သည်။ အပေါင်ပစ္စည်း ရောင်းချပေးစေလိုမှုတွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်း ၃ အရ ဒီကရီ ချမှတ်၍ အပေါင်ပစ္စည်းအပေါ် အရေးယူဆောင်ရွက်နိုင်သည်။

မော်တော်ယာဉ်အမှတ် ၃က/၈၈၀၂ ၏ ယာဉ်မှတ်ပုံတင်စာအုပ်၊ အာမခံ ပရီမီယံစာအုပ်တို့ကို အာမခံအဖြစ် ပေးအပ်၍ ငွေချေးယူခဲ့သည့်တိုင်အောင် အာမခံပစ္စည်းမှာ မရွှေ့မပြောင်းနိုင်သောပစ္စည်း မဟုတ်သဖြင့် တရားလို တောင်းဆိုသော သက်သာခွင့်အား တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်း ၃ အရ အပေါင်ဒီကရီ ချမှတ်ပေးခြင်း မပြုနိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၃၄၊ တရားရုံးများလက်စွဲ အပိုဒ် ၁၇၃ တွင် ပြဋ္ဌာန်းချက်များ၊ **ပြည်သူ့ဘဏ်အမှတ်(၉)နှင့်မက်ဆားစ်နေရှင်နယ် စီးကရက်ကုမ္ပဏီအမှု**(၁) **မကျင်တင်ပါ ၅ နှင့် ပြည်သူ့ဘဏ်အမှတ်(၁၁) အမှု**(၂) တွင် စီရင်ထုံးဖွဲ့မှုများအရ စီရင်ဆုံးဖြတ်သည့် ငွေရင်းအပေါ်တွင်

တရားစွဲဆိုသည့် နေ့ရက်မှ ဒီကရီချမှတ်သည့်နေ့အထိ ရုံးအတိုးနှုန်းဖြင့်ဖြစ်စေ၊ ၎င်းနှုန်းအောက်လျော့သည့် ပဋိညာဉ်တွင် အတိအလင်းသော်လည်းကောင်း၊ သဘောသက်ရောက်ခြင်း ဖြင့်သော်လည်းကောင်း ပါရှိသော အတိုးနှုန်းဖြင့်ဖြစ်စေ ခွင့်ပြုနိုင်သည်။ ထို့အပြင် စီရင်ဆုံးဖြတ်သော စုစုပေါင်းငွေအပေါ်တွင် ဒီကရီချမှတ်သည့်နေ့မှ ငွေအပြေအကျေ ပေးဆပ်သည့်နေ့အထိ သင့်တော်သည့် အတိုးနှုန်းကို ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

အယူခံတရားလိုအတွက် - ဦးခင်ဇော်

တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ကိုယ်တိုင် (မလာ)

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၅၄၄ တွင် အယူခံတရားလို ကမ္ဘောဇဘဏ်လီမိတက်က အယူခံတရားပြိုင် ဦးဘိုလေး၊ ဒေါ်စန္ဒာဦးတို့အပေါ် ယာယီစာရင်း ပိုထုတ်ချေးငွေဖြင့် ချေးယူထားသော ချေးငွေနှင့်အတိုး အပါဝင် ဝန်ဆောင်စရိတ်များ ရလိုမှုစွဲဆိုရာ တိုင်းတရားရုံးက အယူခံတရားပြိုင်များသည် အယူခံတရားလိုသို့ (၁-၉-၂၀၀၄) နေ့အထိ ဘဏ်ချေးငွေ အတိုးရင်း စုစုပေါင်း (၁၂၅၉၂၀၇) ကျပ် (၄၈) ပြား ကို ပေးဆပ်စေရန် ချေးငွေများကို ပဏာမဒီကရီ ချမှတ်သည့်နေ့အထိ ဘဏ်အတိုးနှုန်းအတိုင်း ပေးစေရန် ပဏာမဒီကရီ ချမှတ်သည့်နေ့နောက်မှ ချေးငွေများကို အကျေပေးဆပ်သည့်နေ့အထိ ငွေ ၁၀၀ိ/ - ကျပ် တစ်နှစ် ၉ ရာခိုင်နှုန်းဖြင့် ပေးဆပ်စေရန် ပဏာမဒီကရီ ချမှတ်သည်။

တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံတရားလိုက မကျေနပ်သဖြင့် တရားရုံးချုပ် (ရန်ကုန်) တရားမပထမအယူခံမှုအမှတ် ၁၅၉/၀၈ ကို တင်သွင်းရာ ပလပ်ခြင်းခံရသည်။ ထိုသို့ ပလပ်သည့်အမိန့်ကို အယူခံတရားလိုက

အထူးအယူခံခုံရုံးဖြင့် ကြားနာနိုင်ရန် တရားရုံးချုပ် (ရန်ကုန်) တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၂၅/၀၉ ကို တင်သွင်းခဲ့သည်။ တရားရုံးချုပ် (ရန်ကုန်) အထူးခုံရုံးက အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ပြန်လည် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည် -

"အပေါင်ပစ္စည်း မပါသည့်ယာယီစာရင်း ပိုထုတ်ချေးငွေဖြင့် ချေးယူထားသော ချေးငွေနှင့်အတိုးအပါအဝင် ဝန်ဆောင် စရိတ်များရရန် စွဲဆိုမှုတွင် တရားရုံးက ငွေဒီကရီ ချမှတ်ခြင်း မရှိဘဲ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်းဥပဒေ ၃ အရ အပေါင် ဆိုင်ရာ ပဏာမဒီကရီ ချမှတ်ခဲ့ခြင်းကို တရားရုံးချုပ်မှ အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်း ရှိ မရှိ"

မူလမှု အဆိုလွှာတွင် တရားပြိုင်များသည် တရားလို ဘဏ်တွင် စာရင်းရှင် ဖွင့်ထားသူများဖြစ်ပြီး၊ ယာယီစာရင်း ပိုထုတ် ချေးငွေ ကျပ်သိန်း (၈၀)ကို (၁၂-၁၁-၂၀၀၁) နေ့တွင် အွန်ဒီမန်စာချုပ် ချုပ်ဆို၍ တစ်နှစ်လျှင် ၁၅ ရာခိုင်နှုန်းတိုးဖြင့် ချေးယူကြောင်း၊ အာမခံသူဖြင့် အာမခံစာချုပ် ချုပ်ဆိုကြောင်း လျှောက်ထားခံရသူ (၁) အမည်ပေါက် ပိုင်ဆိုင်သော ဆလွန်းမော်တော်ယာဉ် အမှတ် ၃က/၈၈၀၂ ၏ ယာဉ်မှတ်ပုံတင် လိုင်စင်စာအုပ်၊ အာမခံစာအုပ်များကို အာမခံအဖြစ် ဆောင်ရွက်ရန် လျှောက်ထားသူဘဏ်သို့ အရန်အဖြစ် ပေးခဲ့ကြောင်း၊ ထိုစာအုပ်များကို နောက်ဆက်တွဲ အရန်အဖြစ် ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ မဆောင်ရွက်ရသေးမီ လျှောက်ထားခံရသူ (၂) က လျှောက်ထားခံရသူ (၁) ၏ ခွင့်ပြုချက်ဖြင့် ယာဉ်စာအုပ်များကို ထုတ်ယူသွားသော်လည်း ပြန်လည် အပ်နှံခြင်း မရှိကြောင်း၊ လျှောက်ထားခံရသူများက (၁-၉-၂၀၀၄) နေ့ထိ ပေးဆပ်ရန် ချေးငွေ၊ အတိုးငွေ၊ ဝန်ဆောင်မှုစရိတ်တို့မှာ (၁၂၂၅၉၂၀၇) ကျပ် (၄၈) ပြားဖြစ်၍ ထိုငွေများကို အတိုးနှင့်တကွ ပေးဆပ်ရန် အဆိုပြုသည်။

၂၀၀၉
ကမ္ဘောဇဘဏ်
လီမိတက်
(၎င်း၏
ကိုယ်စား
တာဝန်
လွှဲအပ်ခြင်း
ခံရသူ
မန်နေဂျာ
ဦးသော်ဇေယျ)
နှင့်
ဦးဘိုလေးပါ ၂

မူလမှုအမှတ် (၁) တရားပြိုင်၏ ချေလွှာတွင် ငွေကျပ်သိန်း (၈၀) ချေးယူခြင်းသာ သိရှိပြီး မည်သည့်ငွေအမျိုးအစား ဖြစ်သည်ကို မသိကြောင်း၊ လျှောက်ထားခံရသူ (၁) (၂) တို့မှာ (၂၈-၆-၂၀၀၂) နေ့က ကြည့်မြင်တိုင်မြို့နယ်တရားရုံး၌ လင်မယားကွာရှင်း ပြတ်စဲခဲ့ပြီး ဖြစ်ကြောင်း၊ ၂၀၀၂ ခုနှစ်၊ မတ်လက မော်တော်ယာဉ်လိုင်စင် စာအုပ်များနှင့် မော်တော်ယာဉ်ကို အမှတ် (၂) တရားပြိုင်က ဦးထွန်းလွင်သို့ ရောင်းချခဲ့ကြောင်း၊ တရားလိုသည် အမှတ် (၂) တရားပြိုင်ထံ ယာဉ်စာအုပ်များကို တရားမဝင် ထုတ်ပေးခဲ့ကြောင်း အမှတ် (၁) တရားပြိုင်က ချေးငွေများကို ပေးဆပ်ရန် ဆောင်ရွက်ခဲ့သော်လည်း တရားလိုဘက်မှ ပျက်ကွက်၍ ချေးငွေကို မပေးဆပ်နိုင်ခြင်း ဖြစ်ကြောင်း ချေပသည်။

အမှတ် (၂) တရားပြိုင်သည် မူလမှုတွင် ချေလွှာတင်သွင်းခဲ့ခြင်း မရှိပေ။

တိုင်းတရားရုံးက တရားပြိုင်များသည် ယာဉ်မှတ် ၃က/၈၈၀၂ ယာဉ်၏ မှတ်ပုံတင်စာအုပ်နှင့် အာမခံစာအုပ်တို့ကို ဘဏ်တွင် ပေးအပ်၍ ငွေကျပ် သိန်း (၈၀)ကို အွန်ဒီမန်စာချုပ်တွင် လက်မှတ်ထိုး ချုပ်ဆိုကာ ငွေချေးခဲ့ကြောင်း၊ အမှတ် (၁) တရားပြိုင်၏ ခွင့်ပြုချက်ဖြင့် အမှတ် (၂) တရားပြိုင်က ယာဉ်လိုင်စင်သက်တမ်း တိုးရန် စာအုပ်ကို ခေတ္တပြန်ထုတ်ယူခဲ့ကြောင်း၊ ဘဏ်က ချေးငွေ အတိုးနှင့်အရင်း ပေးဆပ်ရန် တရားပြိုင်များထံ အကြောင်းကြားသော်လည်း ပြန်လည်ပေးဆပ်ခြင်း မရှိကြောင်း၊ သက်သေခံ (က) ဘဏ်ရှင်းတမ်းအရ (၁-၉-၂၀၀၄) နေ့အထိ ဘဏ်သို့ ပေးဆပ်ရန် ငွေရင်းနှင့်အတိုး စုစုပေါင်းမှာ (၁၂၂၅၉၂၀၇) ကျပ် (၄၈) ပြား ဖြစ်ကြောင်း၊ ချေးငွေအရင်းနှင့်အတိုး ဝန်ဆောင်စရိတ်များကို လျှောက်ထားသူများက ပြန်ပေးဆပ်ရန် တာဝန်ရှိသဖြင့် ငွေ(၁၂၂၅၉၂၀၇) ကျပ် (၄၈) ပြားကို ပြန်လည် ပေးဆပ်ရန် ချေးငွေများကို ပဏာမဒီကရီ ချမှတ်သည့်နေ့အထိ ဘဏ်အတိုးနှုန်း အတိုင်း ပေးစေရန်၊ ပဏာမဒီကရီ ချမှတ်သည့်နေ့ နောက်နေ့မှစ၍ ပြေကြေစွာ ပေးဆပ်သည့်နေ့အထိ တစ်နှစ်လျှင် ငွေကျပ် ၁၀၀ိ/- ကို ၉ ရာခိုင်နှုန်းဖြင့် ပေးဆပ်စေရန် ပဏာမဒီကရီ ချမှတ်သည်။

၂၀၀၉
ကမ္ဘောဇဘဏ် လီမိတက် (၎င်း၏ ကိုယ်စား တာဝန် လွှဲအပ်ခြင်း ခံရသူ မန်နေဂျာ ဦးသော်ဇေယျ) နှင့် ဦးဘိုလေးပါ ၂

တရားရုံးချုပ်က ဦးဘိုလေး၊ ဒေါ်စန္ဒာဦးတို့သည်(၁၂-၁၁-၀၁) နေ့တွင် ယာယီစာရင်း ပိုထုတ်ချေးငွေအဖြစ် မော်တော်ယာဉ်အမှတ် ၃က/၈၈၀၂ ၏ ယာဉ်မှတ်ပုံတင်လိုင်စင်စာအုပ်၊ အာမခံစာအုပ်များ ပေးအပ်၍ ငွေကျပ် သိန်း (၈၀) ချေးယူခဲ့ကြောင်း၊ မော်တော်ယာဉ် မှတ်ပုံတင် လိုင်စင်စာအုပ်ကို ပေးအပ်ပြီး ငွေချေးယူခဲ့ကြောင်း ထင်ရှားသဖြင့် တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်း ၃ အရ ချေးငွေအပေါ် အပေါင်ဒီကရီ ချမှတ်ခြင်းမှာ မှားယွင်းခြင်း မရှိကြောင်း သုံးသပ်ခဲ့သည်။

အယူခံတရားလို၏ ရှေ့နေက ဘဏ်မှမူလရုံး တရားပြိုင်များ၏ မော်တော်ယာဉ်ကို အမှန်းပေါင်ပြုလုပ်ခဲ့ကြောင်း၊ အမှန်းပေါင် စာချုပ်မပါဝင်ဘဲ လူအာမခံစာချုပ်၊ ကြွေးမြီကို ဘဏ်က တောင်းဆိုသည့် အချိန်တွင် ပြန်လည်ပေးဆပ်ရန် ငွေချေးသူတို့ကိုယ်တိုင် တာဝန်ယူ ကတိပြုထားသည့် အော်ဒီမန်စာချုပ်တို့သာရှိပြီး မူလရုံး တရားပြိုင် တို့ထံမှ မည်သည့်မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဘဏ်ချေးငွေ အတွက် အာမခံအဖြစ် ရယူထားသည်ဟု ပေါ်ပေါက်ခြင်း မရှိကြောင်း ထိုကဲ့သို့ ဘဏ်ချေးငွေကို ထုတ်ချေးခဲ့ခြင်းမှာ မြန်မာနိုင်ငံဘဏ် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၂၈ နှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ အပေါင်ပစ္စည်းမရှိသည့်အမှုတွင် အပေါင်ဒီကရီချမှတ်ထားခြင်းသာဖြစ်၍ ဘဏ်အနေဖြင့် ချေးငွေများ ရရှိရေးအတွက် အပေါင်ဒီကရီအရ ဥပဒေနှင့်အညီ ဆက်လက် အရေးယူ ဆောင်ရွက်ခွင့်မရှိ၍ ဘဏ်ချေးငွေများ ရရှိရေးအတွက် ဥပဒေအရ ဆောင်ရွက်ခွင့်မရှိဖြစ်နေကြောင်း တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၄ ၏ ခေါင်းစဉ်မှာ Suits relating to Mortgages of Immoveable Property ဖြစ်၍ မရွှေ့မပြောင်းနိုင်သောပစ္စည်း ပေါင်နှံခြင်းများအတွက် ပြဋ္ဌာန်းချက်သာဖြစ်ကြောင်း၊ မော်တော်ယာဉ် အား အမှန်းပေါင် ပြုလုပ်ခဲ့သည့်တိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအား အာမခံအဖြစ် ရယူခဲ့ခြင်းမရှိ၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄ ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးဝင်မှုမရှိကြောင်း၊ ငွေဒီကရီ ချမှတ်ပေးရန် လျှောက်ထားခဲ့ခြင်းဖြစ်ရာ အပေါင်ဒီကရီအစား

ငွေဒီကရီ ချမှတ်သည့်အမိန့် ဒီကရီချမှတ်ပေးပါရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များသည် ရုံးရှေ့သို့ လာရောက်ခြင်းမရှိသည့်အပြင် ၎င်းတို့အတွက် မည်သူတစ်ဦးတစ်ယောက်ကမျှ လာရောက်လျှောက်လဲ တင်ပြခြင်းမရှိပေ။

မူလအမှုကို လေ့လာစိစစ်ကြည့်ရာတွင် မူလမှု တရားလိုထံ၌ မူလမှု တရားပြိုင်များသည် သက်သေခံ (ခ) လျှောက်လွှာအရ ငွေစာရင်းရှင်အမှတ် (၀၁၄၁၁၂၀၀၀၃၈၃၀) ဖွင့်လှစ်ခဲ့သည်။ မူလမှု တရားပြိုင်များသည် (၁၂-၁၁-၂၀၀၁) နေ့တွင် သက်သေခံ (ဂ) လျှောက်လွှာအရ ယာယီစာရင်းပိုထုတ်ချေးငွေ သိန်း (၈၀) ကျပ်ကို ထုတ်ပေးရန် လျှောက်ထားသည်။ မူလမှု တရားလိုသည် (၁၂-၁၁-၂၀၀၁) နေ့တွင်ပင် သက်သေခံ (ဃ) ဖြင့် မူလမှု တရားပြိုင်များသို့ ယာယီစာရင်း ပိုထုတ်ချေးငွေ သိန်း (၈၀) ကျပ်ကို (၁) နှစ်တာကာလအတွက် ထုတ်ချေးခွင့်ပြုခဲ့သည်။ မူလမှု တရားပြိုင်များသည် (၁၂-၁၁-၂၀၀၁) နေ့တွင် သက်သေခံ (င) အွန်ဒီမန်စာချုပ်တွင် လက်မှတ်ရေးထိုးပြီး ငွေသိန်း (၈၀) ကျပ်ကို တစ်နှစ် ၁၅ ရာခိုင်နှုန်းအတိုးဖြင့် ရယူခဲ့သည်။ ထို့အပြင် သက်သေခံ (စ) ချေးငွေအတွက် အာမခံသူဖြင့် အာမခံ ချုပ်ဆိုခဲ့သည်။ သို့ရာတွင် မူလမှု တရားပြိုင်များသည် ငွေများကို ပေးဆပ်ခြင်း မရှိပေ။ သက်သေခံ (က) ငွေစာရင်းရှင်းတမ်းအရ မူလမှု တရားပြိုင်များသည် (၁-၉-၂၀၀၄) နေ့အထိ ချေးငွေနှင့် အတိုး စုစုပေါင်းငွေ (၁၂၂၅၉၂၀၇) ကျပ် (၄၈) ပြား ပေးရန်ကျန်ရှိကြောင်း ထင်ရှားသည်။

အမှတ် (၁) မူလမှု တရားပြိုင်၏ အခွင့်ရကိုယ်စားလှယ် ဦးခင်ဘိုက ၎င်း၏ မော်တော်ယာဉ် မှတ်ပုံတင်လိုင်စင်စာအုပ်နှင့် အာမခံစာအုပ်များကို မန်နေဂျာထံတွင် အပ်နှံပြီး ငွေသိန်း(၈၀) ကျပ်ကို ထုတ်ယူခဲ့ကြောင်းဖြင့် ထွက်ဆိုသည်။ သို့ဖြစ်၍ မူလမှု တရားပြိုင်များသည် ငွေထုတ်ယူခဲ့သည့် (၁၂-၁၁-၂၀၀၁) နေ့တွင်ပင် မော်တော်ယာဉ် မှတ်ပုံတင် လိုင်စင်စာအုပ်နှင့် အာမခံစာအုပ်များကို မူလမှုတရားလိုသို့ ပေးအပ်ခဲ့သည်။ မူလမှုတရားလိုက ယင်းစာအုပ်များကို လက်ခံရယူခဲ့ကြောင်း ငြင်းဆိုခြင်း မရှိသော်လည်း၊ အရန်

၂၀၀၉
ကမ္ဘောဇဘဏ်
လီမိတက်
(၎င်း၏
ကိုယ်စား
တာဝန်
လွှဲအပ်ခြင်း
ခံရသူ
မန်နေဂျာ
ဦးသော်ဇေယျ)
နှင့်
ဦးဘိုလေးပါ ၂

အဖြစ် စာအုပ်များကို လက်ခံရယူခဲ့ကြောင်းဖြင့် တင်ပြသည်။ အမှတ် (၂) မူလမှု တရားပြိုင်က မော်တော်ယာဉ်လိုင်စင် ပြုလုပ်ရန်အတွက် လိုအပ်သဖြင့် ပြန်လည်ထုတ်ပေးရန် ပြောကြားသောကြောင့် မူလမှု တရားလိုက ယင်းစာအုပ်များကို အမှတ် (၂) မူလမှု တရားပြိုင်သို့ (၁၆-၁-၂၀၀၂) နေ့တွင် ပြန်လည်ထုတ်ပေးခဲ့သည်။

မူလမှုတရားလို၏ အခွင့်ရကိုယ်စားလှယ် ဦးအောင်ကျော်မျိုးအား မူလမှုတရားပြိုင်၏ ရှေ့နေက ပြန်လှန်မေးမြန်းသောအခါ မိမိတို့၏ သက်သေခံ (၃) စာတွင် မူလမှုတရားပြိုင်များသည် (၁၂-၁၁-၂၀၀၁) နေ့တွင် ယာယီစာရင်း ပိုထုတ်ချေးငွေအဖြစ် မော်တော်ယာဉ်အမှတ် ၃က/၈၈၀၂ ၏ မော်တော်ယာဉ် မှတ်ပုံတင် လိုင်စင်စာအုပ်နှင့် အာမခံစာအုပ်များကိုပေးအပ်၍ ငွေသိန်း(၈၀)ကျပ် ချေးယူခဲ့ကြောင်း၊ မြန်မာနိုင်ငံဗဟိုဘဏ်က မော်တော်ယာဉ် အပေါင် ချေးငွေအပေါ် ပြန်ရွေးယူရန် ညွှန်ကြားလာသဖြင့် မိမိတို့က အကြောင်းကြားခဲ့သည်ဟု ဖော်ပြထားကြောင်း၊ မော်တော်ယာဉ် မှတ်ပုံတင် လိုင်စင်စာအုပ်များကို အာမခံထားပြီး ငွေထုတ်ချေးရန် အတွက် မော်တော်ယာဉ်အား ရာဖြတ်ခြင်း၊ အမှန်းအပေါင်ပြုလုပ်ခြင်း၊ မှတ်ပုံတင်ခြင်းစသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မဆောင်ရွက်ရမီ အမှတ် (၂) မူလမှုတရားပြိုင်က ယင်းစာအုပ်များကို ထုတ်ယူသွားသောကြောင့် ဘဏ်က ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို မဆောင်ရွက်ရသေးခြင်းဖြစ်ကြောင်း၊ ဘဏ်ကနှုတ်ဖြင့်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ အကြောင်းကြားခဲ့သော်လည်း မူလမှုတရားပြိုင်များသည် မော်တော်ယာဉ် မှတ်ပုံတင် လိုင်စင် စာအုပ်နှင့် အာမခံစာအုပ်များကို ဘဏ်သို့ အပ်နှံခဲ့ခြင်း မရှိကြောင်း ထွက်ဆိုသည်။

မူလမှုတရားလိုက မူလမှုတရားပြိုင်များထံ အကြောင်းကြားသည့် သက်သေခံ (ည) စာတွင် ချေးငွေပြန်လည် ပေးဆပ်မည့် အစီအစဉ်နှင့် မော်တော်ယာဉ်ကိစ္စများ ဆွေးနွေးလိုသဖြင့် ကြွရောက်ပါရန် မေတ္တာရပ်ခံထားသည်။ မူလမှုတရားလိုက မူလမှု တရားပြိုင်များထံ အကြောင်းကြားသည့် သက်သေခံ (၄) နှင့် (၄-၁) အကြောင်းကြားစာတွင် ချေးငွေပြန်လည်ပေးဆပ်ရန်နှင့်

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် ပြန်လည်ရရှိရေးအတွက် တွေ့ဆုံဆွေးနွေးရန် အကြောင်းကြားခဲ့သည်။ မူလမှုတရားပြိုင်များက ယင်းစာအုပ်များကို ဘဏ်သို့ အပ်နှံခဲ့ခြင်းကြောင့် မော်တော်ယာဉ်ကိစ္စအတွက် ဆွေးနွေးရန် အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်ရပေသည်။

မူလမှု တရားလို၏ အခွင့်ရကိုယ်စားလှယ် ဦးအောင်ကျော်မျိုးက ၎င်းတို့က အမှတ် (၁) မူလမှု တရားပြိုင်ထံသို့ သက်သေခံ (၃) (၁၅-၇-၂၀၀၂) ရက်စွဲပါ စာအမှတ်၊ ၇၆၃/ချေးငွေ (၀၂-၀၃) ကို ပေးပို့ခဲ့ကြောင်း ဝန်ခံထားသည်။ ယင်းစာတွင် " အထက်ပါကိစ္စနှင့် ပတ်သက်၍ ကမ္ဘောဇဘဏ်၊ လမ်းမတော်ဘဏ်ခွဲတွင် ဦးဘိုလေး၊ ဒေါ်စန္ဒာဦးတို့မှ (၁၂-၁၁-၂၀၀၂) နေ့တွင် ယာယီစာရင်း ပိုထုတ် ချေးငွေအဖြစ် မော်တော်ယာဉ်အမှတ်၊ ၃က/၈၈၀၂ လိုင်စင်စာအုပ်အား အာမခံ ပေးအပ်၍ ချေးငွေကျပ်သိန်း (၈၀) တိတိ ချေးယူခဲ့ပါသည်။ ယခုအခါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မော်တော်ယာဉ် အပေါင်ချေးငွေများအား ပြန်လည်ရွေးယူရန် ညွှန်ကြားလာပါသဖြင့် ဤဘဏ်မှ လူကြီးမင်းထံ အကြောင်းကြားခဲ့ခြင်း ဖြစ်ပါသည် × × × × " ဟု ဖော်ပြထားသည်။

မူလမှု အဆိုလွှာ အပိုဒ် (၃) တွင် × × × × ထို့ပြင် တရားပြိုင် (၁) အမည်ပေါက် ပိုင်ဆိုင်သော ဆလွန်းကား ယာဉ်အမှတ်၊ ၃က/၈၈၀၂ ၏ ယာဉ်မှတ်ပုံတင် လိုင်စင်စာအုပ်နှင့် အာမခံစာအုပ်များအား နောက်ဆက်တွဲအာမခံ Collateral Security အဖြစ် ဆောင်ရွက်ရန် တရားလိုဘဏ်တွင် အရန်အဖြစ် ပေးအပ်ထားပါသည် × × × × ဟု ဖော်ပြထားသည်။

မူလမှု တရားပြိုင်များသည် မူလမှု တရားလိုထံ မော်တော်ယာဉ်အမှတ် ၃က/၈၈၀၂ လိုင်စင်စာအုပ်အား အာမခံ ပေးအပ်၍ ချေးငွေကျပ် သိန်း (၈၀) တိတိ ချေးယူခဲ့ကြောင်း မူလတိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့က သုံးသပ်ခဲ့သည်။

သို့သော် တရားလိုဘဏ်သည် မော်တော်ယာဉ်အမှတ်၊ ၃က/၈၈၀၂ အား အပေါင်လက်ခံခဲ့ကြောင်း ဘဏ်လုပ်ထုံးလုပ်နည်း

၂၀၀၉
ကမ္ဘောဇဘဏ်
လီမိတက်
(၎င်း၏
ကိုယ်စား
တာဝန်
လွှဲအပ်ခြင်း
ခံရသူ
မန်နေဂျာ
ဦးသော်ဇေယျ)
နှင့်
ဦးဘိုလေးပါ ၂

နှင့်အညီ ဆောင်ရွက်မှုမပြုခဲ့ပေ။ ထို့အပြင် အမှတ် (၂) မူလမှု တရားပြိုင်သည် မော်တော်ယာဉ်လိုင်စင် ပြုလုပ်ရန် လိုအပ်သဖြင့် မော်တော်ယာဉ် လိုင်စင်စာအုပ်၊ အာမခံစာအုပ်များကို ပြန်လည် တောင်းယူသွားသော်လည်း မုလမှုတရားလိုဘဏ်သို့ ပြန်လည် အပ်နှံခြင်း မပြုတော့ပေ။ ရွှေ့ပြောင်းနိုင်သောပစ္စည်းဖြစ်သည့် မော်တော်ယာဉ်ကို အပေါင်ပစ္စည်း အပ်နှံ၍ ငွေချေးယူခြင်း မဟုတ်ဟု ဆိုရပေမည်။

မူလမှုတရားပြိုင်တို့က ငွေချေးယူခဲ့ခြင်းမှာ ယာယီစာရင်း ပိုထုတ်ချေးငွေမှ လူပုဂ္ဂိုလ် အာမခံအမှတ် (အယ်လ် - ၁၃) ဖြင့် ဒေါ်ဥမ္မာဦးက အာမခံအဖြစ် သက်သေခံ (စ) တွင် လက်မှတ်ရေးထိုး ချုပ်ဆို ထုတ်ချေးယူခဲ့ခြင်း ဖြစ်သည်။ အပေါင်ဆိုင်ရာ ဥပဒေပြဋ္ဌာန်း ချက်ဖြစ်သည့် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄ ၏ ခေါင်းစဉ်မှာ Suits relating to Mortgages of Immoveable Property မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် ပြဋ္ဌာန်းထားခြင်းသာ ဖြစ်သည်။

မရွှေ့မပြောင်းနိုင်သောပစ္စည်း ပေါင်နှံခြင်းနှင့် ပတ်သက်ပြီး ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေ ပုဒ်မ ၅၈ တွင် ဖော်ပြထားသည်။

ထိုပြဋ္ဌာန်းချက်များအရ မရွှေ့မပြောင်းနိုင်သောပစ္စည်း ပေါင်နှံခြင်းမြောက်ပါက အပေါင်ပစ္စည်းအပေါ် အရေးယူနိုင်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄ အရ ရွေးနှုတ်ခွင့် ပိတ်ပင်ရန် သော်လည်းကောင်း၊ ရောင်းချရန်သော်လည်းကောင်း၊ ရွေးနှုတ်ခွင့်ပြုရန်သော်လည်းကောင်း တရားစွဲဆို၍ ဒီကရီ ချပေးရန် တောင်းဆိုနိုင်သည်။ အပေါင်ပစ္စည်း ရောင်းချပေးစေလိုမှုတွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်း ၃ အရ ဒီကရီချမှတ်၍ အပေါင်ပစ္စည်းအပေါ် အရေးယူဆောင်ရွက်နိုင်သည်။

မော်တော်ယာဉ်အမှတ်၊ ၃က/၈၈၀၂ ၏ ယာဉ်မှတ်ပုံတင် စာအုပ်၊ အာမခံပရီမီယံစာအုပ်တို့ကို အာမခံအဖြစ် ပေးအပ်၍ ငွေချေးယူခဲ့သည့်တိုင်အောင် အာမခံပစ္စည်းမှာ မရွှေ့မပြောင်းနိုင် သောပစ္စည်း မဟုတ်သဖြင့် တရားလို တောင်းဆိုသော သက်သာ ခွင့်အား တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်း ၃ အရ အပေါင် ဒီကရီ ချမှတ်ပေးခြင်း မပြုနိုင်ပေ။

မူလမှု တရားပြိုင်များသည် မူလမှု တရားလိုဘဏ်ထံမှ ချေးယူထားသော ချေးငွေ အတိုးနှင့် ဝန်ဆောင်စရိတ်များအတွက် ငွေကျပ် (၁၂၂၅၉၂၀၇) ကျပ် (၄၈) ပြားကို ရထိုက်ကြောင်း တိုင်းတရားရုံးနှင့် တရားရုံးချုပ် (ရန်ကုန်) တို့က တစ်သဘောတည်း ကောက်ယူဆုံးဖြတ်ခဲ့သည်။

မူလမှု တရားလိုက မူလမှု တရားပြိုင်အပေါ် ဘဏ်ချေးငွေကျပ် (၁၂၂၅၉၂၀၇) ကျပ် (၄၈) ပြားကို ဒီကရီချမှတ်သည့်နေ့အထိ ဘဏ်အတိုးနှုန်းစရိတ်နှင့်တကွ ပေးဆပ်စေရန်နှင့် ဒီကရီချမှတ်ပြီးနောက် ရုံးတော်က သင့်သလို သတ်မှတ်သည့် အတိုးနှုန်းဖြင့် တရားလိုသို့ ပေးဆပ်စေရန် လျှောက်ထားခဲ့သည်။

ထိုသို့သော အခြေအနေကြောင့် အပေါင်ပစ္စည်းမပါ ယာယီစာရင်းပိုထုတ်ချေးငွေဖြင့် ချေးယူထားသော ချေးငွေနှင့် အတိုးနှုန်းအပါအဝင် ဝန်ဆောင်စရိတ်များကို မူလမှုတရားလိုဘဏ်သည် သင့်တော်သည့် ဘဏ်အတိုးနှုန်းဖြင့် ရထိုက်သည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ တရားရုံးများလက်စွဲ အပိုဒ် ၁၇၃ တွင် ပြဋ္ဌာန်းချက်များ၊ **ပြည်သူ့ ဘဏ်အမှတ်(၉)နှင့် မက်ဆားစ်နေရှင်နယ် စီးကရက်ကုမ္ပဏီအမှု**[၁]၊ **မကျင်တင်ပါ ၅ နှင့် ပြည်သူ့ဘဏ်အမှတ်(၁၁) အမှု**[၂] တွင် စီရင်ထုံးဖွဲ့မှုများအရ စီရင်ဆုံးဖြတ်သည့် ငွေရင်းအပေါ်တွင် တရားစွဲဆိုသည့် နေ့ရက်မှ ဒီကရီချမှတ်သည့်နေ့အထိ ရုံးအတိုးနှုန်း ဖြင့်ဖြစ်စေ၊ ၎င်းနှုန်းအောက် လျော့သည့် ပဋိညာဉ်တွင် အတိအလင်းသော်လည်းကောင်း၊ သဘောသက်ရောက်ခြင်းဖြင့်သော်လည်းကောင်း ပါရှိသော အတိုးနှုန်းဖြင့်ဖြစ်စေ ခွင့်ပြုနိုင်သည်။ ထို့အပြင် စီရင်ဆုံးဖြတ်သော စုစုပေါင်း ငွေအပေါ်တွင် ဒီကရီချမှတ်သည့်နေ့မှ ငွေအပြေအကျေ ပေးဆပ်သည့်နေ့အထိ သင့်တော်သည့် အတိုးနှုန်းကိုပေးစေရန် အမိန့်ချမှတ်နိုင်သည်။

---

**၁။ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ - ၂၃၀။**

**၂။ ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ - ၂၁၀။**

၂၀၀၉
ကမ္ဘောဇဘဏ် လီမိတက် (၎င်း၏ ကိုယ်စား တာဝန် လွှဲအပ်ခြင်း ခံရသူ မန်နေဂျာ ဦးသော်ဇေယျ) နှင့် ဦးဘိုလေးပါ ၂

သို့ဖြစ်၍ ကြားနာလျက်ရှိသော ပြဿနာနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည် -

"အပေါင်ပစ္စည်းမပါသည့် ယာယီစာရင်းပိုထုတ်ချေးငွေဖြင့် ချေးငွေယူထားသော ချေးငွေနှင့် အတိုးအပါအဝင် ဝန်ဆောင်စရိတ်များရရန် စွဲဆိုမှုတွင် တရားရုံးက ငွေဒီကရီ ချမှတ်ခြင်းမရှိဘဲ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်းဥပဒေ ၃ အရ အပေါင်ဆိုင်ရာ ပဏာမဒီကရီ ချမှတ်ခဲ့ခြင်းကို တရားရုံးချုပ်မှ အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ် မှန်ကန်ခြင်း မရှိကြောင်း။"

အထက်ပါ အကြောင်းများကြောင့် ဤတရားမအထူး အယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုပြီး မူလတိုင်းတရားရုံးနှင့် တရားရုံးချုပ် (ရန်ကုန်) တို့၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။ မူလမှု တရားပြိုင် ဦးဘိုလေး၊ ဒေါ်စန္ဒာဦးတို့သည် မူလမှု တရားလို ကမ္ဘောဇဘဏ်လီမိတက်သို့ ငွေကျပ် (၁၂၂၅၉၂၀၇) ကျပ် (၄၈) ပြား (ကျပ်တစ်ရာနှစ်ဆယ့်နှစ်သိန်းငါးသောင်းကိုးထောင် နှစ်ရာ ခုနှစ်ကျပ်နှင့် လေးဆယ့်ရှစ်ပြားတိတိ) ကို မူလရုံးတွင် တရားစွဲဆို သည့်နေ့မှ ဤအထူးအယူခံခုံရုံးက ဒီကရီချမှတ်သည့်နေ့အထိ ငွေ ၁၀၀ိ/- အပေါ် တစ်နှစ်လျှင် ၉ိ/- ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စုစုပေါင်း ငွေအပေါ်တွင် အထူးအယူခံခုံရုံးက ဒီကရီချမှတ်သည့် နေ့မှ ငွေအပြေအကျေ ပေးဆပ်သည့်နေ့အထိ ငွေ ၁၀၀ိ/- အပေါ် တစ်နှစ်လျှင် ၉ိ/- ရာခိုင်နှုန်းအတိုးဖြင့်လည်းကောင်း ပေးစေရန် စရိတ်နှင့် တကွ ဒီကရီချမှတ်သည်။

ရှေ့နေစရိတ် ၃၀၀၀ိ/- သတ်မှတ်သည်။

+ ၂၀၀၉
နိုဝင်ဘာလ
၂၇ ရက်

## တရားမအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး။**
**တရားသူကြီးများဖြစ်ကြသောဒေါက်တာတင်အောင်အေးနှင့်**
**ဦးဟန်ရှိန်တို့၏ရှေ့တွင်**

**ကိုကျော်ဇေယျဒီဖိုးမင်း**
**နှင့်**
**ကိုစိုးမိုးထွန်းပါ ၃ ***
**(အမှတ် ၁ အယူခံတရားပြိုင်၏ အထွေထွေ ကိုယ်စားလှယ်စာရသူ၊ အရွယ်မရောက်သေးသူအယူခံတရားပြိုင် ၂ ၏ အုပ်ထိန်းခွင့်လက်မှတ်ရသူ ဒေါ်လွင်လွင်)**

**ခွင့်ပြုချက်နှင့်ထားသော မြေနှင့်အိမ်တစ်ခုလုံးကို ပိုင်ဆိုင်ခွင့်မရှိဦးတောင်မှ ခွင့်ပြုချက်နှင့် ထားရှိခဲ့သူ၏ အမွေတစ်ခုလုံးကို ဆက်ခံခွင့်ရှိသူသည် ခွင့်ပြုချက်နှင့်ထားရှိခွင့်ကိုပါ ဆက်ခံခွင့်ရှိပြီး ခွင့်ပြုချက်ကို ရုပ်သိမ်း၍ ခွင့်ပြုချက်နှင့် နေထိုင်သူတို့အား ယင်းမြေနှင့်အိမ်မှ နှင်ထုတ်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ အချင်းဖြစ်ဥပစာတွင် တရားပြိုင်များမှာ ဒေါ်မမ၏ ခွင့်ပြုချက်နှင့် နေထိုင်ခြင်းဖြစ်ကြောင်း အထက်ပါ အချက်များအရ ထင်ရှားလျက်ရှိပေရာ ထို့အပြင် ထိုအချက်ကိုလည်း အောက်ရုံး ၃ ရုံးက သက်သေခံချက် ရှိနေခြင်းအပေါ် တစ်သဘောတည်း ကောက်ယူဆုံးဖြတ်ခဲ့ပြီး ဖြစ်ပေရာ ဒေါ်မမ၏ အမွေတစ်ခုလုံးကို

---

* ၂၀၀၉ ခုနှစ်၊ တရားမပထမအထူးအယူခံမှု အမှတ် ၂၁။

\+ ၂၀၀၈ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၃၉ တွင် ချမှတ်သော ၁၃-၁၀-၂၀၀၈ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံမှု။

+ ၂၀၀၉
ကိုကျော်ဇေယျ ဒီဖိုးမင်း နှင့် ကိုစိုးမိုးထွန်းပါ၃ (အမှတ် ၁ အယူခံ တရားပြိုင်၏ အထွေထွေ ကိုယ်စားလှယ် စာရသူ၊ အရွယ်မရောက် သေးသူ အယူခံ တရားပြိုင် ၂ ၏ အုပ်ထိန်းခွင့် လက်မှတ်ရသူ ဒေါ်လွင်လွင်)

ဆက်ခံခွင့်ရှိသူ တရားလို မောင်နှမ ၂ ဦးက အချင်းဖြစ်မြေနှင့် အဆောက်အအုံ တစ်ခုလုံးကို ပိုင်ဆိုင်ခြင်း မရှိဦးတောင်မှ ဒေါ်မမ၏ အခမဲ့ ခွင့်ပြုချက်နှင့် ထားရှိခြင်းကို ဆက်ခံခွင့်ရရှိပြီး တရားပြိုင်တို့အား သဘောတူ ခွင့်ပြုချက်ကို ရုပ်သိမ်း၍ နှင်ထုတ်ခွင့်ရှိမည် ဖြစ်သည်။

| | |
|---|---|
| အယူခံတရားလိုအတွက် | - ဦးဝမ်းမောင် |
| | - တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင် (၁၊၂)အတွက် | - ဦးဟန်ညွန့် |
| | တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင် (၃) အတွက် | - ကိုယ်တိုင် (မလာ) |

မန္တလေးခရိုင်တရားရုံး၏ ၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉၂ တွင် အယူခံတရားပြိုင် ကိုစိုးမိုးထွန်းနှင့် အရွယ်မရောက် သေးသူ မမွန်မွန်ကိုတို့က ကိုစိုးမိုးထွန်း၏ အထွေထွေကိုယ်စားလှယ် စာရရှိသူနှင့် မမွန်မွန်ကိုအတွက် အုပ်ထိန်းခွင့်လက်မှတ် ရရှိသူ ဒေါ်လွင်လွင်မှတစ်ဆင့် အယူခံတရားပြိုင် (၃) ကိုမင်းနိုင်နှင့် အယူခံ တရားလို ကိုကျော်ဇေယျဒီဖိုးမင်းတို့အပေါ် မန္တလေးမြို့၊ ချမ်းအေး သာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ထင်းဝင်းရပ်၊ အကွက် အမှတ် ၃၁၉ - ၃၂၀၊ ဦးပိုင်အမှတ် ၂၈ - ၂၉(င) ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံတို့မှ အခမဲ့ခွင့်ပြုချက်နှင့်ထားသူတို့ အား နှင်လိုမှုစွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ရရှိခဲ့သည်။

ထိုဒီကရီကို မူလရုံး (၂) တရားပြိုင် ကိုကျော်ဇေယျဒီဖိုးမင်းက မန္တလေးတိုင်းတရားရုံး၏ တရားမပထမအယူခံမှုအမှတ် ၄၇/၂၀၀၈

+ ၂၀၀၉
ကိုကျော်ဇေယျ
ဒီဖိုးမင်း
နှင့်
ကိုစိုးမိုးထွန်းပါ၃
(အမှတ် ၁
အယူခံ တရား
ပြိုင်၏
အထွေထွေ
ကိုယ်စားလှယ်
စာရသူ၊
အရွယ်မရောက်
သေးသူ အယူခံ
တရားပြိုင် ၂ ၏
အုပ်ထိန်းခွင့်
လက်မှတ်ရသူ
ဒေါ်လွင်လွင်)

နှင့် တရားရုံးချုပ် (မန္တလေး) ၏ တရားမဒုတိယအယူခံမှု အမှတ် ၃၉/၂၀၀၈ တို့တွင် အယူခံမှုများ တင်သွင်းခဲ့သော်လည်း မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကိုသာ အဆင့်ဆင့်အတည်ပြုခဲ့ပြီး အယူခံမှုများ ပလပ်ခံခဲ့ရသည်။

ထိုအခါ ကိုကျော်ဇေယျဒီဖိုးမင်းက တရားရုံးချုပ်(မန္တလေး)၏ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၇၈/၂၀၀၈ တွင် လျှောက်ထားခဲ့ရာ အောက်ပါပြဿနာကို ဆုံးဖြတ်စေရန် အထူးအယူခံဝင်ခွင့်ရရှိခဲ့သည် -

> " မူလရုံးတရားလိုများက မူလရုံးတရားပြိုင်များအပေါ် ခွင့်ပြုချက်ဖြင့် အခမဲ့နေထိုင်သူအဖြစ် အချင်းဖြစ်ဥပစာမှ ဖယ်ရှားစေရန်နှင့် ဥပစာကို မူလရုံးတရားလိုများသို့ လက်ရောက်ပေးအပ်စေရန် စွဲဆိုသည့်အမှုတွင် မူလရုံး တရားလိုများအား အနိုင်ဒီကရီ ချမှတ်ပေးခဲ့သည့် တရားရုံး အဆင့်ဆင့်၏ စီရင်ချက်နှင့် ဒီကရီကို တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဆက်လက်အတည်ပြုခဲ့ခြင်းမှာ ဥပဒေ အရ မှန်ကန်မှု ရှိ၊ မရှိ။"

မူလမှုတရားလိုများက ၎င်းတို့၏ အဆိုလွှာတွင် အချင်းဖြစ် မြေနှင့် အဆောက်အအုံကို တရားလိုများ၏ ကွယ်လွန်သူ ကိတ္တိမ မွေးစားမိခင် ဒေါ်မမအမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ဒေါ်မမ မကွယ်လွန်မီ တရားပြိုင်များအား ခွင့်ပြုချက်ဖြင့် ဆိုင်ခန်းဆောက်လုပ်နေထိုင်ခွင့် ထားရှိခဲ့ကြောင်း၊ ဒေါ်မမကွယ်လွန်ရာ တရားလိုများက တရားပြိုင်တို့အား ခွင့်ပြုချက် ရုပ်သိမ်း၍ ထွက်ခွာသွားစေသော်လည်း မလိုက်နာ၍ မူလမှုစွဲဆိုရကြောင်း အဆိုပြုထားသည်။

ယခုအမှုတွင် အယူခံတရားပြိုင် (၃) ဖြစ်ပြီး မူလရုံး (၁) တရားပြိုင် ဖြစ်သူ ကိုမင်းနိုင်က ဝန်ခံချေလွှာ တင်သွင်းခဲ့ပြီး အယူခံတရားလို ဖြစ်သူ (၂) တရားပြိုင် ကိုကျော်ဇေယျဒီဖိုးမင်းက

+ ၂၀၀၉
ကိုကျော်ဇေယျ
ဒီဖိုးမင်း
နှင့်
ကိုစိုးမိုးထွန်းပါ၃
(အမှတ် ၁ အယူခံ တရားပြိုင်၏ အထွေထွေ ကိုယ်စားလှယ် စာရသူ၊ အရွယ်မရောက် သေးသူ အယူခံ တရားပြိုင် ၂ ၏ အုပ်ထိန်းခွင့် လက်မှတ်ရသူ ဒေါ်လွင်လွင်)

၎င်းမှာ အမွေဆိုင်တစ်ဦးအဖြစ် အချင်းဖြစ်မြေပေါ်တွင် နေထိုင်လာခဲ့သူဖြစ်ကြောင်း၊ မကွယ်လွန်မီ ကျန်းမာရေးမကောင်းသူ ဒေါ်မမ စိတ်ချမ်းသာစေရန် အခမဲ့ခွင့်ပြုချက်ဖြင့်နေသူ အဖြစ်ဖြင့် စာချုပ်ချုပ်ဆို ပေးခဲ့ခြင်းသာဖြစ်ကြောင်း ချေလွှာတွင် ချေပခဲ့သည်။

မူလမှုတွင် မန္တလေးခရိုင်တရားရုံးက တရားလိုတို့၏ ကိတ္တိမ မွေးစားမိခင်ဒေါ်မမနှင့် တရားပြိုင်တို့ ရယကဉက္ကဋ္ဌရှေ့မှောက်တွင် အချင်းဖြစ်မြေပေါ်၌ အခမဲ့ခွင့်ပြုချက်ဖြင့် ထားရှိသည့် စာချုပ်ချုပ်ဆို ခဲ့သည်မှာ (၂) တရားပြိုင်ကိုယ်တိုင်၏ ထွက်ချက်အရ ထင်ရှားကြောင်း၊ (၂) တရားပြိုင်က အချင်းဖြစ် ဥပစာပေါ်တွင် အမွေဆိုင် အခွင့်အရေးအရ နေထိုင်လာခဲ့သည်ဆိုသော ထုချေချက်မှာ အဆိုပါစာချုပ်ကို လွှမ်းမိုးပြင်ဆင်နိုင်ခြင်းမရှိကြောင်း၊ တရားပြိုင်တို့မှာ အချင်းဖြစ်မြေပေါ်တွင် ဒေါ်မမ၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းဖြစ်ကြောင်း၊ အချင်းဖြစ်မြေကွက်မှာ ဒေါ်မမ ဂရန်အမည် ပေါက်ကြောင်း၊ ဒေါ်မမကွယ်လွန်ရာ ကိတ္တိမမွေးစားသား၊ သမီးများ ဖြစ်သော တရားလိုများက အချင်းဖြစ် ဥပစာကို စီမံခန့်ခွဲခွင့်ရှိ၍ ခွင့်ပြုချက်ကို ရုပ်သိမ်းပြီး တရားပြိုင်တို့အား နှင်ထုတ်ခွင့်ရှိကြောင်း၊ တရားလိုတို့သည် အချင်းဖြစ်မြေနှင့် အိမ်ကို လက်ရောက်ရထိုက် ကြောင်း စသည်ဖြင့် သုံးသပ်ကာ အနိုင်ဒီကရီ ချမှတ်ပေးခဲ့သည်။

မန္တလေးတိုင်းတရားရုံးက ပထမအယူခံမှုတွင် အချင်းဖြစ် မြေမှာ မူလက ဒေါ်လွင်လွင်၊ ဒေါ်မမနှင့် ဦးကိုကို (ခ) ဦးမြင့်ဦး (တရားလိုတို့၏ ဖခင်ရင်း) တို့၏ ဖခင်၏ အစ်မ ဒေါ်တင် အမည်ပေါက်ခဲ့ပြီးမှ ဒေါ်မမ အမည်ပေါက်ခဲ့ကြောင်း၊ ဒေါ်တင်က ဒေါ်မမနှင့် ဦးကိုကိုတို့ကို ကိတ္တိမ မွေးစားစာချုပ်ဖြင့် မွေးစားခဲ့ကြောင်း၊ ဒေါ်မမကလည်း တရားလိုတို့အား ကိတ္တိမ မွေးစားခြင်း မှတ်ပုံတင် စာချုပ်ဖြင့် မွေးစားခဲ့ကြောင်း၊ သို့ဖြစ်၍ တရားလိုတို့က အချင်းဖြစ် ဥပစာကို စီမံခန့်ခွဲခွင့်ရှိကြောင်း၊ ဒေါ်မမနှင့် ဦးကိုကိုတို့ ကွယ်လွန်သည့်

အခါ ဦးကိုကို၏ဇနီး တရားလိုတို့၏ မိခင်ရင်းမှာ သက်ရှိထင်ရှား ရှိသော်လည်း အမှုတွင် ပါဝင်ရန် အရေးဆိုခြင်းမရှိ၍ အမှုသည်အဖြစ် မထည့်သွင်းခဲ့ကြောင်း၊ ယင်းအချက်ကို တရားပြိုင်တို့က မူလမှုတွင် မငြင်းဆိုခဲ့ဘဲ အယူခံမှုတွင်မှ တင်ပြလာခြင်းမှာ လက်ခံနိုင်ရန် မရှိကြောင်း၊ ကိုကျော်ဇေယျ ဒီဖိုးမင်းမှာ အမွေဆိုင်အဖြစ် အချင်းဖြစ် ဥပစာတွင် နေထိုင်သည်ဆိုသော်လည်း ထင်ရှားခိုင်လုံအောင် သက်သေမပြနိုင်ခဲ့ကြောင်း၊ ခွင့်ပြုချက်ထားသောစာချုပ်ကို ရယက ရုံးတွင် ဒေါ်မမနှင့် တရားပြိုင်တို့ ချုပ်ဆိုခဲ့သည်မှာ အငြင်းမပွား ထင်ရှား၍ တရားပြိုင်များသည် ဒေါ်မမ၏ ခွင့်ပြုချက်ဖြင့် နေထိုင်သူ များဖြစ်ကြောင်း စသည်ဖြင့် သုံးသပ်ဆုံးဖြတ်ကာ အယူခံတရားလို၏ အယူခံမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။

တရားရုံးချုပ် (မန္တလေး) က ဒုတိယအယူခံမှုတွင် အချင်းဖြစ် မြေကို တရားလိုတို့၏ဖခင်ရင်း၏ အစ်မဒေါ်တင် ပိုင်ဆိုင်ခဲ့သည်ဟု ပေါ်ပေါက်ပြီး ဦးစော - ဒေါ်အုံတို့ ပိုင်ဆိုင်ခဲ့သည်ဟု မပေါ်ပေါက် ကြောင်း၊ အချင်းဖြစ်မြေကွက်၏ မြေစာရင်းပုံစံနှင့် ဂရန်စာချုပ်တို့အရ ဒေါ်မမ အမည်ပေါက်သဖြင့် ဒေါ်မမက စီမံခန့်ခွဲခွင့်ရှိသည်ဟုသာ ကောက်ယူရန်ဖြစ်ကြောင်း သက်သေခံ (င) စာချုပ်နှင့် ရယက အဖွဲ့ဝင် ဦးခင်မောင်မြင့် (လိုပြ ၁) တို့၏ ထွက်ဆိုချက်အရ ဒေါ်မမက မူလရုံး တရားပြိုင်များ ဖြစ်ကြသော တူနှစ်ဦးကို မြေကွက်ရှေ့၌ ဆိုင်ဆောက်လုပ် နေထိုင်ခွင့် ပြုခဲ့သည်မှာ ထင်ရှားကြောင်း၊ ဒေါ်မမသည် တရားလိုနှစ်ဦးအား ကိတ္တိမမွေးစားခဲ့သဖြင့် ဒေါ်မမ ကွယ်လွန်ရာ အချင်းဖြစ် ဥပစာကို တရားလိုတို့က ဆက်ခံခွင့်၊ စီမံခန့်ခွဲခွင့်ရှိကြောင်း၊ သို့ဖြစ်၍ တရားပြိုင်တို့အား တရားလိုတို့က ခွင့်ပြုချက်ဖြင့် အခမဲ့ နေထိုင်သူအဖြစ် နှင်ထုတ်ခွင့်ရှိကြောင်း ဆုံးဖြတ်ကာ အယူခံမှုကို ပလပ်ခဲ့သည်။

+ ၂၀၀၉

ကိုကျော်ဇေယျ ဒီဖိုးမင်း နှင့် ကိုစိုးမိုးထွန်းပါ၃ (အမှတ် ၁ အယူခံ တရားပြိုင်၏ အထွေထွေ ကိုယ်စားလှယ် စာရသူ၊ အရွယ်မရောက် သေးသူ အယူခံ တရားပြိုင် ၂ ၏ အုပ်ထိန်းခွင့် လက်မှတ်ရသူ ဒေါ်လွင်လွင်)

+ ၂၀၀၉
ကိုကျော်ဇေယျ
ဒီဖိုးမင်း
နှင့်
ကိုစိုးမိုးထွန်းပါ၃
(အမှတ် ၁
အယူခံ တရား
ပြိုင်၏
အထွေထွေ
ကိုယ်စားလှယ်
စာရသူ၊
အရွယ်မရောက်
သေးသူ အယူခံ
တရားပြိုင် ၂ ၏
အုပ်ထိန်းခွင့်
လက်မှတ်ရသူ
ဒေါ်လွင်လွင်)

ဤအမှုတွင် အယူခံတရားပြိုင် (၁) နှင့် (၂) တို့ဘက်မှ ဒေါ်တင် ဂရန်အမည်ပေါက်ပိုင်ဆိုင်လာသော အချင်းဖြစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံကို ဒေါ်တင်က ဒေါ်မမအား ပေးကမ်းသည့်မှတ်ပုံတင်၊ ပေးကမ်းသည့်စာချုပ်နှင့် မြေပုံ၊ မြေရာဇဝင်များကို ဤအထူးအယူခံခုံရုံးက သက်သေခံ စာရွက်စာတမ်းများအဖြစ် လက်ခံပေးစေရန် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၇ (၁) (ခ) အရ လျှောက်ထားခဲ့သည်။

ထိုပေးကမ်းသည့်စာချုပ်တွင် ဦးကိုကိုက နောင်တွင် အငြင်းမပွားနိုင်စေရေးအတွက် သဘောတူညီသည့် အနေဖြင့် အသိသက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုးထားသည်။ မြေပုံ၊ မြေရာဇဝင်များမှာ ၁၉၄၃ ခုနှစ်မှစ၍ မူလဂရန် အမည်ပေါက်သူ ဘီအာရ်မူတီလာမှ ၁၉၄၉ ခုနှစ်တွင် ဒေါ်တင်အမည်သို့လည်းကောင်း၊ ဒေါ်တင်အမည်မှ ၉-၈-၉၆ ရက်နေ့တွင် ဒေါ်မမ အမည်သို့လည်းကောင်း အဆင့်ဆင့်ဂရန် အမည်ပြောင်းလဲခဲ့ခြင်းများ ဖြစ်ကြသည်။

ထိုစာရွက်စာတမ်း အထောက်အထားများမှာ ယခုနောက်ပိုင်းတွင်မှရှာဖွေတွေ့ရှိခဲ့မှုဖြစ်ခြင်း၊ နောက်မှဖန်တီးပြုလုပ်ထားနိုင်သည့် စာချုပ်စာတမ်းများလည်း မဟုတ်ဘဲ အများပြည်သူနှင့် သက်ဆိုင်သောစာရွက်စာတမ်းများဖြစ်ခြင်း၊ အမှုအနိုင်အရှုံးကို ဆုံးဖြတ်ရာတွင် အရေးပါသော စာရွက်စာတမ်းများလည်းဖြစ်ခြင်း စသည်တို့ကြောင့် လျှောက်ထားသည့်အတိုင်း ခွင့်ပြုသင့်သည်ဟု လျှောက်ထားသူတို့ဘက်မှ တင်ပြခဲ့သည်။

ထိုသို့ တင်ပြမှုအပေါ် အယူခံတရားလိုဘက်မှ ကန့်ကွက်မှု မရှိသဖြင့် အပြီးသတ် လျှောက်လဲချက်နှင့်အတူ ဤကိစ္စအတွက် တစ်ပါတည်း နှစ်ဘက်လျှောက်လဲတင်ပြခဲ့ကြပြီးဖြစ်သည်။

ဤအမှုမှာ အချင်းဖြစ် မြေကွက်နှင့် အဆောက်အအုံအပေါ် ပိုင်ရေးပိုင်ခွင့် ပြဿနာနှင့် စပ်လျဉ်း၍ ဖြစ်ပွားသော အငြင်းပွားမှု မဟုတ်ဘဲ ခွင့်ပြုချက်နှင့် ထားသူအား နှင်လိုမှုသာဖြစ်ခြင်းကြောင့် ပိုင်ရေးပိုင်ခွင့် ပြဿနာကို ဆုံးဖြတ်ရန် မလိုအပ်သဖြင့် အယူခံ တရားပြိုင် (၁) နှင့် (၂) တို့ဘက်က လျှောက်ထားသည့်အတိုင်း ဤရုံးက သက်သေခံ လက်ခံရန် မရှိသကဲ့သို့ မူလရုံးကိုလည်း သက်သေခံချက် လက်ခံစေရေးအတွက် ညွှန်ကြားရန် မလိုအပ်ပေ။

အယူခံတရားလို၏ရှေ့နေက အမှုနှင့် စပ်လျဉ်း၍ လျှောက်လဲရာတွင် မူလရုံးတရားလိုတို့က တရားပြိုင်တို့အား အချင်းဖြစ်ဥပစာမှ ခွင့်ပြုချက်နှင့်ထားသူအား ဖယ်ရှားပြီး လက်ရောက် ရလိုမှုဖြစ်ရာ ပိုင်ရေးပိုင်ခွင့်ကို အခြေပြုပြီး လက်ရောက်ရလိုမှု စွဲဆိုသည်မှာ ထင်ရှားကြောင်း၊ လက်ရောက်ရလိုမှုတွင် တရားလို ပိုင်ဆိုင်သည်ဆိုသည့် အချက်ထင်ရှားရန်လိုကြောင်း၊ တရားလိုတို့ ထွက်ချက်အရ အချင်းဖြစ် ဥပစာကို ဒေါ်တင်ပိုင်ဆိုင်ခဲ့ကြောင်း၊ ဒေါ်တင်က ဒေါ်မမနှင့် ဦးကိုကိုတို့ကို မွေးစားခဲ့ရာ ဒေါ်တင်ကဦးစွာ ကွယ်လွန်ပြီး ဦးကိုကိုက နောက်မှ ကွယ်လွန်လျှင် ဥပစာကို ဒေါ်မမနှင့် ဦးကိုကို၏ ဇနီး ဒေါ်ခင်မာ (ခ) ဒေါ်အေးအေးသန်းတို့က အတူပိုင်ဆိုင်မည်ဖြစ်ကြောင်း၊ ဒေါ်မမကွယ်လွန်သည့်အခါ မူလရုံး တရားလိုများနှင့် ဒေါ်ခင်မာ (ခ) ဒေါ်အေးအေးသန်းတို့အတူ ပိုင်ဆိုင်ကြကြောင်း၊ လက်ရောက်ရလိုမှုတွင် ဒေါ်ခင်မာ ပါဝင် စွဲဆိုခြင်းမရှိ၍ ဒီကရီချမှတ်ပေးနိုင်ခြင်း မရှိကြောင်း၊ ထို့အပြင် အချင်းဖြစ်ဥပစာမှာ နှစ်ဖက်အမှုသည်တို့၏ အဘိုးအဘွားများ ဖြစ်သော ဦးစော၊ ဒေါ်အုံတို့ ပိုင်ဆိုင်ခဲ့သည်မှာ ထင်ရှားကြောင်း၊ မူလရုံးတရားပြိုင်များမှာ တရားလိုများကဲ့သို့ အမွေဆိုင် အခွင့်အရေးအရ ကာလကြာညောင်းစွာ နေထိုင်လာခဲ့ပြီးမှ ဒေါ်မမကျန်းမာရေး မကောင်းသဖြင့် ဒေါ်မမ၏ တောင်းဆိုမှုကို

+ ၂၀၀၉
ကိုကျော်ဇေယျ
ဒီဖိုးမင်း
နှင့်
ကိုစိုးမိုးထွန်းပါ၃
(အမှတ် ၁
အယူခံ တရား
ပြိုင်၏
အထွေထွေ
ကိုယ်စားလှယ်
စာရသူ၊
အရွယ်မရောက်
သေးသူ အယူခံ
တရားပြိုင် ၂ ၏
အုပ်ထိန်းခွင့်
လက်မှတ်ရသူ
ဒေါ်လွင်လွင်)

လိုက်လျော၍ အခမဲ့ခွင့်ပြုချက်နှင့် ထားသည့်စာချုပ်ကို ချုပ်ဆို ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အထက်ပါအကြောင်းများကြောင့် ပြဿနာ အပေါ် အယူခံတရားလိုဘက်သို့ အသာပေးဖြေဆို၍ အောက်ရုံး များ၏ စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်ပြီး မူလမှုအား ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် (၁) နှင့် (၂) တို့၏ ရှေ့နေက လျှောက်လဲ ရာတွင် ဂရန်ချထားပေးခြင်း ခံရသူသည် သက်တမ်းကာလအတွင်း ထိုမြေကို လက်ရှိထားသုံးစွဲခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အချင်းဖြစ် မြေကို ဒေါ်တင်ဂရန် အမည်ချထားခံရ၍ ဒေါ်တင်က ထိုသို့ ဆောင်ရွက်ခွင့်ရှိသကဲ့သို့ ဒေါ်မမက နှစ် (၃၀) ဂရန်ရရှိခဲ့၍ ဒေါ်မမက ထိုသို့ ဆောင်ရွက်ခွင့် ဆက်လက်ရရှိကြောင်း၊ ဒေါ်တင်က ဒေါ်မမနှင့် ဦးကိုကိုတို့ကို ကိတ္တိမမွေးစားသကဲ့သို့ ဒေါ်မမကလည်း ဦးကိုကို၏ သား၊ သမီးများဖြစ်သော မူလရုံးတရားလိုတို့အား မွေးစားခဲ့ကြောင်း၊ ဦးကိုကိုကလည်းကောင်း၊ ၎င်း၏ဇနီး ဒေါ်ခင်မာကလည်းကောင်း၊ ဒေါ်မမအမည်ပေါက် ဂရန်ရရှိခဲ့ခြင်းကို နှစ်ကာလကြာညောင်းစွာ ကန့်ကွက်ခြင်းမရှိ၍ လက်ခံသဘောတူပြီးရာ ရောက်ကြောင်း၊ ၎င်းတို့၏ သား၊ သမီး နှစ်ဦးလုံးက ဒေါ်မမ၏ အမွေဆက်ခံခဲ့ခြင်းကို လည်း မိဘများအနေဖြင့် ကန့်ကွက်ရန် မရှိကြောင်း၊ အခမဲ့နေထိုင်ခွင့် ကို ဒေါ်မမက မူလရုံးတရားပြိုင်တို့နှင့် ရယကရုံးတွင် စာချုပ်ချုပ်ဆိုခဲ့ရာ သက်သေခံဥပဒေ ပုဒ်မ ၉၂ အရ ဆန့်ကျင်၍ အမွေဆိုင်အဖြစ် နေသည်ဟု နှုတ်သက်သေ တင်ပြခွင့်မရှိတော့ကြောင်း၊ ဒေါ်မမက ကျန်းမာရေး မကောင်း၍ လိုက်လျောပြီး ယင်းစာချုပ်ကို ချုပ်ဆိုခဲ့ ပါသည်ဟု အယူခံတရားလိုက မူလရုံးတွင် တင်ပြစေကာမူ စာချုပ် ချုပ်ဆိုခဲ့သော ရယကလူကြီး၏ ထွက်ဆိုချက်တွင် စာချုပ်ချုပ်စဉ် ဒေါ်မမမှာ ကျန်းမာလျက်ရှိနေသည်ဟု ထွက်ဆိုထားကြောင်း၊ ဦးစော၊ ဒေါ်အုံတို့ ပိုင်ဆိုင်ခဲ့သည်ဆိုခြင်းကိုလည်း အယူခံတရားလိုက မူလမှု၌

သက်သေမတင်ပြနိုင်ခဲ့ကြောင်း၊ ပစ္စည်းကို အမွေဆက်ခံသူသည် အမွေရှင်က ယင်းပစ္စည်းတွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့သူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ်နှင့် နှင်ထုတ်ခွင့်ရှိကြောင်း၊ သို့ဖြစ်၍ ဤအထူးအယူခံမှုကို စရိတ်နှင့် ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အမှတ် (၃) အယူခံတရားပြိုင်မှာ မူလမှုတွင် ဝန်ခံချေလွှာတင်ခဲ့သကဲ့သို့ ဤအမှုတွင် ကိုယ်တိုင်လာရောက်ခြင်း၊ လျှောက်လဲတင်ပြခြင်းတို့ မရှိချေ။

အချင်းဖြစ်ဥပစာကို ယခင်က ဒေါ်လွင်လွင်၊ ဒေါ်မမနှင့် ဦးကိုကို (တရားလိုတို့၏ ဖခင်ရင်း) တို့ မောင်နှမ ၃ ဦး၏ ဖခင်၏ အစ်မဒေါ်တင် ဂရန်အမည်ပေါက်ခဲ့ကြောင်း၊ ဒေါ်တင်က ဒေါ်မမနှင့် ဦးကိုကိုတို့အား ကိတ္တိမမွေးစားစာချုပ်ဖြင့် မွေးစားခဲ့ကြောင်း၊ ဒေါ်တင်ကွယ်လွန်ခဲ့ပြီးနောက် ဒေါ်မမဂရန်အမည်ပေါက်ခဲ့ကြောင်း၊ ဒေါ်မမက တရားလိုတို့အား ကိတ္တိမမွေးစားစာချုပ်ဖြင့် မွေးစားခဲ့ကြောင်း၊ ဒေါ်မမ မကွယ်လွန်မီ ဒေါ်မမက ၎င်း၏တူများဖြစ်သော တရားပြိုင်တို့နှင့် ရယကရုံးတွင် ဥက္ကဋ္ဌရှေ့မှောက်၌ အချင်းဖြစ်မြေကွက်တွင် ဆိုင်ဆောက်လုပ်၍ အခမဲ့နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ တရားလိုတို့က တရားပြိုင်တို့အား ခွင့်ပြုချက်ကို ရုပ်သိမ်းခဲ့ပြီးဖြစ်ကြောင်း စသည့်အချက်များမှာ မူလမှုတွင် ထင်ရှားပြီး အငြင်းမပွားချေ။

မူလရုံး (၂)တရားပြိုင် ကိုကျော်ဇေယျဒီဖိုးမင်းသည် ၎င်းတို့က ရယကရုံး၌ ချုပ်ဆိုခဲ့သော အချင်းဖြစ်မြေပေါ်တွင် ခွင့်ပြုချက်နှင့်ထားရှိသည့် စာချုပ်ကို ပျက်ပြယ်ကြောင်း သို့မဟုတ် ပျက်ပြယ်စေနိုင်ကြောင်း တစ်စုံတစ်ရာ တင်ပြနိုင်ခဲ့မှု မရှိခြင်းကြောင်း ယင်းစာချုပ်နှင့် ဆန့်ကျင်၍ ၎င်းတို့သည် အမွေဆိုင် အခွင့်အရေးအရ နေထိုင်ခြင်းဖြစ်ကြောင်း နှုတ်သက်သေခံ တင်ပြခွင့် မရှိတော့ချေ။ သက်သေခံ

+ ၂၀၀၉
ကိုကျော်ဇေယျ
ဒီဖိုးမင်း
နှင့်
ကိုစိုးမိုးထွန်းပါ၃
(အမှတ် ၁
အယူခံ တရား
ပြိုင်၏
အထွေထွေ
ကိုယ်စားလှယ်
စာရသူ၊
အရွယ်မရောက်
သေးသူ အယူခံ
တရားပြိုင် ၂ ၏
အုပ်ထိန်းခွင့်
လက်မှတ်ရသူ
ဒေါ်လွင်လွင်)

+ ၂၀၀၉
ကိုကျော်ဇေယျ ဒီဖိုးမင်း
နှင့်
ကိုစိုးမိုးထွန်းပါ၃ (အမှတ် ၁ အယူခံ တရားပြိုင်၏ အထွေထွေ ကိုယ်စားလှယ် စာရသူ၊ အရွယ်မရောက်သေးသူ အယူခံ တရားပြိုင် ၂ ၏ အုပ်ထိန်းခွင့် လက်မှတ်ရသူ ဒေါ်လွင်လွင်)

ဥပဒေ ပုဒ်မ ၁၁၅ အရ ပိတ်ပင်ပြီး ဖြစ်သည့်အပြင် ပုဒ်မ ၉၂ အရ စာချုပ်စာတမ်းပါ အချက်အလက်များကို ငြင်းဆိုရန် နှုတ်သက်သေပြခွင့် မရှိတော့၍ဖြစ်သည်။

ကိုကျော်ဇေယျဒီဖိုးမင်းက အချင်းဖြစ်မြေကွက်နှင့် မူလအဆောက်အအုံကို ဦးစောနှင့် ဒေါ်အုံတို့ ပိုင်ဆိုင်ခဲ့၍ ၎င်းက အမွေဆိုင်အခွင့်အရေးအရ နေထိုင်ခြင်းဖြစ်သည်ဟု ဆိုသော်လည်း ယင်းအချက်နှစ်ချက်လုံးကို သက်သေထင်ရှား ပြသနိုင်ခဲ့ခြင်းလည်း မရှိချေ။ ထိုသို့ သက်သေထင်ရှား မပြသနိုင်ခဲ့ကြောင်း အကြောင်းခြင်းရာ အချက်အလက်ကို အောက်ရုံးတို့က တစ်သဘောတည်း စီရင်ဆုံးဖြတ်ခဲ့ကြပြီး ဖြစ်၍လည်း ဤရုံးက ဝင်ရောက်စွက်ဖက်ရန် မသင့်ချေ။

မူမမှုမှာ ခွင့်ပြုချက်နှင့်ထားသူကိုနှင်လိုမှုအရ စွဲဆိုခြင်းဖြစ်ပြီး ပစ္စည်းပိုင်ဆိုင်ခြင်းကို အကြောင်းပြု၍ လက်ရောက်ရလိုမှု သက်သက်စွဲဆိုခြင်း မဟုတ်ချေ။ **ဒေါ်တင်ရီနှင့် ဒေါ်နှင်းစိန်စီရင်ထုံး**[၁] တွင် ခွင့်ပြုချက်နှင့်ထားသူအား နှင်လိုမှုတွင် ပိုင်ဆိုင်မှု ပြဿနာကို အဓိကစဉ်းစားရန် မလိုအပ်ကြောင်း ထုံးဖွဲ့ထားသည်။ **ဦးမြင့်ဆွေပါ ၂** နှင့် **ဦးချန်ထွန်းစီရင်ထုံး**[၂] အရ ခွင့်ပြုချက်နှင့် ထားသူအား နှင်လိုမှု၌ ပိုင်ဆိုင်မှုပြဿနာကို သီးခြားငြင်းချက်ပင် ထုတ်ရန်မလိုအပ်ချေ။

**ဦးကြွားပါ၇** နှင့် **ဒေါ်တင်လှပါ၄ စီရင်ထုံး**[၃] အရ လက်ရောက်ရလိုမှုသက်သက်တွင် လက်ရောက်ရလိုသည့် အချင်းဖြစ်ပစ္စည်းကို ပိုင်ဆိုင်ကြောင်း သက်သေထင်ရှား ပြသရန် လိုအပ်သော်လည်း **ဦးကျင်ဆိုင်ပါ၆နှင့် ဦးစိန်ညွန့်ပါ၈စီရင်ထုံး**[၄] **ဦးသိန်းအောင်ပါ၂ နှင့် ဒေါ်ဝင်းပါ၃ စီရင်ထုံး**[၅] တို့အရ

---

**၁။ ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၆၄**
**၂။ ၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၉၅။**
**၃။ ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၃၉။**
**၄။ ၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၉။**
**၅။ ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၃၃၁။**

+ ၂၀၀၉
ကိုကျော်ဇေယျ
ဒီဖိုးမင်း
နှင့်
ကိုစိုးမိုးထွန်းပါ၃
(အမှတ် ၁
အယူခံ တရား
ပြိုင်၏
အထွေထွေ
ကိုယ်စားလှယ်
စာရသူ၊
အရွယ်မရောက်
သေးသူ အယူခံ
တရားပြိုင် ၂ ၏
အုပ်ထိန်းခွင့်
လက်မှတ်ရသူ
ဒေါ်လွင်လွင်)

ခွင့်ပြုချက်နှင့်ထားသူ အမွေရှင် သေဆုံးသည့်အခါ ဆက်ခံသူက အခမဲ့ခွင့်ပြုချက်ကိုပါ ဆက်ခံခွင့်ရှိပြီး ထိုသို့ ဆက်ခံသူက အခမဲ့ခွင့်ပြုချက်နှင့် ထားသူအား နှင်လိုမှု စွဲဆိုနိုင်ပေသည်။ အခမဲ့ခွင့်ပြုချက်နှင့်ထားသူကို နှင်လိုမှုတွင် ပိုင်ဆိုင်ကြောင်း သက်သေထင်ရှား ပြသရန် မလိုအပ်ချေ။ **ဒေါ်တင်ရီနှင့် ဒေါ်နှင်းစိန်စီရင်ထုံး**[၀] တွင် အခမဲ့ခွင့်ပြုချက်ဖြင့်ထားကြောင်း ထင်ရှားလျှင် ခွင့်ပြုသောသူက ပိုင်ရှင်မဟုတ်စေကာမူ ခွင့်ပြုခြင်းခံရသူကို ပေးထားသည့် ခွင့်ပြုချက်အား ရုပ်သိမ်းပြီး နှင်ထုတ်ပိုင်ခွင့်ရှိပေသည်။

အချင်းဖြစ်ဥပစာတွင် တရားပြိုင်များမှာ ဒေါ်မမ၏ ခွင့်ပြုချက်နှင့် နေထိုင်ခြင်းဖြစ်ကြောင်း အထက်ပါအချက်များအရ ထင်ရှားလျက်ရှိပေရာ ထို့အပြင် ထိုအချက်ကိုလည်း အောက်ရုံး ၃ ရုံးက သက်သေခံချက်ရှိနေခြင်းအပေါ် တစ်သဘောတည်း ကောက်ယူဆုံးဖြတ်ခဲ့ပြီးဖြစ်ပေရာ ဒေါ်မမ၏ အမွေတစ်ခုလုံးကို ဆက်ခံခွင့်ရှိသူ တရားလိုမောင်နှမ ၂ ဦးက အချင်းဖြစ်မြေနှင့် အဆောက်အအုံ တစ်ခုလုံးကို ပိုင်ဆိုင်ခြင်းမရှိဦးတောင်မှ ဒေါ်မမ၏ အခမဲ့ခွင့်ပြုချက်နှင့် ထားရှိခြင်းကို ဆက်ခံခွင့်ရရှိပြီး တရားပြိုင်တို့အား သဘောတူခွင့်ပြုချက်ကို ရုပ်သိမ်း၍ နှင်ထုတ်ခွင့်ရှိမည်ဖြစ်သည်။

သို့ဖြစ်၍ အောက်ရုံး ၃ ရုံး၏ စီရင်ဆုံးဖြတ်ချက်အပေါ် ဝင်ရောက် စွက်ဖက်ရန် မရှိချေ။

ထို့ကြောင့် အယူခံတရားပြိုင်များဘက်မှ တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၇ (၁) (ခ) အရ သက်သေခံစာရွက်စာတမ်းများ ဤရုံးက လက်ခံပေးစေရန် လျှောက်ထားမှုအား စရိတ်မပါ ပလပ်သည်။

+ ၂၀၀၉
ကိုကျော်ဇေယျ
ဒီဖိုးမင်း
နှင့်
ကိုစိုးမိုးထွန်းပါ၃
(အမှတ် ၁
အယူခံ တရား
ပြိုင်၏
အထွေထွေ
ကိုယ်စားလှယ်
စာရသူ၊
အရွယ်မရောက်
သေးသူ အယူခံ
တရားပြိုင် ၂ ၏
အုပ်ထိန်းခွင့်
လက်မှတ်ရသူ
ဒေါ်လွင်လွင်)

ထုတ်ထားသော ပြဿနာအပေါ် အောက်ပါအတိုင်း ဖြေဆိုဆုံးဖြတ်၍ ဤအထူးအယူခံမှုကို စရိတ်နှင့် ပလပ်သည် -

" မူလရုံး တရားလိုများက မူလရုံးတရားပြိုင်များအပေါ် ခွင့်ပြုချက်ဖြင့် အခမဲ့နေထိုင်သူအဖြစ် အချင်းဖြစ်ဥပစာမှ ဖယ်ရှားပေးစေရန်နှင့် ဥပစာကို မူလရုံးတရားလိုများသို့ လက်ရောက်ပေးအပ်စေရန် စွဲဆိုသည့် အမှုတွင် မူလရုံးတရားလိုများအား အနိုင်ဒီကရီ ချမှတ်ပေးခဲ့သည့် တရားရုံးအဆင့်ဆင့်၏ စီရင်ချက်နှင့် ဒီကရီကို တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဆက်လက်အတည်ပြုခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်မှုရှိကြောင်း။"

ရှေ့နေခ ကျပ် ၃၀၀ဝိ/ - သတ်မှတ်သည်။

+ ၂၀၀၉
မေလ
၆ ရက်

## တရားမပြင်ဆင်မှု

## တရားရုံးချုပ်တရားသူကြီး ဦးကျော်ဝင်း၏ရှေ့တွင်

**ဦးကြင်စိန်ပါ ၂**
**နှင့်**
**ဒေါ်အေးစပယ်ဝင်း ***

**တရားမကျင့်ထုံး ဥပဒေအမိန့် ၃ နည်း ၁၊ ၂ ပါပြဋ္ဌာန်းချက်အရ အခွင့်ရကိုယ်စားလှယက် ဖြစ်သူ၏ ဆောင်ရွက်နိုင်ခွင့်။ အခွင့်ရ ကိုယ်စားလှယ်သည် တရားရုံးသို့ လာရောက်ခြင်း(appearances)၊ လျှောက်ထားခြင်း (applications) နှင့် ဆောင်ရွက်ခြင်း (acts) တို့ ပြုလုပ်နိုင်ခြင်း၊ ထိုစကားရပ်များတွင် လျှောက်လဲခြင်း (pleadings) ပါဝင်ခြင်း ရှိ၊ မရှိ။**

**ဆုံးဖြတ်ချက်**။ ။ အခွင့်ရ ကိုယ်စားလှယ်တစ်ဦးသည် ရှေ့နေ လိုင်စင်မရှိပါက အမှုသည်များကို စစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်း သို့မဟုတ် လျှောက်လဲချက်ပေးခြင်း ဆောင်ရွက်ခွင့်မရှိ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ဤအမှုတွင် အခွင့်ရကိုယ်စားလှယ်သည် အမိန့် ၃၊ နည်း ၁၊ ၂ ပါပြဋ္ဌာန်းချက်များအရ အမှုသည် ကိုယ်စား တရားရုံးသို့ လာရောက်ခြင်း၊ လျှောက်ထားခြင်း၊ ဆောင်ရွက်ခြင်း ပြုနိုင်သည် ဆိုရာတွင် ရှေ့နေရှေ့ရပ်များနည်းတူ တရားရုံးတွင် လျှောက်လဲချက်ပေးခြင်း (**pleading or addressing**)ကို လိုင်စင်မရှိဘဲ ပြုပိုင်ခွင့်မရှိ။

---

* **၂၀၀၉ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၂၇။**

\+ **၂၀၀၈ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၇၅ တွင် ချမှတ်သော ၂၁-၁-၂၀၀၉ ရက်စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။**

၂၀၀၉
ဦးကြင်စိန်ပါ ၂
နှင့်
ဒေါ်အေးစပယ်ဝင်း

အယူခံတရားလို(၁) အတွက် - ဦးကြင်စိန်နှင့် အခွင့်ရကိုယ်စားလှယ် ဦးကျော်ကျော်တို့က ရေးသားလျှောက်လဲချက် စာတင်သည်။

အယူခံတရားလို (၂) အတွက် - ကိုယ်တိုင် (မလာ)

အယူခံတရားပြိုင်အတွက် - ဦးကျော်သန်း၊ တရားရုံးချုပ်ရှေ့နေမှ ရေးသားလျှောက်လဲချက် စာတင်သည်။

မန္တလေးတိုင်းတရားရုံး၊ တရားမဇာရီမှုအမှတ် ၇၅/၂၀၀၈ တွင် တရားနိုင် ဒေါ်အေးစပယ်ဝင်းက တရားရှုံး ဦးကြင်စိန်ပါ ၂ ဦး (၎င်းတို့၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးကျော်ကျော်) တို့အပေါ်မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၃၂၂/၂၀၀၅ ၌ တရားရုံးအဆင့်ဆင့်မှ ချမှတ်ခဲ့သော အနိုင်ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားရာ၌ တရားနိုင်ဘက်မှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာနတွင် မြေပုံမြေရာဇဝင်များ ကူးယူရရှိနိုင်ရန်အတွက် တရားဝင်အကြောင်းကြားစာ ထုတ်ပေးရန် လျှောက်ထားခဲ့ရာ တရားရှုံးများ၏ အထွေထွေကိုယ်စားလှယ်စာရသူက ကန့်ကွက်ခြင်း၊ လျှောက်လဲချက်ပေးရန် တင်ပြခြင်းပြုသည်ကို တရားနိုင်ဘက်မှ ကန့်ကွက်ခဲ့သည်။ တိုင်းတရားရုံက တရားနိုင်ဘက်မှ လျှောက်ထားမှုကို တရားရှုံးများ၏ အထွေထွေကိုယ်စားလှယ်စာရသူက ကန့်ကွက်ခြင်းအပေါ် လက်ခံပြီး ဥပဒေနှင့်အညီ ကြားနာဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ အခွင့်ရကိုယ်စားလှယ်မှ လျှောက်ချက်ပေးခြင်းကို လက်ခံခွင့်ပြုမည် မဟုတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို တရားရှုံးတို့က မကျေနပ်သဖြင့် ဤတရားမပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

မန္တလေးတိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၃၊ နည်း ၁ တွင် ပြဋ္ဌာန်းထားသည့် အခွင့်ရကိုယ်စားလှယ်ဆိုသည့်

စကားရပ်နှင့် ရှေ့နေရှေ့ရပ်များ အပ်ဥပဒေ ပုဒ်မ ၄၁ တို့ကို ယှဉ်တွဲကြည့်ရာ သက်သေများ၏ စစ်မေးခွင့် လျှောက်လဲပြောဆိုချက်ကို ရှေ့နေများကသာ ဆောင်ရွက်နိုင်ကြောင်း၊ အခွင့်ရကိုယ်စားလှယ် အနေဖြင့် ဆောင်ရွက်ခွင့်မရှိဟု သုံးသပ်လျက် အခွင့်ရကိုယ်စားလှယ်က ကန့်ကွက်ခြင်းအပေါ် လက်ခံ၍ ဥပဒေနှင့်အညီ ကြားနာဆုံးဖြတ်မည်ဖြစ်ကြောင်း၊ အခွင့်ရကိုယ်စားလှယ်မှ လျှောက်လဲချက်ပေးခြင်းကို လက်ခံခွင့်ပြုမည် မဟုတ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

လျှောက်ထားသူ အမှတ် (၁) နှင့် အခွင့်ရကိုယ်စားလှယ်တို့က တရားမကျင့်ထုံးဥပဒေ အမိန့် ၃၊ နည်း ၁ နှင့် နည်း ၂ တို့တွင် အခွင့်ရကိုယ်စားလှယ်သည် သက်ဆိုင်သည့် အမှုသည်ကိုယ်စား (Act) ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ နည်း ၁ တွင် အမှုသည်နှင့် အမှုသည်၏ အခွင့်ရကိုယ်စားလှယ်တို့၏ နောက်တွင်မှ ရှေ့နေရှေ့ရပ်ကလည်း ဆောင်ရွက်ခွင့်ရှိသည်ဟု ဖော်ပြထားသောကြောင့် အမှုသည်၊ အခွင့်ရကိုယ်စားလှယ်နှင့် ရှေ့နေရှေ့ရပ်တို့သည် တစ်တန်းတစ်စားတည်း တူညီသော ဆောင်ရွက်ခွင့်ရှိကြသူများဖြစ်ကြကြောင်း၊ နည်း ၂ တွင် အခွင့်ရကိုယ်စားလှယ်သည် နည်း ၁ အရ အမှုသည်ကိုယ်စား ဆောင်ရွက်ခွင့် (Act) ရှိကြောင်း၊ အမှုသည်ကိုယ်စား အခွင့်ရကိုယ်စားလှယ်က သက်သေခံခြင်းသည် ပြုမြဲဖြစ်သော ဆောင်ရွက်ချက်ဖြစ်သည့်အတွက် သက်သေခံခွင့်ရှိကြောင်း၊ ထိုသို့ အဓိကကျ၍ ပြုမြဲဖြစ်သောဆောင်ရွက်ချက်မျိုးကိုပင် ဆောင်ရွက်ခွင့်(Act) ရှိသော အခွင့်ရကိုယ်စားလှယ်အား မူလရုံးက ကြားနာမည့်ကိစ္စတွင် လျှောက်လဲချက်ပေးခြင်းကို ခွင့်မပြုသော အမိန့်မှာ ဥပဒေအရ စီရင်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် လွဲမှားစွာ ဆောင်ရွက်သည်ဟု မှတ်ယူသင့်ကြောင်း၊ မူလရုံးက ရှေ့နေလိုက်သူများ ဥပဒေ ပုဒ်မ ၄၁ ကို ထည့်သွင်းးကိုးကားခြင်းမှာ မသက်ဆိုင်သည့် ဥပဒေကို ကိုးကားခြင်းဖြစ်၍ စီရင်ပိုင်ခွင့်ကို

၂၀၀၉
ဦးကြင်စိန်ပါ ၂
နှင့်
ဒေါ်အေးစပယ်ဝင်း

ကျင့်သုံးရာ၌ ဥပဒေနှင့်မညီဘဲဖြစ်စေ၊ အရေးပါသောနည်းလမ်း မကျမှုဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်းဖြစ်ကြောင်း မူလရုံး၏(၁၁-၉-၀၈) ရက်စွဲပါ နေ့စဉ်မှတ်တမ်းအမိန့်အရ အခွင့်ရကိုယ်စားလှယ်က အမိန့် ၂၁၊ နည်း ၁၇ အရ ကန့်ကွက်လျှောက်ထားချက်အပေါ် လျှောက်လဲချက်စာကို ရေးသားတင်သွင်းခဲ့ပြီး၊ ထိုစဉ် အခွင့်ရ ကိုယ်စားလှယ်သည် လျှောက်လဲခွင့်မရှိဟု မညွှန်ကြားခဲ့ကြောင်း၊ ထို့ကြောင့် တိုင်းတရားရုံး၏ အမိန့်သည် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၅ (ခ) (ဂ) တို့နှင့်အညီ ပြင်ဆင်သင့်၍ ဥပဒေနှင့်အညီ သင့်မြတ်သော အမိန့် ချမှတ်ပေးသင့်ကြောင်း လျှောက်လဲချက် ရေးသားတင်ပြသည်။

လျှောက်ထားခံရသူ၏ ရှေ့နေက တရားမကျင့်ထုံးဥပဒေ အမိန့် ၃၊ နည်း ၁ ပါ (appear) နှင့် (act) ဆိုသော စကားရပ်နှင့် စပ်လျဉ်း၍ **အက်၊စီ၊ဘနာဂျီနှင့်အေ၊စီ၊မူကာဂျီစီရင်ထုံး**[၁] ရှင်းလင်း ညွှန်ပြထားကြောင်း၊ အထက်မြန်မာပြည် တရားမတရားရုံးများ စဉ်းမျဉ်းဥပဒေ ပုဒ်မ ၂၅ တွင် ရှေ့နေလိုင်စင်မရှိက လျှောက်လဲခွင့် မရှိကြောင်း၊ ဘားကောင်စီအက်ဥပဒေ ပုဒ်မ ၈ (၁) တွင် မည်သူမဆို တရားရုံးချုပ်ရှေ့နေစာရင်းတွင် အမည်ပါဝင်ခြင်းမရှိဘဲ လျှောက်လဲ တင်ပြခွင့်မရှိဟု ပြဋ္ဌာန်းထားကြောင်း၊ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၁၀ တွင် အခွင့်ရကိုယ်စားလှယ်သည် ရှေ့နေလိုင်စင်မရှိဘဲ လျှောက်လဲခွင့်မရှိကြောင်းပြဋ္ဌာန်းထားကြောင်း **အစ္စပ်ရှမ်ဘူပရာဆဒ် ပတေးနှင့်အခြားသူများနှင့်အမျိုးသားရေရွှန်ကော်ပိုရေးရှင်းလီမိတက် စီရင်ထုံး**[၂] **သာရာရမ်မားလ်နှင့် ကပ်ပူးဆွာမီနိုင်ဒူးစီရင်ထုံး**[၃] **အရေ့ထားဝယ်သတ္တုကော်ပိုရေးရှင်းကိစ္စ**[၄] များကို

---

၁။ ၁၉၁၇ - ၂၀၊ အထက်မြန်မာပြည်၊ စာ - ၉၄ (၉၆၊ ၉၇)။
၂။ ၁၉၅၅ ခုနှစ်၊ ဘုံဘိုင် စာ - ၂၆၂။
၃။ အေအိုင်အာ၊ ၁၉၃၇၊ မဒရပ်၊ စာ - ၉၃၇ (စုံညီ)။
၄။ အေအိုင်အာ၊ ၁၉၃၄၊ ကလကတ္တား၊ စာ - ၅၆၃

ကိုးကားလျက် အခွင့်ရကိုယ်စားလှယ်သည် လျှောက်လဲပြောဆိုခွင့် မရှိကြောင်း၊ သို့အတွက် ပြင်ဆင်မှုကို ပလပ်သင့်ကြောင်း ရေးသား လျှောက်လဲချက် တင်ပြသည်။

မန္တလေးတိုင်းတရားရုံး၊ တရားမဇာရီမှုအမှတ် ၇၅/၂၀၀၈ တွင် တရားနိုင် ဒေါ်အေးစပါယ်ဝင်း၏ ရှေ့နေမှ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်မြေပုံနှင့် မြေရာဇဝင်များ တရားဝင်ကူးယူခွင့် လျှောက်ထား ရာတွင် တရားရှုံးတို့သည် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဘဏ်တွင် ပေါင်နှံရန်အတွက် ကူးယူခွင့်ပေးခဲ့သော မြေပုံမြေရာဇဝင်များကို မြေယာဌာနသို့ ပြန်လည်ပေးပို့ခြင်း မရှိသည့်အတွက် ကူးယူခွင့် မရကြောင်း တင်ပြလျက် ဇာရီရုံးတော်မှ မန္တလေးမြို့၊ စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် မြေပုံမြေရာဇဝင် ကူးယူခွင့်ရရှိနိုင်ရန် အကြောင်းကြားထုတ်ပေးရန် လျှောက်ထားခဲ့သည်။ အဆိုပါ တရားနိုင်ဘက်မှ လျှောက်ထားချက် အပေါ် တရားရှုံး ဦးကြင်စိန်နှင့် ဒေါ်စန်းရီတို့၏ အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးကျော်ကျော်က ကန့်ကွက်ရာ တရားနိုင်ဘက်မှ လက်မခံသင့်ကြောင်း တင်ပြသည်။ ထိုအခါ တရားရှုံးများ၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးကျော်ကျော်က လျှောက်လဲချက် ကြားနာပေးရန် တင်ပြရာ မူလရုံးက အခွင့်ရ ကိုယ်စားလှယ်မှ လျှောက်လဲချက်ပေးခြင်းကို လက်ခံခွင့်ပြုမည် မဟုတ်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုတွင် အခွင့်ရကိုယ်စားလှယ်အား လျှောက်လဲချက် ပေးခွင့်မပြုခဲ့သည့် မူလရုံး၏ အမိန့်မှာ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ် အဆုံးအဖြတ်ပြုရန်ဖြစ်သည်။ သို့အတွက် ဤပြင်ဆင်မှုကို ကြားနာရာ၌ အခွင့်ရကိုယ်စားလှယ်သည် လျှောက်လဲခွင့်ရှိ မရှိဆိုသော ပြဿနာမှာ အဆုံးအဖြတ်ပြုရမည့်

၂၀၀၉
ဦးကြင်စိန်ပါ ၂
နှင့်
ဒေါ်အေးစပယ်ဝင်း

ပြဿနာရပ် ဖြစ်နေသောကြောင့် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ နှစ်ဖက်လုံးကို ရေးသားချက်များကိုသာ တင်ပြစေခဲ့သည်။

အခွင့်ရကိုယ်စားလှယ်များ၊ ရှေ့နေများနှင့် ပတ်သက်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၊ နည်းဥပဒေ ၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရသည် -

ORDRE III

" 1. Any appearance, application or act in or to any Court, required or authorized by law to be made or done by a party in such Court, may, except where otherwise expressly provided by any law for the time being in force, be made or done by the party in person, or by his recognized agent, or by the pleader appearing, applying or acting, as the case may be, on his behalf:

× × × × × × ×

× × × × × × × ×

ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်အရဆိုလျှင် အမှုသည်ကိုယ်တိုင် သို့မဟုတ် အခွင့်ရကိုယ်စားလှယ် သို့မဟုတ် ရှေ့နေတစ်ဦးဦးသည် တရားရုံးသို့လာရောက်နိုင်သည်၊ လျှောက်ထားနိုင်သည် သို့မဟုတ် ဆောင်ရွက်နိုင်သည်။ ဤနည်းဥပဒေတွင် အခြားနည်းအတိအလင်း ပြဋ္ဌာန်းထားသည်မှတစ်ပါး ဆိုသည့်စကားရပ်ကို ထည့်သွင်းပြဋ္ဌာန်းထားသည်ဖြစ်၍ အမိန့် ၃၊ နည်းဥပဒေ ၁ ပါ ပြဋ္ဌာန်းချက်များမှာ ယေဘုယျဥပဒေသဖြစ်ကြောင်း U TU BO AND ONE Vs U MAUNG SWE **စီရင်ထုံး**[၅]တွင် ညွှန်ပြထားသည်။

---

**၅။ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၉၆။**

တဖန် အခွင့်ရကိုယ်စားလှယ်ဖြစ်သူ၏ ဆောင်ရွက်နိုင်ခွင့်နှင့် ပတ်သက်၍ အမိန့် ၃၊ နည်း ၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

" 2. The recognized agents of parties by whom such appearance, applications and acts may be made or done are -

(a) persons holding powers - of - attorney, authorizing them to make and do such appearances, applications and acts on behalf of such parties;

(b) persons a carrying on trade or business for and in the nemes of parties not resident whithin the local limits of the jurisdiction of the Court within which limits the appearance, application or act is made or done, in matters connected with such trade or business only, where no other agent is expressly authorized to make and do such appearances, applications and acts."

အထက် အမိန့် ၃၊ နည်း ၂ ပြဋ္ဌာန်းချက်အရဆိုလျှင် အခွင့်ရကိုယ်စားလှယ်သည် တရားရုံးသို့လာရောက်ခြင်း (apperances)၊ လျှောက်ထားခြင်း (applications) နှင့် ဆောင်ရွက်ခြင်း (acts) တို့သာ ပြုလုပ်နိုင်ကြောင်း တွေ့ရသည်။ အမိန့် ၃၊ နည်း ၁ နှင့် ၂ တို့တွင် ဖော်ပြပါရှိသည့် လာရောက်ခြင်း (apperances)၊ လျှောက်ထားခြင်း(applications) သို့မဟုတ် ဆောင်ရွက်ခြင်း (acts) ဆိုသည့် စကားရပ်များတွင် လျှောက်လဲခြင်း (pleadings) ပါဝင်ခြင်း မရှိကြောင်း **Aswin Shanmbhuprasad Patel and others စီရင်ထုံး**(၂) တွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည် -

" The Expression" apperance, application or act in or to any Court in 0.3 R . .I Civil P.C does not include pleading. The right of audience in Court, the right to address the Court, the right to examine and cross-

examine witnesses, are all parts of pleading with which 0.3 does not deal at all. It deals with a restricted class of acts in connection with the litigation in Court and it is with regard to that restricted class of acts that 0.3 permits recognized agents to be appointed.

× × × × × ×

× × × × × × ×

ထိုနည်းတူ အခွင့်ရကိုယ်စားလှယ်တစ်ဦးသည် ရှေ့နေ လိုင်စင်မရှိပါက အမှုသည်များကို စစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်း သို့မဟုတ် လျှောက်လဲချက်ပေးခြင်း ဆောင်ရွက်ခွင့်မရှိကြောင်း **S.C BANERJEE စီရင်ထုံး**[၁] တွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည် -

" Held, - that section 25 of the Upper Burma Civil Courts Regulation forbids a recognized agent doing such acts as examining and cross-examination a witness or addressing the Court on behalf of his client unless he has been licensed thereto by the judicial Commissioner either generally or specially."

ထို့ကြောင့် အမှုတွင် အခွင့်ရကိုယ်စားလှယ်သည် အမိန့် ၃၊ နည်း ၁၊ ၂ ပါ ပြဋ္ဌာန်းချက်များအရ အမှုသည်ကိုယ်စား တရားရုံးသို့ လာရောက်ခြင်း လျှောက်ထားခြင်း၊ ဆောင်ရွက်ခြင်းပြုနိုင်သည် ဆိုရာတွင် ရှေ့နေရှေ့ရပ်များနည်းတူ တရားရုံးတွင် လျှောက်လဲချက်ပေးခြင်း (pleading or addressing) ကို လိုင်စင်မရှိဘဲ ပြုပိုင်ခွင့်မရှိကြောင်း အထက်ပါလမ်းညွှန်စီရင်ထုံးများက ပြဆိုထားပြီး၊ ထိုကဲ့သို့

မှန်ကန်ခြင်း မရှိကြောင်း၊ တစ်နည်းအားဖြင့် အခွင့်ရကိုယ်စားလှယ်သည် လျှောက်လဲချက်ပေးပိုင်ခွင့်ရှိကြောင်း ထိုသို့ အခွင့်ရကိုယ်စားလှယ်က လျှောက်လဲချက်ပေးခွင့်ရှိခြင်းမှာ အမိန့် ၃၊ နည်း ၁၊ ၂ ပါ ဆောင်ရွက်ခြင်း (act) ဆိုသည့် စကားရပ်တွင် အကျုံးဝင်သက်ဆိုင်ကြောင်း လျှောက်ထားသူတို့က အခြားအထောက်အထားစီရင်ထုံးမပြနိုင်ရကား ၎င်းတို့၏တင်ပြချက်ကို လက်ခံရန် မဖြစ်ချေ။

ဤအခြေအနေတွင် မူလရုံးက တရားရှုံးများ၏ အခွင့်ရကိုယ်စားလှယ်အား လျှောက်လဲချက်ပေးခြင်းကို လက်ခံခွင့်ပြုမည်မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅(ဂ) ပါ ၎င်း၏ စီရင်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် တရားဥပဒေနှင့် မညီဘဲဖြစ်စေ၊ အရေးပါသောနည်းလမ်းမကျမှုဖြင့်ဖြစ်စေ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုရန်အကြောင်းမရှိချေ။

သို့အတွက် မန္တလေးတိုင်းတရားရုံး၏ (၂၁-၁-၀၉) ရက်စွဲပါ အမိန့်ကို အတည်ပြုပြီး ဤတရားမပြင်ဆင်မှုကို ပလပ် လိုက်သည်။

စရိတ်သတ်မှတ်ခြင်းမပြု။

+ ၂၀၀၉
ဖေဖော်ဝါရီလ
၂ ရက်

## တရားမအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးကျော်ဝင်းတို့၏ရှေ့တွင်**

**ဦးတင်မောင်မြင့်**
**နှင့်**
**ဒေါ်စံဝင်းပါ ၁၆ ***

**တရားမကျင့်ထုံး ဥပဒေအမိန့် ၁၁ နည်း ၂၁ အရ အဆိုလွှာ ပလပ်ခြင်း မပြုမီ ဆောင်ရွက်ရန် လိုအပ်ချက်များ။**

**ဆုံးဖြတ်ချက်**။ ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁၊ နည်း ၁၁ တွင် အမှုသည်တစ်ဦး၏ မေးမြန်းချက်ကို ဖြေဆိုရမည့် အမှုသည်က မဖြေဆိုလျှင် သို့မဟုတ် မလုံမလောက်ဖြေဆိုလျှင် တရားရုံးက ဖြေဆိုရမည့်သူအား ဖြေဆိုစေရန် သို့မဟုတ် ထပ်မံဖြေဆိုစေရန် ဆင့်ဆို အမိန့်ချရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ အမိန့် ၁၁၊ နည်း ၂၁ တွင်မူ မေးမြန်းချက်များကို ဖြေဆိုစေရန် ချမှတ်သော အမိန့်ကို တရားလိုက ဖြေဆိုရန် ပျက်ကွက်ပါက ၎င်း၏ အမှုကို ပလပ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အမိန့် ၁၁၊ နည်း ၁ အရ မေးခွန်းဖြေဆိုစေရန် ညွှန်ကြားခြင်း ခံရသည့် အမှုသည်က မဖြေမဆို ပျက်ကွက်လျှင် နည်း ၁၁ အရ ဖြေဆိုစေရန် ညွှန်ကြားသည့်အမိန့်ကို ချမှတ်ရဦးမည်ဖြစ်သည်။ ထိုသို့ နည်း ၁၁ အရ ညွှန်ကြားလျက်နှင့် ထပ်မံပျက်ကွက်မှသာ နည်း ၂၁ အရ ဖြေဆိုရမည့်သူမှာ တရားလိုဖြစ်လျှင် ၎င်း၏အမှုကို ပလပ်နိုင်ခြင်း ဖြစ်သည်။

---

* **၂၀၀၈ ခုနှစ်၊ တရားမအထူးအယူခံမှု အမှတ် ၁၇။**

\+ **၂၀၀၇ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၆ တွင် ချမှတ်သော ၂၅-၅-၀၇ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်) ၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု။**

၂၀၀၉
ဦးတင်မောင်မြင့်
နှင့်
ဒေါ်စံဝင်းပါ ၁၆

| | |
|---|---|
| အယူခံတရားလိုအတွက် | - ဦးဝင်းမြင့်<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင် (၁) အတွက် | - ဦးတင်ထွန်း<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင် (၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၁၁၊ ၁၃၊ ၁၄) အတွက် | - ဦးသန်းဆွေ<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင် (၈) အတွက် | - ကိုယ်တိုင် |
| အယူခံတရားပြိုင် (၉၊ ၁၀၊ ၁၅၊ ၁၆) အတွက် | - ကိုယ်တိုင် (မလာ) |

ရန်ကုန်တိုင်းတရားရုံး၏ ၂၀၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၁၃ တွင် အယူခံတရားလို ဦးတင်မောင်မြင့်က အယူခံတရားပြိုင် ဒေါ်စံဝင်းပါ ၁၆ ဦးအပေါ် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၉ အရ ဆောက်လက်စ အဆောက်အအုံကို ပြန်လည်လက်ရောက်ရလိုမှု စွဲဆိုရာ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁၊ နည်း ၁ အရ တရားပြိုင်များဘက်က မေးမြန်းသည့် မေးခွန်းများကို ဖြေကြားရန် ပျက်ကွက်ခဲ့သည့်အတွက် မူလရုံးက အမိန့် ၁၁၊ နည်း ၂၁ အရ ပလပ်ခဲ့သည်။ ယင်းသို့ ပလပ်သည့်အမိန့်ကို ဦးတင်မောင်မြင့်က တရားရုံးချုပ်၏ တရားမအထွေထွေအယူခံမှုအမှတ် ၆/၀၇ တွင် အယူခံတင်သွင်းခဲ့သော်လည်း အောင်မြင်မှုမရသဖြင့် တရားရုံးချုပ်၏ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၂၀၁/၀၇ ကို တင်သွင်းခဲ့ရာ အောက်ပါပြဿနာဖြင့် အထူးအယူခံဝင်ခွင့်ပြုခဲ့သည် -

> " မူလရုံး တရားလိုဦးတင်မောင်မြင့်သည် မေးမြန်းသည့် မေးခွန်းများကို ဖြေကြားရန် ပျက်ကွက်သည်ဟု သုံးသပ်၍ တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁၊ နည်း ၂၁ အရ အဆိုလွှာ ပလပ်ခဲ့ခြင်း၊ ယင်းသို့ ပလပ်သည့် တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို တရားရုံးချုပ်က အတည်ပြုခဲ့ခြင်းတို့သည် ဥပဒေအရ မှန်ကန်မှု ရှိ မရှိ။

အယူခံတရားလို၏ ရှေ့နေက လျှောက်လဲရာတွင် မူလမှုမှ တရားလို ဦးတင်မောင်မြင့်က တစ်ဖက်မှ မေးမြန်းသော မေးခွန်းများကို

၂၀၀၉
ဦးတင်မောင်မြင့်
နှင့်
ဒေါ်စံဝင်းပါ ၁၆

ဖြေကြားရန် ပျက်ကွက်သည့်အတွက် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁၊ နည်း ၂၁ အရ မူလမှု ပလပ်ရန် သင့် မသင့် လျှောက်လဲချက် ကြားနာရန် နေ့ရက်ဖြစ်သော ၇-၉-၀၆ ရက်နေ့၌ တရားလိုမှာ ရုံးသို့ မလာရောက်နိုင်ခြင်းအတွက် ဇနီးဖြစ်သူက တရားမကျင့်ထုံးဥပဒေ အမိန့် ၃၊ နည်း ၁ အရ ခင်ပွန်းကိုယ်စား အမှုကို ဆောင်ရွက်ခွင့် ပြုရန် လျှောက်ထားမှုနှင့် မေးခွန်းများအပေါ် ကတိသစ္စာပြု ဖြေကြားလွှာ တင်သွင်းမှုတို့ကို ပြုခဲ့ကြောင်း၊ မေးခွန်းများကို ဖြေကြားရန် ရုံးချိန်းနှစ်ချိန်း ပျက်ကွက်ခဲ့ခြင်းမှာလည်း မူလမှု ရုံးပြောင်းခဲ့ခြင်းကို အချိန်မီ မသိခဲ့၍သာဖြစ်ကြောင်း၊ တမင်သိလျက်နှင့် ရုံးတော်အား မထီမဲ့မြင်ပြု၍ မဖြေကြားဘဲနေခဲ့ခြင်း မဟုတ်ကြောင်း၊ အမိန့် ၁၁၊ နည်း ၁ အရ မေးခွန်းများကို ဖြေကြားရန် ပျက်ကွက်ခဲ့ပါက အမိန့် ၁၁၊ နည်း ၁ အရ ထိုမေးခွန်းများကို ဖြေဆိုစေရန် ရုံးက ထပ်မံညွှန်ကြားရဦးမည်ဖြစ်ကြောင်း၊ ထိုသို့ ထပ်မံညွှန်ကြားလျက်နှင့် ပျက်ကွက်မှသာ ဖြေကြားရန် ပျက်ကွက်သူမှာ တရားလိုဖြစ်ပါလျှင် မူလမှုကို အမိန့် ၁၁၊ နည်း ၂၁ အရ ပလပ်မှုပြုနိုင်ကြောင်း၊ သို့ဖြစ်၍ အမှုအဖြစ်အပျက် အခြေအနေအရလည်းကောင်း၊ ဥပဒေ ပြဋ္ဌာန်းချက် အရလည်းကောင်း၊ မူလမှု၌ တရားလိုမှာ အမိန့် ၁၁၊ နည်း ၁ အရ မေးမြန်းသောမေးခွန်းများကို ဖြေကြားရန်ပျက်ကွက်ရုံမျှဖြင့် မူလမှုပလပ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် (၁) ဒေါ်စံဝင်း၏ ရှေ့နေက လျှောက်လဲရာတွင် အယူခံတရားလိုမှာ အချင်းဖြစ် ကန်ထရိုက်တိုက်မှ ၄င်းရရှိမည့် တိုက်ခန်းများကို ကြိုတင်ရောင်းချခဲ့ရာ ဝယ်ယူသူများထံမှ တိုက်ခန်းဖိုးငွေ ပြေကျေလုနီးပါး ရယူခဲ့ပြီးခါမှ တိုက်အား ဆက်မဆောက်ဘဲ ရှောင်တိမ်းခဲ့ကြောင်း၊ ထိုအခြေအနေတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်နှင့် ညွှန်ကြားချက်တို့အရ မြေရှင်ဒေါ်စံဝင်းက အယူခံတရားပြိုင် (၂) ဦးအောင်ဝင်းနိုင် တိုက်ခန်းဝယ်ယူထားသူများနှင့် ညှိနှိုင်းကာ အချင်းဖြစ်တိုက်အား ပြီးစီး၍ လူနေခွင့်ရသည်အထိ ဆက်လက်

ဆောက်လုပ်ခဲ့ရခြင်းသာဖြစ်ကြောင်း၊ အယူခံတရားလိုမှာ ၎င်း၏အမှု အနိုင်ရခဲ့လျှင်ပင် အချင်းဖြစ်တိုက်အပေါ် အကျိုးခံစားခွင့်ရရန် မရှိတော့ကြောင်း၊ ထို့ပြင် အယူခံတရားလိုက မူလမှုကို စွဲဆိုခဲ့ခြင်း ဖြစ်ကြောင်း မူလမှုတွင် တရားပြိုင်အချို့၏ရှေ့နေမှ မေးမြန်းသော မေးခွန်း (၁၀)ခုအနက် (၄) ခုကို ဖြေဆိုစေရန် မူလရုံးက အမိန့် ချမှတ်ခဲ့ပြီးဖြစ်ပါလျက်နှင့် အယူခံတရားလိုနှင့် ၎င်း၏ရှေ့နေတို့က အကြိမ်ကြိမ်ပျက်ကွက်ခဲ့ကြောင်း၊ ထို့အပြင် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁၊ နည်း ၂၁ တွင်လည်း တစ်ဖက်၏ မေးခွန်းကို ဖြေဆိုစေရန် သို့မဟုတ် လုံလောက်စွာဖြေဆိုစေရန် တရားရုံးက ညွှန်ကြားသည်ကို မလိုက်နာလျှင် မလိုက်နာသူမှာ တရားလိုဖြစ်ပါက မူလမှုပလပ်နိုင် သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သို့ဖြစ်ရာ မူလရုံးက မူလမှုကို အမိန့် ၁၁၊ နည်း ၂၁ အရ ပလပ်ခဲ့ခြင်းနှင့် တရားရုံးချုပ်က ထိုအမိန့်ကို အတည်ပြုခဲ့ခြင်းတို့မှာ မှားယွင်းခြင်းမရှိကြောင်း၊ သို့ဖြစ်၍ ထုတ်ထားသော ပြဿနာအပေါ် အယူခံတရားပြိုင်များဘက်သို့ အသာပေးဖြေဆိုကာ မူလမှုအား ပလပ်ခဲ့ခြင်းကို အတည်ပြု သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် (၂) မှ (၇) ထိနှင့် (၁၁) မှ (၁၄) ထိတို့၏ ရှေ့နေကလည်း အယူခံတရားပြိုင် (၁)၏ ရှေ့နေ လျှောက်လဲ သည်ကို ထောက်ခံလျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် (၈) ကိုယ်တိုင်ကလည်း အထက်အယူခံ တရားပြိုင်များ၏ ရှေ့နေလျှောက်လဲသည်ကို ထောက်ခံ လျှောက်လဲချက် တင်သွင်းခဲ့သည်။

အယူခံတရားပြိုင် (၉)၊ (၁၀)၊ (၁၅) နှင့် (၁၆) တို့မှာ ရုံးသို့ လာရောက် လျှောက်လဲတင်ပြခြင်း မရှိကြချေ။

မူလမှုတွင် တရားပြိုင်အမှတ် (၂) မှ (၇) နှင့် (၉) မှ (၁၄) တို့၏ ရှေ့နေက တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁၊ နည်း ၁ အရ မေးခွန်း (၁၀) ခုကို တရားလိုဘက်က ဖြေဆိုစေရန် မေးမြန်းခဲ့ရာ မူလရုံးက အမှတ် (၁) မှ (၃) နှင့် (၉) မေးခွန်းများကို ဖြေဆိုစေရန် ၉-၈-၂၀၀၆ ရက်နေ့က အမိန့်ချမှတ်ခဲ့သည်။ နောက်ရုံးချိန်းဖြစ်သည့်

၂၀၀၉
ဦးတင်မောင်မြင့်
နှင့်
ဒေါ်စံဝင်းပါ ၁၆

၁၈-၈-၂၀၀၆ ရက်နေ့တွင် တရားလိုနှင့် ၎င်း၏ရှေ့နေတို့ မူလရုံးသို့ လာရောက်ခြင်းနှင့် ဖြေဆိုလွှာ တင်သွင်းခြင်း မပြုခဲ့ချေ။ သို့ဖြစ်၍ မေးခွန်းများကို ဖြေဆိုရန် ၂၉-၈-၂၀၀၆ ရက်နေ့သို့ ထပ်မံချိန်းဆိုခဲ့သော်လည်း တရားလိုလာရောက်ခြင်း မရှိသည့်အပြင် ဖြေဆိုစေခဲ့သည့် မေးခွန်းများ၏ ဖြေဆိုလွှာကို တင်သွင်းခဲ့ခြင်း မရှိချေ။ ထိုအခါ (၂) မှ (၇) နှင့် (၉) မှ (၁၄) တရားပြိုင်တို့၏ ရှေ့နေက အမိန့် ၁၁၊ နည်း ၂၁ အရ မူလမှုကို ပလပ်ပေးစေရန် လျှောက်ထားရာ လျှောက်ထားသည့်အတိုင်း မူလရုံးက မူလမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ မူလရုံးက ပလပ်ခဲ့ခြင်းကို တရားရုံးချုပ်ကလည်း တရားရုံးချုပ်၏ တရားမအထွေထွေအယူခံမှုတွင် အတည်ပြုခဲ့ပြီး အယူခံမှုကို စီရင်ချက်၏ အပြီးသတ်အမိန့်၌ (ပြင်ဆင်မှုဟု မှားယွင်းဖော်ပြထားသည်) စရိတ်နှင့် ပလပ်ခဲ့သည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁၊ နည်း ၁၁ တွင် အမှုသည် တစ်ဦး၏ မေးမြန်းချက်ကို ဖြေဆိုရမည့်အမှုသည်က မဖြေဆိုလျှင် သို့မဟုတ် မလုံမလောက်ဖြေဆိုလျှင် တရားရုံးက ဖြေဆိုရမည့်သူအား ဖြေဆိုစေရန် သို့မဟုတ် ထပ်မံဖြေဆိုစေရန် ဆင့်ဆိုအမိန့်ချမှတ်ရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ အမိန့် ၁၁၊ နည်း ၂၁ တွင်မူ မေးမြန်းချက်များကို ဖြေဆိုစေရန် ချမှတ်သော အမိန့်ကို တရားလို ပျက်ကွက်ပါက ၎င်း၏အမှုကို ပလပ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အထက်ပါ ပြဋ္ဌာန်းချက်များအရ အမိန့် ၁၁၊ နည်း ၁ အရ မေးခွန်းဖြေဆိုစေရန် ညွှန်ကြားခြင်းခံရသည့် အမှုသည်က မဖြေမဆို ပျက်ကွက်လျှင် နည်း ၁၁ အရ ဖြေဆိုစေရန် ညွှန်ကြားသည့်အမိန့်ကို ချမှတ်ရဦးမည်ဖြစ်သည်။ ထိုသို့ နည်း ၁၁ အရ ညွှန်ကြားလျက်နှင့် ထပ်မံပျက်ကွက်မှသာ နည်း ၂၁ အရ ဖြေဆိုရမည့်သူမှာ တရားလို ဖြစ်လျှင် ၎င်း၏အမှုကို ပလပ်နိုင်ခြင်းဖြစ်သည်။

ဤသဘောတရားကို ၁၉၄၇ ခုနှစ် **အလာဟာဘတ် တရားလွှတ်တော်က ချမှတ်ခဲ့သောအမှုမှ စီရင်ထုံး** [၁] တစ်ခုတွင် လမ်းညွှန်ဆုံးဖြတ်ထားသည်။

---

**၁။ အေအိုင်အာ၊ ၁၉၄၇ ခုနှစ်၊ အလာဟာဘတ်၊ စာ - ၃၄၃။**

သို့ဖြစ်ရာ မူလရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁၊ နည်း ၁ အရ မေးမြန်းသော မေးခွန်းကို ဖြေဆိုစေရန် ညွှန်ကြားခံရသောအမှုသည်က မဖြေမဆို ပျက်ကွက်သည့်အခါ နည်း ၁၁ အရ ဖြေဆိုစေရန် ညွှန်ကြားအမိန့် ချမှတ်ခြင်းမပြုသေးဘဲ နည်း ၂၁ အရ အရေးယူဆောင်ရွက်ခြင်းမှာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်း မရှိချေ။

ထို့ကြောင့် ဤအထူးအယူခံမှုကို ခွင့်ပြု၍ ဆုံးဖြတ်ရန် ပြဿနာနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည် -

"မူလရုံး တရားလို ဦးတင်အောင်မြင့်သည် မေးမြန်းသည့် မေးခွန်းများ ဖြေကြားရန် ပျက်ကွက်သည်ဟု သုံးသပ်၍ တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁၊ နည်း ၂၁ အရ အဆိုလွှာ ပလပ်ခဲ့ခြင်း၊ ယင်းသို့ ပလပ်သည့် တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို တရားရုံးချုပ်က အတည်ပြုခဲ့ခြင်းတို့သည် ဥပဒေအရ မှန်ကန်မှု မရှိပါကြောင်း။"

ထို့နောက် မူလရုံးနှင့် တရားရုံးချုပ်တို့၏ စီရင်ဆုံးဖြတ်ချက်များကိုပယ်ဖျက်ကာ မူလရုံးက မူလအမှုကို မူလမှုအမှတ်ဖြင့် ပြန်လည်ဖွင့်လှစ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်စေရန် ညွှန်ကြားသည်။

ဤအထူးအယူခံမှုအတွက် တရားစရိတ်ကို နောက်ဆုံးအမှုရှုံးသူက ကျခံစေ။

ဤအထူးအယူခံမှုတွင် တင်သွင်းသော ရုံးခွန်ကို ပြန်အမ်းရန် သက်သေခံလက်မှတ်စာ ထုတ်ပေးစေရန် ညွှန်ကြားသည်။

ရှေ့နေခ ၃၀၀ဝိ/- သတ်မှတ်သည်။

+ ၂၀၀၉
ဇွန်လ
၁ ရက်

**တရားမအယူခံမှု**

**တရားရုံးချုပ်တရားသူကြီး ဦးချစ်လွင်၏ရှေ့တွင်**

**ဒေါ်ထန်ဇာရီပါ ၂**
**နှင့်**
**ဒေါ်နော်ရှုဖောပါ ၇**

**အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၁၆ အရ အမွေထိန်းစာ လက်မှတ်ကို ပယ်ဖျက်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း မရှိဘဲ အမွေထိန်း အပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲ ပေးစေလိုမှုကို စွဲ ဆိုနိုင်ခြင်း ရှိ၊ မရှိ။**

**ဗုဒ္ဓဘာသာဝင် မြေးများသည် ခရစ်ယန် ဘာသာဝင် သေတမ်းစာ မရေးသားဘဲ ကွယ်လွန်သွား သည့် အဘိုး၊ အဘွားများ၏ အမွေကို ဆက်ခံခွင့် ရှိ၊ မရှိ။**

**ဆုံးဖြတ်ချက်။** ။ အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၁၆ ပြဋ္ဌာန်း ရခြင်း အဓိက ရည်ရွယ်ချက်မှာ ကွယ်လွန်သူ အမွေရှင် ကျန်ရစ်သော ပစ္စည်းတစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ တရားစွဲဆိုမည်ဆိုလျှင် အမွေထိန်းစာရရှိသူမှတစ်ပါး အခြားသူက တရားစွဲဆိုခြင်း၊ စွဲဆိုသည့်အမှုတွင် ခုခံခြင်း၊ တရားရုံးတွင် ဆောင်ရွက်ခြင်း၊ ပြုခွင့်မရှိကြောင်းနှင့် ထိုသို့ ဆောင်ရွက်လိုပါက အမွေထိန်းစာ လက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်ပြီးမှသာ

---

* **၂၀၀၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၈၉။**

\+ **၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၃၆၉ တွင် ချမှတ်သော ၁၀-၂-၂၀၀၉ ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။**

ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ အမွေပုံပစ္စည်းနှင့် စပ်လျဉ်း၍ အမွေခွဲဝေပေးရန် ငြင်းဆန်သော အမွေပုံပစ္စည်းအပေါ် မရိုးမသားဆောင်ရွက်သော အမွေထိန်းစာ လက်မှတ်ရသူ အမွေထိန်းကို တရားစွဲခွင့်မရှိဟု ပြဋ္ဌာန်းထားခြင်း မရှိပေ။



**ထပ်မံဆုံးဖြတ်ချက်။** အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၄၁ အရ ခိုင်လုံသည့် သေတမ်းစာမရှိဘဲ ကွယ်လွန်သူ၏ သား၊ သမီးများနှင့် အမွေမီမြေးများ၊ အမွေမမီမြေးများ ကျန်ရစ်လျှင် အမွေမီမြေးများ။ အမွေမမီမြေးများသည် ၎င်းတို့မိဘ သက်ရှိထင်ရှား ရှိခဲ့လျှင် ရမည့်ဝေစုအတိုင်းရ၍ အချင်းချင်း ညီတူမျှတူ ခွဲဝေယူရမည် ဖြစ်သည်။

× × × × × × × × × × × × × × × × × × × × × × × ×
× × × × × × × × × × × × × × × ×× × × × × × ×× × × × × × ×
×× × × × × × × × × × × × × ×

သို့ဖြစ်ရာ ကွယ်လွန်သူအမွေရှင် ဦးထွန်းရင်၊ ဒေါ်နော်မွှေးရင်တို့ ကျန်ရစ်သော အမွေကို ခွဲဝေမည်ဆိုလျှင် တရားလိုများသည် ဗုဒ္ဓဘာသာများဖြစ်သော်လည်း ကွယ်လွန်သူ ခရစ်ယာန်ဘာသာဝင် အဘိုးအဘွားများ၏ အမွေကို ဆက်ခံခွင့်ရှိပြီး အမွေဆက်ခံရာတွင် အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၄၁ အရ ၎င်းတို့မိခင် ရရှိမည့် ဝေစုဖြစ်သော ၅ ပုံ ၁ ပုံကို ခွဲဝေရထိုက်ပေသည်။

| | |
|---|---|
| အယူခံတရားလိုအတွက် | - ဦးလှစိန်<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်(၁၊ ၃ မှ ၅) အတွက် | - ဦးကိုကို<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင် (၂၊ ၆၊ ၇) အတွက် | - ကိုယ်တိုင် (မလာ) |

၂၀၀၉

ဒေါ်ထန်ဇာရီပါ၂
နှင့်
ဒေါ်နော်ရှုဖောပါ
၇

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၃၆၉ တွင် ဒေါ်ထန်ဇာရီပါ၂ ဦးတို့က ဒေါ်နော်ရှုဖောပါ ၇ ဦးတို့ အပေါ် ကွယ်လွန်သူ ဦးထွန်းရင်၊ ဒေါ်နော်မွေးရင်တို့ ကျန်ရစ်သော အမွေပုံပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့ရာ တိုင်းတရားရုံးက တရားလို၏ အဆိုလွှာအား တရားမ ကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်း ၁၁(ဃ) အရ ပယ်ကြောင်း အမိန့် ချမှတ်ခဲ့သည်။ ထိုအမိန့်အပေါ် ဒေါ်ထန်ဇာရီတို့က မကျေနပ်သဖြင့် ဤတရားမအယူခံမှု တင်သွင်းခဲ့ခြင်းဖြစ်သည်။

မူလရုံးတရားလိုက အဆိုလွှာတွင် ဦးထွန်းရင်နှင့်ဒေါ်နော်မွေးရင် တို့တွင် ဒေါ်နော်ရှုဖော၊ ဦးစောစိုးကျော်၊ ဦးဘိုးချော၊ ဒေါ်နော်စေးဖော၊ ဒေါ်အေးအေးတို့ မောင်နှမ ၅ ဦးမွေးဖွားခဲ့ကြောင်း၊ ဒေါ်နော်မွေးရင် သည် ၁၉၈၅ ခုနှစ်က ကွယ်လွန်သွားခဲ့ကြောင်း၊ ဒေါ်နော်မွေးရင် ကွယ်လွန်သည့်အခါ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်း ရပ်ကွက်၊ သာယာအေး (၁) လမ်းရှိ မြေတိုင်းရပ်ကွက် အမှတ် (၉) မြေကွက်အမှတ် (၁/ဃ)၊ ဧရိယာ ၀. ၂၅၀ ဧကရှိ မြေပိုင်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အဆောက်အအုံတစ်လုံး၊ မြေတိုင်းရပ်ကွက် အမှတ် ၆၊ မြေကွက်အမှတ် (၁/ဍ) ဧရိယာ ၀. ၄၇၉ ဧကရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အဆောက်အအုံတစ်လုံးတို့ ကျန်ရစ်ကြောင်း၊ တရားလိုများ၏ မိခင်ဒေါ်အေးအေးသည် ၈-၁၁-၉၃ ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ အချင်းဖြစ်အမွေဆိုင်မြေကွက်၊ အဆောက်အအုံ များနှင့် စပ်လျဉ်း၍ တရားလိုများသည် တောင်သူကုန်းရပ်ကွက် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တရားလိုများ မသိဘဲ လွှဲပြောင်းရောင်ချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းများ မပြုလုပ်ရန် အတွက် ၁၉၉၅ ခုနှစ်နှင့် ၁၉၉၆ ခုနှစ်တွင် ကန့်ကွက်စာပေးပို့ခဲ့ကြောင်း၊ ၅-၁၂-၂၀၀၃ ရက်နေ့တွင် အင်းစိန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် အချင်းဖြစ်မြေပေါ်သို့ရောက်လာသဖြင့် မေးမြန်းရာ

အထက်ပါ အမွေဆိုင်မြေကွက်များအား ဒေါ်နော်ရှူဖော အမည်သို့ ပြောင်းလဲရန် ဆောင်ရွက်နေကြောင်းသိရပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် စုံစမ်းရာ ၇-၇-၂၀၀၄ ရက်နေ့က အချင်းဖြစ်မြေကွက်များအား အမွေဆိုင် တရားလိုများ မသိရဘဲ ပိုင်ဆိုင်ခြင်းစာချုပ်၊ စွန့်လွှတ်ခြင်းစာချုပ်များချုပ်၍ တရားပြိုင် (၅) သို့ မေတ္တာဖြင့် အပိုင်ပေးသည့်စာချုပ်များ ချုပ်ဆိုခဲ့သည်ကို သိရကြောင်း၊ အချင်းဖြစ်မြေကွက်များကို စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း စာချုပ်များ ပြုလုပ်ခြင်းမှာ အမွေဆိုင် တရားလိုများမသိရှိဘဲ၊ သဘော မတူဘဲ ပြုလုပ်သောစာချုပ်များဖြစ်၍ ဥပဒေနှင့် မညီဘဲ ပျက်ပြယ်သော ပဋိညာဉ်များဖြစ်၍ တရားရုံးတွင် ပယ်ဖျက်ပေးရန် အတွက် စီစဉ်ထားပြီးဖြစ်ကြောင်း၊ တရားလိုများသည် အမွေဆိုင် ပစ္စည်းများ၏ ၅ ပုံ ၁ပုံ ရထိုက်ကြောင်း အဆိုပြုတင်ပြသည်။

မူလရုံးတရားပြိုင်(၁မှ၅)အထိကဦးထွန်းရင်နှင့်ဒေါ်နော်မွှေးရင် တို့တွင် တရားလို၏ မိခင်နှင့် တရားပြိုင် ၄ ဦးတို့အပြင် ဦးစိုးပိုင် (ကွယ်လွန်)၊ ဒေါ်စိန်ခဲ (ကွယ်လွန်)၊ ဦးစိုးမင်း (ကွယ်လွန်)၊ ဒေါ်နော်ဒွေးနော် (ကွယ်လွန်)၊ ဦးစိုးမြင့် (ကွယ်လွန်) တို့လည်း မွေးဖွားခဲ့ကြောင်း၊ ဦးစိုးပိုင်တွင် ဇနီးဒေါ်ချစ်ငွေနှင့် သား၊ သမီး ၇ဦး ကျန်ခဲ့ကြောင်း၊ ဦးစိုးမင်းတွင် သားဦးငွေစိုး ကျန်ရစ်ကြောင်း၊ ဦးထွန်းရင်သည် ၁၉၆၇ ခုနှစ်က ကွယ်လွန်ပြီး ဒေါ်နော်မွှေးရင်မှာ ၁၉၈၅ ခုနှစ်က ကွယ်လွန်ခဲ့ကြောင်း၊ ထို့ကြောင့်ဒေါ်နော်မွှေးရင် ကွယ်လွန်သည့်နေ့မှစ၍ ကာလစည်းကမ်းသတ် ရေတွက်လျှင် တရားစွဲ ဆိုရန် ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း၊ တရားလိုများသည် အချင်းဖြစ် အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၉)၊ မြေကွက် အမှတ်(၁/၃) ပေါ်တွင် အလျား ၉၀ ပေ × အနံ ၅၀ ပေခန့်နှင့် လူသွားလမ်းအကျယ် ၁၀ ပေ × ၁၁၅ ပေကို လက်ဝယ်ရရှိပြီး ဖြစ်ကြောင်း၊ ထို့ပြင် မြေကွက်အမှတ် (၁/၃) ပေါ်တွင် တရားပြိုင်

ဒေါ်နော်ရှုဖောက နေအိမ်အဆောက်အအုံ ၃ လုံး ဆောက်ပြီးဖြစ်၍ ထိုပစ္စည်းများမှာ အမွေပုံပစ္စည်း မဟုတ်ကြောင်း၊ တရားပြိုင်များသည် အချင်းဖြစ် အမွေဆိုင်မြေကွက်များနှင့်စပ်လျဉ်း၍ ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံး ၁၉၉၉ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၆၇ တွင် အမွေထိန်းစာလက်မှတ်ရလိုမှု လျှောက်ထားခဲ့ရာ သတင်းစာမှ တစ်ဆင့် ကန့်ကွက်သူ ရှိ မရှိ ကြေညာခဲ့ကြောင်း၊ ကန့်ကွက်မည့်သူ မရှိသောကြောင့် ခရိုင်တရားရုံးက အမွေထိန်းစာ ထုတ်ပေးခဲ့ကြောင်း တရားလိုစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်သဖြင့် စရိတ်နှင့်တကွ ပလပ်သင့်ကြောင်း ချေပတင်ပြသည်။

မူလရုံးတရားပြိုင် (၆၊ ၇) တို့မှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်း ၂၀ အရ အခြားနည်းဖြင့် သတင်းစာမှတစ်ဆင့် ကြော်ငြာ ထုတ်ဆင့်ခဲ့သော်လည်း ရုံးသို့လာရောက်ခြင်း မရှိသဖြင့် ၎င်းတို့နှင့် စပ်လျဉ်း၍ တစ်ဖက်သတ် စစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နှစ်ဖက်အဆိုအချေများအရ တိုင်းတရားရုံးက အောက်ပါ ရုံးငြင်းချက်များထုတ်၍ စစ်ဆေးကြားနာခဲ့ခြင်းဖြစ်သည် -

(၁) ကွယ်လွန်သူ အမွေရှင် ဦးထွန်းရင်နှင့် ဒေါ်နော်မွှေးရင်တို့ ကွယ်လွန်သည့်အခါ မခွဲဝေရသေးသော အမွေပစ္စည်းအဖြစ် အဆိုလွှာ အပိုဒ် ၃ (၁) နှင့် ၃ (၂) ပါ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သာယာအေး (၁) လမ်းရှိ မြေတိုင်းရပ်ကွက် အမှတ် ၉၊ မြေကွက်အမှတ် (၁/ဃ)၊ ဧရိယာ ၀. ၂၅၀ ဧကရှိမြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံနှင့် မြေတိုင်းရပ်ကွက် အမှတ် ၆၊ မြေကွက်အမှတ် (၁/ဍ)၊ ဧရိယာ ၀. ၄၇၉ ဧကရှိ မြေပိုင် မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံများ ကျန်ရစ်ခဲ့သည် ဆိုသည်မှာ မှန်သလား။

(၂) ခရစ်ယန်ဘာသာကိုးကွယ်သူ အမွေရှင် ကျန်ရစ်သော ပစ္စည်းများအပေါ် ဗုဒ္ဓဘာသာဝင် ဖြစ်သည့် တရားလိုများက အမွေဆက်ခံခွင့် မရှိဆိုသည်မှာ မှန်သလား။

(၃) ဤအမှု စွဲဆိုရန် ကာလစည်းကမ်းသတ် ကျော်လွန် သည်မှာ မှန်ပါသလား။

(၄) တရားလိုများ သိရှိခြင်း မရှိသော်လည်း ပိုင်ဆိုင်ခြင်း စာချုပ်၊ စွန့်လွှတ်ခြင်းစာချုပ်၊ အပိုင်ပေးကမ်းခြင်း စာချုပ်တို့ကို တရားဝင်ပြုလုပ်ထား၍ အမွေဝေစု ၅ ပုံ ၁ ပုံ မရထိုက်ဆိုခြင်း မှန်ပါသလာ။

(၅) တရားလိုတို့သည် မည်သည့်သက်သာခွင့် ရထိုက် သနည်း။

အထက်ပါ ရုံးငြင်းချက်များနှင့် စပ်လျဉ်း၍ တိုင်းတရားရုံးက ငြင်းချက် (၁၊ ၂၊ ၃) တို့အား အမွေရှင် ဦးထွန်းရင်နှင့် ဒေါ်နော်မွှေးရင် တို့ ကွယ်လွန်ချိန်တွင် မခွဲဝေရသေးသည့် အမွေဆိုင်ပစ္စည်းများ ကျန်ရစ်ခဲ့သည်မှာ မှန်ကန်ကြောင်း၊ ဗုဒ္ဓဘာသာဝင် မြေးများသည် ခရစ်ယန်ဘာသာကိုးကွယ်သည့် အမွေရှင်များ ကျန်ရစ်သော ပစ္စည်းများအပေါ် အမွေဆက်ခံခွင့်မရှိဆိုသည်မှာ မမှန်ကြောင်း၊ ဤအမှု စွဲဆိုရန်အတွက် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိကြောင်း၊ တရားလိုသို့ အသာပေးဖြေကြားပြီး ငြင်းချက် (၄) (၅) ကို ပေါင်း၍ အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၁၆ အရ အမွေထိန်းစာ လက်မှတ်ရရှိသူအပေါ် အမွေထိန်းစာလက်မှတ်ကို ပြန်လည် မနုတ်သိမ်းဘဲ တရားစွဲဆိုခွင့်မရှိကြောင်း သုံးသပ်၍ တရားလို၏ အဆိုလွှာအား တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်း ၁၁ (ဃ) အရ ပယ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလိုများ၏ ရှေ့နေက တိုင်းတရားရုံးက တရားလို များသည် အမွေစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခွင့်မရှိကြောင်း ဆုံးဖြတ်ခြင်း

သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေပါ အမွေဆက်ခံခွင့် အခွင့်အရေးသည် အပြီးပိုင်ဆက်ခံရရှိသည့် အခွင့်အရေး(Vested Right) ဖြစ်သည်ဆိုသော ဥပဒေသနှင့် ဆန့်ကျင်ကြောင်း၊ အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၁၆ ၏ ပြဋ္ဌာန်းချက်မှာ ယေဘုယျပိုင်ခွင့်အခွင့်အရေး၊ အကျိုးခံစားခွင့်တို့နှင့် စပ်လျဉ်း၍ အမွေထိန်းစာလက်မှတ်ရသူကသာ စွဲဆိုခွင့်ရှိပြီး၊ ကျန်ပုဂ္ဂိုလ်များက အမွေထိန်းစာလက်မှတ်ကို ရုပ်သိမ်းခြင်းမရှိဘဲ ထိုအမှု မစွဲဆိုနိုင်ဟု ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း၊ အမွေထိန်းစာရှိနေသမျှ ကာလပတ်လုံး အမွေစီမံခန့်ခွဲပေးစေလိုမှု မစွဲဆိုနိုင်ဟု ပြဋ္ဌာန်းခြင်း မဟုတ်ကြောင်း၊ အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၃၀၆ အရ ကွယ်လွန်သူ အမွေရှင်အတွက် တရားမမှုတစ်စုံတစ်ရာ စွဲဆိုရန်ဖြစ်စေ၊ ခုခံချေပရန်ဖြစ်စေ အမွေထိန်းလက်မှတ်စာရသူတို့ကသာ ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ မူလရုံး တရားပြိုင် (၁၊ မှ ၄) ထိသည် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ၁၉၉၉ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၆၇ တွင် အမွေထိန်းစာလက်မှတ် ထုတ်ပေးရန် လျှောက်ထားရာ လျှောက်ထားသူများသည် ကွယ်လွန်သူ အမွေရှင် မိဘများ၏ သား၊ သမီးများဖြစ်ပြီး အခြားညီအစ်ကို မောင်နှမများ ကွယ်လွန်ပြီးဖြစ်၍ အမွေပုံပစ္စည်းအပေါ် အမွေဆိုင်များအား အမွေခွဲဝေရန်အတွက် တရားဝင်စီမံခန့်ခွဲ ဆောင်ရွက်နိုင်ရန် အမွေထိန်းစာ လျှောက်ထားရကြောင်းဖော်ပြပြီး ၎င်းတို့၏ အခွင့်ရကိုယ်စားလှယ် ဦးစောမေအောင်လှက ပြန်လှန်မေးမြန်းရာ၌ တရားလိုများသည် အမွေရှင်များ၏ မြေးများဖြစ်ကြောင်းနှင့် အမွေရပိုင်ခွင့်ရှိသည်မှာ မှန်သည်ဟု ဖြေဆိုခဲ့ကြောင်း၊ အမွေထိန်းစာ ထုတ်ပေးရခြင်း ရည်ရွယ်ချက်မှာ ကွယ်လွန်သူ အမွေရှင်၏ပစ္စည်းကို အမွေဆက်ခံထိုက်သူများသို့ အမွေခွဲဝေပေးရန်အတွက် အမွေဆက်ခံခွင့်ရှိသူ တစ်ဦးက စီမံခန့်ခွဲစေရန် ထုတ်ပေးခြင်းဖြစ်ကြောင်း၊ သို့သော်လည်း အမွေထိန်းစာရရှိသူ တရားပြိုင်များသည် တရားလိုများမှာ

အမွေဆက်ခံခွင့်ရှိသူများ ဖြစ်ပါလျက် ချန်လှပ်ပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာသည့် စာချုပ်အမှတ် ၁၈၇၇/၂၀၀၀ တွင် အမွေရှင်များတွင် သား၊ သမီး ၄ ဦးသာ မွေးဖွားခဲ့သည်ဟု မမှန်မကန်ဖော်ပြ၍ မြွက်ဟကြေညာပြီး အမွေဆိုင် မြေကွက်နှင့် အဆောက်အအုံများကို တရားပြိုင် (၂၊ ၃၊ ၄) တို့ဖြစ်သော ဦးစောစိုးကျော်၊ ဦးဘိုးချော၊ ဒေါ်နော်စေးဖောတို့က ပိုင်ဆိုင်ခွင့်၊ စွန့်လွှတ်ခြင်းစာချုပ်အမှတ် ၃၁၅၈/၂၀၀၀ ကို ၇-၁၂-၂၀၀၀ ရက်နေ့က ချုပ်ဆိုခဲ့ကြောင်း၊ ထို့နောက် တရားပြိုင် (၁) ဒေါ်နော်ရှုဖောသည် ၇-၁၂-၂၀၀၀ ရက်နေ့မှာပင် သမီးဖြစ်သူ တရားပြိုင် (၅) ဒေါ်မြင့်ခိုင်ဦးသို့ အချင်းဖြစ် မြေနှင့် အဆောက်အအုံကို မေတ္တာဖြင့် အပိုင်ပေးကမ်းသည့် မှတ်ပုံတင်စာချုပ်အမှတ် ၂၃၄/၂၀၀၀ ကို ချုပ်ဆိုခဲ့ကြောင်း၊ သို့ဖြစ်ရာအမွေထိန်းစာရရှိသူ တရားပြိုင် (၁) မှ (၄) တို့သည် အမွေဆက်ခံခွင့်ရှိသူ အမွေဆိုင်များသို့ အမွေခွဲဝေပေးခြင်းမပြုဘဲ အမွေပုံပစ္စည်းများအား ဒေါ်နော်ရှုဖော၏ မိသားစုများ အမည်ပေါက် ပိုင်ဆိုင်ရေးအတွက် မရိုးမသား ဆောင်ရွက်ခဲ့သည်ဟု ပေါ်ပေါက်ကြောင်း၊ အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၃၀၇ အရ အမွေထိန်းတစ်ဦးသည် အမွေထိန်းစာထုတ်ပေးသည့် တရားရုံး၏ အမိန့်မရရှိဘဲ အမွေပုံပစ္စည်းအား လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်းများ မပြုနိုင်ကြောင်း၊ မူလရုံး တရားပြိုင် (၁) မှ (၄) ထိတို့သည် တရားလို (၁) သည် ကျန်းမာရေး မကောင်း၍ ဆေးရုံတက်ပြီး မယ်သီလရှင် တစ်နှစ်ဝတ်ခြင်း၊ တရားလို (၂) သည် နိုင်ငံခြားသို့ ခရီးသွားနေခြင်းတို့ကို အခွင့်အရေးရယူပြီး တရားလိုများ မသိရှိအောင် အမွေထိန်းစာလက်မှတ် လျှောက်ထားခြင်းဖြစ်ကြောင်း၊ မူလရုံး (၁) မှ (၅) တရားပြိုင်များသည် ချေလွှာတွင် တရားပြိုင် (၁) မှ (၄) ထိအား အမွေထိန်းစာ ထုတ်ပေးပြီးဖြစ်၍ အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု မစွဲဆိုနိုင်ဟု ချေပခဲ့ခြင်းမရှိကြောင်း၊

၂၀၀၉
ဒေါ်ထန်ဇာရီပါ၂
နှင့်
ဒေါ်နော်ရှူဖောပါ
၃

**မတုတ်နှင့် မချစ်အမှု (၁)** အမွေထိန်းသည် အမွေဆိုင်တစ်ဦး၏ ရပိုင်ခွင့်ကို ငြင်းဆိုလျှင် အမွေရခွင့်ရှိကြောင်း မြွက်ဟကြေညာပေးရန် သို့မဟုတ် အမွေထိန်းသိမ်းပုံ မကျေနပ်လျှင် အမွေပုံစီမံခန့်ခွဲပေးရန် တရားစွဲဆိုနိုင်သည်ဟု လမ်းညွှန်ထုံးဖွဲ့ထားကြောင်း၊ အမွေထိန်းနှင့် အမွေဆိုင်များအကြား ချုပ်ဆိုသောစွန့်လွှတ်စာချုပ်၊ အပေးစာချုပ် တရားဝင်၊ မဝင်ကို အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုတွင် ဆုံးဖြတ်နိုင်ကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) တို့၏ ရှေ့နေက မူလရုံး တရားပြိုင် (၁) မှ (၄) ထိတို့သည် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၁၉၉၉ ခုနှစ်၊ တရားမထွေထွေမှုအမှတ် ၆၇ တွင် အမွေထိန်းစာလက်မှတ် ထုတ်ပေးရန် လျှောက်ထားခဲ့ရာ ခရိုင်တရားရုံးက အမွေထိန်းစာ ထုတ်ပေးခဲ့ကြောင်း၊ ထိုအမွေထိန်းစာမှာ ယခုထက်တိုင် အတည်ဖြစ်ပြီး အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၆၃ အရ ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့မှု မရှိကြောင်း၊ အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၁၆ အရ မည်သူမျှ အမွေထိန်းစာလက်မှတ်ကို ပြန်လည်မရုတ်သိမ်းသရွေ့ အမွေပုံပစ္စည်းနှင့် စပ်လျဉ်း၍ တရားစွဲဆိုခွင့်မရှိကြောင်း၊ ယခုအမှုမှာ ခရစ်ယန်ဘာသာကိုးကွယ်သူ အမွေရှင်များ၏ အမွေပုံပစ္စည်း ခွဲဝေပေးစေလိုမှု စွဲဆိုခြင်းဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် မသက်ဆိုင်ကြောင်း အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၆၃ အရ အမွေထိန်းစာ ပယ်ဖျက်ပေးရန်အတွက် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၁ အရ အမွေထိန်းစာ ထုတ်ပေးသည့်နေ့မှ ၃ နှစ်အတွင်း တရာစွဲဆို ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ၃-၃-၂၀၀၀ ရက်နေ့က ထုတ်ပေးသော အမွေထိန်းစာကို ပယ်ဖျက်ရန်အတွက် ၂၇-၁၀-၂၀၀၄ ရက်နေ့တွင် တရားစွဲဆိုလျှင် ကာလစည်းကမ်းသတ် ကျော်လွန်နေသဖြင့်

**၁။ (၁၉၁၇ - ၂၀) အထက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၃၊ စာ - ၂၃။**

ယခုကဲ့သို့ အမွေစီမံခန့်ခွဲပေးစေလိုမှု ပြောင်းလဲစွဲဆိုခြင်းဖြစ်ကြောင်း၊ **မတုတ်နှင့် မချစ်အမှု** [၁] တွင် မြန်မာဗုဒ္ဓဘာသာ အမွေရှင်၏ အမွေကို ဆက်ခံသည့်အမှုဖြစ်ပြီး ယခုအမှုမှာ အမွေရှင်သည် ခရစ်ယန်ဘာသာ ကိုးကွယ်သူဖြစ်၍ တူညီမှုမရှိကြောင်း၊ ထို့အပြင် ထိုစီရင်ထုံးမှာ အမွေဆက်ခံခြင်းအက်ဥပဒေ ပြဋ္ဌာန်းသည့် ၁၉၂၅ ခုနှစ်၊ မတိုင်မီက ဆုံးဖြတ်ခဲ့ခြင်းဖြစ်၍ ယခုအမှုနှင့် မသက်ဆိုင်ကြောင်း၊ တိုင်းတရားရုံးအနေဖြင့် ရုံးငြင်းချက်ထုတ်ထားခြင်း မရှိသော်လည်း အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၆၃ အရ အမွေထိန်း လက်မှတ်အား ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းမပြုဘဲ အမွေထိန်းအပေါ် တရားစွဲဆိုခွင့် မရှိသည်မှာ ဥပဒေအရ ထင်ရှားပြီးဖြစ်၍ တိုင်းတရားရုံး၏ အမိန့်သည် မှားယွင်းခြင်းမရှိကြောင်း၊ ဓလေ့ထုံးတမ်း ဥပဒေသည် ပြဋ္ဌာန်းဥပဒေကို လွှမ်းမိုးခြင်းမရှိကြောင်း၊ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီသည် မှားယွင်းခြင်းမရှိ၍ အယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် (၂)၊ (၆)၊ (၇) များမှာ ဆင့်ခေါ်စာ အတည် ဖြစ်သော်လည်း ရုံးရှေ့သို့လာရောက် လျှောက်ထားတင်ပြခြင်း မရှိပေ။

ဤအမှုတွင် အယူခံတရားလိုများ၏မိခင် ဒေါ်အေးအေး (ခ) ဒေါ်အေမီသည် အမွေရှင်ဦးထွန်းရင်၊ဒေါ်နော်မွေးရင်တို့၏သမီးဖြစ်ပြီး တရားလိုများသည် ဒေါ်အေးအေး(ခ)ဒေါ်အေမီ၏ သမီးများဖြစ်ကာ အမွေရှင်များ၏ အမွေမမီမြေးများဖြစ်ကြောင်းမှာ အငြင်းမပွား ပေါ်ပေါက်နေပေသည်။ ထို့အပြင် မူလရုံးတရားပြိုင် (၁)၊ (၂)၊ (၃)၊ (၄)၊ (အယူခံတရားပြိုင်/၁/၂/၃/၄) တို့သည် ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံး၏ ၁၉၉၉ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၆၇ တွင် ၎င်းတို့သည် အမွေရှင် ဦးထွန်းရင်၊ ဒေါ်နော်မွေးရင်တို့၏ သား၊ သမီး များအနက် ကျန်ရှိသော သား၊ သမီးများဖြစ်ကြောင်း၊ ကျန်သား၊သမီး များသည် ကွယ်လွန်သွားပြီးဖြစ်ကြောင်း ဖော်ပြ၍ အမွေဆက်ခံခွင့် အက်ဥပဒေ ပုဒ်မ ၂၁၈ အရ အမွေထိန်းစာလက်မှတ် ထုတ်ပေးရန် လျှောက်ထားခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက အမွေထိန်းစာ

၂၀၀၉
ဒေါ်ထန်ဇာရီပါ၂
နှင့်
ဒေါ်နော်ရှုဖောပါ
၇

လက်မှတ် (သက်သေခံ - ဂ) ထုတ်ပေးခဲ့သည်။ ထို့နောက် အမွေဆက်ခံကြောင်း ကြော်ငြာစာချုပ်အမှတ် ၁၈၇၇/၂၀၀၀ (သက်သေခံ - င)ဖြင့် တရားပြိုင် (၁)၊ (၂)၊ (၃)၊ (၄) တို့က ၎င်းတို့သည် အမွေရှင် ဦးထွန်းရင်နှင့် ဒေါ်နော်မွှေးရင်တို့၏ အမွေဆက်ခံခွင့်ရှိသော သား၊ သမီး (၄) ဦး အနေဖြင့် အချင်းဖြစ်အမွေဆိုင်မြေကွက်များနှင့် အဆောက်အအုံများ ပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်ကို ၂-၈-၂၀၀၀ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။ ထို့နောက် မူလရုံး (၂)၊ (၃)၊ (၄) တရားပြိုင် (၃) ဦးက ၎င်းတို့ အမွေဆက်ခံပိုင်ဆိုင်သော မြေကွက်များနှင့် အဆောက်အအုံများကို စွန့်လွှတ်ခြင်းစာချုပ်အမှတ် ၃၁၅၀/၂၀၀၀ (သက်သေခံ - စ) ကို ၇-၁-၂၀၀၀ ရက်နေ့တွင် ချုပ်ဆို၍ တရားပြိုင် (၁) ဒေါ်နော်ရှုဖောက စွန့်လွှတ်ခြင်းကို လက်ခံခဲ့သည်။ ၇-၁၂-၂၀၀၀ ရက်နေ့မှာပင် တရားပြိုင် (၁) ဒေါ်နော်ရှုဖောက မေတ္တာဖြင့် အပိုင်ပေးကမ်းသည့် မှတ်ပုံတင် စာချုပ်အမှတ် ၂၃၄/၂၀၀၀ (သက်သေခံ - ဆ) ဖြင့် အချင်းဖြစ် အမွေဆိုင်မြေကွက်များနှင့် အဆောက်အအုံများကို သမီးဖြစ်သူ တရားပြိုင် (၅) ဒေါ်မြင့်ခိုင်ဦးသို့ ပေးကမ်းခဲ့သည်။

အမွေထိန်းစာလက်မှတ် ထုတ်ပေးခြင်း ရည်ရွယ်ချက်မှာ ကွယ်လွန်သူ၏ပစ္စည်းကို လက်ရောက်ရယူနိုင်ရေး၊ ကွယ်လွန်သူ ရရန်ရှိသော အကြွေးမြီများကို ကောက်ခံနိုင်စေရေး၊ ကွယ်လွန်သူ၏ အသုဘစရိတ်နှင့် ကွယ်လွန်သူ ပေးဆပ်ရန်ရှိသည်များကို ပေးဆပ်နိုင်စေရေး၊ ထိုသို့ ပေးဆပ်ပြီးနောက် ကျန်ရစ်သောပစ္စည်းတို့ကို ကွယ်လွန်သူ၏ မိသားစုဥပဒေအရ ကွယ်လွန်သူ၏ အမွေကို ဆက်ခံထိုက်သူတို့အား ခွဲဝေပေးနိုင်စေရေးအတွက် ကွယ်လွန်သူ၏ အခွင့်အရေးကို ဆက်ခံသူတစ်ဦးအား ခန့်ထားပေးရန်ဖြစ်သည်။ **ဦးပါစီလောင်းအမှု**[၂] **နှင့် မဖေပါ၂ နှင့် မသိန်းရင်အမှု** [၃] ကို ကြည့်ပါ။

---

၂။ ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၆၈။
၃။ (၁၉၀၇ - ၀၈) အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၄၊ စာ - ၂၈၇။

၂၀၀၉
ဒေါ်ထန်ဇာရီပါ ၂
နှင့်
ဒေါ်နော်ရှုဖောပါ
၇

သို့ဖြစ်ရာ ကွယ်လွန်သူ ဦးထွန်းရင်၊ ဒေါ်နော်မွေးရင်၏ အမွေပုံပစ္စည်းနှင့် စပ်လျဉ်း၍ အမွေထိန်းလက်မှတ် ရရှိထားသော မူလရုံးတရားပြိုင် (၁)၊ (၂)၊ (၃)၊ (၄) (အယူခံတရားပြိုင် ၁၊ ၂၊ ၃၊ ၄) တို့သည် ကွယ်လွန်သူ အမွေရှင်တွင် အမွေဆက်ခံခွင့်ရှိသူများကို ပြည့်စုံစွာမဖော်ပြဘဲ အမွေထိန်းစာ လျှောက်ထားရယူခဲ့ခြင်း၊ အမွေထိန်းစာရရှိပြီးနောက် အမွေဆက်ခံခွင့်ရှိသူ တရားလိုများကို ခွဲဝေပေးခြင်းမရှိဘဲ ဒေါ်နော်ရှုဖော၏ မိသားစုပိုင်ပစ္စည်းအဖြစ်သို့ ပြောင်းလဲရန် မရိုးမသားဆောင်ရွက်ခဲ့ခြင်းများ ပြုခဲ့ကြောင်း ပေါ်ပေါက်လျက် ရှိပေသည်။

**ဒေါ်သောင်းမြင့်နှင့်ဒေါ်နီနီပါ၃ အမှု**[၄] တွင် အမွေထိန်းစာ ရလိုကြောင်း လျှောက်ထားရာတွင် လျှောက်လွှာ၌ သေသူ၏ မိသားစု သို့မဟုတ် ဆွေမျိုးများ၏အမည်ကို ဖော်ပြရမည်ဟု အမွေဆက်ခံရေးအက်ဥပဒေ ပုဒ်မ ၂၇၈ (၁) တွင် ပြဋ္ဌာန်းထားကြောင်း လမ်းညွှန်ထုံးဖွဲ့ထားသည်။

အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၄၁ အရ ခိုင်လုံသည့် သေတမ်းစာမရှိဘဲ ကွယ်လွန်သူ၏ သား၊ သမီးများနှင့် အမွေမီမြေးများ၊ အမွေမမီမြေးများ ကျန်ရစ်လျှင် အမွေမီမြေးများ၊ အမွေမမီမြေးများသည် ၎င်းတို့မိဘ သက်ရှိထင်ရှား ရှိခဲ့လျှင် ရမည့် ဝေစုအတိုင်းရ၍ အချင်းချင်း ညီတူမျှတူခွဲဝေယူရမည်ဖြစ်သည်။ ဤမူသဘောကို **ဒေါ်ခင်မူမူပါ၂နှင့်ဒေါက်တာဂျီအာရ်လူးဝစ် (၎င်း၏ အခွင့်ရကိုယ်စားလှယ်ဒေါ်ခင်တီ)ပါ ၃ အမှု**[၅] တွင် တွေ့ရှိနိုင်ပေသည်။

သို့ဖြစ်ရာ ဤအမှုတွင် အယူခံတရားပြိုင် (၁)၊ (၃)၊ (၄)၊ (၅) တို့၏ ရှေ့နေက အဓိကတင်ပြလျှောက်ထားသည့် အချက်မှာ အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၁၆ အရ အမွေထိန်းစာ

၄။ ၁၉၈၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၇၁။
၅။ ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၀၄။

လက်မှတ်ကို ပယ်ဖျက်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း မရှိဘဲ ဤအမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုကို စွဲဆိုနိုင်ခြင်းမရှိဟူသော ဥပဒေပြဿနာတစ်ရပ်သာ အငြင်းပွားလျက်ရှိပေသည်။

အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၁၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

" After any grant inthe Union of Myanmar of probate or letters of administration, no other than the person to whom the same may have been granted shall have power to sue or prosecute any suit, orherwise act as representative of the deceased, throughout the Union of Myanmar, until such probate or letters ot administration has or have been recalled or revoked."

အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၁၆ ပြဋ္ဌာန်းရခြင်းအဓိကရည်ရွယ်ချက်မှာ ကွယ်လွန်သူ အမွေရှင်ကျန်ရစ်သောပစ္စည်းတစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ တရားစွဲဆိုမည်ဆိုလျှင် အမွေထိန်းစာရရှိသူမှတစ်ပါး အခြားသူက တရားစွဲဆိုခြင်း၊ စွဲဆိုသည့်အမှုတွင် ခုခံခြင်း၊ တရားရုံးတွင် ဆောင်ရွက်ခြင်းပြုခွင့်မရှိကြောင်းနှင့် ထိုသို့ ဆောင်ရွက်လိုပါက အမွေထိန်းစာလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်ပြီးမှသာ ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အမွေပုံပစ္စည်းနှင့်စပ်လျဉ်း၍ အမွေခွဲဝေပေးရန် ငြင်းဆန်သော၊ အမွေပုံပစ္စည်းအပေါ် မရိုးမသားဆောင်ရွက်သော အမွေထိန်းစာလက်မှတ်ရသူ အမွေထိန်းကို တရားစွဲခွင့်မရှိဟု ပြဋ္ဌာန်းထားခြင်း မရှိပေ။

**ဒေါ်ခင်မူမူပါ၂နှင့် ဒေါက်တာဂျီအာရ်လူးဝစ် (၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ခင်တီပါ၃ အမှု**[၇] တွင် **ဒေါ်လွန်းပါ၅ နှင့် ဒေါ်သိန်းရင်အမှု** [၆] ကို ရည်ညွှန်း၍ အချင်းဖြစ်ပစ္စည်းများသည် အမွေပုံပစ္စည်း ဟုတ်၊ မဟုတ် ဆုံးဖြတ်ရသည်ဖြစ်ရာ

---

၆။ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၁၄၉။

ပစ္စည်းတစ်ရပ်ကို အမွေရှင်က အခြားသူတစ်ဦးအား လွှဲပြောင်းပေးခြင်းသည်။ ဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ပြဿနာကို အမွေမှုတွင် အဆုံးအဖြတ်ပေးပါက အမှန်ဆုံးဖြစ်ကြောင်း၊ ထို့ပြင် အမှုပွားများခြင်းကိုလည်း တစ်နည်းအားဖြင့် တားဆီးပိတ်ပင်ရာ ရောက်ပေလိမ့်မည်ဟု လမ်းညွှန်ထုံးဖွဲ့ထားသည်။

ဤအမှုတွင် အမွေထိန်းများဖြစ်သော မူလရုံးတရားပြိုင် (၁) (၂) (၃) (၄) (အယူခံတရားပြိုင် ၁၊ ၂၊ ၃၊ ၄) တို့သည် ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာစာချုပ် အမှတ် ၁၈၇၇/၂၀၀၀၊ စွန့်လွှတ်စာချုပ်အမှတ် ၃၁၅၀/၂၀၀၀၊ မေတ္တာဖြင့် ပေးကမ်းသည့် စာချုပ်အမှတ် ၂၃၄/၂၀၀၀ တို့ကို ချုပ်ဆိုခဲ့ခြင်းမှာ ဥပဒေနှင့် ညီညွတ်မှု ရှိ မရှိကို ဤအမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုတွင် အဆုံးအဖြတ်ပေးရန် လိုအပ်လာမည်ဖြစ်သည်။

မူလရုံးတရားပြိုင် (၁) (၂) (၃) (၄) (၅) တို့က အမွေရှင် ဦးထွန်းရင်၊ ဒေါ်နော်မွေးရင်တို့တွင် တရားလိုများ၏ မိခင်နှင့် မူလရုံးတရားပြိုင် (၁) (၂) (၃) (၄) တို့အပြင် နောက်ထပ် သား၊ သမီး (၅)ဦး စုစုပေါင်း (၁၀) ဦး ထွန်းကားကြောင်း၊ ထိုကျန်ရှိသော သား၊ သမီး (၅) ဦးအနက် (၃) ဦးမှာကွယ်လွန်ပြီး၊ ကျန် (၂) ဦးမှာ ကွယ်လွန်ပြီးဖြစ်သော်လည်း ဦးစိုးပိုင်တွင် ဇနီးဒေါ်ချစ်ငွေ (တရားပြိုင် ၆) နှင့် သား သမီး (၇) ဦး၊ ဦးစိုးမင်းတွင် သားဦးငွေစိုး (တရားပြိုင် ၇) တို့ ကျန်ရစ်ကြောင်း အမွေဆိုင်များ မစုံလင်ကြောင်း ထုချေတင်ပြသည်။

မူလရုံးတရားလို (အယူခံတရားလို) များက တရားပြိုင်ဘက်မှ အမွေဆိုင်များ မစုံလင်ကြောင်း၊ ကျန်ရှိကြောင်း တင်ပြထားသော်လည်း နေရပ်လိပ်စာ အတိအကျ မတင်ပြနိုင်ကြောင်း၊ ခိုင်မာသည့် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိကြောင်း၊ သို့ဖြစ်၍ မူလရုံးတရားပြိုင် (၅) ဦးဖြင့်သာ အမှုဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် ကန့်ကွက်လျှောက်ထားခဲ့သည်။

သို့ဖြစ်ရာ အမွေရှင် ဦးထွန်းရင်၊ ဒေါ်နော်မွေးရင်တို့တွင် သားများဖြစ်သော ဦးစိုးပိုင်၊ ဦးစိုးမင်းတို့ မွေးဖွားခြင်း ရှိ မရှိ၊ ၎င်းတို့သည် အမွေဆက်ခံခွင့်ရှိသူများ ကျန်ရစ်ခြင်း ရှိ မရှိမှာ အငြင်းပွား ပြဿနာ ဖြစ်လာပေသည်။ ထို့ကြောင့် အမွေရှင် ဦးထွန်းရင်၊ ဒေါ်နော်မွေးရင် တို့တွင် သားဖြစ်သူ ဦးစိုးပိုင်၊ ဦးစိုးမင်းတို့မွေးဖွားပြီး ၎င်းတို့၏ အမွေဆက်ခံခွင့်ရှိသူများ ကျန်ရစ်ကြောင်းအချက်ကို သက်သေ ထင်ရှားပြသရန်တာဝန်မှာ မူလရုံးတရားပြိုင် (၁) (၂) (၃) (၄) (၅) တို့ အပေါ်တွင် ကျရောက်နေပေသည်။

ထိုအချက်နှင့် စပ်လျဉ်း၍ တရားပြိုင်၏ အခွင့်ရ ကိုယ်စားလှယ် ဦးစောအောင်မေလှ (တရားပြိုင် ၁ ၏ သား)၊ ဒေါ်ဆာသဗွီး (ပြိုင်ပြ ၁) (တရားပြိုင် ၁ ၏ သမီး) တို့ကသာ ထွက်ဆိုပြီး အခြားလွတ်လပ်သော သက်သေများ၏ ထွက်ဆိုချက်နှင့် ခိုင်မာသည့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိပေ။ ထို့အပြင် (တရားပြိုင် ၆ )ဒေါ်ချစ်ငွေ (ဦးစိုးပိုင်၏ဇနီးဆိုသူ) နှင့် (တရားပြိုင် ၇) ဦးငွေစိုး (ဦးစိုးမင်း၏သားဆိုသူ) တို့အား သတင်းစာမှတဆင့် ကြော်ငြာထည့်သွင်း၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်း ၂၀ အရ ဆင့်ခေါ်ခဲ့ရာ ရုံးရှေ့သို့ လာရောက်ထုချေ တင်ပြခဲ့ခြင်း မရှိပေ။ ဤအခြေအနေတွင် ကွယ်လွန်သူ အမွေရှင် ဦးထွန်းရင်၊ ဒေါ်နော်မွေးရင်တို့၌ အမွေဆက်ခံခွင့်ရှိသူ သား၊ သမီး (၄) ဦးဖြစ်သော မူလရုံးတရားပြိုင် (၁) (၂) (၃) (၄) (အယူခံတရားပြိုင် ၁၊ ၂၊ ၃၊ ၄) နှင့် ၎င်းတို့၏ သမီး ကွယ်လွန်သူ ဒေါ်အေးအေး (ခ) ဒေါ်အေမီက မွေးဖွားသော အမွေမီမြေးများဖြစ်သည့် တရားလိုများ (အယူခံတရားလိုများ) သာ ကျန်ရှိကြောင်းအချက်သာ ပေါ်ပေါက် လျက်ရှိပေသည်။

သို့ဖြစ်ရာ ကွယ်လွန်သူ အမွေရှင် ဦးထွန်းရင်၊ ဒေါ်နော်မွေးရင် တို့ကျန်ရစ်သော အမွေကို ခွဲဝေမည်ဆိုလျှင် တရားလိုများသည် ဗုဒ္ဓဘာသာများဖြစ်သော်လည်း ကွယ်လွန်သူ ခရစ်ယန်ဘာသာ

အဖိုးအဖွားများ၏ အမွေကို ဆက်ခံခွင့်ရှိပြီး အမွေဆက်ခံရာတွင် အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၄၁ အရ ၎င်းတို့၏မိခင် ရရှိမည့် ဝေစုဖြစ်သော ၅ ပုံ ၁ ပုံကို ခွဲဝေရထိုက်ပေသည်။ ဤမူသဘောကို **ဒေါ်ခင်မူမူပါ၂ နှင့် ဒေါက်တာဂျီအာရ်လူးဝစ် (၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်တီပါ၃) အမှု**[7] တွင် တွေ့ရှိနိုင်ပေသည်။

သို့ဖြစ်ရာ ရန်ကုန်တိုင်းတရားရုံးက မူလရုံးတရားလိုများသည် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၁၆ အရ အမွေထိန်းစာ လက်မှတ်ကို ပယ်ဖျက်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်းမပြုဘဲ ဤအမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုကို မစွဲနိုင်ကြောင်း သုံးသပ်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်း ၁၁ (ဃ) အရ မူလရုံး တရားလို၏ အဆိုလွှာကို ပယ်ခဲ့သော စီရင်ချက်နှင့် ဒီကရီမှာ မှန်ကန်ခြင်း မရှိပေ။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုပြီး ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။

မူလရုံးတရားလို (အယူခံတရားလို) များသည် ကွယ်လွန်သူ အဖိုးအဖွားများဖြစ်သော ဦးထွန်းရင်၊ ဒေါ်နော်မွှေးရင်တို့ ကျန်ရစ်သော အမွေပုံပစ္စည်းတွင် ၅ ပုံ ၁ ပုံကို ခွဲဝေခံစားထိုက်ကြောင်း ပဏာမဒီကရီ ချမှတ်လိုက်သည်။

တရားစရိတ်များကို အမွေပုံမှ ကျခံစေ။

ရန်ကုန်တိုင်းတရားရုံးသည် အမွေပုံပစ္စည်းများ ခွဲဝေနိုင်ရန် အတွက် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၆ နှင့် အညီ ကော်မရှင်နာ ခန့်ထား၍ ဆက်လက်ဆောင်ရွက်စေရန် ညွှန်ကြားလိုက်သည်။

ရှေ့နေစရိတ် ၂၀၀ ကျပ် သတ်မှတ်သည်။

+ ၂၀၀၉
နိုဝင်ဘာလ
၂၇ ရက်

**တရားအမအထူးအယူခံမှု**

**တရားရုံးချုပ်၊ ဒုတိယတရာသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့် ဦးဟန်ရှိန်တို့၏ရှေ့တွင်**

**ဒေါ်မြင့်သက်မူ**
**နှင့်**
**ဒေါ်လွင်လွင်နွယ်ပါ ၂**

**နောက်ထပ်တင်သွင်းသော ဇာရီမှု၏ စည်းကမ်းသတ်ကာလကို မည်သည့်အခါကစ၍ ရေတွက်ရခြင်း**

**ဆုံးဖြတ်ချက်**။ ။ဇာရီမှုကို တရားနိုင်က ရုပ်သိမ်းလိုက်ခြင်းကြောင့်ဖြစ်စေ၊ တရားရုံးက အကြောင်းတစ်ခုခုကြောင့် ပလပ်လိုက်ခြင်းကြောင့်ဖြစ်စေ၊ ဇာရီမှုကို ဆုံးခန်းတိုင်သွားခြင်းများ မဖြစ်သေးမီအထိ တို့ အပါအဝင် ဒီကရီကို အတည်ပြုသော လျှောက်ထားမှု တရားရုံးတွင် တည်ရှိနေသမျှကာလပတ်လုံး သို့မဟုတ် ဇာရီမှု၏ အဆင့်တစ်ဆင့်ကို ဥပဒေနှင့်အညီ ဆောင်ရွက်ဆဲရှိနေသမျှ ကာလပတ်လုံး နောက်ဇာရီမှုအတွက် ကာလစည်းကမ်းသတ် စတင်ရေတွက်မှု မဖြစ်ပေါ်သေးချေ။

တစ်နည်းအားဖြင့် တရားနိုင်က ယခင်ဇာရီမှု ရုပ်သိမ်းလိုက်သည်နှင့် တစ်ပြိုင်နက်သော်လည်းကောင်း၊ တစ်နည်းနည်း

---

* **၂၀၀၉ ခုနှစ်၊ တရားမအထူးအယူခံမှု အမှတ် ၃၁။**

\+ **၂၀၀၈ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၂၈ တွင် ချမှတ်သော ၁၀-၁၀-၀၈ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့်ဒီကရီကိုအထူးအယူခံမှု။**

ကြောင့် တရားရုံးက ယခင်ဇာရီမှု ပလပ်သည်နှင့် တစ်ပြိုင်နက် သော်လည်းကောင်း၊ နောက်ထပ်တင်သွင်းသော ဇာရီမှုအတွက် ကာလစည်းကမ်းသတ် စတင်ရေတွက်ရကြောင်း ပြဆိုထားခြင်း ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ အထက်ပါအချက်များအရ နောက်ထပ် တင်သွင်းသည့် ဇာရီမှု၏ စည်းကမ်းသတ်ကာလသည် ၎င်းရှေ့ ကျသော ဇာရီမှုကို တရားနိုင် မလာမရောက် ပျက်ကွက်ခြင်းကြောင့် ပလပ်လိုက်သည့်နေ့ရက်က စတင်ရေတွက်ရန်ဖြစ်ပြီး ကော်မရှင်နာ ခန့်အပ်သော အမိန့်ချမှတ်သည့်နေ့ရက်မှ စတင်ရေတွက်ရန် မဟုတ်ချေ။

| | |
|---|---|
| အယူခံတရားလိုအတွက် | - ဦးဉာဏ်မြင့်<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင် (၁) အတွက် | - ဦးကံငြိမ်း<br>တရားရုံးချုပ်ရှေ့နေ<br>(ကိုယ်စား ဦးထွန်းကြည်<br>တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားပြိုင် (၂) အတွက် | - ကိုယ်တိုင် (မလာ) |

မန္တလေးတိုင်းတရားရုံး၏ တရားမကြီးမှုအမှတ် ၁၁၃/၉၉ တွင် အယူခံတရားလိုဖြစ်သူ တရားနိုင် ဒေါ်မြင့်သက်မူက အယူခံ တရားပြိုင်များဖြစ်ကြသူ တရားရှုံး ဒေါ်လွင်လွင်နွယ်နှင့် ဒေါ်ကြည်တင်စိန်တို့အပေါ် အနိုင်ရရှိထားသည့် အပြီးသတ် ဒီကရီအား အတည်ပြုပေးစေရေးအတွက် ယင်းရုံး၏ တရားမဇာရီမှု အမှတ် ၄၂/၂၀၀၈ တွင် ထပ်မံလျှောက်ထားသည်။ ထိုအခါ တရားရှုံး

တစ်ဦးဖြစ်သူ ဒေါ်လွင်လွင်နွယ်က ယင်းဇာရီမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဆိုကာ ပိတ်သိမ်းပေးစေရန် လျှောက်ထားခဲ့သည်။ မန္တလေးတိုင်းတရားရုံးက ဇာရီမှုမှာ ကာလစည်းကမ်းသတ်မကျော်ဟုဆိုကာ ဒေါ်လွင်လွင်နွယ်၏ လျှောက်ထားမှုကို ပယ်ခဲ့သည်။ ထိုသို့ပယ်ခဲ့ခြင်းကို ဒေါ်လွင်လွင်နွယ်က တရားရုံးချုပ် (မန္တလေး) ၏ တရားမအထွေထွေအယူခံမှုအမှတ် ၂၈/၂၀၀၈ တွင် အယူခံဝင်ရောက်ခဲ့ရာ တရားရုံးချုပ်က အယူခံမှုကို ခွင့်ပြုပြီး ဒေါ်မြင့်သက်မူ ဒုတိယအကြိမ် လျှောက်ထားသော ထိုဇာရီမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟု အကြောင်းပြကာ စရိတ်နှင့် ပလပ်ခဲ့သည်။

တရားရုံးချုပ် (မန္တလေး) ၏ ထိုသို့ ဇာရီမှု ပလပ်ခဲ့ခြင်းကို မကျေနပ်၍ ဒေါ်မြင့်သက်မူက တရားရုံးချုပ် (မန္တလေး) ၏ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၆၆/၂၀၀၉ တွင် လျှောက်ထားခဲ့ရာ အောက်ပါပြဿနာကို စီရင်ဆုံးဖြတ်စေရန် အထူးအယူခံဝင်ခွင့်ရရှိခဲ့သည် -

> " တရားနိုင် ဒေါ်မြင့်သက်မူက ဒုတိယအကြိမ်ဇာရီမှု လျှောက်လွှာ တင်သွင်းခြင်းကို ယခင်တရားမဇာရီမှုအမှတ် ၇၈/၂၀၀၄ တွင် ကော်မရှင်နာ ခန့်အပ်ကြောင်း နောက်ဆုံးအမိန့် ချမှတ်သည့် ၉-၁၁-၂၀၀၄ ရက်နေ့မှစ၍ ရေတွက်လျှင် ကာလစည်းကမ်းသတ် ၃ နှစ် ကျော်လွန်ကြောင်း တရားရုံးချုပ် (မန္တလေး) က ကောက်ယူဆုံးဖြတ်ခဲ့ခြင်းမှာ ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၂ (၅) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း ရှိမရှိ။"

မန္တလေးတိုင်းတရားရုံးက နောက်ထပ်လျှောက်ထားသော ယင်းဇာရီမှုတွင် **ဘူမိယားနှင့် အာရ်၊ အမ်၊ အန်၊ အာရ်၊ အမ် ချစ်တီးယားကုန်တိုက် စီရင်ထုံး**[၁]ကို ကိုးကား၍ ကာလစည်းကမ်းသတ် ဥပဒေ၊ ပထမဇယား အမှတ်စဉ် ၁၈၂ (၅) တွင် စည်းကမ်းသတ်ကာလအစပြုနိုင်သော မှတ်တိုင်နှစ်တိုင် ပေးထားကြောင်း၊ ယင်းတို့မှာ ဇာရီမှုပြုပေးစေရန် ဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံးသို့ တင်သွင်းသော လျှောက်လွှာအပေါ် အပြီးသတ် အမိန့် ချမှတ်ခဲ့သည့် နေ့ရက်နှင့် ဒီကရီ သို့အဟုတ် အမိန့်ကို အတည်ပြုရာတွင် အထောက်အပံ့ဖြစ်စေသည့် ဆောင်ရွက်မှုပြုပေးစေရန် သက်ဆိုင်ရာ တရားရုံးသို့ ဥပဒေနှင့်အညီ တင်သွင်းသည့် လျှောက်လွှာအပေါ်တွင် အပြီးသတ်အမိန့် ချမှတ်သည့် နေ့ရက်တို့ဖြစ်ကြောင်း၊ (၁) တရားရှုံးတင်ပြသည့် ကော်မရှင်နာ ခန့်အပ်သောနေ့နှင့် ထိုအမိန့်အတိုင်း ဆောင်ရွက်သောနေ့တို့သည် အပြီးသတ်အမိန့် ချမှတ်သော နေ့ရက်မဟုတ်သဖြင့် ထိုနေ့များမှာ ကာလစည်းကမ်းသတ် စတင်ရေတွက်ရန် မဟုတ်ကြောင်း၊ ယင်းဇာရီမှု အမှတ် ၇၈/၂၀၀၄ ကို ယာယီပိတ်သိမ်းစေရန် ချမှတ်ခဲ့သော ၁၂-၅-၂၀၀၅ ရက်နေ့မှ စတင်၍ ကာလစည်းကမ်းသတ် ရေတွက်ရန်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒုတိယအကြိမ် လျှောက်ထားသော ယင်းဇာရီမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိကြောင်း စသည်ဖြင့် သုံးသပ်ကာ (၁) တရားရှုံး ဒေါ်လွင်လွင်နွယ် လျှောက်ထားမှုကို ပယ်ခဲ့ခြင်းဖြစ်သည်။

တရားရုံးချုပ် (မန္တလေး) ကမူ အထွေထွေအယူခံမှုတွင် မန္တလေးတိုင်းတရားရုံး၏ တရားမကြီးမှုအမှတ် ၁၁၃/၉၉ မှ အပြီးသတ် ဒီကရီကို တရားနိုင် ဒေါ်မြင့်သက်မူက ယင်းရုံး၏ တရားမ

---

၁။ ၁၉၃၉၊ ရန်ကုန်စီရင်ထုံး၊ စာ - ၅၀၈ (**Boomiah Vs R.M.N.R.M Chettyar Firm)**

ဇာရီမှုအမှတ် ၇၈/၂၀၀၄ ကို စတင်ဖွင့်လှစ်ခဲ့ရာ ယင်းပထမဇာရီမှုတွင် အမွေဆိုင်မြေကွက်ကို မြေတိုင်းတာပြီး ခွဲစိတ်ပေးနိုင်စေရေးအတွက် ကော်မရှင်နာ ခန့်အပ်ပေးစေရန် ဒေါ်မြင့်သက်မူက လျှောက်ထားခဲ့ကြောင်း၊ ထိုလျှောက်ထားသည့်အတိုင်း မန္တလေးတိုင်းတရားရုံးက ပထမဇာရီမှုတွင် ၆-၁၁-၂၀၀၄ ရက်နေ့က ကော်မရှင်နာ ခန့်အပ်ပေးစေသည့် အမိန့်ချမှတ်ခဲ့ကြောင်း၊ ထိုသို့ အမိန့်ချမှတ်ပြီးနောက်တွင် ဒေါ်မြင့်သက်မူက တရားရုံးခန့်အပ်သော ကော်မရှင်နာထံသို့လည်းကောင်း၊ ဇာရီမှုတရားရုံးသို့လည်းကောင်း သွားရောက်ခဲ့ခြင်း မရှိသဖြင့် ၁၂-၅-၂၀၀၅ ရက်နေ့တွင် ပထမဇာရီမှုကို ယာယီပိတ်သိမ်းသည့် အမိန့်ချမှတ်ခဲ့ကြောင်း၊ ထို့နောက် ၂-၅-၂၀၀၈ ရက်နေ့တွင် ဒေါ်မြင့်သက်မူက ဒုတိယအကြိမ် ဇာရီမှု ပြုပေးစေရန် ထပ်မံလျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ၁၂-၅-၂၀၀၅ ရက်နေ့မှာ ယခင်ဇာရီမှုကို ယာယီအမိန့်ချမှတ်ခဲ့ခြင်းဖြစ်ပြီး ဒေါ်မြင့်သက်မူ၏ လျှောက်ထားချက်အရ အပြီးသတ်အမိန့် ချမှတ်ခဲ့သော နေ့ရက်မဟုတ်ကြောင်း၊ ဒေါ်မြင့်သက်မူက ယခင်ဇာရီမှုတွင် ကော်မရှင်နာ ခန့်အပ်ပေးစေရန် လျှောက်ထားခြင်းသည်သာ ဇာရီမှုကို အတည်ပြုပေးစေနိုင်အောင် အထောက်အပံ့ဖြစ်စေသည့် ဆောင်ရွက်မှု ပြုလုပ်ပေးစေရန် လျှောက်ထားမှုဖြစ်ကြောင်း၊ ထို့အတူ ဇာရီမှုရုံးက ကော်မရှင်နာခန့်အပ်ဆောင်ရွက်ပေးစေရန် အမိန့်ချမှတ်ခဲ့သော ၆-၁၁-၂၀၀၄ နေ့ရက်သည်သာ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၂ (၅) အရ ဒီကရီ အတည်ပြုပေးနိုင်လောက်အောင် အထောက်အပံ့ဖြစ်စေသည့် ဆောင်ရွက်မှု ပြုစေရန် အပြီးသတ် ချမှတ်ခဲ့သည့်အမိန့်ဖြစ်ကြောင်း၊ နောက်တစ်ကြိမ်ဇာရီမှု ပြုလုပ်ပေးစေရန် ဒေါ်မြင့်သက်မူက ၂-၅-၂၀၀၈ ရက်နေ့တွင်မှ ထပ်မံလျှောက်ထားခဲ့ခြင်းဖြစ်၍ ၆-၁၁-၂၀၀၄ ရက်နေ့မှ ၂-၅-၂၀၀၈ ရက်နေ့အထိဆိုလျှင် ကာလစည်းကမ်းသတ် ၃ နှစ် ကျော်လွန်ပြီးဖြစ်ကြောင်း

စသည်ဖြင့် သုံးသပ်ကာ အထွေထွေ အယူခံမှုကို ခွင့်ပြုပြီး ဇာရီမှုအမှတ် ၄၂/၂၀၀၈ ကို ပလပ်ခဲ့ခြင်း ဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက ကာလစည်းကမ်းသတ်ဥပဒေ ဇယား အမှတ်စဉ် ၁၈၂ (၅) အရ နောက်ထပ် တင်သွင်းသည့် ဇာရီမှု အတွက် ကာလစည်းကမ်းသတ် ၃ နှစ် စတင်ရေတွက်ရမည့်နေ့ရက် ၂ ခုပါရှိကြောင်း၊ ဒီကရီ သို့မဟုတ် အမိန့်ကို အတည်ပြုစေရန် ဥပဒေနှင့်အညီ လျှောက်ထားမှုတွင် နောက်ဆုံးအမိန့် ချမှတ်သည့် နေ့ရက် (The date of the final order passed) နှင့် ဒီကရီ သို့မဟုတ် အမိန့်ကို အတည်ပြုနိုင်လောက်အောင် အထောက်အပံ့ဖြစ်စေသော ဆောင်ရွက်ချက်တစ်ရပ်ရပ် ဆောင်ရွက်ပေးစေရန် လျှောက်ထားမှု အပေါ် နောက်ဆုံးအမိန့် ချမှတ်သော နေ့ရက်တို့ဖြစ်ကြောင်း၊ ၎င်းတို့တွင် ပါရှိသည့် နောက်ဆုံးအမိန့် (final order) နှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေတွင် တိုက်ရိုက်အဓိပ္ပါယ်ဖွင့်ဆိုထားမှု မရှိကြောင်း၊ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၂ (၂) ၏ ရှင်းလင်းချက်တွင် ပါရှိသော အပြီးသတ်ဒီကရီ (final order) ဖွင့်ဆိုချက်အတိုင်း ဖွင့်ဆိုမည်ဆိုပါက တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ဖွယ်ရာများ နောက်ထပ်ဆောင်ရွက်ဖွယ်ရာများ မကျန်ရှိအောင် ပြီးပြည့်စုံစွာ ဆုံးဖြတ်သည့် အမိန့်သည် အပြီးသတ်အမိန့်ဟူ၍ ဖွင့်ဆိုရမည် ဖြစ်ကြောင်း၊ ကော်မရှင်နာ ခန့်အပ်ရုံမျှဖြင့် ယခင်ဇာရီမှုမှာ ပြီးပြည့်စုံစွာ ပြီးစီးခြင်းမရှိသေးဘဲ နောက်ထပ်ဆောင်ရွက်ဖွယ်ရာများ ကျန်ရှိ နေသေး၍ ကော်မရှင်နာခန့်အပ်သည့် အမိန့်သည် နောက်ဆုံး အမိန့်မဟုတ်သည်မှာ မြင်သာကြောင်း၊ ယခင်ဇာရီမှုတွင် တရားနိုင် မလာ၍လည်းကောင်း၊ ကော်မရှင်နာက ၎င်းအား ခန့်အပ်ထားမှုကို ပြန်လည်ရုပ်သိမ်းပေးစေရန် လျှောက်ထား၍လည်းကောင်း၊ ဇာရီမှု ယာယီပိတ်သိမ်းခဲ့ပြီးနောက် ယခင်ဇာရီမှုအား ဆက်လက် ဆောင်ရွက်ရန် မရှိတော့သဖြင့် ထိုသို့ ပိတ်သိမ်းသည့် နေ့ရက်

သည်သာ အပြီးသတ်အမိန့် ချမှတ်သောနေ့ရက်ဖြစ်ကြောင်း၊ ထို့ကြောင့်နောက်ထပ်လျှောက်ထားသည့်ဇာရီမှု၏ စည်းကမ်းသတ်ကာလ ၃ နှစ်ကို ယခင်ဇာရီမှုအား တရားနိုင်မလာ၍ ယာယီပိတ်သိမ်းရန် အမိန့်ချမှတ်ခဲ့သည့် နေ့ရက်မှ စတင်ရေတွက်ရန် ဖြစ်ကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက အပြီးသတ်အမိန့်ဆိုသည်မှာ နှစ်ဖက်အမှုသည်တို့ ရပိုင်ခွင့် အခွင့်အရေးကို အပြီးအပြတ်နှင့် နောက်ဆုံးအဖြစ် ဆုံးဖြတ်သည့် အမိန့်သာဖြစ်ကြောင်း၊ ယခင်ဇာရီမှုကို ယာယီပိတ်သိမ်းသော အမိန့်သည် အပြီးသတ် အမိန့် မဟုတ်ကြောင်း၊ ထိုသို့ ယာယီပိတ်သိမ်းသည့် နေ့ရက်မှ စတင်၍ ကာလစည်းကမ်းသတ်ရေတွက်ခွင့် ပြုမထားကြောင်း သို့ဖြစ်၍ တရားရုံးချုပ် (မန္တလေး) ၏ စီရင်ချက်မှာ မှားယွင်းခြင်းမရှိသဖြင့် ဤအထူးအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အချင်းဖြစ်ပြဿနာမှာ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၂ (၅) အရ နောက်ဇာရီမှုကို တရားရုံးချုပ် (မန္တလေး) က ဆုံးဖြတ်သည့်အတိုင်း ကော်မရှင်နာ ခန့်အပ်ရန် အမိန့်ချမှတ်ခဲ့သည့် ၆-၁၁-၂၀၀၄ နေ့မှ စတင်၍ ကာလစည်းကမ်းသတ်ရေတွက်ရမည်လော သို့မဟုတ်ဘဲ မန္တလေးတိုင်းတရားရုံးက ဆုံးဖြတ်သည့်အတိုင်း ယခင်ဇာရီမှုကို ယာယီပိတ်သိမ်းပေးသည့် ၁၂-၅-၂၀၀၅ ရက်နေ့မှ စတင်၍ ကာလစည်းကမ်းသတ် ရေတွက်ရမည်လော ဆိုခြင်းပင်ဖြစ်သည်။

ဆိုခဲ့သည့် **ဘူမိယား စီရင်ထုံး** တွင် ဇာရီမှုစတင်ရေတွက်ရာ၌ မှတ်တိုင် ၂ ခု ရှိခြင်းကို ဖော်ပြထားပြီး ယင်းဇာရီမှုတွင် တရားရှုံးထောင်ဒဏ်စတင်ကျခံရသည့်နေ့ကို ကာလစည်းကမ်းသတ် စတင်ရေတွက်ရန်ဖြစ်၍ တရားရှုံး ထောင်မှလွတ်လာသည့်နေ့ကို စတင်ရေတွက်ရန် မဟုတ်ကြောင်းတို့ကို ထုံးဖွဲ့ထားသည့်အပြင်

**ပီတမ်ဘာနှင့် ဒါမိုဒါ စီရင်ထုံး** (၂) နှင့် **ခါလီအူရ်ရာမန်ခန်းနှင့် အီတား ကော်လိပ်တော်အရာရှိ စီရင်ထုံး** (၃) တို့ကို ကိုးကား၍ အောက်ပါအတိုင်းလည်း ထုံးဖွဲ့ထားသည် -

" So long as an application to execute a decree or to take a step in execution is made in accordance with law, to the proper Court and within the time prescribed, its operates to extend the time for executing the decree and it is immaterial that the decree-holder subsequently withdraws or invites the Court to dismiss the application."

ဆိုလိုသည်မှာ ဇာရီမှုကို တရားနိုင်က ရုပ်သိမ်းလိုက်ခြင်းကြောင့်ဖြစ်စေ၊ တရားရုံးက အကြောင်းတစ်ခုခုကြောင့် ပလပ်လိုက်ခြင်းကြောင့်ဖြစ်စေ ဇာရီမှု ဆုံးခန်းတိုင်သွားခြင်းများ မဖြစ်သေးမီ အထိတို့ အပါအဝင် ဒီကရီကို အတည်ပြုသော လျှောက်ထားမှု တရားရုံးတွင် တည်ရှိနေသမျှ ကာလပတ်လုံး သို့မဟုတ် ဇာရီမှု၏ အဆင့်တစ်ဆင့်ကို ဥပဒေနှင့်အညီ ဆောင်ရွက်ဆဲ ရှိနေသမျှ ကာလပတ်လုံး နောက်ဇာရီမှုအတွက် ကာလစည်းကမ်းသတ် စတင်ရေတွက်မှု မဖြစ်ပေါ်သေးချေ။

တစ်နည်းအားဖြင့် တရားနိုင်က ယခင်ဇာရီမှု ရုပ်သိမ်းလိုက်သည်နှင့် တစ်ပြိုင်နက်သော်လည်းကောင်း၊ တစ်နည်းနည်းကြောင့် တရားရုံးက ယခင်ဇာရီမှုကို ပလပ်လိုက်သည်နှင့် တစ်ပြိုင်နက်သော်လည်းကောင်း နောက်ထပ်တင်သွင်းသော ဇာရီမှုအတွက် ကာလစည်းကမ်းသတ် စတင်ရေတွက်ရကြောင်း ပြဆိုထားခြင်းဖြစ်သည်။

---

၂။ **Pitambar Vs Damodar, LL.R, 53 Cal., 664**

၃။ **Khalil Ur-Rahaman Khan Vs Collector of Etah, 61 I.A., 62**

၂၀၀၉
ဒေါ်မြင့်သက်မူ
နှင့်
ဒေါ်လွင်လွင်နွယ်ပါ ၂

ထို့အပြင် **ကာလကတ္တားစီရင်ထုံး** (၄) နှင့် အခြားစီရင်ထုံး အတော်များများကို ကိုးကား၍ **ကေ၊ ဂျေ ရပ်စ်ကွမ်ဂျီက** ၎င်း၏ **ကာစည်းကမ်းသတ်ဥပဒေနှင့် ဆန့်ကျင်လက်ရှိထားမှုစာအုပ် ဒုတိယတွဲ** (၅) တွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

> " x x x Thus, it has been held in numerious cases that a mere order of dismissal for default of an application for execution, is a "final order" within the meaning of clause 5 as amended."

ယင်း၏ ဆိုလိုချက်မှာ တရားရုံးသို့ လာရောက်ရန် ပျက်ကွက်ခြင်းကြောင့် ဇာရီမှုအား ပလပ်သည့်အမိန့်သည် အပိုဒ်ခွဲ ၅ (ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၂ ၏ အပိုဒ်ခွဲ (၅) ပြဋ္ဌာန်းချက်ပါ " အပြီးသတ်အမိန့်" ဆိုသော စကားရပ်တွင် အကျုံးဝင်ကြောင်း ပြဆိုထားခြင်းပင်ဖြစ်သည်။

အထက်ပါအချက်များအရ နောက်ထပ်တင်သွင်းသည့် ဇာရီမှု၏ စည်းကမ်းသတ်ကာလသည် ၎င်းရှေ့ကျသော ဇာရီမှုကို တရားနိုင် မလာမရောက် ပျက်ကွက်ခြင်းကြောင့် ပလပ်လိုက်သည့် နေ့ရက်က စတင်ရေတွက်ရန်ဖြစ်ပြီး ကော်မရှင်နာ ခန့်အပ်သော အမိန့်ချမှတ်သည့် နေ့ရက်မှ စတင်ရေတွက်ရန် မဟုတ်ချေ။

ထို့ကြောင့် တရားရုံးချုပ် (မန္တလေး) ၏ တရားမအထွေထွေ အယူခံမှုတွင် ချမှတ်သော စီရင်ဆုံးဖြတ်ချက်မှာ မှန်ကန်သည်ဟု မဆိုသာချေ။ ထို့အတူ နောက်ထပ် လျှောက်ထားသည့် ဇာရီမှုသည် ကာလစည်းကမ်းသတ် မကျော်လွန်ကြောင်း မန္တလေးတိုင်း တရားရုံး၏

---

၄။ **1932, 59 Cal., 1266 at 1270**

၅။ **K.J., Rustomji, "The Law of Limitation and adverse posession." 5th Edn., 1938, Calcutta, P - 1738, 1739**

စီရင်ဆုံးဖြတ်ချက်မှာ မှားယွင်းခြင်းမရှိ၍ ပြန်လည်အတည်ပြုရမည်သာဖြစ်သည်။

ထို့ကြောင့် ဤအထူးအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြု၍ ပြဿနာအပေါ် အောက်ပါအတိုင်း စီရင်ဆုံးဖြတ်သည် -

" တရားနိုင် ဒေါ်မြသက်မူက ဒုတိယအကြိမ် ဇာရီမှု လျှောက်လွှာ တင်သွင်းခြင်းကို ယခင်တရားမဇာရီမှုအမှတ် ၇၈/၂၀၀၄ တွင် ကော်မရှင်နာ ခန့်အပ်ကြောင်း နောက်ဆုံးအမိန့်ချမှတ်သည့် ၉-၁၁-၂၀၀၄ ရက်မှစ၍ ရေတွက်လျှင် ကာလစည်းကမ်းသတ် ၃ နှစ် ကျော်လွန်ကြောင်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ကောက်ယူ ဆုံးဖြတ်ခဲ့ခြင်းမှာ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၂ (၅) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိကြောင်း။"

ထို့နောက် တရားရုံးချုပ်က အထွေထွေအယူခံမှုတွင် ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မန္တလေးတိုင်းတရားရုံးက တရားမဇာရီမှုတွင် ချမှတ်သော အမိန့်ကို ပြန်လည်အတည်ပြုလိုက်သည်။

မန္တလေးတိုင်းတရားရုံးက ဇာရီမှုကို မူလဇာရီမှုအမှတ် ၄၂/၂၀၀၈ ဖြင့် ပြန်လည်ဖွင့်လှစ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်စေရန် ညွှန်ကြားသည်။

ရှေ့နေခ ကျပ် ၃၀၀ဝိ/- သတ်မှတ်သည်။

+ ၂၀၀၉
ဇူလိုင်လ
၁၀ ရက်

**တရားမအထူးအယူခံမှု**

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးချစ်လွင်တို့၏ရှေ့တွင်**

**ဒေါ်ဝင်းဝင်းမြ**

**နှင့်**

**ဒေါ်မီမီဟန်**

**ငြင်းချက်ထုတ်ရန် သမ္မာန်စာ အတည်ဖြစ်လျက်နှင့် တရားပြိုင် ရုံးသို့ လာရောက်ခြင်း မရှိ၍ တစ်ဖက်သတ် စစ်ဆေးခဲ့သောအမှုတွင် တရားလိုသည် မိမိတောင်းဆိုသော သက်သာခွင့် ရထိုက်ကြောင်း အခိုင်အမာ သက်သေထင်ရှားပြသရန်လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၉ နည်းဥပဒေ ၆(၁) အရ သမ္မာန်စာကို နည်းလမ်းတကျ ချအပ်ပြီး ဖြစ်လျက်နှင့် တရားပြိုင် သို့မဟုတ် တရားပြိုင်များ မလာမရောက် ပျက်ကွက်ခြင်းကြောင့် တစ်ဖက်သတ် ကြားနာစစ်ဆေးခဲ့သော မှုခင်းများတွင်ဖြစ်စေ၊ အမိန့် ၁၂ နည်းဥပဒေ ၆ အရ ဝန်ခံချေလွှာ တင်သွင်းသော်လည်း တရားရုံးက သက်သေခံချက်များ ရယူစစ်ဆေး ကြားနာခဲ့သော မှုခင်းများတွင်ဖြစ်စေ တရားလို သို့မဟုတ် တရားလိုများသည် မိမိတို့ တောင်းဆိုသော သက်သာခွင့် ရထိုက်ကြောင်း အခိုင်အမာ ပြဆိုရန်

---

* **၂၀၀၉ ခုနှစ်၊ တရားမအထူးအယူခံမှု အမှတ် ၁။**

\+ **၂၀၀၈ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၈ တွင် ချမှတ်သော ၁၄-၅-၀၈ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံမှု။**

အတွက် လိုအပ်သောလူပုဂ္ဂိုလ်နှင့် စာရွက်စာတမ်း သက်သေခံချက်များဖြင့် သက်သေထင်ရှား ပြသနိုင်ရန်လိုအပ်သည်။ ထိုကဲ့သို့ သက်သေထင်ရှား ပြသနိုင်ခဲ့ခြင်း မရှိလျှင် တောင်းဆိုသော သက်သာခွင့် သို့မဟုတ် သက်သာခွင့်များကို တရားရုံးများက ခွင့်ပြုနိုင်မည် မဟုတ်ချေ။

| | |
|---|---|
| အယူခံတရားလိုအတွက် | - ဦးမြင့်ဆွေ၊<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - ကိုယ်တိုင် (မလာ) |

မကွေးတိုင်းတရားရုံး၏ ၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၁ တွင် အယူခံတရားလို ဒေါ်ဝင်းဝင်းမြက အယူခံတရားပြိုင် ဒေါ်မီမီဟန်အပေါ် ချေးငွေကျပ် ၂၆ သိန်းနှင့် ငှားရမ်းသုံးစွဲထားသော ရွှေထည်ပစ္စည်းမျိုးစုံ ၁၆ မျိုးခန့်၏ ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၈၀ နှစ်ရပ်ပေါင်း ကျပ် ၂၀၆ သိန်း ရလိုမှု စွဲဆိုရာ ပလပ်ခံရသည်။ ဒေါ်ဝင်းဝင်းမြက တရားရုံးချုပ် (မန္တလေး) ၏ တရားမပထမအယူခံမှုအမှတ် ၃၈/၂၀၀၈ ကိုတင်သွင်းသော်လည်း အောင်မြင်မှု မရရှိခဲ့ချေ။ ထိုအခါ ဒေါ်ဝင်းဝင်းမြက တရားရုံးချုပ် (မန္တလေး) ၏ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၃၇/၂၀၀၈ ကို တင်သွင်းခဲ့ရာ အောက်ပါပြဿနာကို အထူးအယူခံ ခုံရုံးဖြင့် စီရင်ဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့် ပြုခဲ့သည်။

> "တရားပြိုင်က တရားလိုထံမှ ငွေကျပ် ၂၆ သိန်းနှင့် ရွှေထည်များကို အကြိမ်ကြိမ်ငှားရမ်း သုံးစွဲသည်မှာ မှန်ကန်ကြောင်း ယနေ့တိုင် ပြန်လည်ပေးဆပ်ခြင်း မရှိသေးကြောင်း ၂၅-၁-၂၀၀၆ ရက်စွဲပါကတိဝန်ခံစာချုပ်(သက်သေခံ-င) တွင် လက်မှတ်ရေးထိုး ဝန်ခံထားပါလျက် တရားရုံးချုပ်

(မန္တလေးရုံးထိုင်) က (သက်သေခံ - င) ဝန်ခံကတိပြုချက်သည် သက်သေခံဥပဒေ ပုဒ်မ ၁၇ အရ ဝန်ခံချက်မြောက်ရန် အကြောင်းမရှိကြောင်း ကောက်ယူဆုံးဖြတ်ပြီး တရားလို၏ အဆိုလွှာအား ပလပ်သည့် မကွေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုခဲ့ခြင်းမှာ မှန်ကန်မှု ရှိ မရှိ။"

မူလမှုအဆိုလွှာတွင် တရားပြိုင်မှာ တရားလို၏ အစ်မ ဒေါ်ဝင်းဝင်းမြင့်ထံ ကျောင်းသူတစ်ဦးအဖြစ် လာရောက်သင်ကြားရာမှ တရားလို မိသားစုနှင့် ရင်းနှီးကာ တရားပြိုင်က စောင်အရောင်းအဝယ်လုပ်ရန် ငွေလို၍ ချေးငှားခဲ့ကြောင်း၊ တရားလိုက ၂၈-၈-၂၀၀၃ ရက်နေ့မှစ၍ တရားပြိုင်အား ငွေအလီလီ ချေးခဲ့ရာ ၁၆-၉-၂၀၀၄ ရက်နေ့ထိ ကျပ် ၂၆ သိန်း ဖြစ်လာကြောင်း၊ ထိုငွေများကို ပြန်လည်ပေးဆပ်ခြင်း မရှိသေးဘဲ အမွေးတိုင်လုပ်ငန်း လုပ်လိုသည်ဟုပြော၍ တရားလိုထံမှ ငွေထပ်မံ ချေးသဖြင့် ၁၃-၆-၂၀၀၄ ရက်နေ့တွင် ၁၂ ပဲရည်ရှိ ရွှေ ၂ ကျပ်သား တစ်တုံး အပါအဝင် ၁၃-၆-၂၀၀၄ ရက်နေ့မှ ၇-၁-၂၀၀၅ ရက်နေ့အထိ ရွှေထည်ပစ္စည်းမျိုးစုံ ၄၀ ကျပ်သားတို့ကို တရားပြိုင်က ငှားရမ်း ရယူခဲ့ကြောင်း၊ သို့သော် ငွေနှင့် ရွှေထည်ပစ္စည်းများ ပြန်မဆပ်သဖြင့် တရားပြိုင်က ၁၈-၁-၂၀၀၅ ရက်စွဲပါ ဝန်ခံကတိစာချုပ်ကို ချုပ်ဆိုပေးကာ ငွေကျပ် ၂၆ သိန်းနှင့် ရွှေထည်ပစ္စည်း ၁၆ မျိုး ငှားရမ်းခဲ့ခြင်းအတွက် ၁-၂-၂၀၀၅ ရက်နေ့ နောက်ဆုံးထား ပေးဆပ်ရန် ဝန်ခံကတိပြုခဲ့ ကြောင်း၊ သို့သော် ပြန်လည် မပေးဆပ်နိုင်၍ တရားပြိုင်က တရားလိုအား ၅-၇-၂၀၀၅ ရက်နေ့တွင် ပြန်လည်အပြီး ပေးချေရန် ပြောဆိုကာ ၃-၂-၂၀၀၅ ရက်စွဲပါ ဝန်ခံကတိစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထိုစာချုပ်တွင် တရားပြိုင်၏ ဖခင် ဦးမျိုးဟန်ကလည်း ကိုယ်တိုင်တာဝန်ယူ ဖြေရှင်းပေးရန် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထိုမှတစ်ဖန် တရားပြိုင်က

ပြန်လည်မဆပ်နိုင်၍ ၎င်း၏ဖခင်ထံမှ အမွေဝေစု ရရှိက ပြန်လည် ပေးဆပ်မည်ဟု ကတိဝန်ခံချက်တစ်စောင်ကို ၂၅-၁-၂၀၀၆ ရက်နေ့က သက်သေများရှေ့တွင် လက်မှတ်ရေးထိုး ပေးခဲ့ကြောင်း၊ တရားပြိုင်က အမွေဝေစုရရှိခဲ့သော်လည်း ပေးဆပ်ခဲ့ခြင်း မရှိ၍ မူလမှု စွဲဆိုရကြောင်း အဆိုပြုထားသည်။

တရားပြိုင်မှာ ငြင်းချက်ထုတ်ရန် သမ္မာန်စာ အတည် ဖြစ်လျက်နှင့် ရုံးသို့လာရောက်ခြင်း မရှိ၍ မူလမှုကို တစ်ဖက်သတ် စစ်ဆေးခဲ့သည်။

မူလရုံးဖြစ်သော မကွေးတိုင်းတရားရုံးက ငွေကျပ် ၂၆ သိန်းနှင့် တစ်ဖက်ဇယားပါ ရွှေထည်ပစ္စည်းများ ငှားရမ်းသုံးစွဲသည်ဟု တရားလိုက သက်သေခံ (က) ဝန်ခံကတိစာချုပ်ကို တင်ပြခဲ့သော် လည်း ငွေကျပ် ၂၆ သိန်းဟု ရေးသားချက်မှာ အခြားရေးသားချက် များနှင့် မှင်ရောင်မတူကြောင်း၊ ထိုစာချုပ်၌ တစ်ဖက်ပါ ဇယားဟု ရေးသားထားသော်လည်း သက်သေခ (က) နှင့် အတူ တစ်ဖက် ဇယား မပါရှိကြောင်း၊ အသိသက်သေ မစန်းရီ၊ ရဲနိုင်ဝင်း၊ ဒေါ်ညွန့်တင် တို့ကို သက်သေမပြနိုင်ခဲ့ကြောင်း၊ သက်သေခံ (ခ) စာချုပ်တွင်လည်း ငွေကျပ် ၂၆ သိန်းဟု ရေးသားချက်မှာ အခြားရေးသားချက်များနှင့် မှင်ရောင်မတူကြောင်း၊ ထိုသက်သေခံ (ခ) တွင် ရွှေထည်ပစ္စည်းများဟု ယေဘုယျဆန်ဆန် ရေးသားထားပြီး အသိသက်သေ ဒေါ်ခင်ချော၊ မစန်းရီတို့ကို သက်သေမပြနိုင်ခဲ့ကြောင်း၊ သက်သေခံ (ဂ) စာချုပ်၌ ရွှေထည်ပစ္စည်းများဟု ဖော်ပြထားရာတွင်လည်း ရွှေထည်ပစ္စည်း ၁၆ မျိုး ရေးသားထားသည့် လက်ရေးနှင့် အထက်ပါပစ္စည်း ငှားရမ်း သုံးစွဲခဲ့သည်မှာ မှန်ကန်ပါသည်ဟု ရေးသားထားသည့် လက်ရေး များမှာ မတူညီကွဲပြားနေကြောင်း၊ သက်သေခံ (င) စာချုပ်နှင့် ပတ်သက်၍လည်း (လိုပြ) ကိုညဏ်လွင်က ငွေကျပ် ၂၆ သိန်းနှင့် ရွှေထည်ပစ္စည်းမျိုးစုံ ၁၆ မျိုးကို တရားပြိုင် ယူ မယူမ သိပါဟု ထွက်ဆို

ထားကြောင်း၊ သက်သေခံ (က) (ခ) (ဃ) စာချုပ်များပေါ်ရှိ လက်မှတ်များမှာ တရားပြိုင် မမီမီဟန်လက်မှတ် ဟုတ်၊ မဟုတ် မစစ်ဆေးနိုင်ခဲ့ကြောင်း၊ မမီမီဟန်မှ တရားလို၏အစ်မ ဒေါ်ဝင်းဝင်းမြင့်၏ တပည့်တစ်ဦးဖြစ်ပြီး ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံ ဝန်ထမ်းတစ်ဦးဖြစ်၍ မမီမီဟန်၏ ပတ်ဝန်းကျင် အဆင့်အတန်းနှင့် ပတ်သက်ပြီး ငွေကျပ် ၂၆ သိန်း အလီလီ ပေးဆပ်ထားရာ ပြန်မဆပ်သေးဘဲ ရွှေထည်ပစ္စည်း ၄၀ ကျပ်သား အလီလီ ထပ်မံချေးငှားခဲ့ခြင်းမှာ သာမန်သတိရှိသူ ပြုလုပ်မည့်ကိစ္စ မဟုတ်ကြောင်း စသည်ဖြင့် သုံးသပ်ကာ မူလမှု ပလပ်ခဲ့ခြင်းဖြစ်သည်။

ပထမအယူခံရုံးဖြစ်သော တရားရုံးချုပ် (မန္တလေး) က တရားပြိုင် အနေဖြင့် တရားလိုထံမှ ငွေကျပ် ၂၆ သိန်း အလီလီ ချေးငှားခဲ့ခြင်းနှင့် ရွှေထည်ပစ္စည်းမျိုးစုံ ၁၆ မျိုး အလီလီချေးငှားခဲ့ခြင်းတို့ကို ထောက်ခံထွက်ဆိုပေးနိုင်သည့် သက်သေတစ်ဦးတစ်ယောက်ကိုမျှ မတင်ပြနိုင်ခဲ့ကြောင်း၊ (လိုပြ) ဒေါ်ခင်ခင်ထွေး နှင့် ကိုညဏ်လွင်တို့မှာ ယင်းငွေနှင့် ရွှေထည်ပစ္စည်းများ အလီလီပေးအပ်ခဲ့ခြင်းကို မြင်တွေ့ခဲ့သူများမဟုတ်ဘဲ ထိုအရာများ ရယူထားသည်မှာ မှန်ကန်ပြီး ပြန်လည်ပေးဆပ်ပါမည်ဟု တရားပြိုင် ဝန်ခံပြောဆိုသည်ကို ကြားသိခဲ့သူ သက်သေများသာဖြစ်ကြောင်း၊ သက်သေခံ (က) (ခ) (ဂ) (ဃ) နှင့် (င) တို့ကို ဆိုင်ရာဌာနနှင့် ရယက ကဲ့သို့ တာဝန်ရှိ ရပ်ကွက်လူကြီးများရှေ့မှောက်တွင် ဆောင်ရွက်၍ လက်မှတ်ရေးထိုးခဲ့ခြင်း မဟုတ်ကြောင်း၊ တရားပြိုင်မှာ ၉ တန်းကျောင်းသူအဖြစ် တရားလို၏ အစ်မ အထက်တန်းပြ ဆရာမ ဒေါ်ဝင်းဝင်းမြင့်ထံတွင် ပညာသင်ကြားရင်း ရင်းနှီးခဲ့သည်ဆိုသော်လည်း တရားပြိုင်မှာ အသက် ၃၇ နှစ်ရှိ အိမ်ထောင်မရှိ အပျိုကြီးဖြစ်လျက် ပခုက္ကူ ချည်မျှင်နှင့် အထည်စက်ရုံမှ ဝန်ထမ်းတစ်ဦးဖြစ်သဖြင့် တရားလို၏ တင်ပြချက်များ ရှေ့နောက်မညီ ကွဲလွဲမှုများ

ရှိနေကြောင်း၊ တရားလိုနှင့် တရားပြိုင်တို့မှာ ဆွေမျိုးလည်းမတော်၊ ကျေးဇူးခံကျေးဇူးစားများလည်း မဟုတ်ကြကြောင်း၊ ထိုအခြေအနေတွင် ငွေကျပ် ၂၆ သိန်းနှင့် ရွှေထည်ပစ္စည်း ၁၆ မျိုး ထုတ်ချေးခဲ့သည်ဆိုခြင်းမှာ သဘာဝယုတ္တိ ကင်းမဲ့နေကြောင်း၊ တရားလိုတင်သွင်းသည့် သက်သေခံ (င) ဝန်ခံကတိပြုချက်သည် သက်သေခံဥပဒေ ပုဒ်မ ၁၇ အရ ဝန်ခံချက် မမြောက်၍ ယင်းဥပဒေ ပုဒ်မ ၂၁ အရ သက်သေထင်ရှားပြသရာ မရောက်ကြောင်း စသည်ဖြင့် သုံးသပ်ကာ အယူခံမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက လျှောက်လဲရာတွင် မူလရုံးတရားလိုက ၎င်း၏အဆိုလွှာပါအတိုင်းထွက်ဆိုထားသည်ဖြစ်ရာ အစ်မဖြစ်သူ လိုပြ (၁) ဒေါ်ခင်ခင်ထွေးက ထောက်ခံထွက်ဆိုထားကြောင်း၊ တရားပြိုင်နှင့် တစ်ရပ်ကွက်တည်းနေ ကိုညဏ်လွင် လိုပြ (၂) က တရားလို၊ တရားပြိုင် နှင့် တရားလို၏ အစ်မ ဒေါ်ခင်ခင်ထွေးတို့ တွေ့ဆုံကြရာတွင် တရားပြိုင်က ကိုဆွေဝဏ္ဏနှင့် မိမိတို့ နှစ်ဦးရှေ့တွင် သက်သေခံ (င) ကတိဝန်ခံချက်ကို သေချာစွာ ဖတ်ရှုပြီး မှန်ကန်သည့်အနေဖြင့် လက်မှတ်ရေးထိုးပေးခဲ့သည်ကို ထောက်ခံထွက်ဆိုထားကြောင်း၊ မူလမှုတွင် တရားပြိုင်သည် အမှုတွဲပါ ဝန်ခံချက်နှင့် ကတိစာချုပ်များပေါ်ရှိ လက်မှတ်များ မှန်ကန်မှုမရှိခြင်းကို ထုချေဖြေရှင်းရန် အခွင့်အရေးရှိလျက်နှင့် လာရောက်ဖြေရှင်းရန် ပျက်ကွက်ခဲ့ခြင်းမှာ ဝန်ခံချက်အပေါ် အတည်ပြုရာ ရောက်စေကြောင်း၊ မူလမှုပါ သက်သေခံ (က) (ခ) ကတိစာချုပ်များနှင့် သက်သေခံ (င) ကတိဝန်ခံချက်တို့တွင် တရားလိုစွဲဆိုသော ငွေကျပ် ၂၆ သိန်းနှင့် ရွှေထည်ပစ္စည်းမျိုးစုံ ၁၆ မျိုးတို့ကို အကြိမ်ကြိမ်ငှားရမ်း သုံးစွဲခဲ့သည်မှာ မှန်ကန်ပါသည်၊ ယနေ့တိုင် ပြန်လည်ပေးဆပ်ခြင်း မရှိသေးပါဟု သက်သေများရှေ့တွင် တရားပြိုင်ကိုယ်တိုင် ဝန်ခံလက်မှတ်ရေးထိုးခဲ့ခြင်းကြောင့် အဆိုပါ သက်သေခံ (င) ကတိဝန်ခံချက်မှာ

သက်သေခံဥပဒေ ပုဒ်မ ၁၇ အရ ဝန်ခံချက်ဖြစ်သည်ဟု သုံးသပ်နိုင်ကြောင်း၊ ထိုအခြေအနေတွင် တရားရုံးချုပ်က အဆိုပါ ဝန်ခံကတိပြုချက်ကို သက်သေခံဥပဒေ ပုဒ်မ ၁၇ အရ ဝန်ခံချက်မြောက်ရန် အကြောင်းမရှိချေဟု သုံးသပ်ထားခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်ကို ဆန့်ကျင်သုံးသပ်ရာ ရောက်နေကြောင်း **ဒေါ်ကြည်ကြည်ဇင်(ခ) ဝိုင်အိုလက်လင်းနှင့်ဒေါ်ကြူကြူလင်းပါ၂ စီရင်ထုံး** [၁] ပါ"သမီး၏ ခွင့်ပြုချက်အရ နေခြင်းဖြစ်ပါသည်ဟု ဦးကြီးဖြန်၏ ပြောဆိုချက်မှာ မိမိအကျိုးကို ဆန့်ကျင်ပြောဆိုခြင်းဖြစ်၍ သက်သေခံဥပဒေပုဒ်မ ၁၇ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ဝန်ခံချက်ဖြစ်သည်။ ဝန်ခံချက်ကို ဝန်ခံသူအပေါ်တွင်ဖြစ်စေ၊ ထိုသူ၏ အကျိုးကို ဆက်ခံသူအပေါ်တွင် ဖြစ်စေ၊ သက်သေခံဥပဒေ ပုဒ်မ ၂၁ အရ သက်သေထင်ရှား ပြသနိုင်သည် " ဆိုသော လမ်းညွှန်ချက်ကို ဆန့်ကျင်ဆုံးဖြတ်ရာ ရောက်ကြောင်း သို့ဖြစ်၍ ဤအထူးအယူခံမှုကို ခွင့်ပြုပြီး ဆုံးဖြတ်ရန် ပြဿနာအပေါ် အယူခံတရားလိုသို့ အသာပေးဖြေဆိုကာ မူလရုံး တရားလိုစွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်ပေးသင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်မှာ အကြောင်းကြားစာ အတည်ဖြစ်လျက်နှင့် ဤရုံးသို့ လာရောက် ထုချေလျှောက်လဲခြင်းမရှိချေ။

မူလရုံးအမှုတွဲကို ကြည့်ရှုသုံးသပ်ပါက တရားပြိုင်မှာ ငြင်းချက်ထုတ်ရန် သမ္မာန်စာ အတည်ဖြစ်လျက်နှင့် ရုံးသို့လာရောက်ခြင်း၊ ချေလွှာတင်သွင်းခြင်း၊ အမှုဆိုင်ပြိုင်ခဲ့ခြင်းတို့ မရှိခဲ့ချေ။ ထိုအခြေအနေတွင် တရားလိုဘက်မှ ငွေကျပ် ၂၆ သိန်းနှင့် ရွှေချိန် ၄၀ ကျပ်သားရှိ ရွှေထည်ပစ္စည်းမျိုးစုံ ၁၆ မျိုးတို့ကို အလီလီ ချေးငှားခဲ့ကြောင်းနှင့် စပ်လျဉ်း၍ တစ်ကြိမ်တစ်ခါ ပေးအပ်ခဲ့မှုကို လူပုဂ္ဂိုလ်ဖြင့် သက်သေပြ

---

**၁။ ၁၉၉၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (စုံညီ) စာ - ၁၆။**

နိုင်မှု မရှိဘဲ ထိုပစ္စည်းများ ရယူခဲ့သည်မှာ မှန်ကန်ကြောင်းနှင့် ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း တရားပြိုင် ဝန်ခံကတိပြုချုပ်ဆိုသည်ဆိုသော စာချုပ် ၅ စောင်ကိုသာ တင်ပြနိုင်ခဲ့သည်ကို တွေ့ရှိရသည်။

မူလရုံးသုံးသပ်ခဲ့သကဲ့သို့ ထိုစာချုပ် ၅ စောင်အနက် သက်သေခံ (က) စာချုပ်တွင် ငွေကျပ် ၂၆ သိန်းဟူသော ရေးသားချက်မှာ ယင်းစာချုပ်ပါ အခြားစာသားများနှင့် မှင်ရောင်မတူ ကွဲပြားမှု၊ ထိုစာချုပ်တွင် ပူးတွဲပါ ရွှေထည်ပစ္စည်းများဟု ဖော်ပြထားသော်လည်း ပူးတွဲပါ ရွှေထည်ပစ္စည်းစာရင်းကို မတင်ပြနိုင်ခဲ့မှု၊ ထိုစာချုပ်ပါ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့သူ တစ်ဦးတစ်ယောက်ကိုမျှ သက်သေမပြနိုင်ခဲ့မှုတို့ရှိနေခြင်း၊ သက်သေခံ (ခ) စာချုပ်တွင်လည်း ငွေကျပ် ၂၆ သိန်းဟု ဖော်ပြထားမှုမှာ အခြားစာသားများနှင့် မှင်ရောင်မတူညီ ကွဲပြားနေမှု၊ ရွှေထည်ပစ္စည်းများဟုသာ ယေဘုယျဆန်ဆန် ဖော်ပြထားမှုနှင့် ထိုစာချုပ်ပါ အသိသက်သေအဖြစ် လက်မှတ်ရေးထိုသူ တစ်ဦးတစ်ယောက်ကိုမျှ သက်သေမပြသနိုင်ခဲ့မှုတို့ရှိနေခြင်း၊ သက်သေခံ (ဂ) စာချုပ်တွင်လည်း ရွှေထည်ပစ္စည်းမျိုး ၁၆ မျိုးဆိုသည့် လက်ရေးနှင့် အထက်ပါ ပစ္စည်းများ မှန်ကန်ပါသည်ဆိုသည့် လက်ရေးတို့မှာ အခြားစာသားများနှင့် လက်ရေးလက်သားကွဲပြားနေမှု မြင်သာနေခြင်း သက်သေခံ (င) စာချုပ်ပါ အသိသက်သေများအနက် သက်သေ ကိုဉာဏ်လွင် (လိုပ-၂) တစ်ဦးတည်းကိုသာ ပြသနိုင်ခဲ့ပြီး ထိုကိုဉာဏ်လွင် ကိုယ်တိုင်က အဆိုပါငွေနှင့် ရွှေထည့်ပစ္စည်း အရာများကို တရားပြိုင်က တရားလိုထံမှ ရယူခဲ့ခြင်းရှိ မရှိ မသိပါဟု ထွက်ဆိုထားမှု ရှိနေခြင်း၊ သက်သေခံစာချုပ်များပါ မမိမိဟန် နေရာ၌ ရေးထိုးထားသော လက်မှတ်မှာ မမိမိဟန် လက်မှတ် ဟုတ် မဟုတ် မစစ်ဆေးနိုင်ခဲ့ခြင်း စသည့်ချို့ယွင်းချက်များ ရှိနေပေသည်။ ထို့အပြင် သက်သေခံ (ဂ)

မှအပ ကျန်စာချုပ် (၄) စောင်အနက် သက်သေခံ (က) နှင့် (ခ) တွင် စာချုပ် အသိသက်သေ ၃ ဦးစီ၊ သက်သေခံ (ဃ) နှင့် (င) စာချုပ်တွင် အသိသက်သေ ၂ ဦးစီ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ခြင်းရှိသော်လည်း သက်သေခံ (င) စာချုပ်ပါ အသိသက်သေ ကိုညဏ်လွင် တစ်ဦးတည်းကိုသာ လိုပြ သက်သေအဖြစ် ပြသနိုင်ခဲ့ ခြင်းမှာလည်း ထူးခြားစွာ ချို့ယွင်း အားနည်းမှုအဖြစ် ကောက်ယူနိုင်ပေသည်။

ထို့အပြင် ပထမအယူခံရုံးက သုံးသပ်သကဲ့သို့ စာချုပ် ၅ စောင် ချုပ်ဆိုခဲ့ရာ မည်သည့်စာချုပ်တစ်စောင်ကိုမျှ ဌာနဆိုင်ရာနှင့် ရယက ကဲ့သို့ ရပ်ကွက်လူကြီး တစ်ဦးဦး ရှေ့မှောက်တွင် ဆောင်ရွက်မှု၊ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့မှု မဟုတ်ခြင်းကြောင့် အဆိုပါစာချုပ်များ သည် ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးစွဲခြင်း၊ သွေးဆောင်ခြင်းတို့ လွတ်ကင်း၍ ချုပ်ဆိုခဲ့ခြင်းမဟုတ်ဟု တစ်ထစ်ချ ကောက်ယူနိုင်ရန် ခဲယဉ်းသည်။

တရားလို၏အစ်မသည် တရားပြိုင်အား တရားလိုများ နေအိမ်၌ စာသင်ကြားပေးခဲ့သည့် ဆတရာမဖြစ်ခဲ့ဘူးခြင်းသည်လည်း မလျော်သြဇာ လွှမ်းမိုးနိုင်မှု အခြေအနေတွင် ရှိနေပေသည်။

ထို့အပြင် တရားပြိုင်မှာ ပခုက္ကူ ချည်မျှင်နှင့် အထည်စက်ရုံမှ ဝန်ထမ်းတစ်ဦးမျှသာဖြစ်လျက်နှင့် စောင်အရောင်းအဝယ် ပြုလုပ်ရန် လည်းကောင်း၊ အမွေးတိုင်လုပ်ငန်း လုပ်ကိုင်ရန် လည်းကောင်း၊ အကြောင်းပြု၍ ငွေကျပ် ၂၆ သိန်းနှင့် တန်ဘိုးကျပ်သိန်း ၁၈၀ မျှသော ရွှေချိန် ၄၀ ကျပ်သားခန့်ရှိ ရွှေထည်ပစ္စည်းမျိုးစုံ ၁၆ မျိုးကို အလီလီ ချေးငှား ပေးအပ်ခဲ့သည်ဆိုသည်မှာ သဘာဝယုတ္တိ ကင်းမဲ့နေပေသည်။

သာမန်အားဖြင့် ထိုငွေကြေးများနှင့် တန်ဖိုးများစွာ ထိုက်တန် သော ရွှေထည်ပစ္စည်းများကို ပေးဆပ်နိုင်ရန် အခက်အခဲရှိနိုင်သူနှင့် ထိုစီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် အကြောင်းမရှိနိုင်သူ တရားပြိုင်အား သာမန်ခင်မင်ရင်းနှီးမှုကို အကြောင်းပြု၍ အလီလီပေးအပ်ခဲ့သည်

ဆိုခြင်းကို စိတ်ထားသန့်စွာ လက်ခံနိုင်ရန် မရှိချေ။ တရားလိုနှင့် တရားပြိုင်တို့သည် ဆွေမျိုးမတော်စပ်ခြင်း၊ ကျေးဇူးခံကျေးဇူးစားများ မဟုတ်ကြခြင်းသည်လည်း ထိုသို့လက်ခံရန် ပိုမိုသာလွန်၍ ဖြစ်နိုင်ချေ ခဲယဉ်းပေသည်။

သို့ဖြစ်၍ တရားရုံးချုပ် (မန္တလေး) က ပထမအယူခံမှုတွင် သုံးသပ်ခဲ့သကဲ့သို့ သက်သေခံ ဝန်ခံကတိပြုချက် ၅ စောင်သည် သက်သေခံဥပဒေပုဒ်မ ၁၇ အရ ဝန်ခံချက်များဖြစ်သည်ဟု တစ်ထစ်ချ ကောက်ယူနိုင်ခြင်းမရှိသဖြင့် ယင်းပုဒ်မ ၂၁ အရ စပ်ဆိုင်၍ ဝန်ခံသူ မူလတရားပြိုင်အပေါ် သက်သေထင်ရှား ပြသနိုင်သည်ဟု မဆိုနိုင်ချေ။

**ဒေါ်ခင်ကြည်နှင့် ဦးမြင့်ဟန် စီရင်ထုံး**[၂] တွင် "ယေဘုယျအားဖြင့်ဆိုလျှင် အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ မူလရုံးနှင့် ပထမအယူခံရုံးက တညီတညွတ်တည်း ကောက်ယူဆုံးဖြတ်ထားခြင်းကို တရားမဒုတိယအယူခံမှုတွင် ပယ်ဖျက်ပေးလေ့မရှိပေ။ သို့သော် ဤအမှုတွင် ဦးမြင့်ဟန်သည် ဒေါ်ခင်ကြည်၏ အခွင့်အမိန့် အရ နေထိုင်သူ ဟုတ် မဟုတ် အောက်ရုံးများက စိစစ်ရာ၌ ဦးမြင့်ဟန်၏ အထက်ဖော်ပြပါ ဝန်ခံချက်သည် ဥပဒေကြောင်းအရ မည်သို့ အကျိုးသက်ရောက်မှုရှိသည်ကို သုံးသပ်ရန် ပျက်ကွက် ခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းပြဿနာမှာ ဥပဒေဆိုင်ရာ ပြဿနာ ဖြစ်သဖြင့် ဗဟိုတရားရုံးက ဒုတိယအယူခံမှုတွင် စိစစ်ဆုံးဖြတ်ခွင့် ရှိသည်" ဟူ ထုံးပြုထားသည်။

**တန်အင်စွမ်းနှင့် ဒေါ်ခလေးမစီရင်ထုံး** [၃] တွင် "အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ (ဒုတိယအယူခံရုံး၏ စီရင်ပိုင်ခွင့်ကို) တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၀ တွင် ကျဉ်းမြောင်းစွာ ဘောင်ခတ်

---

**၂။ ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၈။**
**၃။ ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၄၅။**

ထားပြီးမှ တရားစီရင်ရေးဥပဒေ ပုဒ်မ ၆ (ယခု ပုဒ်မ ၇) အရ တင်သွင်းသည့် (အထူးအယူခံမှု) ကိစ္စ၌ အကြောင်းခြင်းရာများကို ကျယ်ကျယ်ပြန့်ပြန့် စိစစ်ခွင့်ရှိမည်ဆိုလျှင် သဘာဝကျမည် မဟုတ်ချေ" ဟု လမ်းညွှန်ထားသည်။

သို့ဖြစ်ရာ မူလရုံးနှင့် ပထမအယူခံရုံးတို့က တရားပြိုင်သည် တရားလိုထံမှ အချင်းဖြစ်တောင်းခံသော ငွေကျပ် ၂၆ သိန်းနှင့် ရွှေထည်ပစ္စည်းမျိုးစုံ ၁၆ မျိုးတို့ကို အလီလီရယူခဲ့ခြင်း မရှိကြောင်း အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ တစ်သဘောတည်း ကောက်ယူ ဆုံးဖြတ်ခဲ့ပြီးဖြစ်သည့်အပြင် တရားရုံးချုပ် (မန္တလေး) က ပထမ အယူခံမှုတွင် ဝန်ခံကတိစာချုပ်များသည် သက်သေခံဥပဒေ ပုဒ်မ ၁၇ အရ ချုပ်ဆိုခဲ့ခြင်းများ မဟုတ်ကြောင်းနှင့် ယင်းဥပဒေပုဒ်မ ၂၁ အရ သက်သေထင်ရှား ပြသရာ မရောက်ဟု သုံးသပ်ခဲ့ပြီး ဖြစ်သဖြင့် တရားပြိုင်၏ ဝန်ခံချက်သည် ဥပဒေကြောင်းအရ မည်သို့ အကျိုး သက်ရောက်မှုရှိသည်ကို သုံးသပ်ရန် ပျက်ကွက်ခဲ့သည်ဟု မဆိုနိုင်ချေ။ သို့ဖြစ်၍ ဤအထူးအယူခံရုံးက အောက်ရုံးနှစ်ရုံး၏ ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန် မရှိချေ။

တရားမကျင့်ထုံးဥပဒေ အမိန့် ၉၊ နည်းဥပဒေ ၆ (၁) အရ သမ္မာန်စာကို နည်းလမ်းတကျ ချအပ်ပြီးဖြစ်လျက်နှင့် တရားပြိုင် သို့မဟုတ် တရားပြိုင်များ မလာ၊ မရောက် ပျက်ကွက်ခြင်းကြောင့် တစ်ဖက်သတ် ကြားနာစစ်ဆေးခဲ့သော မှုခင်းများတွင်ဖြစ်စေ၊ အမိန့် ၁၂၊ နည်းဥပဒေ ၆ အရ ဝန်ခံချေလွှာတင်သွင်းသော်လည်း တရားရုံးများက သက်သေခံချက်များရယူ စစ်ဆေးကြားနာခဲ့သော မှုခင်းများတွင်ဖြစ်စေ၊ တရားလို သို့မဟုတ် တရားလိုများသည် မိမိတို့ တောင်းဆိုသော သက်သာခွင့်ရထိုက်ကြောင်း အခိုင်မာ ပြဆိုရန် အတွက် လိုအပ်သော လူပုဂ္ဂိုလ်နှင့် စာရွက်စာတမ်း သက်သေခံ ချက်များဖြင့် သက်သေထင်ရှား ပြသနိုင်ရန် လိုအပ်သည်။ ထိုကဲ့သို့

သက်သေထင်ရှား ပြသနိုင်ခဲ့ခြင်းမရှိလျှင် တောင်းဆိုသော သက်သာခွင့် သို့မဟုတ် သက်သာခွင့်များကို တရားရုံးများက ခွင့်ပြုနိုင်မည် မဟုတ်ချေ။

ထို့ကြောင့် ဤအထူးအယူခံခုံရုံးက ဆုံးဖြတ်ရန် ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုဆုံးဖြတ်သည် -

" တရားပြိုင်က တရားလိုထံမှ ငွေကျပ် ၂၆ သိန်း နှင့် ရွှေထည်ပစ္စည်းများကို အကြိမ်ကြိမ်ငှားရမ်းသုံးစွဲသည်မှာ မှန်ကန်ကြောင်း၊ ယနေ့တိုင် ပြန်လည်ပေးဆပ်ခြင်း မရှိသေးကြောင်း၊ ၂၅-၁-၂၀၀၆ ရက်စွဲပါ ကတိဝန်ခံချက် (သက်သေခံ -င) တွင် လက်မှတ်ရေးထိုးဝန်ခံထားပါချက် တရားရုံးချုပ် (မန္တလေးရုံးထိုင်) က (သက်သေခံ - င) ဝန်ခံကတိပြုချက်သည် သက်သေခံဥပဒေ ပုဒ်မ ၁၇ အရ ဝန်ခံချက်မြောက်ရန် အကြောင်းမရှိကြောင်း ကောက်ယူ ဆုံးဖြတ်ပြီး တရားလို၏ အဆိုလွှာအား ပလပ်သည့် မကွေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုခဲ့ခြင်းမှာ မှန်ကန်မှု ရှိကြောင်း။"

ထို့နောက် ဤတရားမအထူးအယူခံမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့် ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀ိ/- သတ်မှတ်သည်။

\+ ၂၀၀၉
ဇန်နဝါရီလ
၂၃ ရက်

**တရားမအထူးအယူခံမှု**

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးမြင့်သိန်းတို့၏ရှေ့တွင်**

**ဒုဗိုလ်မှူးကြီးအောင်ကျော်စိုးပါ ၁၂**

**နှင့်**

**ဒေါ်ဇာလီမော်ပါ ၆ ***

**မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုများတွင် အမွေရှင်တစ်ဦး၏ ကျန်ရစ်သော အမွေပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေဆိုင်များသည် တစ်ကြိမ်တည်းတွင် အမွေပုံပစ္စည်းအားလုံးကို ထည့်သွင်းစွဲဆိုရခြင်း။**

**ဆုံးဖြတ်ချက်**။ ။အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုများတွင် ကွယ်လွန်သူ အမွေရှင်၏ ကျန်ရစ်သော ပစ္စည်းများအား ကော်မရှင်နာ ခန့်ထားကာ စာရင်း ကောက်ယူစေပြီး မည်သည့်ပစ္စည်းများသည် အမွေဆိုင်ပစ္စည်းများဖြစ်ကြောင်း အပြီးအပြတ် အဆုံးအဖြတ် ပေးရသည်။ အကယ်၍ အမွေပုံစီမံခန့်ခွဲပေးစေလိုမှုများတွင် အမွေပုံပစ္စည်း အချို့ကို ချန်လှပ်ထားပြီး ယင်းကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေပုံစီမံခန့်ခွဲပေးစေလိုမှုများ ထပ်မံစွဲဆိုခွင့်ရပါက အမွေမှုများ အတောမသတ် တရားစွဲဆိုလာနိုင်သည်။ အမွေရှင်တစ်ဦး၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေဆိုင်များသည် တစ်ကြိမ်တည်းတွင် အမွေပုံပစ္စည်းအားလုံးကို

---

* ၂၀၀၈ ခုနှစ်၊ တရားမအထူးအယူခံမှု အမှတ် ၂၅။

\+ ၂၀၀၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆ တွင် ချမှတ်သော ၃၁-၃-၀၈ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု။

ထည့်သွင်းစွဲဆိုမှသာလျှင် ကွယ်လွန်သူအမွေရှင်များ ကျန်ရစ်သည့် အမွေပစ္စည်းအားလုံးအပေါ် စီမံခန့်ခွဲပေးစေလိုသည့် အမှုများကို တစ်ကြိမ်တည်းဖြင့် အပြီးအပြတ် စာရင်းရှင်းလင်းပေးရာ ရောက်ပေမည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၊ နည်းဥပဒေ ၁ တွင် အငြင်းပွားသော အကြောင်းအရာများကို အပြီးအပြတ် ဆုံးဖြတ်နိုင်ရန်နှင့် ယင်းအကြောင်းအရာများနှင့် စပ်လျဉ်း၍ နောက်ထပ်တရားတစ်ထုံး ဖြစ်ပွားခြင်း မရှိစေရန် ဦးတည်လျက် တရားမမှုတိုင်းကို ဖြစ်နိုင်သမျှ ဖွဲ့စည်းတည်ဆောက်ရမည်ဟု ပြဋ္ဌာန်းထားသည်။

အယူခံတရားလိုများအတွက် - ဦးမင်းဆွေ
တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင် (၁) အတွက် - ဦးသောင်းဟန်
တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်(၂ မှ ၆)အတွက် - ကိုယ်တိုင် (မလာ)

မန္တလေးတိုင်းတရားရုံး၊ ၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆၂ တွင် ဒုဗိုလ်မှူးကြီးအောင်ကျော်စိုးပါ ၁၂ တို့က ဒေါ်ဇာလီမော်ပါ၅ တို့ အပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုသည်။

မန္တလေးတိုင်းတရားရုံးက အဆိုအချေအရ ရုံးငြင်းချက် ၄ ရပ် ထုတ်နုတ်ခဲ့ပြီး အောက်ပါ ရုံးငြင်းချက်အမှတ် ၂ ကို ပဏာမငြင်းချက်အဖြစ် သတ်မှတ်သည် -

"မန္တလေးတိုင်းတရားရုံး၊ တရားမကြီးအမှုအမှတ် ၂၁/၂၀၀၀ တွင် ချမှတ်ခဲ့သော အပြီးသတ် ဒီကရီသည် ဤအမှုအတွက် မီးသေဆုံးဖြတ်ချက်ဖြစ်သည်ဆိုခြင်း မှန်သလား"

၂၀၀၉
ဒုဗိုလ်မှူးကြီး
အောင်ကျော်စိုးပါ
၁၂
နှင့်
ဒေါ်ဇာလီမော်ပါ
၆

မန္တလေးတိုင်းတရားရုံးက အထက်ဖော်ပြပါ ပဏာမငြင်းချက် အပေါ် နှစ်ဖက်ကြားနာပြီးနောက် မီးသေဆုံးဖြတ်ချက် ဖြစ်သည် ဆိုခြင်းမှာ မမှန်ကြောင်း ဖြေဆိုဆုံးဖြတ်သည်။

ဒေါ်ဇာလီမော်က တိုင်းတရားရုံး၏အမိန့်အပေါ် မကျေနပ် သဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) တွင် တရားမပြင်ဆင်မှုကို တင်သွင်းရာ တရားရုံးချုပ်က တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ မူလရုံးတရားလိုများ စွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်သည်။

မူလရုံးတရားလိုများဖြစ်ကြသော ဒုဗိုလ်မှူးကြီး အောင်ကျော်စိုးပါ ၁၂ တို့က တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့် ဒီကရီအပေါ် မကျေနပ်သဖြင့် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေ ပုဒ်မ ၇ အရ အထူးအယူခံ ဝင်ခွင့်ပြုရန် တရားမ အထွေထွေလျှောက်လွှာ (အထူး) ကို တင်သွင်းခဲ့ရာ တရားရုံးချုပ် (မန္တလေးရုံးထိုင်) အထူးခုံရုံးက အောက်ဖော်ပြပါ ပြဿနာများကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့် ပြုသည် -

(၁) ယခုအမှုစွဲဆိုသော ဦးပိုင် ၃ နှင့် ၅၆ - ဃ မြေနှင့် မြေပေါ်ရှိ အဆောက်အအုံတို့နှင့် စပ်လျဉ်း၍ ယခင် တရားမကြီးမှုအမှတ် ၂၁/၂၀၀၀ တွင် အငြင်းပွားခဲ့ပြီး ဖြစ်သည်ဟု တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁ ရှင်းလင်းချက် (၄) အရ မှတ်ယူရမည်ဖြစ်၍ နောက်ထပ် တရားတစ်ထုံး စွဲဆိုခွင့်မရှိတော့ ကြောင်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ကောက်ယူဆုံးဖြတ်ချက်သည် ဥပဒေနှင့် ညီညွတ် မှန်ကန်ခြင်း ရှိ မရှိ။

(၂) ယခင်တရားမကြီးမှုအမှတ် ၂၁/၂၀၀၀ တွင် ပူးတွဲ တရားပြိုင်များအကြား ဦးပိုင် ၃ နှင့် ၅၆-ဃ မြေနှင့် အဆောက်အအုံတို့နှင့် စပ်လျဉ်း၍ အကျိုး

သက်ဆိုင်ခွင့်များ အငြင်းပွားမှု မဖြစ်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ယခင်အမှုမှ တရားပြိုင်အချို့က တရားလို ပြုလုပ်၍ ယခင်အမှုမှ တရားပြိုင်တို့အပေါ် အချင်းဖြစ် ဉပစာနှင့် စပ်လျဉ်း၍ ယခုအမှုကို စွဲဆိုနိုင်ခွင့် ရှိ၊ မရှိ။

မူလမှုအဆိုလွှာအရ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်၊ အကွက်အမှတ် ၂၄၂၊ ဦးပိုင်အမှတ် ၃ နှင့် ၅၆-ဃ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံ အကျိုးခံစားခွင့်များကို ဒေါ်တုတ်က မှတ်ပုံတင်စာချုပ်အမှတ် ၄၀၀/၁၉၇၁ အရ ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ဒေါ်တုတ်သည် ဦးကျော်ဝ နှင့် အိမ်ထောင်ကျပြီး ဦးစိမ်းမောင်၊ ဒေါ်လှလှ၊ ဦးအေး၊ ဒေါ်နုနု(ခ)ဒေါ်ခင်နု၊ ဦးဝင်းမြင့်တို့ကို မွေးဖွားကြောင်း၊ ဦးစိမ်းမောင်နှင့် ဦးအေးတို့သည် ဦးကျော်ဝ၊ ဒေါ်တုတ်တို့ထက် အလျင်ကွယ်လွန်ကြ၍ ဦးစိမ်းမောင်၏ သား၊ သမီးများဖြစ်သည့် (၂၊ ၃၊ ၄၊ ၅) တရားပြိုင်တို့သည်လည်းကောင်း၊ ဦးအေး၏ သား၊ သမီးများဖြစ်သည့် (၈၊ ၉၊ ၁၀၊ ၁၁) တရာလိုတို့သည် လည်းကောင်း အမွေမမီမြေးများ ဖြစ်ကြကြောင်း၊ (၁၊ ၂၊ ၃၊ ၄) တရားလိုတို့နှင့် (၁) တရားပြိုင်သည် ဒေါ်လှလှ၏ သား၊ သမီးများ ဖြစ်ကြပြီး (၅) တရားလို ဒေါ်လဲ့လဲ့ဝင်းသည် ဒေါ်လှလှ၏ သား ဦးမောင်မောင်ကျော်၏ဇနီးဖြစ်ကြောင်း၊ (၆) တရားလို မစုစုမင်းကြည်သည် ဒေါ်လှလှ၏သား ဦးမောင်မင်းကြည်၏ သမီးဖြစ်ကြောင်း၊ မန္တလေးတိုင်းတရားရုံး တရားမကြီးမှုအမှတ် ၂၁/၂၀၀၀ တွင် ဦးကျော်ဝနှင့် ဒေါ်တုတ် ကျန်ရစ်သည့်ပစ္စည်းများအပေါ် တရားလိုတို့နှင့် တရားပြိုင်တို့အကြား အမွေမှုဖြစ်ပွားခဲ့ရာ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်၊ အကွက်အမှတ် ၄၅၊ ဦးပိုင်အမှတ် ၃၇-က မှ ၅၀ ထိ မြေကွက်များ၊ ဦးပိုင်အမှတ် ၅၉ - က မှ ၆ -ခ အထိ မြေကွက်များနှင့် မြေပေါ်ရှိ အဆောက်အအုံ အကျိုးခံစားခွင့်များကို အမွေခွဲဝေသည့် ဒီကရီချမှတ်ခဲ့ကြောင်း (၁) တရားပြိုင်

၂၀၀၉
ဒုပိုလ်မှူးကြီး
အောင်ကျော်စိုးပါ
၁၂
နှင့်
ဒေါ်ဇာလီမော်ပါ
၆

ဒေါ်ဇာလီမော်က ၎င်းလက်ရှိဖြစ်သော မြေနှင့်အဆောက်အအုံကို အမွေမှုတွင် ထည့်သွင်းတရားမစွဲဆိုရန်နှင့် အမွေမှုပြီးဆုံးချိန်တွင် ၎င်းလက်ရှိဖြစ်သော ဦးပိုင်အမှတ် ၃ နှင့် ၅၆-ဃ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံကို ရောင်းချ၍ ခွဲဝေယူရန် သဘောတူညီခဲ့ကြကြောင်း၊ အဆိုပါ တရားမကြီးမှုအမှတ် ၂၁/၂၀၀၀ နှင့် ဆက်နွယ်သည့် ဇာရီမှုအမှတ် ၁၃၅/၂၀၀၃ သည် ၄-၇-၂၀၀၅ နေ့က အပြီးသတ် အမိန့်ချမှတ်ပြီး ပိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း၊ ၉-၇-၂၀၀၅ နေ့က တရားလို အမွေဆိုင်တို့က တရားပြိုင်လက်ရှိဖြစ်သော မြေနှင့် အဆောက်အအုံကို ရောင်းချ၍ ခွဲဝေပေးရန် ပြောဆိုခဲ့ရာ တရားပြိုင်က ငြင်းဆန်ကြောင်း၊ တရားပြိုင်လက်ရှိဖြစ်သည့် မြေနှင့် မြေပေါ်ရှိ အဆောက်အအုံ အကျိုးခံစားခွင့်များသည် အမွေပုံပစ္စည်းဖြစ်ပြီး တရားလိုတို့က $\frac{၁၂၉}{၁၄၀}$ ရထိုက်ကြောင်း အဆိုပြု ဖော်ပြသည်။

မူလမှုချေလွှာအရ (၁) တရားပြိုင် ဒေါ်ဇာလီမော်က မန္တလေးတိုင်းတရားရုံး တရားမကြီးမှုအမှတ် ၂၁/၂၀၀ တွင် တရားလို ဒေါ်နုနု(ခ)ဒေါ်ခင်နုပါ ၇ နှင့် တရားပြိုင် ဦးတင်မြင့်ပါ ၁၄ တို့အကြား အမွေမှုဖြစ်ပွားခဲ့ပြီး အဆိုပါအမှုတွင် အမှတ် (၅) တရားပြိုင် ဒေါ်လှလှ ကွယ်လွန်သဖြင့် ဦးကျော်စိန်ပါ ၉ ကို တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခဲ့ကြောင်း၊ မိမိသည် အမှတ် (၁၃) တရားပြိုင်အဖြစ် ပါဝင်ခဲ့ကြောင်း၊ အဆိုပါအမှုတွင် ဒေါ်လှလှက ချေလွှာတင်သွင်းခဲ့ခြင်း ဖြစ်ကြောင်း၊ တရားလိုတို့နှင့်မိမိအကြား သဘောတူညီမှုပြုခဲ့ခြင်း မရှိကြောင်း၊ အဆိုပါအမှုတွင် ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာ အရှေ့ရပ်၊ အကွက်အမှတ် ၂၄၂၊ ဦးပိုင်အမှတ် ၃ နှင့် ၅၆ - ဃ မြေနှင့် မြေပေါ်ရှိ အဆောက်အအုံ၊ အကျိုးခံစားခွင့်များကို တရားလိုတို့က ဒေါ်တုတ်၏ အမွေကျန်ပစ္စည်းအဖြစ် ထည့်သွင်း စွဲဆိုခဲ့ခြင်း မရှိသည့်အပြင် တရားပြိုင်တို့ကလည်း ချေပခဲ့ခြင်းမရှိ၍ ဤအမှုကို စွဲဆိုခွင့်မရှိကြောင်း မီးသေပြီးဖြစ်ကြောင်း ဖော်ပြ ထုချေသည်။

၂၀၀၉
ဒုဗိုလ်မှူးကြီး
အောင်ကျော်စိုးပါ
၁၂
နှင့်
ဒေါ်ဇာလီမော်ပါ
၆

တိုင်းတရားရုံးက ယခင်အမှုတွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် ၄၅၊ ဦးပိုင် ၃၇ - က၊ ၃၇ - ခ၊ ၃၈ မှ ၆၀ - ခ ထိမြေကွက်များနှင့်စပ်လျဉ်း၍ အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းဖြစ်ပြီး ယခုအမှုတွင် ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်၊ အကွက်အမှတ် ၂၄၂၊ ဦးပိုင်အမှတ် ၃ နှင့် ၅၆ - ဃ မြေနှင့် မြေပေါ်ရှိ အဆောက်အအုံတို့ကို အမွေခွဲဝေပေးရန် စွဲဆိုခြင်းဖြစ်၍ အမွေပုံပစ္စည်းချင်း တူညီမှုမရှိကြောင်း၊ အမွေပုံပစ္စည်း တစ်စိတ်တစ်ဒေသကို ခွဲဝေယူပြီးရုံမျှဖြင့် မခွဲဝေရသေးသည့် ပစ္စည်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းကို ပိတ်ပင်ရာ မရောက်ကြောင်း **မဖွားစိန် နှင့် မောင်ဘစောအမှု** [၁] ပါ မူသဘောတရားကို လက်ခံရမည်သာဖြစ်ကြောင်း၊ ယခင်အမှုတွင် ချမှတ်ခဲ့သည့် အပြီးသတ် ဒီကရီသည် မီးသေဆုံးဖြတ်ချက် မဖြစ်ကြောင်း ဖြေဆို ဆုံးဖြတ်သည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်) က မန္တလေးတိုင်းတရားရုံး တရားမကြီးမှုအမှတ် ၂၀/၂၀၀၀ တွင် တရားလိုဒေါ်နုနု (ခ) ဒေါ်ခင်နုပါ ၇ တို့က တရားပြိုင် ဦးတင်မြင့်ပါ ၁၄ အပေါ် ဦးကျော်ဝ နှင့် ဒေါ်တုတ်တို့ ကျန်ရစ်သော အမွေပုံပစ္စည်းဖြစ်သည့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် ၄၅၊ ဦးပိုင် ၃၇ -က၊ ၃၇ - ခ၊ ၃၈ မှ ၄၆ ထိ၊ ၄၇ - က၊ ၄၇ - ခ၊ ၄၈ မှ ၅၀၊ ၅၉ - က၊ ၅၉ - ခ၊ ၆၀ - က၊ ၆၀ - ခ မြေကွက်များကို စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့ကြောင်း၊ ယင်းအမှုတွင် ချမှတ်သော အပြီးသတ် ဒီကရီကို တရားရုံးချုပ် (မန္တလေးရုံးထိုင်) က အတည်ပြုခဲ့ပြီး ဖြစ်ကြောင်း၊ ယခုအမှုတွင် ဒေါ်နုနု(ခ)ဒေါ်ခင်နုပါ ၆ နှင့် ဒုဗိုလ်မှူးကြီး အောင်ကျော်စိုးပါ ၆ တို့က တရားလိုပြုလုပ်ပြီး ဒေါ်ဇာလီမော်ပါ ၅ အပေါ် ဒေါ်တုတ်ကျန်ရစ်သည့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု

---

၁။ **အေအိုင်အာရ်၊ ၁၉၂၉၊ ရန်ကုန်၊ စာ - ၂၄၃။**

၂၀၀၉
ဒုပိုလ်မှူးကြီး
အောင်ကျော်စိုးပါ
၁၂
နှင့်
ဒေါ်ဇာလီမော်ပါ
၆

စွဲဆိုခဲ့ကြောင်း၊ ဒုပိုလ်မှူးကြီး အောင်ကျော်စိုးပါ ၆ သည် ယခင်တရားမကြီးမှုအမှတ် ၂၁/၂၀၀၀ မှ တရားပြိုင်များနှင့် တရားပြိုင် ဦးမောင်မောင်ကျော်နှင့် ဦးအောင်မင်းကြည်တို့ကို ဆက်ခံသူများ ဖြစ်ကြကြောင်း၊ ယခင်တရားမကြီးမှုအမှတ် ၂၁/၂၀၀၀ နှင့် နောက်ထပ်စွဲဆိုသည့် ယခုအမှုတို့သည် **မခင်နု နှင့် မပုအမှု**[၂] တွင် ညွှန်ပြထားသည့်အတိုင်း အမှုသည်ချင်း တူညီသလို အမှု ၂ မှု လုံးတွင် တိုက်ရိုက် သို့မဟုတ် အဓိက အငြင်းပွားသည့် အကြောင်းအရာချင်းလည်း တူညီကာ နှစ်မှုလုံးတွင် အမှုသည်များက အမွေဆိုင်အခွင့်အရေးဖြစ်သည့် ဆိုင်ရေးဆိုင်ခွင့်တစ်ရပ်တည်းအရ တရားဆိုင်ခဲ့ကြသည်မှာ ထင်ရှားကြောင်း၊ ယခင်အမှုတွင် တရားလို ဒေါ်နုနုတို့က ဦးပိုင် ၃ နှင့် ၅၆ - ဃ မြေနှင့် မြေပေါ်ရှိ အဆောက်အအုံ သည် အမွေပုံပစ္စည်းဟု အဆိုပြုစွဲဆိုခဲ့ခြင်း မရှိသလို တရားပြိုင် ဒေါ်လှလှကလည်း ဦးပိုင် ၇ မြေနှင့် တိုက်သာ အမွေပုံပစ္စည်းဟု ထုချေခဲ့ပြီး ဦးပိုင် ၃ နှင့် ၅၆ -ဃ မြေနှင့် အဆောက်အအုံကို ဦးကျော်ဝ၊ ဒေါ်တုတ်တို့၏ အမွေပုံဖြစ်သည်ဟု ထုချေခဲ့ခြင်း မရှိကြောင်း၊ ယခင်အမှုတွင် ဒေါ်နုနုတို့က ဦးပိုင် ၃ နှင့် ၅၆ - ဃ မြေနှင့် အဆောက်အအုံကို အမွေပုံပစ္စည်းဖြစ်ကြောင်း အဆိုပြုစွဲဆိုရန် အခြေခံနိုင်သည့်အပြင် အခြေခံသင့်သည့် အကြောင်းအရာ ဖြစ်သကဲ့သို့ ဒေါ်လှလှကလည်း အမှုကို ချေပရန် အခြေခံသင့်သည့် အကြောင်းအရာဖြစ်ကြောင်း၊ သို့ဖြစ်၍ ဦးပိုင် ၃ နှင့် ၅၆ - ဃ မြေနှင့် မြေပေါ်ရှိအဆောက်အအုံနှင့် စပ်လျဉ်း၍ အမွေပုံပစ္စည်းဖြစ်ကြောင်း ယခင်အမှုတွင် အငြင်းပွားခဲ့ပြီးဖြစ်သည်ဟု ပုဒ်မ ၁၁ ရှင်းလင်းချက် ၄ အရ မှတ်ယူရမည်ဖြစ်ကြောင်း၊ သို့အတွက် ဦးပိုင် ၃ နှင့် ၅၆ - ဃ မြေနှင့် မြေပေါ်ရှိ အဆောက်အအုံတို့နှင့် ပတ်သက်၍ ယခင်အမှုတွင်

---

**၂။ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၃၄၃။**

အဆုံးအဖြတ်ပေးပြီးပြီဟု မှတ်ယူရမည်ဖြစ်၍ နောက်ထပ် တရားတစ်ထုံး စွဲဆိုခွင့်မရှိတော့ကြောင်း သုံးသပ်ဆုံးဖြတ်သည်။

အယူခံတရားလိုများရှေ့နေက မူလရုံး တရားလို စွဲဆိုသောအမှုကို တရားရုံးချုပ်က ပလပ်ခဲ့ခြင်းမှာ မီးသေဆုံးဖြတ်ချက်ဖြစ်သည်ဟု သုံးသပ်၍ ပလပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၁/၂၀၀၀ အမှုတွင် ဒေါ်နုနုပါ ၇ က တရားလိုပြုလုပ်ပြီး ဦးတင်မြင့်ပါ ၁၄ အပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းဖြစ်ကြောင်း၊ ယခင်အမှုမှ ဒုဗိုလ်မှူးကြီး အောင်ကျော်စိုးပါ ၄ နှင့် ဒေါ်ဇာလီမော်တို့အကြားတွင် အကျိုးသက်ဆိုင်ခွင့်များ ဝိရောဓိမဖြစ်ခဲ့ကြောင်း၊ ယခင်အမှုတွင် တရားပြိုင်အချင်းချင်းအကြား အကျိုးသက်ဆိုင်ခွင့် ဝိရောဓိမဖြစ်သရွေ့ ကာလပတ်လုံး နောက်အမှုသည် မီးသေဆုံးဖြတ်ချက် မဖြစ်နိုင်ကြောင်း၊ ယခုအမှုမှ ဒုဗိုလ်မှူးကြီးအောင်ကျော်စိုးပါ ၄ က တရားလိုပြုလုပ်ပြီး ဒေါ်ဇာလီမော်ပါ ၅ အပေါ် ဒေါ်ဇာလီမော် လက်ရှိဖြစ်သည့် ဦးပိုင်အမှတ် ၃ နှင့် ၅၆ - ဃ မြေနှင့်မြေပေါ်ရှိ အကျိုးသက်ဆိုင်ခွင့်များကို အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းဖြစ်ကြောင်း၊ အမွေပုံပစ္စည်းမတူသကဲ့သို့ တရားပြိုင်အချင်းချင်းအကြား အကျိုးသက်ဆိုင်ခွင့် ဝိရောဓိမဖြစ်သည့်အတွက် မီးသေဆုံးဖြတ်ချက် မဖြစ်သည်မှာ သေချာကြောင်း၊ သို့ဖြစ်၍ နောက်ထပ် တရား တစ်ထုံး စွဲဆိုခွင့်မရှိတော့ဟု တရားရုံးချုပ်က ကောက်ယူဆုံးဖြတ်ခြင်းမှာ ဥပဒေနှင့်ညီညွတ်မှန်ကန်ခြင်း မရှိကြောင်း၊ ယခင်အမှုမှ တရားပြိုင်အချို့က တရားလိုပြုလုပ်၍ ယခင်အမှုမှ တရားပြိုင်တို့အပေါ် အချင်းဖြစ်ဥပစာနှင့် စပ်လျဉ်း၍ ယခုအမှုကို စွဲဆိုနိုင်ခွင့်ရှိကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

အမှတ် (၁) အယူခံတရားပြိုင်၏ရှေ့နေက ယခုအမှုမှ တရားလိုများသည် ယခင်တရားမကြီးမှု အမှတ် ၂၁/၂၀၀၀ တွင်

| ၂၀၀၉ |
| --- |
| ဒုပိုလ်မှူးကြီး<br>အောင်ကျော်စိုးပါ<br>၁၂<br>နှင့်<br>ဒေါ်ဇာလီမော်ပါ<br>၆ |

တရားလိုများအဖြစ် ပါဝင်သူများလည်း ပါဝင်နေသဖြင့် အမိန့် ၂၊ နည်း ၃ အရ တရားရုံး၏ ခွင့်ပြုချက် မရဘဲ တရားစွဲဆိုခြင်း ဖြစ်သောကြောင့် နောက်ထပ်တရားတစ်ထုံး စွဲဆိုခွင့်မရသည်မှာ ထင်ရှားကြောင်း၊ ယခုအမှုသည် တရားပြိုင် အချင်းချင်းအကြား ဖြစ်ပေါ်သော ဝိရောဓိပင် မဟုတ်ဘဲ ယခင်တရားမကြီးမှုအမှတ် ၂၁/၂၀၀၀ အမှုမှ တရားလိုများနှင့် ယခုအမှုမှ တရားလိုတို့က တရားစွဲဆိုထားကြခြင်းဖြစ်ကြောင်း ပေါ်လွင်သဖြင့် ယခင်အမှုမှ အမွေပုံပစ္စည်းကို ဆုံးဖြတ်ပြီး၍ ဝိရောဓိဖြစ်နေသည်မှာ ထင်ရှားကြောင်း၊ ယခုအမှုကို ထပ်မံတရားစွဲဆိုခွင့်မရှိဘဲ ပိတ်ပင်ပြီး ဖြစ်ကြောင်း၊ ယခုအမှုကို တရားစွဲဆိုခွင့်မရှိဟု သုံးသပ် ဆုံးဖြတ် ထိုက်ကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် အမှတ် (၂ မှ ၆) တို့ထိ ရုံးရှေ့ လာရောက်ခြင်း မရှိကြပေ။

မန္တလေးတိုင်းတရားရုံး ၂၀၀၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၂၁ တွင် တရားလို ဒေါ်နုနု(ခ)ဒေါ်ခင်နု၊ ဒေါ်သောင်းသောင်းအေး၊ ဒေါ်မာမာအေး၊ ဒေါ်ကြည်ကြည်အေး၊ ဦးသန်းအေး၊ ဦးဝင်းမြင့်(ခ) ဦးမျိုးမြင့်၊ ဒေါ်တင်တင်မျိုးအောင်တို့က တရားပြိုင် ဦးတင်မြင့်၊ မပပစိမ်း၊ မဥမ္မာစိမ်း၊ မသန္တာစိမ်း၊ ဒေါ်လှလှ၊ ဒေါ်အေးတင်တို့အပေါ် ကွယ်လွန်သူ ဦးကျော်ဝ နှင့် ဒေါ်တုတ်တို့၏ အမွေပစ္စည်းများကို စီမံခန့်ခွဲပေးရန် တရားစွဲဆိုသည်။ အမှုအတောအတွင်း ဒေါ်လှလှ ကွယ်လွန်ခဲ့သဖြင့် ဦးကျော်စိန်၊ ဒေါ်တင့်တင့်ထွန်း၊ ဦးမောင်မောင်ဦး၊ ဦးအောင်ကျော်ငြိမ်း၊ မဌေးဌေးယဉ်ထွန်း၊ ဦးမောင်မောင်ကျော်၊ ဦးအောင်မင်းကြည်၊ ဦးအောင်ကျော်မိုး၊ မဇာလီမော်တို့က တရားဝင် ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့သည်။

၂၀၀၉
ဒုဗိုလ်မှူးကြီး
အောင်ကျော်စိုးပါ
၁၂
နှင့်
ဒေါ်ဇာလီမော်ပါ
၆

တိုင်းတရားရုံးက နှစ်ဖက်သက်သေများအား စစ်ဆေးပြီးနောက် ပဏာမဒီကရီ ချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ဦးကျော်စိန်ပါ ၉ တို့က တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ၂၀၀၁ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၈၂ ကို တင်သွင်းသောအခါ တရားရုံးချုပ် တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ပဏာမဒီကရီကို ပြင်ဆင်ချမှတ်ခဲ့သည်။ တိုင်းတရားရုံးက အမွေပုံပစ္စည်းအား စုံစမ်းစစ်ဆေးရန် ကော်မရှင်နာခန့်အပ်ခဲ့သည်။ ကော်မရှင်နာက စုံစမ်းစစ်ဆေးပြီး အစီရင်ခံတင်ပြသဖြင့် တိုင်းတရားရုံးက အပြီးသတ်ဒီကရီ ချမှတ်သည်။

ဦးတင်မြင့်ပါ ၄ ဦးတို့က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် တရားရုံးအဆင့်ဆင့်သို့ အယူခံမှုများ တင်သွင်းခဲ့သော်လည်း အောင်မြင်မှုမရရှိပေ။ ထို့ကြောင့် ဒေါ်နုနုပါ၁၈ တို့က ဒီကရီကို အတည်ပြုပေးရန် မန္တလေးတိုင်းတရားရုံး ၂၀၀၃ ခုနှစ်၊ တရားမဇာရီမှု အမှတ် ၁၃၅ ကို ဖွင့်လှစ်ခဲ့ရာ တိုင်းတရားရုံးက တရားမဇာရီမှုကို ဆက်လက်ဆောင်ရွက်ရန် မရှိသဖြင့် ပိတ်သိမ်းခဲ့သည်။

ဤကဲ့သို့သော အခြေအနေတွင် ဒုဗိုလ်မှူးကြီးအောင်ကျော်စိုးပါ၁၂ တို့က မန္တလေးတိုင်းတရားရုံးတွင် တရားမကြီးမှုအမှတ် ၁၆၂/၂၀၀၇ ကို ထပ်မံစွဲဆိုခြင်းသည် မီးသေပိတ်ပင်ပြီးဖြစ် မဖြစ် ဆက်လက်စိစစ်ရပေမည်။

**မညိုညိုမြင့်(ခ)မလွင်လွင်မြင့် / ကိုမောင်မြင့် နှင့် ဒေါ်ခင်မာမာပါ၄ / ဒေါ်ခင်မာမာပါ၄**

**အမှု** [၃] တွင် အောက်ပါအတိုင်း လမ်းညွှန်ထားသည် -

"တရားရုံးတစ်ရုံးက အဆုံးအဖြတ်ပေးပြီးဖြစ်သော အကြောင်းအရာ တစ်ရပ်ကို နောက်ထပ် အဆုံးအဖြတ်

၃။ ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၀၅။

၂၀၀၉
ဒုပိုလ်မှူးကြီး
အောင်ကျော်စိုးပါ
၁၂
နှင့်
ဒေါ်ဇာလီမော်ပါ
၆

ပေးရန် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁ တွင် ပိတ်ပင်ထားသည်။ ပုဒ်မ ၁၁ နှင့် အကျုံးဝင်ရန် အောက်ပါအချက်များနှင့် ညီညွတ်ရမည် -

(၁) နောက်အမှုတွင် သို့မဟုတ် နောက်ငြင်းချက်တွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွားသော အကြောင်းအရာသည် ယခင်အမှုတွင် သဘောအားဖြင့်ဖြစ်စေ၊ အမှန်တကယ်ဖြစ်စေ၊ တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း၊ အငြင်းပွားသော အကြောင်းအရာနှင့် တူရသည်။

(၂) ယခင်အမှုမှ တူသော အမှုသည်များ သို့မဟုတ် ယင်းအမှုသည်တို့ကို ဆက်ခံ အရေးဆိုသူ သို့မဟုတ် ယင်းအမှုသည်တို့ကို ဆက်ခံအရေးဆိုသူများအနက် တစ်ဦးဦးတို့အကြား ပေါ်ပေါက်သည့် အမှု ဖြစ်ရမည်။

(၃) ဆိုခဲ့သည့် အမှုသည်များသည် ယခင်အမှုတွင် ဆိုင်ရေးဆိုင်ခွင့် တစ်ရပ်တည်းအရ တရားဆိုင်ခဲ့ရမည်။

(၄) ယခင်အမှုကို အဆုံးအဖြတ် ပေးခဲ့သော တရားရုံးသည် နောက်အမှုကို စီရင်ပိုင်ခွင့် ရှိရမည်။ သို့မဟုတ် ယခင်အမှုတွင် ဆုံးဖြတ်ခဲ့သော ငြင်းချက်မျိုးအား

ထပ်မံတင်ပြသောအမှုကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံး ဖြစ်ရမည်။

၂၀၀၉
ဒုဗိုလ်မှူးကြီး
အောင်ကျော်စိုးပါ
၁၂
နှင့်
ဒေါ်ဇာလီမော်ပါ
၆

(၅) နောက်အမှုတွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွားသော အကြောင်းအရာကို ယခင်အမှုတွင် ကြားနာ၍ အပြီးသတ် ဆုံးဖြတ်ပြီးဖြစ်ရမည်။

ယခင်အမှု မန္တလေးတိုင်းတရားရုံး ၂၀၀၀ ပြည့်နှစ်၊ တရားမကြီးမှု အမှတ် ၂၁ တွင် အငြင်းပွားသော အကြောင်းအရာမှ တရားလိုများသည် ဦးကျော်ဝ၊ ဒေါ်တုတ်တို့၏ အမွေဆိုင်များ ဟုတ် မဟုတ်၊ ဦးကျော်ဝ၊ ဒေါ်တုတ်တို့ ကွယ်လွန်သည့်အခါ မည်သည့် ပစ္စည်းများ ကျန်ရစ်ခြင်း၊ ဦးကျော်ဝ၊ ဒေါ်တုတ်တို့ ကျန်ရစ်သည့် ပစ္စည်းများတွင် တရားလိုတို့သည် အမွေဝေစု မည်မျှရထိုက်ခြင်းတို့ ဖြစ်သည်။

ယခုအမှုတွင်လည်း တရားလိုများသည် ဦးကျော်ဝ၊ ဒေါ်တုတ်တို့၏ အမွေဆိုင်များ ဟုတ်၊ မဟုတ်၊ ဦးကျော်ဝ၊ ဒေါ်တုတ်တို့ ကွယ်လွန်သည့် မည်သည့်ပစ္စည်းများ ကျန်ရစ်ကြောင်း၊ ဦးကျော်ဝ၊ ဒေါ်တုတ်တို့ ကျန်ရစ်သောပစ္စည်းများတွင် တရားလိုတို့က အမွေဝေစု မည်မျှရထိုက်ခြင်းတို့မှာ အငြင်းပွားသော အကြောင်းအရာများပင် ဖြစ်သည်။ သို့ဖြစ်၍ ယခုအမှုတွင် အငြင်းပွားသော အကြောင်းအရာ များသည် ယခင်အမှုတွင် တိုက်ရိုက်အားဖြင့် အငြင်းပွားလျက်ရှိသည့် အကြောင်းအရာများ ဖြစ်နေသည်မှာ မြင်သာထင်ရှားသည်။

၂၀၀၉
ဒုဗိုလ်မှူးကြီး
အောင်ကျော်စိုးပါ
၁၂
နှင့်
ဒေါ်ဇာလီမော်ပါ
၆

ယခုအမှုတွင် တရားလိုများမှာ ယခုအမှုမှ တရားလိုများ ယခင်အမှုမှ အချို့တရားလိုများ ကွယ်လွန်သဖြင့် ၎င်းကို ဆက်ခံသူများ၊ ယခင်အမှုမှ ကွယ်လွန်သွားသည့် တရားပြိုင်၏ ဆက်ခံသူအချို့ပင် ဖြစ်သည်။ ယခုအမှုမှ တရားပြိုင်များမှာ ယခင်အမှုမှ တရားပြိုင်များသာ ဖြစ်သည်။ သို့ဖြစ်၍ ယခုအမှုမှ အမှုသည်များမှာ ယခင်အမှုမှ အမှုသည်များနှင့် ယခင်အမှုမှ အမှုသည်များကို ဆက်ခံသူများပင် ဖြစ်ကြသည်ဟု ဆိုရပေမည်။

ယခင်အမှုတွင် ဒေါ်နုနုပါ ၇ က ကွယ်လွန်သူ အမွေရှင် ဦးကျော်ဝ၊ ဒေါ်တုတ်တို့၏ ကျန်ရစ်သောပစ္စည်းများကို အမွေစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။ ယခုအမှုတွင် ဒုဗိုလ်မှူးကြီး အောင်ကျော်စိုးပါ၁၂ ကလည်း ကွယ်လွန်သူ အမွေရှင် ဦးကျော်ဝနှင့် ဒေါ်တုတ်တို့၏ ကျန်ရစ်သောပစ္စည်းများကို အမွေစီမံခန့်ခွဲပေးရန် တရားစွဲဆိုခြင်းဖြစ်၍ ယခုအမှုနှင့် ယခင်အမှုတို့မှ ကွယ်လွန်သူ ဦးကျော်ဝနှင့် ဒေါ်တုတ်တို့၏ ကျန်ရစ်ပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေစီမံခန့်ခွဲ ပေးစေလိုမှု စွဲဆိုခြင်းဖြစ်၍ ဆိုင်ရေးဆိုင်ခွင့် တစ်ရပ်တည်းအပေါ် တရားစွဲဆိုခဲ့ကြခြင်း ဖြစ်ပေသည်။

ယခင်အမှုကို ဆုံးဖြတ်ခဲ့သည့် တရားရုံးမှာ မန္တလေးတိုင်း တရားရုံးဖြစ်ပြီး၊ ယခုအမှုကိုလည်း မန္တလေးတိုင်းတရားရုံးကပင် အဆုံးအဖြတ်ပေးခဲ့ခြင်း ဖြစ်ပေရာ စီရင်ပိုင်ခွင့်ရှိသည့် တရားရုံး တစ်ရုံးတည်းက ဆုံးဖြတ်ခြင်းဖြစ်သည်။

ယခုအမှုတွင် တရားလိုများသည် ကွယ်လွန်သူ ဦးကျော်ဝနှင့် ဒေါ်တုတ်တို့၏ အမွေဆိုင်များ ဟုတ် မဟုတ်၊ ဦးကျော်ဝနှင့် ဒေါ်တုတ်တို့ကွယ်လွန်သည့်အခါ မည်သည့်ပစ္စည်းများ ကျန်ရစ်ခြင်း၊ တရားလိုများသည် ဦးကျော်ဝနှင့် ဒေါ်တုတ်တို့၏ ကျန်ရစ်သော ပစ္စည်းများတွင် အမွေဝေစု မည်မျှရထိုက်ခြင်းတို့မှာ အငြင်းပွားသော အကြောင်းအရာများ ဖြစ်ကြသည်။ ယင်းအငြင်းပွားသော အကြောင်းအရာများကို ယခင်အမှုတွင် တရားရုံးများက အပြီးအပြတ် အဆုံးအဖြတ်ပြုပြီးဖြစ်သည်။

သို့ဖြစ်၍ မန္တလေးတိုင်းတရားရုံး ၂၀၀၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၂၁ ၏ ဆုံးဖြတ်ချက်သည် ဤအမှုအတွက် မီးသေဆုံးဖြတ်ချက်ဖြစ်သည်ဟု ကောက်ယူရပေမည်။ ဒုဗိုလ်မှူးကြီး အောင်ကျော်စိုးပါ၁၂ တို့က ဤအမှုကို ထပ်မံ တရားစွဲဆိုခြင်းအပေါ် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁ က ပိတ်ပင်ပြီး ဖြစ်သည်ဟု ဆိုရပေမည်။

ယခုအမှုတွင် ဒုဗိုလ်မှူးကြီးအောင်ကျော်စိုးပါ ၁၂ တို့က မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်၊ အကွက် အမှတ် ၂၄၂၊ ဦးပိုင်အမှတ် ၃ နှင့် ၅၆ - ဃ မြေနှင့် မြေပေါ်ရှိ အဆောက်အအုံများကို အမွေရှင် ဒေါ်တုတ်က မှတ်ပုံတင် အရောင်းစာချုပ်အမှတ် ၄၀၀၀/၇၁ ဖြင့် ဝယ်ယူခဲ့ပြီး အမွေပုံပစ္စည်းများ ဖြစ်ကြောင်း အဆိုပြုသည်။ သို့ရာတွင် ယခင်အမှုတွင် ဒေါ်နုနုပါ ၇

က အဆိုလွှာ၌ ယင်းပစ္စည်းသည် အမွေပုံပစ္စည်းဟု အဆိုပြုခဲ့ခြင်း မရှိပေ။

အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုများတွင် တရားလို၊ တရားပြိုင်များက တရားရုံးသို့ အမွေပုံပစ္စည်းများကို တင်ပြကြရသည်။ တရားရုံးက ကော်မရှင်နာ ခန့်အပ်ပြီး အမွေပုံပစ္စည်းများကို စုံစမ်းစစ်ဆေးရသည်။ ကော်မရှင်နာက မည်သည့်ပစ္စည်းများသည် အမွေပုံပစ္စည်းးဖြစ်ကြောင်း စာရင်းကောက်ယူကာ တရားရုံးသို့ တင်ပြရသည်။ တရားရုံးက မည်သည့်ပစ္စည်းများသည် အမွေပုံပစ္စည်း ဖြစ်ကြောင်း ကော်မရှင်မာ၏ အစီရင်ခံစာအပေါ် အမိန့်ချမှတ်ပြီး မည်သည့်အမွေပုံပစ္စည်းများအပေါ် တရားလိုများက အမွေဝေစု မည်မျှရထိုက်ကြောင်း အပြီးသတ် ဒီကရီကို ချမှတ်ရသည်။

တရားရုံးသည် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုတွင် မည်သည့်ပစ္စည်းများသည် အမွေပုံပစ္စည်းဖြစ်ကြောင်း အပြီးသတ် ဆုံးဖြတ်ပြီး ဖြစ်သည်ဟု ဥပဒေသဘောအရ ဆိုရပေမည်။ ဤသို့ဆိုလျှင် ဦးပိုင်အမှတ် ၃ နှင့် ၅၆ - ဃ မြေကွက်နှင့် အဆောက်အအုံ များသည် အမွေပုံပစ္စည်းဟု ယခင်အမှု၏ အဆိုလွှာ၌ ထည့်သွင်း အဆိုပြုခဲ့ခြင်း မရှိခဲ့ စေကာမူ တရားရုံးအဆင့်ဆင့်က အမွေရှင် ဦးကျော်ဝနှင့် ဒေါ်တုတ် ကွယ်လွန်သည့်အခါ မည်သည့်အမွေ ပစ္စည်းများ ကျန်ရစ်ကြောင်း အပြီးအပြတ် ဆုံးဖြတ်ပြီးဖြစ်သည်။

ယခုအမှုတွင် ဒုဗိုလ်မှူးကြီးအောင်ကျော်စိုးပါ ၁၂ တို့က ၎င်းတို့ တင်သွင်းသော အဆိုလွှာတွင် ဒေါ်ဇာလီမော်က ဦးပိုင်အမှတ် ၃

နှင့် ၅၆ - ဃ မြေနှင့် အဆောက်အအုံကို အမွေ၌ ထည့်သွင်း မစွဲဆိုရန်နှင့် အမွေမှုပြီးဆုံးသည့်အချိန်တွင် မြေနှင့်အဆောက်အအုံကို ရောင်းချပြီး ခွဲဝေယူကြရန် သဘောတူကြသည်ဟု ဖော်ပြထားသည်။ ယင်းအချက်ကို မူလတရားမကြီးမှုအမှတ် ၂၁/၂၀၀၀ အမှုတွင် တင်ပြသင့်သည်။ ထိုသို့ တင်ပြနိုင်သည့် အခွင့်အရေးလည်းရှိသည်။

ထို့ကြောင့် အယူခံတရားလိုများအနေဖြင့် မူလမှုတွင် အဆိုပြုသော အချက်များမှာ ပထမအမှုတွင် တင်ပြသင့် တင်ပြထိုက်သော အချက်များဖြစ်သည့်အပြင် ထိုအမှုတွင် ထိုအချက်များကို တင်ပြခွင့်လည်းရှိသည့်အလျောက် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁ ၏ ရှင်းလင်းချက် ၄ အရ အဆိုပါ အမှုတွင် ချမှတ်သော စီရင်ချက်သည် ယခုအမှု၏ အယူခံတရားလိုများ စွဲဆိုသော မူလမှုကို ပိတ်ပင်ထားသဖြင့် ထပ်မံ၍ တရားတစ်ထုံး စွဲဆိုခွင့်မရှိချေ။

ယင်းဥပဒေသဘောတရားကို **ဦးရွှေမိုးနှင့် ဦးသန်းအောင်အမှု** [၄] တွင် စီရင်ထုံးပြု ညွှန်ပြထားသည်။

အမွေစီမံခန့်ခွဲပေးစေလိုမှုများတွင် ကွယ်လွန်သူ အမွေရှင်၏ ကျန်ရစ်သောပစ္စည်းများအား ကော်မရှင်နာ ခန့်ထားကာ စာရင်းကောက်ယူစေပြီး မည်သည့်ပစ္စည်းများသည် အမွေဆိုင်ပစ္စည်းများဖြစ်ကြောင်း အပြီးအပြတ် အဆုံးအဖြတ်ပေးရသည်။ အကယ်၍ အမွေစီမံခန့်ခွဲပေးစေလိုမှုများတွင် အမွေပုံပစ္စည်းအချို့ကို ချန်လှပ်

**၄။ ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၁၈၈။**

ထားပြီး ယင်းကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုများ ထပ်မံစွဲဆိုခွင့်ရပါက အမွေမှုများ အတောမသတ် တရားစွဲဆိုလာနိုင်သည်။ အမွေရှင်တစ်ဦး၏ ကျန်ရစ်သောပစ္စည်းများ နှင့် စပ်လျဉ်း၍ အမွေဆိုင်များသည် တစ်ကြိမ်တည်းတွင် အမွေပုံပစ္စည်းအားလုံးကို ထည့်သွင်းစွဲဆိုမှသာလျှင် ကွယ်လွန်သူ အမွေရှင်များ ကျန်ရစ်သည့် အမွေပုံပစ္စည်းအားလုံးအပေါ် စီမံခန့်ခွဲ ပေးစေလိုသည့်အမှုများကို တစ်ကြိမ်တည်းဖြင့် အပြီးအပြတ် စာရင်း ရှင်းလင်းပေးရာ ရောက်ပေမည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၊ နည်းဥပဒေ ၁ တွင် အငြင်းပွားသော အကြောင်းအရာများကို အပြီးအပြတ် ဆုံးဖြတ်နိုင်ရန်နှင့် ယင်းအကြောင်းအရာများနှင့် စပ်လျဉ်း၍ နောက်ထပ်တရားတစ်ထုံး ဖြစ်ပွားခြင်းမရှိစေရန် ဦးတည်လျက် တရားမမှုတိုင်းကို ဖြစ်နိုင်သမျှ ဖွဲ့စည်းတည်ဆောက်ရမည်ဟု ပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် ဒေါ်ဇာလီမော်က ဦးပိုင်အမှတ် ၃ နှင့် ၅၆ - ဃ မြေကွက်နှင့် အဆောက်အအုံတို့အား အမွေမှု ပြီးဆုံးသည့် အချိန်တွင် ရောင်းချပြီး ခွဲဝေယူကြရန် ပြောဆိုခဲ့သည်ဟု ဆိုသည့် တိုင်အောင် ယင်းပစ္စည်းများနှင့် စပ်လျဉ်း၍ ဒုဗိုလ်မှူးကြီး အောင်ကျော်စိုးတို့သည် အမွေစီမံခန့်ခွဲပေးစေလိုမှု ထပ်မံစွဲဆိုခွင့်မရှိ၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၊ နည်းဥပဒေ ၂ (၃) က ထပ်မံ တရားစွဲဆိုခြင်းကို ပိတ်ပင်ပြီးဖြစ်သည်။

၂၀၀၉
ဒုဗိုလ်မှူးကြီး
အောင်ကျော်စိုးပါ
၁၂
နှင့်
ဒေါ်ဇာလီမော်ပါ
၆

သို့ဖြစ်၍ တရားရုံးချုပ် အထူးအယူခံခုံရုံးက ကြားနာသည့် ပြဿနာများကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည် -

(၁) ယခုအမှု စွဲဆိုသော ဦးပိုင် ၃ နှင့် ၅၆ - ဃ မြေနှင့် မြေပေါ်ရှိ အဆောက်အအုံတို့နှင့် စပ်လျဉ်း၍ ယခင်တရားမကြီးမှုအမှတ် ၂၁/ ၂၀၀၀ တွင် အငြင်းပွားခဲ့ပြီး ဖြစ်သည်ဟု တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁ ရှင်းလင်းချက် ၄ အရ မှတ်ယူရမည်ဖြစ်၍ နောက်ထပ် တရားတစ်ထုံး စွဲဆိုခွင့် မရှိတော့ ကြောင်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ကောက်ယူဆုံးဖြတ်ချက်သည် ဥပဒေနှင့် ညီညွတ် မှန်ကန်မှုရှိကြောင်း။

(၂) ယခင်တရားမကြီးမှုအမှတ် ၂၁/၂၀၀၀ တွင် ပူးတွဲ တရားပြိုင်များအကြား ဦးပိုင် ၃ နှင့် ၅၆ - ဃ မြေနှင့် အဆောက်အအုံ တို့နှင့် စပ်လျဉ်း၍ အကျိုး သက်ဆိုင်ခွင့်များ အငြင်းပွားမှုမဖြစ်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ယခင်အမှုမှ တရားပြိုင် အချို့က တရားလိုပြုလုပ်၍ ယခင်အမှုမှ တရားပြိုင်တို့အပေါ် အချင်းဖြစ် ဥပစာနှင့် စပ်လျဉ်း၍ ယခုအမှုကို စွဲဆိုနိုင်ခွင့်မရှိကြောင်း၊

အထက်ပါ အကြောင်းများကြောင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြု၍ ဤတရားမ အထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀ိ/- သတ်မှတ်သည်။